

# ကျဉ်တုတ်ခံဝံ့ မခံဝံ့

မောင်သာရ

(ဒုတိယအကြိမ်)





ISBN 974-922-237-7

လူသည် တိုက်ပွဲနှင့် ရင်ဆိုင်ရသောအခါ၊
လူသည် အကြပ်အတည်းနှင့် ရင်ဆိုင်ရသောအခါ၊
လူသည် အနှိပ်စက် အညှင်းပမ်းခံရမှုနှင့် တွေ့ဆုံရသောအခါ၊
လူသည် ရန်သူ့လက်တွင်းသို့ အကျဉ်းသားအဖြစ်ဖြင့် ကျရောက်သောအခါ၊

cover art : paw hloo 2004

# ကျဉ်တုတ်ခံဝံ့ မခံဝံ့

မောင်သာရ

Khitpyaing Publishing House
kp2004@ksc.th.com
P.O. Box 115, Raminthra P.O
Bangkhen, Bangkok
Thailand 10220

● ပုံနှိပ်ခြင်း

ဒုတိယအကြိမ်
အုပ်ရေ (၅၀၀)
မေ ၊ ၂၀၀၄ ခုနှစ်

● စီစဉ်ထုတ်ဝေသူ

ခေတ်ပြိုင်စာပေတိုက်
kp2004@ksc.th.com,
P.O. Box 115, Raminthra P.O
Bangkhen, Bangkok,
Thalland 10220

● ကွန်ပျူတာ

မစ္စတာမျိုး

● မျက်နှာဖုံးအပြင်အဆင်

ပေါ်ထူး


၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ၊
ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း စာအုပ်မှ အမှာစာ

## မရေးချင်ဘဲ ရေးရသည့် အမှာစာ

အစက သည်စာအုပ်မှာ အမှာစာရေးဖို့ စိတ်ကူး မရှိခဲ့ပါ။ အကြောင်းကြောင်းကြောင့် ယခုရေးရတော့မည် ဆိုတော့လည်း အမှန်ကို ဝန်ခံရမည်ဆိုပါက ရေးလိုစိတ် မရှိပါ။

ရုံဖန်ရံခါ လူမှုရေးအရ ရေးရမည့်စာတည်ိုတထွာကိုပင် စိတ်မပါလျှင် ကျွန်တော်ရေးလေ့မရှိပါ။ ထို့ကြောင့်လည်း ကျွန်တော်သည် လူမှုဝတ်မကျေသူ ဟူ၍ အပယူဆခံရပေါင်း များပါပြီ။ မတတ်နိုင်ပါ။

သို့သော် ယခုကိစ္စကတော့ ကျွန်တော်လေးစားချစ်ခင်ရမည်ဖြစ်သော ကျွန်တော့်စာဖတ်ပရိသတ်နှင့် ပတ်သက်နေပါသည်။ ကျွန်တော် မရေးလို၍ မဖြစ်ပါ။ အဖြစ်မှန်ကို သိလိုကြ၍ စုံစမ်းကြမေးမြန်းကြသည်တို့ကို ကျွန်တော် ဥပေက္ခာ မပြုနိုင်ပါ။

ထို့ကြောင့်လည်း သည်အမှာစာကိုမူ မရေးလိုပါဘဲလျက် ကျွန်တော် ရေးရပါတော့မည်။ ကျွန်တော် သင်ခန်းစာ ယူပါသည်။ လောကမှာ ကိုယ်မလုပ်လိုဘဲ လုပ်ရတတ်သည့်အမှုများလည်း ရှိတတ်ပါတကားဟူ၍ ကျွန်တော် နားလည်လာရပါတော့သည်။

လီနင်၏စကားတခွန်းကို ကျွန်တော် အမှတ်ရလာပါသည်။ "ငါတို့သည် စစ်ကို ရွံရှာစက်ဆုတ်ကြသည် မှန်ပေမည့် ရံဖန်ရံခါတွင်

ထိုဖွဲ့ရှာစက်ဆုတ်ဖွယ်ရာသော စစ်ပွဲတို့ကို ငါတို့ တိမ်းရှောင်နေ၍မရ၊ ပါဝင် တိုက်ခိုက်ကြရသည်သာ" ဟုဆိုပါသည်။ ယခုလည်း သည်နည်းနှင်နှင်ပင် စွံမှန်းစရာအကောင်းဆုံးသော အလုပ်ကို ကျွန်တော်လုပ်ရပါဦးတော့မည်။

❖ ❖ ❖

သူများတကာကို ကျွန်တော် အပြစ်မပြောလိုပါ။ ကျွန်တော့်ကို အကြောင်းမရှိ အကြောင်းရှာ၍ အပြစ်ပြောလာပြီ ဆိုလျှင်လည်း၊ တတ်နိုင်လျှင် ကျွန်တော် ပြန်မပြောလိုပါ။

သည်နောက်ပိုင်း ကျွန်တော်ရေးခဲ့သည့်ဝတ္ထုများနှင့် ပတ်သက်၍ ဝေဖန် စရာရှိလျှင် ဝေဖန်ပါဟူ၍၊ ကျွန်တော်ကိုယ်တိုင်ကပင် ကြိုဆိုဖိတ်ခေါ်ခဲ့ပါသည်။ သည် ဝေဖန်ချက်များနှင့် ပတ်သက်၍လည်း ကျွန်တော်လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ ပသို့မှ တုံ့ပြန်ရေးသားလိမ့်မည်မဟုတ်ကြောင်းကို ကျွန်တော်၏ စာတအုပ်တွင် ပြောခဲ့ဖူးပါပြီ။ (စီးပလေလေစေ၊ မောင်မသုတ်နဲ့ တွင်ကြည့်ပါ။)

ကျွန်တော်သည် မိုးကျရွှေကိုယ် မဟုတ်ပါ။ လူထဲက လူတယောက်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော့်တွင်လည်း ချွတ်ယွင်းချက်များ၊ အားနည်းချက်များ ရှိမည်မှာ သေချာပါသည်။ ကျွန်တော် ပြင်လိုပါသည်။ ကျွန်တော်၏ဝတ္ထုများ ကောင်းသည်ထက် ကောင်းလာကာ၊ ပြည်သူတို့ လက်ခံသည်ထက် လက်ခံလာသည်ကိုသာ ကျွန်တော် လိုလားပါသည်။ ကျွန်တော် ပြင်ပါမည်။ ကျွန်တော် အားထုတ်ပါမည်။ ကျွန်တော် စိတ်ကောင်းထားပါမည်။

သို့သော် ကျွန်တော်၏ဝတ္ထုများနှင့်ပတ်သက်၍ ဝေဖန်သွန်သင်သမှု မပြုဘဲ၊ ဆဲရေးပုတ်ခတ် တိုက်ခိုက်သည့်စာများကိုမူ လူ့ သဘာဝအရ ကျွန်တော် မနှစ်မြို့နိုင်ပါ။ မည်သူက မည်သည့်အကြောင်းကြောင့် ရေးသည်ကို သိသော်လည်း၊ ရေးသူက နာမည်ဝှက်နှင့်ရေးသောအခါ ကျွန်တော် ပြန်အဖြေရ ခက်ပါသည်။

ပါးကိုရိုက်၍ နားကိုပြန်ကိုက်သည်၊ သူက ကိုယ့်ကို ဆဲရေး





ပုတ်ခတ်၍ ကိုယ်က သူ့ကို ပြန်လည်ရှုတ်ချရေးသားသည် ဆိုသည့် အလုပ်မျိုးကိုမူ ကျွန်တော်မလုပ်ပါ။ ဖြစ်နိုင်လျှင်၊ စာဖတ်သော အများပြည်သူကို "ခုံ" အဖြစ် ထား၍၊ အပြန်အလှန် တိုင်တည်လိုပါသည်။ အပြန်အလှန် တင်ပြလိုပါသည်။ ပြည်သူ၏ အဆုံးအဖြတ်ကို နာခံပါမည်ဟု ကတိသစ္စာပြုကြပြီးသကာလ နာမည်ရင်းများဖြင့် အပြန်အလှန် ရေးသားလိုပါသည်။

❖ ❖ ❖

သည်ဝတ္ထုနှင့် ရှုမဝ၊ ဘာဖြစ်ခဲ့သည် ဆိုသည်နှင့် ပတ်သက်၍လည်း၊ မေးကြ မြန်းကြသူတို့ကို ပြန်ပြောပြရန် ကျွန်တော့်မှာ တာဝန်ရှိပါသည်။

နောက်ကြောင်းကို ပြန်လှန်ရလျှင် ရှုမဝသည် မောင်သာရကို မွေးထုတ်လိုက်သည့် မဂ္ဂဇင်းဖြစ်ပါသည်။ ပြီးတော့ ရှုမဝသည် မောင်သာရကို အစဉ် လက်ကမ်းကြိုဆိုလေ့ရှိပါသည်။ ရှုမဝသည် မောင်သာရရေးသမျှကို ဘယ်တုန်းကမှ ပယ်ဖူးသည်၊ တည်းဖြတ်ပြင်ဆင်ဖူးသည် မရှိခဲ့ပါ။ ပထမဆုံး စရေးသည့် ညာရှေတခေါက်ကြွေရက်စေ ပုသည်.... မနှစ်က နောက်ဆုံးရေးခဲ့သည့် ပြန်မပြောရင် ပြောချင်တယ် အထိ ပကြိုက်ဘူး တခွန်းမပြောခဲ့ပါ။ သည်၊ ၏၊ ၌၊ မှာ၊ တလုံး မပြင်ပါ။ စာစီဆရာ၊ စာပြင်ဆရာတို့ကိုပင်လျှင် မောင်သာရ စိတ်ကြိုက် စီစေ စဉ်စေခဲ့ပါသည်။

အကြောင်းတစုံတရာကြောင့် ရှုမဝနှင့်မောင်သာရ စိတ်အခန့်မသင့်ကြသည်တို့လည်း ရှိခဲ့ဖူးပါသည်။ တခါကဆိုလျှင် ရှုမဝနှင့် မောင်သာရ အပြန်အလှန်တိုက်ခိုက် ရေးသားသည်အထိ ဖြစ်ခဲ့ကြဖူးပါသည်။ ဘာမျှမကြာ သေးသော တနှစ်ကလည်း ရှုမဝ ရုပ်ရှင်ချေးကလေးဖိုစို ကို ဝတ္ထုအဖြစ် ရေးပေးမည်ဆိုပြီး ရေးမပေးခဲ့ပါ။ ရှုမဝ လွန်သည့်အခါလည်း လွန်ပါလိမ့်မည်။ မောင်သာရ လွန်သည့်အခါလည်း လွန်ပါလိမ့်မည်။

သို့သော် ရှုမဝသည် မောင်သာရကို အစဉ်ခွင့်လွှတ်လေ့ရှိပါသည်။ အစဉ် သည်းခံလေ့ ရှိပါသည်။ အစဉ် ကြိုဆိုလေ့ ရှိပါသည်။

ထို့ကြောင့်လည်း မောင်သာရက ရှုမဝကိုတော့ အခြားအခြားသော စာစောင် မဂ္ဂဇင်းများနှင့် သဘောထား တညီတည်းမထားခဲ့ပါ။ ရန်ဖြစ်တုန်း ခဏ၊ စိတ်ဆိုးတုန်း ခဏမှာသာ မရေးဘဲ နေချင်နေပါမည်။ ရှုမဝကလည်း စာမှုမတောင်းဘဲ နေချင်နေပါမည်။ ပြီးတော့လည်း ပြီးသည်သာ။ တောင်းသူကလည်း တောင်းသည်သာ။ ရေးသူကလည်း ရေးသည်သာ။

အခြားအခြားသောသူများအပေါ်မှာတော့ မပြောတတ်ပါ။ မောင်သာရ အပေါ်မှာတော့ ရှုမဝသည် ဘယ်တုန်းကမျှ ပညာမပြခဲ့ပါ။ အကြောင်းရှိပါသည်။ မောင်သာရသည် ရှုမဝမှာ စာတည်းအဖွဲ့ဝင် အဖြစ်ဖြင့်လည်း သုံးလေးနှစ်ခန့် လုပ်ကိုင်ခဲ့ဘူးသည်။ ရှုမဝတိုက်မှာပင်လျှင်လည်း အတန်ကြာမျှ တည်းခို စားသောက်နေထိုင်ခဲ့ဖူးသည်။ ရှုမဝဟူသော အသိုက်အမြုံထဲမှ လူမှုရေး စီးပွားရေးတို့ကိုပင်လျှင်လည်း မောင်သာရအား တိုင်ပင်ခဲ့ဖူးသည်။ ရှုမဝမဂ္ဂဇင်း တိုးတက်ရာတိုးတက်ကြောင်းနှင့် ရှုမဝရုပ်ရှင် အောင်မြင်ရာအောင်မြင်ကြောင်းတို့အတွက်လည်း မောင်သာရက စေတနာထား၍ ကူညီခဲ့ဘူးသည်။ သည်အကြောင်းများ၊ သည်အခြေအနေများကြောင့် ရှုမဝနှင့် မောင်သာရတို့သည် ဆွေနှယ်မျိုးနှယ် ဖြစ်နေကြပါသည်။

မောင်သာရသည် ၁၉၆၉ ခုနှစ်က စာကိုသာ ရေးတော့မည်ဟု စိတ်ပိုင်း ဖြတ်ကာ၊ ဝန်ထမ်းဘဝမှ ထွက်လိုက်ပါသည်။ ရှုမဝသည် လက်ကမ်းကြိုဆို၍ နေရာပေးခဲ့ပါသည်။ ထွက်စာ တင်ထားသော်လည်း ထွက်ခွင့်မရသေးမီမှာပင် အခန်းဆက် ဝတ္ထုရှည် ရေးရန်ပြောခဲ့ပါသည်။ ထိုစဉ်က မောင်သာရသည် ယနေ့ မောင်သာရမဟုတ်ပါ။ မောင်သာရသည် စာမရေးသည်မှာ ကြာပြီဖြစ်၍ စာဖတ်ပရိသတ်ကပင် မေ့လျော့လျော့ ဖြစ်နေသည့် အချိန်ဖြစ်ပါသည်။ စီးပွားရေးကိုသာ ကြည့်သော စာစောင် မဂ္ဂဇင်းတို့သည် နာမည်မကြီးသူကို ရုတ်တရက် နေရာ မပေးချင်တတ်ကြပါ။ အခြား ပုံနှိပ်ဖော်ပြစရာ မရှိတော့မှ နေရာပေးလေ့ရှိကြပါသည်။ ရှုမဝကမူ ထိုသို့မဟုတ်ပါ။ မောင်သာရ၏ နာမည် မကျော်ကြားပေမည့် ရုတ်ခြည်းပင် နေရာပေးခဲ့ပါသည်။ ထို့ကြောင့်လည်း ထိုစဉ်က မောင်သာရ





၏ မတ်တပ်ရပ်လို့ လမ်းမှာငို သည် အခန်းဆက် ဝတ္ထုရှည်အဖြစ်ဖြင့် ပါခဲ့ပါသည်။

ထိုနှစ်ကတည်းကလည်း မောင်သာရနှင့်ရှုမဝတို့ ညှိထားခဲ့ကြပါသည်။ မည်သည့်လမှ မည်သည့်လအထိ ဟူ၍မူ မသတ်မှတ်။ ရေးဖြစ်သည့်လတွင် စ၍ရေး။ ရှုမဝမှာ မောင်သာရ၏ အခန်းဆက်ဝတ္ထုရှည် တပုဒ်တော့ နှစ်စဉ်ပါရမည်။

သည် ညှိထားချက်အရ ........

၆၉ ခုနှစ်မှာ မတ်တတ်ရပ်လို့ လမ်းမှာငို သည် ပါခဲ့ပါသည်။

၇၀ ခုနှစ်မှာ ပြန်မပြောရင် ပြောချင်တယ် သည် ပါခဲ့ပါသည်။

ဟော.... ၇၁ ခုနှစ်ကျတော့ သည် ကျဉ်တုတ်ခံဝံ့မခံဝံ့ ကို စအရေး...

ကျဉ်တုတ်ခံဝံ့ မခံဝံ့ ၏ အကြောင်းအရာကြောင့် ပြဿနာက ပေါ်လာပါသည်။

အခန်းဆက်ဝတ္ထုရှည်အဖြစ်ဖြင့် ပထမတလတော့ ပါလာ၏။ သို့သော် ထိုပါလာသည့် အစပိုင်းမျှနှင့်ပင် ဂယက်က ရိုက်တော့သည်။

ရှုမဝသည် ဆက်၍ မထည့်ရဲတော့ပါ။ ရှုမဝကဆက်၍မထည့်ရဲသည်မှာ အကြောင်းအရာကြောင့်မဟုတ်ပါ။ ဂယက်ကြောင့်သာလျှင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း နောက်လ ရှုမဝတွင် ကျဉ်တုတ် မခံဝံ့၍ မဟုတ်။ မှိုနှင့် မျှစ်ကို မနုတ်လို၍ မနုတ်ဟု စာတည်းသဝဏ်လွှာမှာ ဖွင့်၍ရေးခဲ့ပါသည်။

အဘယ့်ကြောင့် ရှုမဝက ဆက်မထည့်ရဲတော့သည်အထိ ဖြစ်ခဲ့ရပါသနည်း။ ဂယက်က မည်မျှပြင်းထန်နေ၍၊ မည်မျှ တုန်လှုပ်စေခဲ့ပါသနည်း။ ဤသည် တို့ကိုမူ ရှည်ရှည်ဖြေရပါလိမ့်မည်။

ပထမ၊ ရှုမဝနှင့်မောင်သာရတို့၏ ပေါင်းစည်းမှုကို အချို့သူတို့သည် မရှုစိမ့်နိုင်ကြပါ။

ရှုမဝမှာလည်း ပုဂ္ဂလိကပိုင်စာစောင်မဂ္ဂဇင်းအချင်းချင်း ပြိုင်နေရသည်သာ။ ရှုမဝသည် ပုဂ္ဂလိကပိုင် စာစောင်မဂ္ဂဇင်းများထဲတွင် စောင်ရေအများဆုံး၊ အရောင်းရဆုံး မဟုတ်ပေမည့် ဖတ်စရာ

အများဆုံးတော့ ပါတတ်သည် အမှန်ပင်။ စာပေအဆင့်အတန်းအားဖြင့် သတ်မှတ်ရမည်ဆိုလျှင်လည်း ရှုမဝသည် အမြင့်ဆုံးတန်းထဲမှ စာစောင်မဂ္ဂဇင်းများထဲတွင် တစောင်အဖြစ်ပါသည်ကတော့ အမှန်ပင်။ ပြီးတော့ ရှုမဝသည် ဈေးတတ် ချယ်တတ် လုပ်တတ်ကိုင်တတ်သည် ကလည်း အမှန်ပင်။

ထို့ကြောင့် ရှုမဝကို ပြိုင်ဘက်တို့၏ သဘောအရမကြည့်စိမ့်နိုင်သူတို့သည်လည်း ရှိကြမည် အမှန်ပင်။

ထိုနည်းတူစွာပင် မောင်သာရမှာလည်း ကြည့်မရသူတို့ ရှိကြမည် အမှန်ပင်။

ပြီးတော့ မောင်သာရကသာ ပေးပါ။ ရှုမဝသည် စာမူ ဘယ်နေ့မှန်း မသိသေးဘဲ ပန်းချီပုံ အပ်ပါသည်။ စာမူကို တစ္ဆက်ချင်း တမျက်နှာချင်း စောင့်ယူပါသည်။ လာမည့် လအတွက် ပါမည့်စာမူကို နောက်ဆုံး ၁၅ရက်နေ့ခန့်အထိ စောင့်ယူပါသည်။ တလစာ အတွက် တလ ရေးသည်ကိုလည်း လက်ခံပါသည်။ နောက်လအတွက်စာမူကို နောက်လကျမှ၊ စီခါနီးကျမှ ရေးလျှင်လည်း လက်ခံပါသည်။ အချို့သူများကိုတော့ အခန်းဆက်ဝတ္ထုရှည်ရေးမည်ဆိုလျှင် စာမူအစအဆုံး လက်ဝယ်ရမှ ထည့်နိုင်မည်ဟု ပြောတတ်ပါသည်။ လက်ဝယ်ရထားသည့်တိုင် ဖတ်ကြည့်ဦးမည်ဟု ပြောတတ်ပါသည်။ ဖတ်ကြည့်၍ ကြိုက်ပြီဟု ဆိုသည့်တိုင် လအတန်ငယ် စောင့်ရဦးမည်ဟု ပြောတတ်ပါသည်။ အဲ... မောင်သာရ၏ဝတ္ထုကိုကျတော့ သဘောထား တမျိုးထားပါသည်။

ဤသည်ကို စာရေးဆရာအချို့က မခံမရပ်နိုင် ဖြစ်ကြပါသည်။

ရှုမဝ၏ အတွေ့အကြုံကိုလည်း ကြည့်ပါဦး။

ရှုမဝတွင် အခန်းဆက်ဝတ္ထုရှည် ရေးနေရင်းနှင့် ဆက်၍မဖော်ပြနိုင်ခဲ့သည့် အဖြစ်များကလည်း အကြိမ်ကြိမ် ရှိခဲ့ပါသည်။ ရေးနေဆဲ မကျန်းမမာ ဖြစ်ရသည်။ ရေးနေဆဲ အထိန်းသိမ်း ခံရသည်ဆိုလျှင်မူ အကြောင်းမဟုတ်ပါ။ ရှုမဝ၏ပရိသတ်ကို အမှန်အတိုင်း ရှင်း၍ ပြနိုင်ပါသည်။ သို့သော် ရံဖန်ရံခါ အကြပ်ကိုင်သည့်သဘောမျိုးနှင့် ဆက်၍ရေးမပေးတော့လျှင်မူ ရှုမဝမှာ အခက်ကြုံရပါသည်။ ထို့ကြောင့်လည်း ရှုမဝသည် အကြိမ်ကြိမ် သေဘူးသူ





အဖြစ်ဖြင့် ပျဉ်ဘိုး နားလည်လာခဲ့ပါသည်။ စာမူကို အစအဆုံး လက်ဝယ်မရထားလျှင် ထည့်သွင်းပုံနှိပ်ဖော်ပြခြင်း မပြုတော့ပါ။ သည် ဆုံးဖြတ်ချက်ကို ချလိုက်သည်မှာလည်း စင်စစ် မကြာသေးပါ။

သို့သော် မောင်သာရကတော့ ရှုမဝအဖို့တမျိုး။ ချွေးကလေးစိုစို ကို ရေးမပေးသည်နှင့် ပတ်သက်၍လည်း ရှုမဝက နားလည်ပါသည်။ မောင်သာရသည် ရှုမဝကို သည်နည်းဖြင့် ညစ်ပတ်လိမ့်မည်ဟု ရှုမဝ မယုံကြည်ပါ။ ရှုမဝသည် မောင်သာရကို နားလည်ပါသည်။ မောင်သာရ၏ စိတ်နေ စိတ်ထားကို သိပါသည်။ မောင်သာရကို ယုံကြည်ပါသည်။ ထို့ကြောင့်လည်း မောင်သာရ၏ ဝတ္ထုရှည်ကိုမူ အစအဆုံး မရသည့်တိုင် ကိစ္စမရှိပါ။ သူ့ရက်သို့ ရောက်လျှင် သူ လာ၍ ရေးလိမ့်မည်။ သူ လာ၍ ပေးလိမ့်မည်။ အကြောင်းကြားစရာ၊ သတိပေးစရာ၊ ပူစရာ မလိုပါ။ မောင်သာရသည် စာဖတ်ပရိသတ်ကို လေးစားသည် ဆိုသည်ကိုလည်း ရှုမဝကတော့ သိပါသည်။

ပြီးတော့လည်း သည်နှစ်သည် အစ မဟုတ်ပါ။ ၆၉ ခုနှစ်ကလည်း သည်ပုံစံနှင့်ပင် ရေးခဲ့ပါပြီ။ ၇၀ ခုနှစ်ကလည်း သည်ပုံစံနှင့်ပင် ရေးခဲ့ပါပြီ။ ယခုမှ ဘယ့်အတွက်ကြောင့် ပူပန်ရပါမည်နည်း။

ထို့ကြောင့် ကျဉ်တုတ်ခံဝံ့ မခံဝံ့ ကိုလည်း စ၍ ထည့်လိုက်ပါသည်။ သည်ဝတ္ထုမှာမူ အကြောင်းအရာက ကိုယ့်တွေ့တပိုင်းဖြစ်နေ၍ပင်လော မပြောတတ်။ စာမူသည် သုံးရက်နှင့် တလစာပြည့်လာပါသည်။ ရေးလိုက်၊ စီလိုက်နှင့် လလယ် ရက်မှာပင် ရေးလည်းပြီး စီလည်းပြီးခဲ့ပါသည်။

အမှန်မှာ သည်တလစာ စာမူကိုသာလျှင် ရေးပြီးပါသေးသည်။

အမှန်မှာ သည်စာမူကို ရှုမဝသည် ပုံနှိပ်စာလုံးဘဝသို့ ရောက်မှပင် စာပြင်ရင်း ဖတ်ဖြစ်ပါသည်။

ဖတ်မိကြတော့လည်း ရှုမဝစာတည်းအဖွဲ့သည် မည်သည့်အပြစ်ကိုမျှ မမြင်ကြပါ။ နိုင်ငံရေးနောက်ခံနှင့် ရေးထားသည့် ဝတ္ထုတပုဒ်အဖြစ်ဖြင့်သာ ထင်မြင် ကြပါသည်။ ထို့ကြောင့်လည်း မည်သည့်အကြောင်းနှင့်ပတ်သက်၍မျှ စကား ပြောစရာ မရှိကြပါ။

သို့သော် သည်ဝတ္ထုနှင့် ပတ်သက်၍ လာလတ္တံ့သော ဂယက်

ကိုမူ မောင်သာရက ကြို၍ပြောခဲ့ပါသည်။ ထိုစဉ်ကမူ ရှုမဝသည် ခပ်ပေါ့ပေါ့သာ သဘောထားခဲ့ပါသည်။ သည်မျှ ပြင်းထန်စွာ ရိုက်ခတ်လိမ့်မည်ဟု ရှုမဝ ထင်ခဲ့ပုံမရပါ။

သို့နှင့် မဂ္ဂဇင်း ထွက်လာပါသည်။

ပြောရပါဦးမည်။

ထွက်လာသည့် လကလည်း ဂျူလိုင်လ။

ဝတ္ထု၏ သရုပ်ဖော်ပုံမှာက ခွပ်ဒေါင်းအလံကြီးနှင့်။

ပြီးတော့ ပထမအကြိမ် ပါတီညီလာခံကလည်း ကျင်းပနေသည့်အချိန်။

အမှတ်မထင်တိုက်ဆိုင်ခြင်း ဆိုသည်ကို မည်သူကမျှ မယုံကြည်ကြပါ။ အထူးသဖြင့် ရောက်တွန်းချင်သူများက အထင်မလွဲလွဲအောင် လိုက်၍ ပြောကြပါသည်။ သတိမရ ရအောင် လိုက်၍ ပြကြပါသည်။ အဘယ်သူ မတုန်လှုပ်ဘဲ နေပါတော့ အံ့နည်း။

အရေးထဲ မောင်သာရက ခရီးထွက်နေပါသည်။ ဤသည်ကို အကြောင်းပြု၍ မောင်သာရမရှိတော့ဘူးဟု ပြောသူတို့ကပြောကြပါသည်။ မောင်သာရကို ထိန်းသိမ်းလိုက်ပြီဟု ခိုင်ခိုင်မာမာ ဆိုသူတို့က ဆိုကြပါသည်။ 'မောင်သာရ ပါတီဌာနချုပ်က ထွက်လာတယ်ဆိုတာ မဟုတ်ဘူး၊ ထုတ်ပစ်လိုက်တာ' ဟု ရမ်းသူတို့ကလည်း ရမ်းကြပါသည်။

အချို့ကကျတော့လည်း ပြောင်းပြန်သတင်းလွှင့်ကြပါသည်။ 'အခုမကြာခင်မှာ လမ်းစဉ်လူငယ်က ဖွဲ့တော့မှာ မဟုတ်လား၊ အဲသည်မှာ နေရာကောင်းကောင်းရအောင်လို့ ကြိုလိုက်တဲ့ဝတ္ထုပေါ့၊ မောင်သာရတို့ကတော့ လျင်ပါ့' ဟု ကောက်ချက် ချသူက ချပါသည်။ 'အိုး မောင်သာရရဲ့ ရာဇဝင်ကို ပြန်ကြည့်ပါလား၊ တသက်လုံးက အခွင့်အရေးသမားဘဲဟာ' ဟု ပုတ်ခတ်သူက ပုတ်ခတ်ပါသည်။

သည်နေရာတွင် ကိုယ်ရေးကိုယ်တာပေမည့် အနည်းငယ်တော့ ပြောခွင့် ပြုစေလိုပါသည်။ ပါတီဝန်ထမ်းဘဝမှ ထွက်တော့မည်ဟု ဆုံးဖြတ်တော့ ကျွန်တော် နုတ်ထွက်စာ နှစ်ခါ တင်ခဲ့ပါသည်။ ပထမတခါက နုတ်ထွက်ခွင့် မပြုပါ။ နောက်တခါ တင်တော့မှ အကျိုးအကြောင်းကို မေးမြန်း၍ နုတ်ထွက်ခွင့် ပြုပါသည်။ ပါတီ





ခေါင်းဆောင်ပိုင်းသည် ကျွန်တော့်ကို နားလည်ပါသည်။ ကျွန်တော့်ကို သံယောဇဉ်ရှိပါသည်။ သည်ဘက်ပိုင်းမှာလည်း အကူအညီလိုအပ်၍ တောင်းလျှင် လိုက်လိုက်လျောလျော ပေးကြပါသည်။ ပါတီဝန်ထမ်း ဘဝသို့ ပြန်လာချင်သည့်နေ့မှာ ပြန်လာခဲ့ ဟူ၍ပင် လျှင်လည်း ကျွန်တော့်ကို ပြောပါသည်။

အမှန်စင်စစ် ကျွန်တော်သည် စာပေ လောကရေးသားခြင်း အလုပ်မှတပါး အခြားသောအလုပ်များကို မလုပ်တတ်ပါ။ ကျွန်တော် အင်မတန်ညံ့ပါသည်။ သည်အရွယ်သို့ရောက်မှတော့ ကျွန်တော်သည်လည်း ကိုယ့် အသက်မွေးဝမ်းကျောင်း အလုပ်ကို ကိုယ် ရွေးချယ်ပြီး ဖြစ်နေဖို့ ကောင်းပြီဟုထင်ပါသည်။

ပြီးတော့ သူများပြောခါမှ ကျွန်တော့်ဘဝကို ကျွန်တော်ပြန်ကြည့်မိပါသည်။ ကျွန်တော်သည် သူများတကာ အထင်ကြီးခံရသည့်အလုပ်တွင် တကြိမ်တခါမျှ မနေခဲ့ဘူးရိုးအမှန်ပင် ဖြစ်ပါသည်။ ပါတီဝန်ထမ်းဘဝတုန်းကလည်း ကျွန်တော်သည် စည်းရုံးရေး ခေါင်းဆောင် မဟုတ်ပါ။ နိုင်ငံရေးခေါင်းဆောင်လည်း မဟုတ်ပါ။ မည်သည့်ခေါင်းဆောင်မျှလည်း မဟုတ်ပါ။ သာမန် နောက်လိုက် အယ်ဒီတာကလေး တယောက်မျှသာ ဖြစ်ပါသည်။

ကျွန်တော့်ဘဝတွင် နိုင်ငံရေးခေါင်းဆောင်ကြီးလည်း မဖြစ်ခဲ့ဘူးပါ။ အရာရှိကြီးလည်း မဖြစ်ခဲ့ဘူးပါ။ မျိုးရိုးစဉ်လာအားဖြင့် ချမ်းသာကြွယ်ဝသူလည်း မဖြစ်ခဲ့ဘူးပါ။

တခုတော့ ရှိပါသည်။ တက္ကသိုလ်ကျောင်းသားဘဝက နိုင်ငံရေးနှင့် ပတ်သက်၍ အကျဉ်းထောင်ထဲတွင် အကြာကြီးနေခဲ့ရဖူးပါသည်။ စစ်ဖြစ်နေသည့်ကာလ မဟုတ်ပါဘဲလျက်နှင့်လည်း ဘုန်းကြီးကျောင်းထဲတွင် ခိုကပ်နေခဲ့ရ ဖူးပါသည်။ ယနေ့ထက်တိုင်လည်း ကျွန်တော့်မှာ ကိုယ်ပိုင်အိမ်ဟူ၍ တဲငယ်မျှပင်လျှင် မရှိပါ။ ကိုယ်ပိုင်မြေ ဟူ၍လည်း တလက်မမျှပင်လျှင်မရှိပါ။

သည်သို့သော ကျွန်တော်သည် အခွင့်အရေးသမား ဖြစ်နိုင်ပါမည်လော။

ပသို့ဆိုစေ၊ မလိုသူတို့ကမူ မလိုသည့်အလျောက် ပြောခဲ့ကြ ရေးခဲ့ကြသည်သာ။

ရှမဝသည် သည်အခြေအနေအရပ်ရပ်ကို ကျွန်တော့်အား အသိပေးခဲ့ပါသည်။ မည်သူတို့က မည်သို့ပြောကြသည်။ မည်သည့် အုပ်စုက မည်သို့ လိုက်လံ သတင်းလွှင့် သည်။ မည်သည့်အသိုက်အဝန်းက မည်မျှအထိ သိကျွမ်းချ ကြသည်။ ရှမဝ၏သဘောထားသည် မည်သို့ရှိသည်။ ကျွန်တော် နားလည်ခဲ့ရပါသည်။

'ဘာပဲပြောကြပြောကြ၊ ကိုရင် ရေးမယ့်စာသာ ဆက်ရေး၊ ရှမဝကလဲ ဆက်ပြီးတော့ ထည့်မယ်၊ သူများပြောတာတွေကို ကျုပ်ဂရုမစိုက်ဘူး၊ ကျုပ်ကို လာလာပြောကြလို့ ကျုပ်က ဘယ်လိုပြန်ပြောလိုက်သလဲ သိလား၊ ကျုပ်ဟာ အယ်ဒီတာ၊ ကျုပ်ထည့်ချင်ရာ ထည့်ပိုင်ခွင့် ရှိတယ်လို့ ပြောလိုက်တယ်၊ အယ်ဒီတာတယောက်ရဲ့ အခွင့်အရေးကို လာမထိပါးပါနဲ့၊ စေတနာဆိုတဲ့ စကားကိုတော့ ကျေးဇူးတင်ပါတယ်လို့ ကျုပ်ပြန်ပြောလိုက်တယ်၊ အဲကိုရင်ကသာ ဆက်ရေးပါ၊ တခုတော့ရှိသပေါ့လေ၊ ဆက်ရေးမယ့်စာကိုတော့ ကျုပ်မျက်စိ ဖြဲပြီး ဖတ်ရလိမ့်မယ်'...ဟု ရှမဝက ပြောပါသည်။

အမှန်စင်စစ်၊ ရှမဝသည် ပြောသာပြောသည်။ သူတို့လည်း ခေါင်းရှုပ် ခံချင်ပုံ မရပါ။ မျက်စိကို ဖြဲ၍ဖတ်ကြည့်မည်ဟု ဆိုကတည်းကလည်း၊ ရှမဝမှာ ဘာပဲ ပြောပြော ဂိုက်ခတ်သည့် ဂယက်လှိုင်းကြားတွင် မူးနေပြီ ဆိုသည်ကို သိသာပါသည်။ ထို့ကြောင့်လည်း ကျွန်တော် ပြန်ပြောရပါသည်။

'ကျွန်တော့်စာကို ဖတ်ကြည့်ပိုင်ခွင့်လဲ ရှိပါတယ်၊ တည်းဖြတ်ပိုင်ခွင့်လဲ ရှိပါတယ်၊ နောက်ဆုံး မထည့်ဘူး ဆိုပြီး ပယ်လိုက်မယ်ဆိုရင်တောင် ပယ်ပိုင်ခွင့် ရှိပါတယ်၊ ဒါပေမယ့် ရှမဝစစ်စစ်က မူလရှမဝက ဖတ်မှာ တည်းဖြတ်မှာ မဟုတ်ဘဲ၊ ပယောဂဝင် နေတဲ့ ရှမဝကတော့ အတည်းဖြတ် မခံပါရစေနဲ့၊ နိုင်ငံရေးကတော့ မုချပါမှာပါ၊ မပါဘူးလို့ လိမ်မပြောချင်ပါဘူး၊ နိုင်ငံရေးပါမှာမို့ မထည့်နိုင်ဘူးဆိုရင် မထည့်ပါနဲ့ ကျွန်တော်လဲ ဆက်မရေးတော့ဘူး၊ ရှမဝရဲ့ ပရိသတ်ကိုတော့ ရှမဝက တာဝန်ယူပြီး ရှင်းပြပါ၊ ကျွန်တော် စာအုပ်အဖြစ်နဲ့ပဲ ဆက်ပြီးရေးတော့မယ်၊ ဒါပဲ ကောင်းပါလိမ့်မယ်'

သည်သို့ဖြင့် ရှမဝမှာ ဆက်၍ မရေးတော့ပါ။





သို့သော် ရှမဝနှင့်မောင်သာရတို့သည် မကွဲကြပါ။ ၇၁ ခုနှစ်မှာ အချိန်မရတော့၍ မောင်သာရ၏ အခန်းဆက်ဝတ္ထုရှည် မပါနိုင်တော့ပေမည့် ၇၂ ခုနှစ်မှာတော့ မုချ ပါလာပါလိမ့်မည်။ သည့်အတွက်လည်း စီစဉ်၍ထားပါသည်။

သို့သော် ရှမဝနှင့်မောင်သာရ ကွဲကြပြဲကြပြီဟု ဆိုကာ ဝမ်းသာသူတို့က သာနေ ကြပါသည်။ လက်ခုပ်တီးသူတို့ကလည်း တီးကြပါသည်။ ဂျာနယ် တစောင်ကလည်း ဘာမသိညာမသိနှင့် တိုင်းသိပြည်သိ ဝမ်းသာအားရ လက်ခုပ်တီးပါသည်။

သင့်မြတ်နေသောသူနှစ်ယောက် ကွဲရခြင်းကို ဝမ်းသာ အားရဖြစ်သည် ဆိုကတည်းက ထိုသူသည် မည်သို့သောသူ ဖြစ်မည်နည်း။ သီလကောင်း သူတော် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တန်ရာပါ။

❖ ❖ ❖

ကျွန်တော်သည် မည်သူနှင့်မျှ မသင့်မမြတ် မဖြစ်လိုပါ။

သို့သော် ကျွန်တော် သိသမျှမှု ကျွန်တော်၏ စာဖတ်ပရိသတ်အတွက် ကျွန်တော် ရေးပြချင်ပါသည်။ ဤသို့ ရေးပြသည့်အခါ အမှန်ကိုသာ ကျွန်တော် ရေးပါမည်။ အမှန်ကို ရေးပြပါသည့်အတွက် ကျွန်တော့်ကို မုန်းဖွဲငြိုငြင်ကြမည် ဆိုလျှင်လည်း စင်စစ် ကျွန်တော် မတတ်နိုင်ပါ။

အမှန်ဆိုသည်ကလည်း စင်စစ် ကျွန်တော့် အမြင်အားဖြင့် မှန်နေသော အမှန်ကိုသာ ဆိုလိုပါသည်။ အခြားသူများလည်း ကျွန်တော် ကဲ့သို့ပင် ရေးပြနိုင်ခွင့် ရှိကြသည်သာ ဖြစ်ပါသည်။ ရေးပြကြပါ ဟူ၍လည်း ကျွန်တော် မေတ္တာရပ်ခံလိုပါသည်။

တချိန်က အဖြစ်အပျက်တခုကို နောက်ခံပြု၍ သည်ဝတ္ထုကို ကျွန်တော် ရေးပါသည်။ ကျွန်တော်ကဲ့သို့ပင် ထိုတချိန်က ထိုအဖြစ်အပျက်ကိုပင် နောက်ခံပြု၍ ဝတ္ထုများစွာ ရေးနိုင်ကြပါသည်၊ ထိုတချိန်က ထိုအဖြစ်အပျက်ကို နောက်ခံ ပြု၍ ရေးကြသည့် ဝတ္ထုများစွာထွက်လာပြီဆိုသောအခါ၌၊ မကောင်းသည့် ဝတ္ထုသည် မကောင်းသည့်အလျောက်၊ အကြောင်းအရာမှားယွင်းသည့် ဝတ္ထု

သည် အကြောင်းအရာ မှားယွင်းသည့် အလျောက် အယူအဆ အတွေးအခေါ် ဖောက်ပြန်သည့် ဝတ္ထုသည် ဖောက်ပြန်သည့် အလျောက် နောင်အခါတွင် အပစ်ပယ်ခံရမည်သာ ဖြစ်ပါသည်။ ပျောက်ကွယ်သွားရမည်သာ ဖြစ်ပါသည်။

မှားသည် မှန်သည်၊ ရေးရန် စောသေးသည် ရေးရန် နောက်ကျပြီဟူ၍ ယခုနေအခါတွင် ငြင်းနေရန် လိုလိမ့်မည် မထင်ပါ။

ကျွန်တော်သည် သည်ဝတ္ထုကို ရေးချချင်သည်မှာ ကြာပါပြီ။ သို့သော် သည် ယနေ့ကျမှပင် ကျွန်တော် ရေးချဖြစ်ပါသည်။ အမှန်ကို အမှန်အတိုင်း ရေးပြနိုင် ရေးချနိုင်သော အခြေအနေကို ကျွန်တော် အနှစ် ၂၀ ခန့်မျှ စောင့်ခဲ့ ရပါသည်။

အချို့သူများကမူ သည်ယနေ့အချိန်အခါကိုလည်း လွတ်လပ်စွာ ရေးသား နိုင်ခွင့် ရှိသည့်အချိန်အခါဟု မယူဆကြပါ။ ကျွန်တော်နှင့် အမြင်ချင်း မတူညီ ကြပါ။ ထို့ ကြောင့်လည်း သူတို့သည် သိလျက်နှင့် ရေးမချကြခြင်း ဖြစ်ဟန် တူပါသည်။

ပြီးတော့ ကျွန်တော်ရေးသည်မှာ ဝတ္ထုဖြစ်ပါသည်။ သမိုင်း မဟုတ်ပါ။ ထို့ကြောင့် သည်ဝတ္ထုကို သမိုင်းအမြင်နှင့်မကြည့်ဘဲ၊ ရသအမြင်ဖြင့်သာ ကြည့်ကြပါရန်လည်း ကျွန်တော် မေတ္တာရပ်ခံလိုပါသည်။

ကျွန်တော်သည် လူတို့၏အကြောင်း၊ လူတို့၏စရိုက်များကိုသာ အာရုံပြု၍ ရေးပါသည်။ လူတို့၏အကြောင်း လူတို့၏ စရိုက်ကို ပိုမို၍ ပီပြင်လာစေရန် အလို့ငှာသာ ခေတ်ကာလနှင့် အဖြစ်အပျက်တို့ကို ထည့်ရခြင်း ဖြစ်ပါသည်။

လူသည် လူသာလျှင် ဖြစ်ပါသည်။ ဦးပုည၏ ဆဒ္ဒန်ဆင်မင်း ဝတ္ထုထဲမှ သောနုတ္တိုရ်မုဆိုးကဲ့သို့သောသူမျိုးသည် ယနေ့ခေတ်တွင်လည်း ရှိနေသည်သာ ဖြစ်ပါသည်။ ဖြူသည့်အရေသာ ကွာ ကောင်း ကွာပါမည်။ ကိုင်သည့်လက်နက်သာ ကွာကောင်း ကွာပါမည်။ သူ့စရိုက် သူ့အသွင်မျိုးနှင့်လူကိုမူ ယနေ့လည်း တွေ့နိုင်ကြပါသည်။

ကျွန်တော်၏ဝတ္ထုထဲမှဇာတ်ဆောင်များသည်လည်း လူများသာ ဖြစ်ကြပါသည်။ ရှေးကလည်းရှိခဲ့ကြဖူးပါလိမ့်မည်။ ယခု





မျက်မှောက်ကာလမှာလည်း ရှိနေ ကြပါလိမ့်မည်။

စင်စစ် ခြားနားလိမ့်အံ့ မထင်ပါ။

လောကမှာ သည်သို့သောသူမျိုးတို့လည်း ရှိပါတကား ဟူ၍၊ ကျွန်တော် ရေးမှတ် ပြလိုရင်းသာဖြစ်ပါသည်။ မည်သူ တဦး တယောက်ကိုမျှ ထိခိုက် နစ်နာစေလိုစိတ် မရှိပါ။ ကျွန်တော် မည်သူနှင့်မျှမသင့်မမြတ်မဖြစ်လိုပါ။

❖ ❖ ❖

လူသည် တိုက်ပွဲနှင့် ရင်ဆိုင်ရသောအခါ၊
လူသည် အကြပ်အတည်းနှင့် ကြုံကြိုက်ရသောအခါ၊
လူသည် အနှိပ်စက်အညှဉ်းပမ်းခံရမှုနှင့် တွေ့ဆုံရသောအခါ၊
လူသည် ရန်သူ့ လက်တွင်းသို့ အကျဉ်းသားအဖြစ်ဖြင့် ကျရောက်ရသောအခါ၊

မည်သို့ မည်ပုံ ဖြစ်ကြသည်ကို သည်ဝတ္ထုတွင် ကျွန်တော် ရေး၍ ပြပါသည်။

ပို၍ ပြတ်သားတက်ကြွလာသူတို့လည်း ရှိသကဲ့သို့၊ တွေဝေ ယိမ်းယိုင်ကြ သူတို့လည်း ရှိပါသည်။

သည်ဝတ္ထုထဲမှ ဇာတ်ဆောင်များသည်လည်း ……

မောင်သာရ

၂၀၀၄ ခုနှစ် မေလ
ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း အတွက် အမှာစာ

## ကျဉ်တုတ် ခံဝံ့ မခံဝံ့ နောက်ကွယ်မှာ

သည်နှစ် နှစ်ဆန်းကထင်ပါရဲ့။ Internet မှာ burma today ဆိုတဲ့ ဂျာနယ်ကို ဖတ်လိုက်ရတယ်။ အဲသည်အထဲမှာ 'မောင်သစ်ဦး' အမည်ခံ စာပေ ဆောင်းပါးရှင် တယောက်က ကျုပ်ရဲ့ 'ကျဉ်တုတ် ခံဝံ့ မခံဝံ့' စာအုပ်နဲ့ပတ်သက်ပြီး သူ့အမြင်ကို တင်ပြသုံးသပ်ထားတာ တွေ့ရတယ်။ ကျုပ် ဘာမှ အငြင်းပွားစရာ မရှိပါဘူး။ ကောင်းပါတယ်။

ဒါပေမယ့် ကာယကံရှင် စာရေးဆရာတယောက်အနေနဲ့ အဲဒါကို ဖတ်လိုက်ရတော့မှ ပြောပြစရာ စကားတွေ တော်တော်များများ ပေါ်လာတယ်။ သည်ကနေ့ လူငယ်လူရွယ် စာဖတ်ပရိသတ်တွေ မသိကြတဲ့၊ မသိကြသေးတဲ့၊ မသိနိုင်ကြတဲ့ စာအုပ်ရဲ့နောက်ခံ အဖြစ်မှန် အတွင်းရေးတွေကို ဗဟုသုတအဖြစ် ပြန်ပြောရရင် ကောင်းမှာပဲလို့ ကျုပ်စိတ်ကူး ရလာတယ်။

အမှန်ကတော့ စီးပွားရေးလုပ်ငန်းသဘောအရအကျိုးအမြတ် ရရှိမယ့် အောင်မြင်တဲ့ ပရိသတ်ကြိုက် စာရေးဆရာတယောက်ရဲ့ စာအုပ်ကို

စာအုပ်တိုက်တွေအနေနဲ့ ပုံနှိပ်ထုတ်ဝေချင်ကြတာ မဆန်းပါဘူး။ ဒါပေမယ့် အဲသည်ထုတ်ဝေသူ စာအုပ်တိုက်တွေထဲမှာ 'မြရာပင်' ပါလာတယ်။

'မြရာပင်'ဆိုတာက ရန်ကုန်မြို့လယ်ကောင် ဆူးလေဘုရားလမ်းမကြီးက နေပြည်တော်ရုပ်ရှင်ရုံ အောက်ထပ်မှာ ရုတ်ခြည်း မိုးပေါ်ကျ အသစ်ဖွင့်လှစ်လိုက်တဲ့ ဧရာမ စာအုပ်ဆိုင်ကြီးပါ။ တာဝန်ခံကြီးကြပ်အုပ်ချုပ်သူက 'သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ'စာအုပ်တွဲကို ရေးသားခဲ့တဲ့ 'ရဲဘော်ဘခက်'ပါ။ တပ်မတော် စစ်ထောက်လှမ်းရေးရဲ့ ရံပုံငွေ အရင်းအနှီးနဲ့ တည်ထောင်ထားတဲ့ စာအုပ်တိုက်ကြီးပါ။

ဒါပေမယ့် ရဲဘော်ဘခက်က ကျုပ်စာအုပ်ထုတ်ဖို့၊ စာမူရဖို့ကို သူကိုယ်တိုင် မဆောင်ရွက်ပါဘူး။ အဲသည်အချိန်တုန်းက အခုခေတ် ဒုတိယဝန်ကြီးအဆင့်ရှိတဲ့ အတွင်းဝန်ဒုတိယဗိုလ်မှူး တင်ထွန်း(လေ)ရယ်၊ ဦးဆောင်ညွှန်ကြားရေးမှူး (စာနယ်ဇင်း) ဖြစ်တဲ့ ဆရာကြီးတက်တိုးရယ်နဲ့ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ အယ်ဒီတာချုပ် ဦးလှမြိုင်တို့က တဆင့် မကြာခဏ တောင်းပါတယ်။ သည်ပုဂ္ဂိုလ်တွေကို ရင်းနှီး သိကျွမ်းလေးစားခင်မင်ပေမယ့်၊ကျုပ်ကလဲ စာရေးကျဲတဲ့လူ ဖြစ်နေတော့ ရုတ်တရက် အကြောင်း မပြန်ဖြစ်၊ စာမူမပေးဖြစ်ပါဘူး။

နောက်တော့ ကတိလဲရှိ၊ နှစ်စဉ်လဲ တနှစ်မှာ တပုဒ်နှုန်း (၃)လပြတ်၊ (၄) လ ပြတ် အခန်းဆက်ဝတ္ထုရှည် ရေးပေးလေ့ရှိတဲ့အတိုင်း၊ သည် 'ကျဉ်တုတ် ခံဝံ့ မခံဝံ့' သရုပ်မှန်ဝတ္ထုကို 'ရှုမဝ' မဂ္ဂဇင်းမှာ ရေးခဲ့ပါတယ်။ ပြီးတော့ ကျုပ်ရဲ့ ဆန္ဒအရပေါ့နော် 7th july ကို ဂုဏ်ပြုအမှတ်တရအနေနဲ့ july လထုတ် 'ရှုမဝ' မဂ္ဂဇင်းမှာ ဝတ္ထုရှည်ကို စရေးခဲ့၊ စဖော်ပြခဲ့ပါတယ်။ အမှန်ကတော့ ရှုမဝ ဦးကျော် အပါအဝင် ဘယ်သူ့ကိုမှ ကျုပ်ဖွင့်မပြောခဲ့ပါဘူး။ ပြီးတော့လဲ မဂ္ဂဇင်းအတွင်း ဝတ္ထုသရုပ်ဖော်ပုံကို လိုက်ဖက်တဲ့ ပန်းချီအောင်စိုးထံ အပ်နှံပြီး ဆွဲစေခဲ့ပါတယ်။ အကြောင်းသိနေတော့ ကိုအောင်စိုးကလဲ(ကျောင်းသားတယောက် အသံချဲ့စက်/ခွက်ရှေ့မှာလက်သီး လက်မောင်းတန်း အော်ဟစ်တရားဟောနေတဲ့ပုံကို ရဲရဲနီနေတဲ့ ခွပ်ဒေါင်းအလံ နောက်ခံနဲ့) သုံးရောင်ခြယ် ဆွဲပေးလိုက်ပါတယ်။ ဆိုတော့ကာ ပြဿနာက ကျုပ်ရဲ့ အာသီသကို အကုန်ရိပ်မိကုန်ကြပါတယ်။

အဲသည်အချိန်တုန်းက 'စာပေစိစစ်ရေးဌာန' ဆိုတာ





မပေါ်သေးပါဘူး။ ဒါပေမယ့် ပြဿနာပေါ်လာပါတယ်။ အဲသည်အချိန်က ဗိုလ်ချုပ်နေဝင်းပြီးရင် No.2 အဖြစ် တန်ခိုးသြဇာကြီးနေတဲ့ ဗိုလ်ချုပ်တင်ဖေရဲ့ 'စေတနာ' သကြားဖုံးထားတဲ့ 'ဆက်မဖော်ပြရင်ကောင်းမယ်' ဆိုတဲ့ နှုတ်မိန့်က ဦးကျော့်ဆီ ရောက်လာပါတယ်။ အဲသည်နှုတ်မိန့်ကို ဦးကျော်ထံ အရောက် သယ်ဆောင်လာတဲ့ တမန်တော်က ဗိုလ်ချုပ်တင်ဖေရဲ့ ယောက်ဖ၊ ကလောင်အမည် မမြတ်လေးခေါ် ဒေါ်သိန်းဆိုင်ရဲ့ မောင်အရင်း၊ တက္ကသိုလ်ဥပဒေပညာ ဌာနမှာ လက်ထောက်ကထိက လုပ်နေတဲ့ ဦးကိုယု (ကလောင်အမည် မောင်ကိုယု)ပါ။ သည် ကိုယုက ကျုပ်နဲ့အတူတူ 'ဗကသများ အဖွဲ့ချုပ်'ကို စတင်ဖွဲ့စည်းခဲ့ကြတဲ့ အုပ်စုထဲမှာ ပါခဲ့ကြပြီး၊ တက္ကသိုလ် တိုးတက်သော ကျောင်းသားအင်အားစုခေါင်းဆောင်တွေ အဖြစ်နဲ့ လက်တွဲတိုက်ပွဲဝင်ခဲ့ ကြရင်းနဲ့ အခု ဝတ္ထုရဲ့ နောက်ခံအဖြစ်အပျက်၊ ၁၉၅၃ ကျောင်းသား အရေးအခင်းမှာ ထောင်ထဲ ရောက်ခဲ့ကြရတဲ့၊ ပုဂ္ဂိုလ်ပါ။ ဒါပေမယ့် သည်ဝတ္ထုရေးနေချိန်မှာတော့ ကျုပ်တို့ချင်းက ဘဝခြားနေကြပါပြီ။

ဘာပဲပြောပြော ရှုမဝဦးကျော် အတော် ဦးနှောက်ခြောက်သွားပါတယ်။ ဒါပေမယ့် ဦးကျော် နောက်မဆုတ် လက်မလျှော့ပါဘူး။ ဝတ္ထုအခန်းဆက် ဆက်လက် ဖော်ပြမြဲ ပြမယ်လို့ ကျုပ်ကိုပြောပြီး ဆက်အရေးခိုင်းပါတယ်။ တခုပဲ ဦးကျော်က ကျုပ်ကို တောင်းဆိုပါတယ်။ ကျုပ်ရေးပြီးသမျှကို ခါတိုင်းလို တရွက်ချင်း တမျက်နှာချင်း စာစီခန်းပို့ပြီး မစီခင်၊ ပုံမနှိပ်ခင်မှာ ကျုပ်စာမူကို သူကြိုတင်ဖတ်ချင်ပါတယ်တဲ့။ မလိုလဲလိုလဲ အစိုးရကို ထိခိုက်နေတဲ့ စာပိုဒ်များပါနေရင် ကျုပ်တို့ချင်း ညှိနှိုင်း တိုင်ပင်ပြီး ပြင်တန်ရင် ပြင်ဖို့ပါတဲ့။ ဟာ ဘယ့်နှယ်ပြောပါလိမ့်။ သူက မဂ္ဂဇင်းပိုင်ရှင် ဖြစ်သလို စာတည်းချုပ်လဲ သူပဲ၊ သူ့မှာ အခွင့်အရေးရှိတာပေါ့။ ဖြတ်ပိုင် ပြင်ပိုင် တည်းပိုင်ခွင့်ရှိတာပေါ့။ ဒါပေမယ့် ရှုမဝဦးကျော်က အဲလိုလူစားမျိုး မဟုတ်ဘူး။ စာအုပ်တို့ စာပေတို့ဆိုတာ စာရေးဆရာရှိလို့သာ ရှိနေရတာဆိုပြီး၊ စာရေးဆရာ ကဗျာဆရာတိုင်းကို ကြီးငယ်မဟူ အင်မတန်ချစ်ခင်လေးစားတတ်တဲ့ ပုဂ္ဂိုလ်။ ကျုပ်ကို 'ချော့'ပြောတယ်။ ကျုပ်ဆိုတဲ့ 'မောင်သာရ'က သူ့'ရှုမဝ ခြံပေါက်' နော်။ 'ရှုမဝ'က

မွေးဖွားပေးလိုက်တဲ့ ကလောင်နော်။

ဒါပေမယ့် ကျွန်ုပ်သိတယ်လေ။ ကျွန်ုပ် ဦးကျော်အပေါ်မှာ 'မာန'မထားပါဘူး။ ရပြီးသားအခွင့်အရေး 'above the editor' အဆင့်ကို လက်မလွှတ်ချင်တာလဲ မဟုတ်ပါဘူး။ ကျွန်ုပ်မြင်နေတာက ဦးကျော်ရဲ့ နောက်မှာ 'ပယောဂ'ဝင်နေတယ်။ ပုံနှိပ်စာပေအနုပညာသမားကြီး ဦးကျော် မဟုတ်တော့ဘူး။ သူ့မှာ နိုင်ငံရေးပယောဂ ဝင်နေပြီ။ ဒါကြောင့် ကျွန်ုပ်ဆက်ရေးပြီးသမျှကိုလဲ သူ့မပေးတော့ဘူး။ ဆက်လဲ မရေးတော့ဘူး။ ဒါပေမယ့် ကျွန်ုပ်တို့ချင်း ညှိနှိုင်းပြီး၊ သူလဲ မနစ်နာရအောင် ရှုမဝဂျာနယ်ဖတ်ပရိတ်သတ်ရဲ့ အမြင်ပြင် မခံရအောင် 'စာတည်းသဝဏ်လွှာ' ရေးပြီး ပရိသတ်ကို ရှင်းပြလိုက်ပါပေါ့။ ကျွန်ုပ် နောက်စာအုပ်ထုတ်တဲ့အခါမှာ 'ရှုမဝ'ကို မနစ်နာ မဟုတ်ခတ်တဲ့ 'အမှာစာ' ရေးထည့်မယ်ပေါ့။ ငြိမ်းချမ်းစွာလက်တွဲဖြုတ်လိုက်ကြတယ်။

ဒါပေမယ့် သည် 'ကျဉ်တုတ်ခံဝံ့ မခံဝံ့' စာအုပ်ကို ဘယ်သူ၊ ဘယ်စာအုပ် ထုတ်ဝေရေးတိုက်က ထုတ်ရဲမလဲ။

ကျွန်ုပ် စဉ်းစားကြည့်တယ်။ သည်ပုံအတိုင်းသာဆိုရင် ဘယ်သာမန် ထုတ်ဝေသူ ကပဲ ထုတ်ထုတ်၊ စာအုပ်ထွက်လာရင် ပြဿနာအကြီးအကျယ် ဖြစ်လာနိုင်တယ်။ စာအုပ်ဖြစ်ပြီးလို့ ထွက်လာမှ ပြဿနာဖြစ်လာရင် အကြောင်းမဟုတ်ဘူး။ လူထု လက်ထဲရောက်မယ်။ အခုလို စာအုပ်ကို ဖြစ်မလာအောင် လိုက်နှောင့်ယှက်နေရင် ဒုက္ခ။ အဲသည်တော့စဉ်းစားရမယ်။ ထုတ်ဝေသူရွေးရမယ်။ တန်းခိုးသြဇာချင်း ယှဉ်နိုင် တဲ့ ထုတ်ဝေသူကို ရွေး၊ ပေးရမယ်။ ဟုတ်တယ်နော်။

သဘောပေါက်ပါတယ်နော်။ ကျွန်ုပ်ရဲ့ 'ကျဉ်တုတ် ခံဝံ့ မခံဝံ့'ကို စာအုပ် အဖြစ် လူထုမျက်မှောက် ရောက်မလာအောင် ကြံဖန်နှောက်ယှက်နေမယ့် တန်ခိုးအာဏာရှင် တစုနဲ့ အန်တုဖက်ပြိုင်ပြီး အနိုင်ယူ ပုံနှိပ်ထုတ်ဝေနိုင်မယ့် တန်ခိုးအာဏာရှင် ဘယ်သူ ရှိသလဲ။ ဘယ်သူ ရှိနိုင်မလဲ။ ကျွန်ုပ် ရှာကြည့်တယ်။ ကျွန်ုပ်ဆင်ခြင်ကြည့်တယ်။ သည်မှာ ရဲဘော်ဘခက်တို့ရဲ့ 'မြရာပင်' စာပေတိုက်ကို တွေ့တာပဲ။

ကျွန်ုပ်နဲ့ 'မြရာပင်'နဲ့တွေ့ စကားပြောကြတယ်။ အုပ်ရေနဲ့ တန်ဖိုး၊ စာမူခနဲ့ စာမူအပေးအယူ စသည် သဘောတူ စာချုပ် ချုပ်ကြပြီး အလုပ်လုပ်ကြတယ်။ အစိုးရ ပြန်ကြားရေးဌာနပိုင် ဗဟိုပုံနှိပ်တိုက်မှာ





ပုံနှိပ်တယ်။ မျက်နှာဖုံးလည်း ကျွန်ုပ်ဆန္ဒအရ ခွပ်ဒေါင်းနီအလံ နောက်ခံနဲ့ ကျောင်းသူအရွယ် ရုပ်ရှင်သရုပ်ဆောင်သစ်ကလေးပုံနဲ့ ထွက်လာတယ်။

စာအုပ်လည်း ထွက်လာပါလေရော။ အထဲမှာ အကြီးအကျယ် ပြဿနာတက်ကုန်ကြပါရော။

နေ့၃ စာအုပ်ပါအကြောင်းအရာအဖြစ်အပျက်တွေက ၁၉၅၃ ခုနှစ် အောက်တိုဘာကျောင်းသားအရေးအခင်းက တကယ့်အဖြစ်အပျက်တွေလေ။ ကျောင်းသားခေါင်းဆောင်တွေကို ထောင်ချောက်ဆင်ဖမ်းတယ်။ အစွရေး ထောက်လှမ်းရေးနည်းနဲ့ (၇၂)နာရီကြာ အအိပ်အနားမပေးဘဲ မီးမောင်းထိုး စစ်တယ်။ အနုနည်းနဲ့ ညှဉ်းပန်းနှိပ်စက်ပြီး သူတို့လိုချင်တာကို မတရားကျင့် အရယူသွားပုံတွေကို ခရေစေ့တွင်းကျ အသေးစိတ် ရေးထားတယ်။ မဟုတ်မမှန် လုပ်ကြံရေးတာ တလုံးတပိုဒ်မှ မပါဘူး။ ဘယ်လောက်အထိ အမှန်အတိုင်း ရေးထားသလဲဆိုရင် အဲသည် ကျောင်းသား ခေါင်းဆောင်တွေကို ညှဉ်ပန်းနှိပ်စက် စစ်ဆေးစဉ်က ပါဝင်ခဲ့တဲ့ Special Branch ဆိုတဲ့ ပြည်ထဲရေးဌာန အထူးရဲတပ်ဖွဲ့ အရာရှိတွေဆိုပါတော့။ မူရင်း အပြင်ကနာမည်တွေအတိုင်း မပြောင်းဘဲနဲ့ထည့်ရေးခဲ့တယ်။ (အဲ မှသား ပါရော့မယ်။ စာအုပ်ထဲမှာ ကျောင်းသားခေါင်းဆောင်တွေရဲ့ နာမည်တွေကိုတော့ ပြောင်းလွှဲရေးခဲ့ပါတယ်။)

ပြဿနာစတာ၊ အနာပေါ်တုတ်ကျတာက ရဲအရာရှိတွေရဲ့ နာမည်တွေပဲ။ ဖြစ်ခဲ့တာက ၁၉၅၃ ခုနှစ်။ စာအုပ်ထွက်လာတာက ၁၉၇၁ ခုနှစ်။ ဆိုတော့ ကာလ အားဖြင့် (၁၈) နှစ်ကွာနေပြီ။ သည်တော့ စာအုပ်ထဲမှာပါတဲ့ ရဲအရာရှိတွေက စာအုပ် ထွက်လာတဲ့အချိန်မှာ ရာထူးတွေ နှစ်ဆင့် သုံးဆင့်တိုးနေပြီ။ ဟိုတုန်းက ရဲမှူးလောက်၊ ရဲဝန်ထောက်လောက်က အခု ခုရဲချုပ်တွေ၊ ရဲချုပ်တွေ ဖြစ်ကုန်ပြီ။ အထူးရဲ SB မှာ ထိပ်ဆုံးပိုင်း ရောက်ကုန်ပြီ။

ကျွန်ုပ် မသိရိုးအမှန်ပါ။ ဒါပေမယ့် ပြဿနာက ပိုကြီးချင်တော့ စာအုပ်ထွက်လာတဲ့ အချိန်နဲ့ အစိုးရအုပ်ချုပ်ရေးယန္တရားမှာ N.I.B ဆိုတဲ့ National Intelligence Bureau နိုင်ငံတော် ဗဟိုထောက်လှမ်းရေးဗျူရို စတင်ဖွဲ့စည်းဖို့ ပြင်ဆင်နေတဲ့အချိန်နဲ့ သွားတိုက်ဆိုင်နေတယ်။ တပ်မတော်ထောက်လှမ်းရေးအဖွဲ့ဖြစ်တဲ့ M.I ရယ်၊ ပြည်ထဲရေးဌာန

အထူးရဲတပ်ဖွဲ့ဖြစ်တဲ့ S.B ရယ်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဆိုတဲ့ 'စသုံးလုံး' ရယ်၊ အင်းစိန်က မှုခင်းထောက်လှမ်းရေး ရဲတပ်ဖွဲ့ဆိုတဲ့ C.I.D ရယ် လေးဖွဲ့ပေါင်းပြီး N.I.B ရယ်လို့ အဖွဲ့ကြီးတဖွဲ့တည်း ပေါင်းစည်းဖွဲ့မယ်ပေါ့။ N.I.B ရုံးကိုလဲ ဝန်ကြီးများရုံးအတွင်းထဲက လွှတ်တော် အဆောက်အဦဟောင်းမှာ ထားမယ်ပေါ့။ အဲသည်လို ကြိုးစားပြင်ဆင်နေတဲ့ အချိန်။

သိကြတဲ့အတိုင်းပါပဲ။ ဌာနချုပ်တခုတည်း ရုံးတရုံးတည်းအဖြစ် ပေါင်းစည်းမယ်ဆိုတော့ အဲသည်ရုံးမှာ ဘယ်သူတွေက ဦးစီးဦးကိုင် လုပ်မှာလဲ။ နိုင်ငံရေးနဲ့ နိုင်ငံရေးသမားတွေကို တာဝန်ယူ ထောက်လှမ်းခဲ့ကြရတဲ့ M.I နဲ့ S.B နဲ့က ဦးဆောင် နေရာလုကြတယ်။ တပ်ကခေါင်းဆောင်မလား။ အရပ်သားရဲက ခေါင်းဆောင်မလား။ သူတို့အတွင်းမှာ ရာထူးလုပွဲကြီး ကျင်းပနေတဲ့အချိန်မှာမှ ကျုပ်ရဲ့စာအုပ်က တိုက်တိုက် ဆိုင်ဆိုင် လာထွက်တယ်။ ကျုပ် မသိရိုးအမှန်ပါ။

ဒါပေမယ့် ပြဿနာက ဖြစ်ချင်တော့ M.I က 'မြရာပင်' က မောင်သာရနဲ့ ပူးပေါင်းကြံစည်ပြီး S.B ကို ရှပ်ပျက် ဆင်းပျက်ဖြစ်အောင် စာအုပ်ထုတ် သိက္ခာချပါတယ်ပေါ့။ ရဲတွေက စွပ်စွဲလာတယ်။

ဒါပေမယ့် ကျုပ်တို့ စာအုပ်လောကနဲ့ စာရေးဆရာတွေကို ဥပဒေအရ တရားဝင် ချုပ်ကိုင်နေတာက ပြည်ထဲရေးဌာနနော်။ ပြန်ကြားရေးဌာန မဟုတ်ဘူး။ အဲသည်တော့ ကျုပ်ရဲ့စာအုပ်ကို ပိတ်ရေး၊ ဆိုင်တွေမှာ လိုက်သိမ်းရေး အာဏာက S.B ရဲ့ လက်ထဲမှာ။ အဲသည်တော့ S.B က အမြန်လိုက်သိမ်းမယ်။ ပိတ်မယ်ပေါ့။

သည်မှာ M.I က အချိန်ဆွဲတယ်။ ဘာဆိုင်လို့ စာအုပ်တွေကို လိုက်သိမ်းရမှာလဲ။ စာအုပ်ထဲမှာ မမှန်မကန် လုပ်ကြံပြီး ရေးထားတာတွေနဲ့ ရဲအရာရှိတွေရဲ့ နာမည်ရင်းတွေပါတယ်ဆိုရင် ရေးတဲ့စာရေးဆရာကို ပုဒ်မ(၅၀၀) အသရေဖျက်မှုနဲ့ တရားစွဲ ပေါ့လို့ လမ်းလွှဲပစ်တယ်။ အဲဒါလည်း ရဲတွေက မလုပ်ရဲပါဘူး။ ဖမ်းဆီး အကျဉ်းချ တိုက်ပိတ်တာတွေနဲ့ သူတို့ရဲ့ ညှဉ်းပန်းနှိပ်စက် စစ်ဆေးနည်းတွေ တရားရုံးမှာ လုပ်ကြံ လက်မှတ်ထိုးခိုင်းတာတွေပါ အကုန်မှန်ကန်ကြောင်း တရားဝင် ဝန်ခံရာ ရောက်သွားမယ်လေ။ အဲလိုဆိုရင် အမှုက 'ကိုယ့်ရှူးကိုယ်ပတ်' ကိုယ့်ဘက်ကို ပြားဦးပြန်လှည့် လာမယ်ဆိုတာ တွက်မိမှာပါ။





နောက်တချက်က အမှုလုပ်ပြီး တရားစွဲလိုက်ရင် စာအုပ်က သက်သေခံ ပစ္စည်း ဖြစ်သွားတဲ့အတွက် တရားဝင် ဂရမ်းထုတ် လိုက်သိမ်းလို့မရတော့ဘူး။ ပြီးတော့လည်း နာမည်ပိုကြီးသွားမယ်။ စာအုပ်တွေလည်း အလုအယက်ဝယ်ကြပြီး ပိုမိုပျံ့နှံ့သွားမယ်။ M.I ရဲ့ စီးပွားရေးလုပ်ငန်းမှာ ပိုအကျိုးဖြစ်ထွန်းသွားမယ်။

သည်လိုနဲ့ S.B ရဲ့ အရာရှိကြီးတွေ စည်းဝေးတိုင်ပင်လိုက် ကြတာသုံးရက်ကြာ သွားတယ်။ M.I ရဲ့ အချိန်ဆွဲရေး နည်းဗျူဟာ အောင်မြင်သွားတယ်။ သည်သုံးရက် အတွင်းမှာ 'မြရာပင်' စာပေတိုက်ကလည်း ပါးစပ်သတင်း လျှောက်လွှင့်လိုက်တာနဲ့ စာအုပ်တွေဆိုတာ ဈေးတွေတက်ပြီး ပျောက်ခြင်းမလှပျောက်သွားတယ်။ ဆိုင်တွေက ဝှက်ထားပြီး လက်သိပ်ထိုး ဈေးတင်ရောင်းကြတော့တာလေ။

ဒါပေမယ့် နောက်ဆုံး သုံးရက်ပြည့်တော့ M.I က အလျှော့ပေးလိုက်ပါတယ်။ ပိတ်မယ်ဆိုရင်လည်း ဥပဒေအတိုင်းသာ လုပ်ပါတော့ပေါ့။ ဒါပေမယ့် စာအုပ်က မရှိတော့ဘူးလေ။ တပြည်လုံးအနှံ့ နယ်ကစာအုပ်ဆိုင်တွေမှာပါ လိုက်သိမ်းတာ၊ အားလုံးပေါင်း ခြောက်ဆယ့်လေးအုပ်ရသတဲ့။ ခြောက်ထောင်မှာ ခြောက်ဆယ့်လေးအုပ်ပဲ ရဲလက် ရောက်ပါတယ်။ ဒါပေမယ့် စာအုပ်ရဲ့ အနာဂတ်ကတော့ မရှိတော့ဘူးပေါ့။ ပြန်လည်ပုံနှိပ်ထုတ်ဝေခွင့် လုံးဝမရှိတော့ဘူးပေါ့။ နောက်ပိုင်း 'စာပေစိစစ်ရေးဌာန' ပေါ်လာတော့ ပိုဆိုးတော့တာပေါ့။ ဟော နဝတ၊ နအဖ ခေတ်ရောက်တော့ သည် 'ကျဉ်တုတ် ခံဝံ့ မခံဝံ့' စာအုပ်က 'မတရားသင်းပုဒ်မ' အစာပ်ခံလိုက်ရရော။ ၁၉၉၉ ခုနှစ် ဇူလိုင်လတုန်းက မြစ်ကြီးနားနဲ့ ဗိုင်းမော်ကြားမှာ ကျောင်းသားလူငယ် လေးယောက်ကို မသင်္ကာမှုနဲ့ ဖမ်းစစ်ဆေးတော့ လူငယ် တယောက်ရဲ့ ကျောပိုးအိတ်ထဲမှာ သည်စာအုပ်ကို တွေ့ရတဲ့အတွက် အားလုံးကို ထောင်(၇)နှစ် ချပစ်လိုက်ပါ့ကော။ ကမ်းကုန်နေပါပြီလေ။

ဒါပါပဲ။ ကျုပ်ရဲ့ 'ကျဉ်တုတ် ခံဝံ့ မခံဝံ့' စာအုပ်ရဲ့ နောက်ကွယ်က အဖြစ်အပျက်တွေပါပဲ။

Burma Today က စာပေဆောင်းပါးရှင် မောင်သစ်ဦးအပါအဝင် သည်ကနေ့ ခေတ်လူငယ်လူရွယ် စာဖတ်ပရိသတ်တွေ အပြည့်အစုံ သိစေချင်တဲ့ စေတနာနဲ့ ကျုပ်တင်ပြလိုက်ပါတယ်။

ဩ ... နိဂုံးချုပ်ပြောရဦးမယ်။ စာအုပ်ထွက်ပြီးလို့ အတန်ကြာမှာ 'မြရာပင်' စာပေက ရဲဘော်အခက်နဲ့ တခါတရံ လမ်းမှာ တွေ့ပါတယ်။ ဒါပေမယ့် သူက စကားပြော မခံပါဘူး။ သူ့နှုတ်ခမ်းပေါ်မှာ လက်ခုံနှစ်ဖက်ယှက်တင် အလေးပြုပြီး ရှောင်ရှောင် ပြေးပါတယ်။ 'နှစ်ထပ်ဆလံ' ပေးတယ်ဆိုတဲ့ အဓိပ္ပာယ်လားမသိ။

မောင်သာရ



# ကျဉ်တုတ် ခံဖုံ မခံဖုံ

မောင်သာရ

မင်းမှာ လုပ်ချင်၏။ တင်းကုပ်မှာ အချုပ်ခံဝံ့ မခံဝံ့။
ပဲဟင်းကို ရှုပ်ချင်၏။ နှုတ်ခမ်းမွေးကို အနုတ်ခံဝံ့ မခံဝံ့။
မှိုနှင့်မျှစ်ကို နုတ်ချင်၏။ ကျဉ်တုတ်ခံဝံ့ မခံဝံ့။

(ကျည်းကန်ရှင်ကြီး မေတ္တာစာမှ)

တသက် မေ့မရနိုင်သည်လည်း မှန်သည်။ တွေးမိသည်နှင့် နာကြည်းရသည်လည်းမှန်သည်။ တနေ့နေ့တကြွေ့ကြွေ့မှာ ပြန်တွေ့ကြရဦးမည်ဆိုလျှင်တော့ မညှာမတာတစ်း တုံ့ပြန်ရက်စက်မည်ဟု ဆုံးဖြတ်ထားခဲ့မိသည်လည်း မှန်သည်။

သူ့အလှည့်မှာ သူသည် မီးကုန်ယမ်းကုန် ရက်စက်ခဲ့သည်။ ထိုသို့ရက်စက်ခြင်းကိုပင်လျှင် တရားမျှတသည်ဟူ၍လည်း သူ့ဘက်ကအကြောင်းပြခဲ့သည်။

ယခုသော် ကိုယ့်အလှည့်သို့ ရောက်ပေပြီ။ သမိုင်းဘီးသည် တပတ်လည်ခဲ့ပြီ။

သို့သော် အရာရာသည်လည်း ပြောင်းလဲလာခဲ့ပြီ။ သူ့အလှည့်မှာ သူမဆင်မခြင် အနိုင်ကျင့်ခဲ့သည်မှန်ပေမည့် ကိုယ့်အလှည့်မှာကျတော့ ကိုယ်ဆင်ခြင်ဘို့ လိုအပ်သည်။ ပြီးတော့လည်း လူတယောက် နိမ့်နေရခိုက်မှာ ဖူးလေးရာ ဖရုံမဆင့်လို။ ကိုယ်မြင့်နေရခိုက် အနိုင် မကျင့်လို။

မှန်သည်။ မနေ့ကနှင့် သည်ကနေ့ကို ပေါင်း၍ ကြည့်လိုက်တော့၊ လောကသည် ရယ်ဘို့လည်းကောင်းသည်။ သင်ခန်းစာ ရဘို့လည်း ကောင်းသည်။ အံ့ဘို့လည်းကောင်းသည်။

(၁)

သိသည်။ သိလျက်နှင့် သည်ကွန်ကို ဝင်တိုးလိုက်ရခြင်း ဖြစ်သည်။

နှစ်အစကတည်းက သည်နှစ်ကို တိုက်ပွဲနှစ်ဟု သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့်လည်း တက္ကသိုလ်တို့ ပြန်ဖွင့်သည်နှင့် တပြိုင်နက် ထွန်းနောင်သည် မန္တလေးတက္ကသိုလ်သို့ ပြန်ရောက်လာခဲ့သည်။

စင်စစ် ထွန်းနောင်သည် မန္တ လေးဇာတိ။ သို့သော် ရန်ကုန်တက္ကသိုလ်သို့ ရောက်နေခဲ့သည်မှာ နှစ်နှစ်ဖျှရှိပြီ။ ပထမတော့ ထွန်းနောင်သည် မန္တလေး တက္ကသိုလ်၌ပင် ပညာ သင်ခဲ့သည်။ သို့သော် ဥပစာ ဒုတိယနှစ်မှာ ထွန်းနောင် စာမေးပွဲ ကျခဲ့သည်။ သည်တွင် ထွန်းနောင်သည် ရန်ကုန် တက္ကသိုလ်သို့ ပြောင်းခဲ့သည်။ သိပ္ပံဘာသာတွဲကို ယူခဲ့ရာမှလည်း ဝိဇ္ဇာဘာသာတွဲကို ပြောင်း၍ယူခဲ့သည်။

တနှစ်ကျခဲ့ရသူဆိုတော့လည်း တာဝန်ကို လျော့၍ယူစေသည်။ ထို့ကြောင့်လည်း ထွန်းနောင်သည် နောက်တနှစ်မှာ တကြိမ်တည်းနှင့် အောင်ခဲ့သည် ဝိဇ္ဇာ ပထမနှစ်ကိုလည်း ထွန်းနောင်သည် တနှစ်တည်းနှင့် အောင်ပြန်သည်။ သည်တော့ ထွန်းနောင်အဖို့ ဝိဇ္ဇာ ဒုတိယနှစ်မှာ အနစ်နာခံတန်လျှင် ခံရမည်။ မည်သူကမျှ အနစ်နာ ခံနိုင်းသည် မဟုတ်ပေမည့် ကိုယ့်အသိနှင့်ကိုယ် အနစ်နာခံသင့်လျှင် ခံရမည်ဟု ထွန်းနောင်ဆုံးဖြတ်သည်။

သည်နှစ်သည် တိုက်ပွဲနှစ်။ သမဂ္ဂရွေးကောက်ပွဲမှာ မုချ နိုင်ကြမည်။ သည်တော့ ရန်သူသည် အေးအေးလူလူ လက်ပိုက် ကြည့်နေလိမ့်မည် မဟုတ်။ ရန်သူသည် အာဏာကို အလွယ်တကူ စွန့်လွှတ်လိမ့်မည် မဟုတ်။





ရန်သူသည် ရှုံးတော့မည်ကိုသိလျှင် ဒီမိုကရေစီ ရှိတော့မည်မဟုတ်။ မတရားသည် တရားသည်ကိုလည်း စဉ်းစားဆင်ခြင်နေတော့မည် မဟုတ်။

သည်တော့ အစခပ်သိမ်း ကိုယ့်ဘက်က ပြင်ဆင်ထားရမည်။ အဆိုးဆုံးကို မျှော်လင့်ထားရမည်။

အရေးကြီးသည်က မန္တလေးတက္ကသိုလ်မှ စည်းရုံးရေးပြဿနာ။ မန္တလေးတက္ကသိုလ်မှာက တိုးတက်သော ကျောင်းသား ဦးရေသည် များတော့များသည်။ သို့သော် ပါတီခေါင်းဆောင်မှု၏ အောက်၌ များများ မရှိ။ ရှိသည့်အနည်းအကျဉ်းကလည်း ကျောင်းသားထုတရပ်လုံးကို ခေါင်းဆောင်မှုမပေးနိုင်။ ပါတီဝင် မဟုတ်သော တိုးတက်သည့်ကျောင်းသား အချို့ကမူ ခေါင်းဆောင်မည် ဆိုလျှင် ခေါင်းဆောင်နိုင်ဦးမည်။

သို့သော် သည်နှစ်ကြုံရမည့်တိုက်ပွဲမှာ ပါတီဝင်မဟုတ်သူတို့ကို ခေါင်းဆောင်နေရာမပေးနိုင်။ ပါတီဝင်မဟုတ်သူတို့သည် ဖဆပလအစိုးရကို မကြိုက်သည်မှာကား မှန်သည်။ တိုက်ရဲသည်မှာလည်း မှန်သည်။ သို့သော် အရေးအကြောင်းဆိုလျှင် ခက်နိုင်သည်။ လူတန်းစားအသိ၊ လူတန်းစား တိုက်ပွဲဆိုသည်ကို နားမလည်သေးသည့် သာမန်ကျောင်းသားခေါင်းဆောင် တို့သည် လက်ပေး၍ ဇောစပ်လာလျှင် တိုက်ပွဲကို စွန့်ခွာသွားနိုင်သည်။ သစ္စာဖောက်နိုင်သည်။ တွေဝေသွားနိုင်သည်။

သည်တော့ ပါတီဝင်ကျောင်းသားထဲမှ ခေါင်းဆောင်မှု ပေးနိုင်သူ တယောက်ယောက်ကို မန္တလေးတက္ကသိုလ်သို့ လွှတ်ရမည်။ ဤကား ရန်ကုန် တက္ကသိုလ် သုံးပါတီကျောင်းသား ပူးတွဲကလပ်စည်း အစည်း အဝေး၏ ဆုံးဖြတ်ချက်။

သည်ဆုံးဖြတ်ချက်အရ မန္တလေးကို ကျွမ်းကျင်သော၊ မန္တလေး တက္ကသိုလ်၌ နေဘူးသော၊ မန္တ လေးခရိုင် လူထုလူတန်းစား လှုပ်ရှားမှုများနှင့် အလွယ်တကူ ထိတွေ့နိုင်သော ထွန်းနောင်ကို အဆိုပြုကြသည်။

ထွန်းနောင်သည် မြေပေါ်ပါတီဖြစ်သော အလုပ်သမားညီညွတ်ရေး ပါတီဝင် ဖြစ်သည်။ ထို့ကြောင့် ထွန်းနောင်သည် မန္တ လေးခရိုင် အလုပ်သမား

ညီညွတ်ရေးပါတီနှင့် တရားဝင် ထင်ထင်လျှားလျှား ဆက်သွယ်မှု ပြုနိုင်သည်။ ပြီးတော့ ထွန်းနောင်သည် မန္တလေးဇာတိ။ မန္တလေးကို ကျွမ်းကျင်သည်။ မန္တလေးခရိုင် ကျောင်းသားများသမဂ္ဂမှ တက်လာခဲ့သူလည်း ဖြစ်သည်။ တက္ကသိုလ်ကျောင်းသားလှုပ်ရှားမှုနှင့် ခရိုင်ကျောင်းသားလှုပ်ရှားမှုတို့ကို လည်း ဆက်စပ်ပေးနိုင်ဘွယ် ရှိသည်။

ပူးတွဲ ကာလပ်စည်း အစည်းအဝေးသည် နောက်ဆုံးတော့ ထွန်းနောင် ကိုပင် လွှတ်မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

သုံးပါတီ ဆိုသည်မှာ မြေပေါ်ပါတီဖြစ်သော အလုပ်သမား ညီညွတ်ရေး ပါတီ၊ မြေအောက်ပါတီများ ဖြစ်ကြသော ဗမာပြည်ကွန်မြူနစ်ပါတီ နှင့် အလံနီကွန်မြူနစ်ပါတီတို့ဖြစ်သည်။ အမှန်စင်စစ် ဗမာပြည်ကွန်မြူနစ် ပါတီသည် စည်းရုံးရေး အကောင်းဆုံးပါတီဖြစ်သည်။ ပါတီဝင်၊ အရံပါတီဝင် ကျောင်းသားဦးရေ အများဆုံးရှိသော ပါတီလည်း ဖြစ်သည်။ ထို့ကြောင့် လွှတ်မည်ဆိုလျှင် ဗမာပြည် ကွန်မြူနစ်ပါတီဝင် ကျောင်းသား တယောက် ယောက်ကို လွှတ်နိုင်သည်။

သို့သော် မန္တ လေးတက္ကသိုလ်သို့ပို့၍ ပေးနိုင်စွမ်း ရှိသည့်တိုင် ထွန်းနောင် နှင့်ယှဉ်လိုက်တော့ ထွန်းနောင်က အသင့်လျော်ဆုံး ဖြစ်နေသည်။

ပြီးတော့ မန္တလေးတက္ကသိုလ်၌ ဗမာပြည် ကွန်မြူနစ်ပါတီဝင် ကျောင်းသားခေါင်းဆောင် နှစ်ယောက်သည် သဘောတရားရေး အဆင့် သိပ်မနိမ့်။ ပါတီဝင်ကျောင်းသားများကို ချုပ်ကိုင်သော မြေအောက် လူငယ်ကျောင်းသား ကာလပ်စည်းကလည်း ရှိသေးသည်။ သည်တော့ ဗမာပြည်ကွန်မြူနစ်ပါတီက သူတို့အတွက် သူတို့ စိတ်ချသည်။ ထွန်းနောင်ကို စေလွှတ်ရေးအတွက် မကန့်ကွက်။ အလံနီပါတီကမူ ကျောင်းသားထု အတွင်း၌ စည်းရုံးရေးဩဇာ သိပ်မကျယ်ပြန့်။ ထို့ကြောင့် အရေအတွက် လည်း နည်းသည်။ စေလွှတ်ရမည့်သူလည်း သူတို့မှာ မရှိ။

သည်တွင် ထွန်းနောင်သည် ရန်ကုန်တက္ကသိုလ်မှ ပြန်ထွက်ရပြန်သည်။ မန္တ လေးသို့ ပြန်ခဲ့ရပြန်သည်။





စင်စစ် မန္တလေးတက္ကသိုလ်သည် စောစောက ထင်ထားသကဲ့သို့ အခြေ အနေဆိုးသည်ဟု မဆိုသာ။ သုံးပါတီ ကျောင်းသားပူးတွဲကာလပ်စည်းသည် အချို့သောပုဂ္ဂိုလ်ရေးတို့အရ ညီညွတ်မှု သိပ်မခိုင်မာပေမည့် အလုပ်ပျက်ရသည်အထိတော့ မဆိုး။ ဂိုဏ်းဂဏ စိတ်သည် ရန်ကုန်မှာထက် ပြန်းထန်သည်မှတပါး၊ အခြားအခြေအနေ အရပ်ရပ်သည် ကောင်းသည်။

ပြီးတော့ ပါတီဦးဆောင်မှုအောက်၌ရှိသော ကျောင်းသားအရေ အတွက်သည် နည်းသည်ဟု ဆိုရပေမည့် တိုးတက်သည့် ကျောင်းသူ ကျောင်းသားများ၏ အရေအတွက်သည် ရန်ကုန်မှာထက်ပင် များနေသည်။ ဤသည်က ပါတီဝင် ကျောင်းသားခေါင်းဆောင်တို့၏ စည်းရုံးရေးညံ့မှုကို ပြသည်ဟု ထွန်းနောင် တွေးမိသည်။

ထွန်းနောင်သည် စင်စစ် လူသစ်သာဖြစ်သည်။ မန္တ လေးတက္ကသိုလ်နှင့် နှစ်နှစ်တာမျှကင်းကွာနေခဲ့သော ထွန်းနောင်အဖို့ ခေါင်းဆောင်မှု အစဉ်အလာသည် ရုတ်တရက် ပြန်လည်ဖော်ထုတ်၍မရ။ ထို့ကြောင့်လည်း ထွန်းနောင်သည် တပ်ဦးအစည်းအဝေးများ၌ပင်လျှင် ခေါင်းဆောင်မှု မယူ သင့်ဟု ဆုံးဖြတ်သည်။

သုံးပါတီ ကျောင်းသား ပူးတွဲကာလပ်စည်းသည် မနှစ်ကစ၍ နည်းဗျူဟာ ပြင်ခဲ့သည်။ သမဂ္ဂရွေးကောက်ပွဲကို တိုးတက်သော ကျောင်းသားအင်အားစု အဖြစ်ဖြင့် မဝင်တော့။ ပို၍ကျယ်ပြန့်သော ကျောင်းသားညီညွတ်ရေး တပ်ဦးအဖြစ်ဖြင့်သာ ဝင်ခဲ့သည်။ အခြေအနေသည် သိသိသာသာ တိုးတက် ၍ လာ၏။

ပြင်ပနိုင်ငံရေးမှာ အလုပ်သမားလူတန်းစားပါတီများချည့် မဟုတ်ဘဲ အခြားဒီမိုကရေစီကိုလိုလားသောပါတီအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းသကဲ့သို့ ကျောင်းသားထု အတွင်းတွင်လည်း ကျောင်းသားညီညွတ်ရေးတပ်ဦးကို ဖွဲ့ခဲ့သည်။ ပထမ ရှိခဲ့သော တိုးတက်သောကျောင်းသားအင်အားစုသည် ပါတီဝင် ကျောင်းသား များနှင့်ချည့်သာ ဖွဲ့ခဲ့ခြင်းဖြစ်သည်။ ယခုကျောင်းသားညီညွတ်ရေးတပ်ဦး

တွင်မှ ပါတီဝင် ကျောင်းသားများလည်း ပါသည်။ ပါတီဝင် ကျောင်းသားများသည် လျှို့ဝှက်သုံးပါတီကာလပ်စည်းအဖြစ်ဖြင့် တပ်ဦးထဲ၌ ဝင်နေသည်။ ပြီးတော့ လျှို့ဝှက်စွာစည်းဝေးတိုင်ပင်၍ တပ်ဦးမှာ တင်ပြသည်။ တပ်ဦးကို ခေါင်းဆောင်သည်။

တပ်ဦးထဲမှာက တိုင်းရင်းသားကျောင်းသူကျောင်းသားများလည်း ပါလာသည်။ ဘာသာရပ်အဖွဲ့အစည်း၊ ဒေသအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်း၊ အဆောင်သဟာယနှင့် စာဖတ်အသင်းများ စသည်စသည်တို့မှ ကျောင်းသူကျောင်းသားများလည်း ပါလာသည်။

သည်အားလုံးသော တပ်ဦး ကျောင်းသူ ကျောင်းသားများသည် တိုးတက်သော အယူအဆ ရှိကြသည်။ ဖဆပလအစိုးရကို ဆန့်ကျင်ကြသည်။ ဒီမိုကရေစီ ပညာရေးစနစ်ကို လိုလားကြသည်။ ငြိမ်းချမ်းရေးကို မြတ်နိုးကြသည်။

တူညီသောအခြေခံဖြင့် ဖွဲ့စည်းနိုင်ရေးသည်သာ ပဓာနကျသည်။ တိုးတက်သောအခြေခံဖြင့် ညီညွတ်နိုင်ရေးသည်သာ ပဓာနကျသည်။ သည်သို့ သုံးပါတီကျောင်းသားတို့ မြင်လာသည်။ ထို့ကြောင့်လည်း ဘောင်ကို လျှော့ချ၍ တိုးချဲ့စည်းရုံးသည်။ အလုပ်သမားလူတန်းစားအသိရှိမှသာ လက်တွဲမည်ဟူသော အဆင့်မှသည်၊ ဒီမိုကရေစီ မြတ်နိုးသူတိုင်းနှင့် လက်တွဲမည်ဟူသော အဆင့်သို့ လျှော့လိုက်သည်။ သည်တွင် ကျောင်းသား ညီညွတ်ရေးတပ်ဦးသည် အောင်မြင်၍လာတော့သည်။ တနေ့ထက် တနေ့လည်း သိသိသာသာ ကျယ်ပြန့်၍ လာတော့သည်။

သည်နှစ်သည် တိုက်ပွဲနှစ်။

သည်နှစ်မှာ ကျတော့လည်း သုံးပါတီ ကျောင်းသားတို့သည် နေရာတကာတွင် ရန်သူ၏မြားဦး၌ ကြာရှည်စွာ မနေမိကြဖို့လိုသည်ဟု မြင်လာသည်။ ရန်သူသည် သည်နှစ် မြားဦး၌ရှိသူများကို မုချ ပစ်၍ချတော့မည်။ ရန်သူ့ လက်ချက်ဖြင့် မထိပါးရစိမ့်သောငှာ သုံးပါတီကျောင်းသားခေါင်းဆောင်တို့သည် တတ်နိုင်သမျှ နောက်ပိုင်းမှာနေသင့်သည်ဟုလည်း မြင်လာသည်။ သမဂ္ဂမှာ၊ တပ်ဦး အမှုဆောင်အဖွဲ့မှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသည့် နေရာများကို ယူရေးထက် နိုင်ငံရေးလမ်းစဉ်အောင်မြင်နိုင်ရေးက ပို၍ ပဓာနကျသည်ဟုလည်း မြင်လာသည်။

တပ်ဦး အမှုဆောင်အဖွဲ့သည်လည်းကောင်း၊ သမဂ္ဂသည်လည်းကောင်း၊ သုံးပါတီ ကျောင်းသား ပူးတွဲကာလပ်စည်း၏ ဆုံးဖြတ်ချက်တို့ကိုသာ ဆုံးဖြတ်ဆောင်ရွက်ပေးနေမည်ဆိုလျှင် နေရာသည်ဘာလုပ်တော့မည်နည်း။

ထို့ကြောင့်လည်း တပ်ဦး အမှုဆောင်အဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် ပါတီဝင်မဟုတ်သော ကျောင်းသားတယောက်ကို တင်သည်။ အတွင်းရေးမှူးသည် အစည်းအဝေးများ၌ အခမ်းအနားမှူး ဖြစ်ရမည်။ အခမ်းအနားမှူးသည် အစီအစဉ်ကို ရေးဆွဲတင်ပြရမည်။ သည်တော့ အခမ်းအနားမှူး လုပ်ရမည့် အတွင်းရေးမှူး နေရာကိုတော့ ပါတီဝင်ကျောင်းသားတယောက်က ယူလိုက်သည်။ အခမ်းအနားမှူးသည် ပါတီဝင်မဟုတ်သော ဥက္ကဋ္ဌသို့ အစည်းအဝေးအစီအစဉ်ကို တင်ပြမည်။ စင်စစ် ဤအစီအစဉ်သည် ပူးတွဲကာလပ်အစည်းက ပေးလိုက်သည့် အစီအစဉ်သာ ဖြစ်သည်။ သို့သော် သူတယောက်ထဲ ရေးဆွဲလာသည့်သဘောဖြင့် တင်ပြမည်။

သည်အတွင်းရေးမှူးနေရာကိုမူ မန္တလေးတက္ကသိုလ်၌ အစဉ်အလာအားဖြင့် ခေါင်းဆောင်မှု ရနေသော ဗမာပြည် ကွန်မြူနစ်ပါတီမှ ကျောင်းသားခေါင်းဆောင် တည်ကြည်အား ယူစေသည်။

စင်စစ် တည်ကြည်သည် သဘောတရားရေးအဆင့် သိပ်မနိမ့်။ ပါတီ၏ လျှို့ဝှက် သင်တန်းများသို့လည်း တက်ရောက်ခဲ့ဘူးပြီ။ သို့သော်လက်တွေ့စည်းရုံးရာ၌မူ တည်ကြည်၏ အပြောအဆိုကြောင့်လော၊ အမူအရာကြောင့်လော မသိ။ ညံ့ဖျင်းသည် ဆိုရမည်။ တည်ကြည် စည်းရုံးသိမ်းသွင်းလာသည့် ကေဒါဟူ၍ တယောက်မျှ မရှိခဲ့ဘူးသည်ကလည်း သက်သေခံနေသည်။

သို့သော် တည်ကြည်သည် ရဲရင့်သည်။ ဖြတ်သားသည်။ ယိမ်းယိုင်တွေဝေမှု မရှိ။ ပူးတွဲ ကာလပ်စည်းအစည်းအဝေးဆိုလျှင် တည်ကြည်သည်

အစဉ်မပျက်မကွက်တက်လာလေ့ရှိသည်။ အခက်အခဲတစုံတရာရှိသည်၊ ရန်သူက ခြေရာခံလိုက်နေသည်ဟု ဆိုသည့်တိုင် အချိန်သာ နောက်ကျကောင်း နောက်ကျမည်။ ရောက်၍တော့ လာတတ်သည်။

အမှန်စင်စစ် ဗမာပြည်ကွန်မြူနစ်ပါတီမှ ကျောင်းသားခေါင်းဆောင်များထဲတွင် တည်ကြည်သည် အမှတ်(၁) မဟုတ်။ အမှတ်(၂)မျှသာ ဖြစ်ဘိသည်။

တည်ကြည်ကို တပ်ဦးအမှုဆောင်အဖွဲ့မှာ အတွင်းရေးမှူးအဖြစ် လျာထား၍ အဆိုပြုတော့၊ အဆိုပြုသူက ထွန်းနောင်။ ကန့်ကွက်သူများက ဗမာပြည်ကွန်မြူနစ်ပါတီမှ ရဲဘော်များ။ အမှတ်(၁)ကို ကျော်၍၊ အမှတ်(၂)ကို အဆိုပြုသည့်အတွက် သူတို့အဖို့ ရုတ်တရက် နားမလည်နိုင်ကြ။ ပြီးတော့ သူတို့တည်ကြည်၏အကြောင်းကို သူတို့ သိကြသည်။ တည်ကြည်သည် စကားပြော တရားဟော မတတ်။ သဘောတရား ပြည့်တန်သ၍ ပြည့်ပေမည့်၊ အမှုအရာက ပရိသတ် ဆန့်ကျင်သည်။ ရင်ကော့၍ ပြောတတ်သည့် အကျင့်၊ နှုတ်ခမ်းကိုစေ့၍ ခပ်မာမာပြောတတ်သည့်အကျင့်တို့သည် စင်စစ် စည်းရုံးရေးသမားကောင်းတို့၏ လက္ခဏာ မဟုတ်ဟု သူတို့ယူဆသည်။

မှန်သည်။ သို့သော် ရန်ကုန်တက္ကသိုလ်မှ တာဝန်နှင့်လာခဲ့ရသူ ထွန်းနောင်ကတော့ သည်နှစ် ကြုံတွေ့ရမည့် တိုက်ပွဲ၏ အတိမ်အနက်ကို သိထားသည်။ ရန်ကုန်မှာတုန်းက ထွန်းနောင်၏ ပါတီကလည်း အထပ်ထပ်မှာလိုက်သည်။ ရန်ကုန်တက္ကသိုလ် သုံးပါတီ ကလပ်စည်း အစည်းအဝေးကလည်း အသေအချာ သတိပေးလိုက်သည်။

ထို့ကြောင့် ထွန်းနောင်ကတော့ အမှတ်(၂) တည်ကြည်ကို အမှတ်(၁) ဉာဏ်မြင့်ထက် ပိုသဘောကျသည်။ ပို၍ ရဲရင့်ပြတ်သားသည်၊ ပို၍ ခံနိုင်ရည်ရှိလိမ့်မည်ဟု ယူဆယုံကြည်သည်။

'ကျုပ်တို့ပါတီထဲကို ဝင်မစွက်ဖက်ပါနဲ့ ရဲဘော် ထွန်းနောင်၊ ကျုပ်တို့ဖာသာ ကျုပ်တို့ ကြိုက်တဲ့လူကို ရွေးပေးမှာပေါ့ ကျုပ်တို့ ပါတီက သည်နေရာအတွက် ကိုယ်စားလှယ် တယောက်ပေးရင် ပြီးတာဘဲမဟုတ်လား' ဟု သူတို့လူငယ်ကလပ်စည်းခေါင်းဆောင်က ကန့်ကွက်သည်။ သူတို့က သူတို့အထဲကို





ဝင်ခွဲသည်ဟုလည်း သံသယ ရှိကြပုံ ရသည်။

သို့သော် ထိုပြဿနာ ဆုံးဖြတ်ချက်မကျမီမှာပင် သူတို့ထံသို့လည်း သူတို့သက်ဆိုင်ရာမှ ညွှန်ကြားချက်ရောက်လိမ့်မည် ထင်သည်။ ခေါင်းဆောင်က တညတော့ ထွန်းနောင်၏အိမ်သို့ ရောက်လာသည်။ သူ့ စကားကို သူပြန်ရုတ်သိမ်းသည်။ သူ့အမှားကို သူဝန်ခံသည်။ သည်နှစ် ကြုံရမည့် တိုက်ပွဲမှာ အမှတ်(၁)ကို ရှေ့တန်းတင်၍ မသင့်ကြောင်း ပြန်ပြောသည်။ အမှတ်(၂) တည်ကြည်ကိုပင် အတွင်းရေးမှူးအဖြစ် သဘောတူကြောင်း အကြောင်းပြန်သည်။

ထွန်းနောင် တွက်သည်က အခြားအချက်တချက်လည်း ရှိသေးသည်။ ဉာဏ်မြင့်သည် ကျောင်းသားပင်ဖြစ်ပေမည့် အိမ်ထောင်နှင့်ဖြစ်သည်။ သဘောတရားရေးအဆင့်အနေနှင့်မူ တည်ကြည်နှင့် သိပ်ပြီးတော့ မကွာလှ။ စည်းရုံးရေး အရည်အချင်းမှာ ကျတော့ တည်ကြည်ထက် သာသည်။ အသက်အားဖြင့်လည်း တည်ကြည့်ထက် ကြီးသည်။ အတန်းအားဖြင့်လည်း ဝိဇ္ဇာပထမနှစ်ဆိုတော့ တည်ကြည့်ထက် တတန်းကြီးသည်။ သည်တော့ ခေါင်းဆောင်မှု ရစတမ်းဆိုလျှင် တည်ကြည့်ထက် ရနိုင်သည်။

သို့သော် ဉာဏ်မြင့်၏အကျင့်ကို ထွန်းနောင်မကြိုက်သည်တို့က ရှိနေသည်။ ဉာဏ်မြင့်သည် အထူးသဖြင့် အမျိုးသမီးများနှင့် ဆက်ဆံရာ၌ မျက်နှာပိုးမသေ။ အမြဲတမ်း ပြုံးဖြဲဖြဲနှင့် ပုံမမှန်ချင် ရှိတတ်သည်။ ပြီးတော့ သူ့မှာက သူများနှင့်မတူ။ အိမ်ထောင်နှင့်ဖြစ်သည်။ သားနှင့်သမီးနှင့် ဖြစ်သည်။ မိန်းမကဈေးချိုထဲမှာ ဆိုင်ထွက်သည်။ ဓာခြင်ထောင်ချုပ်၍ ရောင်းသည်။ ဝင်ငွေကောင်းသည်။ သူက သူ့မိန်းမ၏အထောက်အပံ့ဖြင့် ကျောင်းနေသည်။

သူ့ဘဝက လွတ်တော့လွတ်လပ်သည်။ သူများတကာနှင့် စာလျှင် သူ့မှာက မိဘအုပ်ထိန်းမှုမရှိတော့။ ပြန်ကြည့်စရာဆို၍ မယားတမျက်နှာပဲရှိသည်။

သို့သော် သည်မယား တမျက်နှာက သူတကာ ကြည့်ရမည့် နှစ်မျက်နှာသုံးမျက်နှာများထက် ပို၍ မလွတ်လပ်ဖွယ်ရာ ရှိသည်ဟု ထွန်းနောင် တွေးမိ

သည်။ ထို့ကြောင့် ထွန်းနောင်အနေနှင့် ဉာဏ်မြင့်ကို အတွင်းရေးမှူး နေရာ၌ မထားချင်။

စင်စစ် ထွန်းနောင်တို့ ပါတီကျောင်းသားထဲ၌လည်း သည်နေရာမှာ ထားသင့်သည်သူသည်မရှိ။ ခရိုင်ကျောင်းသားကလပ်စည်းကို ကိုင်နေသည့် အောင်ထွေးကျပြန်တော့လည်း အဖက်ဖက်က ပြည့်သည့်တိုင်၊ တက္ကသိုလ်သို့ မရောက်သေးသည်က ခက်နေသည်။ အောင်သူကျပြန်တော့လည်း နုသေးသည်။ ပါတီသို့ ယခု နှစ်ဆန်းစကမှ လျှောက်လွှာတင်ထားဆဲ ဖြစ်သည်။ ထွန်းဝေ နှပ်ကျတော့လည်း တမျိုး။ ထွန်းဝေက ကျန်းမာရေးလည်း သိပ်မကောင်း။ လမ်းလျှောက်ပုံကအစ ကန့်ကလျ။ ပြီးတော့ လူပုံလည်းမှာ ထပြီး စကားပြောမှာကိုကြောက်တတ်သည်။ နောက်တယောက် သောင်းဖေကို စဉ်းစားကြည့်မည်ဆိုတော့ လည်း အားမရ။ သောင်းဖေသည် မရေရာ မသေချာ။ အရေးအကြောင်းဆိုလျှင် သောင်းဖေကို ရှာတရက် ရှာ၍ မရတတ်။ ဘယ်ချောင်ထဲ ဝင်အိပ်ပျော်နေသည် မသိ။ ဝေဖန်လိုက်ပြီဆိုလျှင်လည်း ဆင်ခြေဆင်လက်က များသေးသည်။ စကားကြော ရှည်ချင်သည်။

တယောက်မှ ဖြစ်နိုင်အံ့ မထင်။

ပြီးတော့ ခရိုင်ကျောင်းသား သမဂ္ဂမှာက အောင်ထွေးသည် ဥက္ကဋ္ဌ။ အောင်ထွေး သို့မဟုတ် အလုပ်သမားညီညွတ်ရေးပါတီက ခရိုင်မှာ ဥက္ကဋ္ဌနေရာကို ယူထားသည်ဆိုတော့ လည်း တက္ကသိုလ်၌ အခြားညီအကိုပါတီမှ ရဲဘော်ကို နေရာပေးရလိမ့်မည်။ တာဝန်ခွဲဝေရာ၌လည်း စင်စစ် မျှတဖို့ လိုသည်။ ကိုယ့်တပါတီထဲကချည့် နေရာတကာမှာ နေရာကောင်းယူရန် မသင့်ဟု ယူဆထားကြသည်။

အလံနီပါတီ ကျောင်းသားထဲမှ ပြေးကြည့် ပြန်တော့လည်း တက္ကသိုလ်မှာ တင်မောင်ဝင်း တယောက်တည်း ရှိသည်။ ကျန်အသိုင်းအဝန်းက ပါတီဝင် မဖြစ်ကြသေး။ လိုလားသူအဆင့်မျှသာ ရှိနေကြသေးသည်။ ခရိုင်မှာ ကျပြန်တော့လည်း အတွင်းရေးမှူး နေရာကို အလံနီပါတီကျောင်းသား အုန်းမောင်က နေရာယူထားသည်။





သည်တော့ တည်ကြည်မှတပါးလည်း အခြားရွေးချယ်စရာလူမရှိ။

သို့သော် ရန်သူမြားဦးမှာ ဒုတိယတန်း ခေါင်းဆောင်ကိုသာ တင်သည် ဟူသော သဘောထားကိုတော့ လျှို့ဝှက်၍ ထားသည်။ တည်ကြည်ကိုလည်း အသိမပေးခဲ့။

တပ်ဦးအမှုဆောင်အဖွဲ့မှာ ဥက္ကဋ္ဌနေရာကိုတော့ မည်သည့်ပါတီဝင်မှ မဟုတ်သော ကိုကျော်သက်ကို ရွေးကြသည်။ ကိုကျော်သက်သည် နောက်ဆုံးနှစ် ဝိဇ္ဇာတန်း ကျောင်းသားလည်း ဖြစ်သည်။ အသက်အားဖြင့်လည်း နှစ်ဆယ့်ခြောက်နှစ်ခန့် ရှိပြီ။ ပေါင်းသင်း ဆက်ဆံရေးလည်း ကောင်းသည်။ တက်လည်း တက်ကြွသည်။ အရေးကြီးဆုံးကတော့ ကိုကျော်သက်သည် သုံးပါတီကျောင်းသား ပူးတွဲကလပ်စည်းရှိသည်။ သည်ပူးတွဲ ကလပ်စည်းက ကြိုးကိုင်နေသည်ဆိုသည်တို့ကို သိနေသည်။ သိ၍လည်း ဆန့်ကျင်သည့် အရိပ်အရောင်ကို မပြဘဲ၊ ထောက်ခံသည့် သဘောသာ ရှိသည်။ ထို့ကြောင့် ကိုကျော်သက်သည်လည်း နောင်အခါ ပါတီဝင် ကျောင်းသားတယောက် ဖြစ်လာရန် အလားအလာ ရှိသည်ဟု တွက်ကြသည်။

သုံးပါတီ ကျောင်းသား ကလပ်စည်း တည်ရှိကြိုးကိုင် နေခြင်းကို မသိသူ တယောက်အဖို့ ဆိုလျှင် သည်နှစ်ကြုံရမည့် တိုက်ပွဲမှာက မသေချာ မရေရာ။ သိသည်နှင့် တပြိုင်နက် အာဏာပိုင်တို့၏အလိုကျ ပြန်လည်ဆန့်ကျင်လာနိုင်သည်။ ရှိချင် ရှိပေစေ၊ ကျွန်တော်ကြိုက်သည်၊ ထိုပူးတွဲကလပ်စည်း၏ မူဝါဒကို ကျွန်တော် ထောက်ခံသည်ဟု ဆိုဝံ့သူအဖို့မှု အကြောင်းမဟုတ်။ အာဏာပိုင်တို့က တနေ့ လက်ညှိုးထိုး၍ ပြလာသည့်တိုင် သည်လူအဖို့က ဘာမှ ပူစရာမရှိ၊ ပြောင်းစရာမရှိ။

ကိုကျော်သက်ကမူ သိပြီးဖြစ်နေသည်။ အတိအကျ မသိသည်သာ ရှိမည်။ ဘယ်သူက ဘယ်ပါတီ၊ ဘယ်သူတို့ကတော့ ဘယ်ပါတီ အဖွဲ့အစည်းက ဆိုသည်ကို ရိပ်မိ၍နေပြီ။ ပြီးတော့ သုံးပါတီကျောင်းသား ပူးတွဲကလပ်စည်း အစည်းအဝေးများ ကျင်းပသည့်နေရာကိုသာ ကိုကျော်သက် မသိချင်ရှိမည်။ ဘယ်အချိန်မှာ ကျင်းပစည်းဝေးနေသည် ဆိုသည်ကိုတော့

ကိုကျော်သက် ရိပ်မိသည်။ မရိပ်မိချင် မသိချင်၍လည်း မဖြစ်။ ပျောက်လျှင် အုပ်လိုက် ပျောက်သွားသည်။ ပြန်ပေါ်လာလျှင် အုပ်လိုက် ပြန်ပေါ်လာတတ်သည်။ အထူးသဖြင့် တပ်ဦးအမှုဆောင် အစည်းအဝေးများ ကျင်းပတော့မည်ဆိုလျှင် ထိုသုံးပါတီကျောင်းသားခေါင်းဆောင်အုပ်ကို အစည်းအဝေးက စောင့်နေရ တတ်မြဲ ဖြစ်သည်။ ဘယ်နေရာမှာ ဘယ်သို့ တွေ့ဆုံ၍ ဘယ်မျှအကျိတ်အနယ် ညှိနှိုင်းဆွေးနွေး နေရသည် မသိ။ ပြီးတော့ အစည်းအဝေးထဲသို့ ဝင်လာလျှင် အုပ်လိုက်ဝင်လာသည်။ သူတို့သည် ပင်ပန်းနေကြပုံ ရသည်။ ထမင်းမစားရသေးသူတို့က အစည်းအဝေးမှာ ခွင့်တိုင်၍ ပြန်ထွက်သည်။ သဘောကတော့ သူတို့ သုံးပါတီ ပူးတွဲ ကလပ်စည်းမှာ ဆုံးဖြတ်ချက် ကျခဲ့ပြီ။ ကျခဲ့သည့်ဆုံးဖြတ်ချက်ကို သည်တပ်ဦး အလုပ်အမှုဆောင် အစည်းအဝေးမှာ သူတို့အထဲမှ တယောက်ယောက်က တာဝန်ယူ၍ တင်လိုက်ရုံမျှနှင့်လည်း ပြီးသည်ပင်။ အများရှိနေဘို့ မလိုတော့။ ပြီးတော့ သူတို့သုံးပါတီကျောင်းသားတို့သည် အချင်းချင်းထဲမှာသာ ကွဲချင်ကွဲကြမည်။ တပါတီနှင့်တပါတီ တွက်ချင် တွက်နေမည်။ အများ မျက်မှောက်၊ တပ်ဦးအမှုဆောင်အဖွဲ့ မျက်မှောက်မှာကျတော့ မကွဲ။ တယောက်နှင့် တယောက်၊ တဖွဲ့နှင့်တဖွဲ့ မတိုက်ခိုက်၊ သည်နှယ် ညီညွတ်လေ့ ရှိကြသည်။ သည်အခြေအနေများကို ကိုကျော်သက်ကလည်း ရိပ်မိသည်။ မြင်သည်။ နားလည်သည်။

ထို့ကြောင့်လည်း ကိုကျော်သက်သည် မှတ်ထားသည်။ ပါတီဝင် ကျောင်းသားဟု ယူဆရသူ တယောက်ယောက်နှင့်လည်း ဘယ်တော့မှ ယှဉ်၍ မငြင်းခုန်။ တဖက်က ပါတီဝင်ကျောင်းသားဖြစ်နေလျှင် သူ့ သက်ဆိုင်ရာ ခေါင်းဆောင်က ထလိုက်မြဲ ဖြစ်သည်။ သူ့လူကို သူပြန်ထိုင်စေ၍ အချက်အလက်များဖြင့် ပြန်လည် ချေပသည်။ သည်တွင် အခြားပါတီများမှ ခေါင်းဆောင်များကလည်း တယောက်ပြီး တယောက် ဆက်တိုက်ထ၍ ဆွေးနွေးသည်။ အခြားပြင်ပပုဂ္ဂလိက ကျောင်းသူကျောင်းသားတို့အဖို့ ဆွေးနွေးချိန်ပင် မရနိုင်အောင် ဝင်ကြသည်။ ကြာတော့လည်း အများက အယူအဆ တသဘောထဲ ရှိနေသည့်အသွင်ကိုဆောင်သွားသည်။ ထ၍





ဆန့်ကျင်ကန့်ကွက်မည့်သူသည် သူတယောက်ထဲက ကန့်ကွက်ချင်နေခြင်း ဖြစ်မည်ဟု သူ့ဖာသာသူ ထင်လာသည်။ သူ့အယူအဆကို သူ့မှာက ကြိုတင်ညှိနှိုင်းထားခဲ့သည် မဟုတ်။ သူ့ကို ဘယ်သူက ထောက်ခံမည် မထောက်ခံမည်ဆိုသည်ကို သူမသိ။ သည်တော့ သူ့စကားကို ဖွင့်၍ တင်မပြရဲတော့။ အများနှင့် တယောက် ဆိုသည့် သဘောမျိုး မဖြစ်ချင်။

ကိုကျော်သက်သည် စင်စစ် အရုပ်တရုပ်သာ ဖြစ်သည်ဆိုသည်ကို သိလာသည်။ သုံးပါတီကျောင်းသားတို့ ကြိုးဆွဲရာ ကနေရသည်ဆိုသည်ကိုလည်း နားလည်၍ လာသည်။ သို့သော် သူသည် ကျောင်းသားထု မျက်မှောက်မှာတော့ ဥက္ကဋ္ဌကြီး ဖြစ်နေသည်။ ထိုသုံးပါတီကျောင်းသားတို့ ကိုယ်တိုင်ကလည်း သူ့ကို ဥက္ကဋ္ဌကြီးဟု ရိုရိုသေသေ ခေါ်ကြသည်။ နေရာလည်း ပေးကြသည်။ သည်တော့ ကိုကျော်သက်သည် သုံးပါတီ ကျောင်းသားတို့၏ အလိုသို့ လိုက်ရမည် ဆိုသည်ကို ယုံကြည်၍လာသည်။ သည်ကနေ့ သူသည် သုံးပါတီ ကျောင်းသားတို့နှင့် ဆန့်ကျင်ကြည့်၊ နက်ဖြန်တွင် သူ့ ဥက္ကဋ္ဌဘဝမှ တနည်းမဟုတ် တနည်းဖြင့် လွင့်ရပေလိမ့်မည်။ သာမန်လွင့်ရရုံမျှနှင့်မူ အကြောင်းမဟုတ်။ သူ့ကို သိက္ခာပါချ၍ လွင့်စေမည် ဆိုလျှင်တော့ ကိုကျော်သက် ကြောက်သည်။ ကိုကျော်သက်သည် ခေါင်းဆောင်ကြီးဖြစ်ချင်သည်။ တော်လှန်ရေးမှာတုန်းက သက်စွန့်ဆံဖျား ပါဝင်မတိုက်ခိုက်လိုက်ရဘဲနှင့် သည်ကနေ့ဖဆပလအစိုးရမှာ ခေါင်းဆောင်ဖြစ်နေနိုင်သည်တို့ကိုကြည့်လျှင်၊ သူသည်လည်း တနေ့နေ့မှာနာမည်နှင့် အချောင်ခေါင်းဆောင် ဖြစ်မလာနိုင်ဟု ဘယ်သူ ပြောမည်နည်း။

ကိုကျော်သက်သည် စင်စစ် ဘယ်ပါတီဝင်မှ မဟုတ်။ သည်နှယ် ဘယ်ပါတီဝင်မှ မဟုတ်သည်ကိုလည်း ကိုကျော်သက် သဘောကျမိသည်။ အကယ်၍ သူသည်လည်း တပါတီတီမှ ပါတီဝင် ကျောင်းသားတယောက်သာ ဖြစ်နေမည်ဆိုလျှင် သည်နှယ် ဥက္ကဋ္ဌကြီး ဖြစ်လာမည် မဟုတ်။

ပြီးတော့ ကိုကျော်သက်တွေးသည်က တမျိုး။ သည်ကနေ့ သည်နေရာမျိုးမှာ သက်ဆိုင်ရာ ပါတီတို့သည်လည်း သူတို့ပါတီဝင် ကျောင်းသားများကို ထားချင်ကြမည် အမှန်ပင်။ ဘာပဲပြောပြော ပါတီဝင် ကျောင်းသား

တယောက်ကို ချုပ်ကိုင် ကြိုးဆွဲရသည်က သူ့နှယ် ပါတီဝင်မဟုတ်သူကို ချုပ်ကိုင်ကြိုးဆွဲရသည်ထက်တော့ လွယ်ကူ ချောမွေ့မည် အမှန်ပင်။ သို့စဉ်လျက် အဘယ့်ကြောင့် သူ့ကို နေရာပေးထားကြသနည်း။ ကိုကျော်သက် အဖြေရှာကြည့်သည်။ သည် ဥက္ကဋ္ဌ နေရာမှာ ပါတီဝင် ကျောင်းသား တယောက်ယောက်ကသာ နေရာယူထားမည်ဆိုလျှင် ကျောင်းသားထုက ကြိုက်ချင်မှ ကြိုက်မည်။ ကြိုက်သော် ကိစ္စမရှိ။ မကြိုက်ခဲ့သည်ရှိသော် ပါတီတို့အနေနှင့် နောက်အဆုတ်ရ ခက်ချိမ့်မည်။သည်အချိန် သည်အခါမျိုးမှာ ပါတီတို့အနေနှင့် နောက်ဆုတ်၍ မဖြစ်နိုင်။ သည်တော့ ခြေလှမ်းမကျော်ဘဲ တဆင့်ပြီးတဆင့် စည်းစနစ်ကျကျ လှမ်းရပေလိမ့်မည်။ ပါတီတို့သည် ဆန္ဒမစောဘဲ၊ ကြားလူကို သဘောကြီးစွာ နေရာပေးရပေလိမ့်မည်။ ပြီးတော့ တဖက်ရန်သူက တောတွင်းသူလျှိုများ၊ သူပုန်များအဖြစ် လက်ညှိုးထိုး မုတ်စော်လာမည် ဆိုလျှင်လည်း၊ ဥက္ကဋ္ဌဖြစ်သူ သူ့ကို ပြန်ပြ၍ ငြင်းနိုင်ပေလိမ့်မည်။ သည်အကြောင်းတို့ကြောင့် သူ ဥက္ကဋ္ဌ ဖြစ်လာရသည်ဟု ကိုကျော်သက် တွေးထင်သည်။

နောက်တကြောင်းကိုလည်း ကိုကျော်သက် တွေးမိ၏။ ထိုသုံးပါတီကျောင်းသားတို့အထဲတွင် ကိုကျော်သက်ကို အချဉ်းကပ်ဆုံးကတော့ တင်မောင်ဝင်း ဖြစ်သည်။ တင်မောင်ဝင်း၏ စကားများအရ သူတို့ သုံးပါတီကျောင်းသားများအထဲတွင်လည်း ရံဖန်ရံခါ မညီညွတ်မှုများရှိနေသည်။ ဉာဏ်မြင့်သည် မနှစ်က ဒီဇင်ဘာလ (၂၀) ရက်၊ ကျောင်းသားနေ့ ရံပုံငွေအတွက် မေမြို့သို့တက်၍ အလှူခံရာတွင် အတူ ပါသွားသည့် တပ်ဦးအမျိုးသမီး ခင်ဌေးဝင်းကို ရိသဲ့သဲ့ လုပ်သည်ဟု ပြောဖူးသည်။ ခင်ဌေးဝင်းက မခံနိုင်၍ ထွန်းနောင်တို့ တင်မောင်ဝင်းတို့ကို တိုင်သည်။ အထူးသဖြင့် ဉာဏ်မြင့်သည် မိန်းမရှိသည်။ သို့စဉ်လျက် သည်သို့ လာပြောသည့် အတွက် ခင်ဌေးဝင်းက ပို၍မခံနိုင်။ သည်ပြဿနာကို တင်မောင်ဝင်းက မနည်းဝင်၍ တောင်းပန်လိုက်ရသည်။ သူ ဝင်၍ ဖြေရှင်းပေးလိုက်သည့်အတွက်သာ ပြဿနာက ကြီးမလာခြင်း ဖြစ်သည် စသည်ဖြင့် ပြန်ပြောပြသည်ကိုလည်းကိုကျော်သက်ကြားလိုက်ရဖူးသည်။





သည်တော့ ကိုကျော်သက်တွေးမိသည်။ သူတို့အချင်းချင်းထဲမှာလည်း တယောက်နှင့် တယောက် မသင့်မြတ်ကြ။ ကွယ်ရာတွင် တယောက်၏ သိက္ခာကို တယောက်က လိုက်ချသည်။ ရည်ရွယ်ချက်တူ၊ ယုံကြည်ချက်တူ ရဲဘော် အချင်းချင်းဖြစ်ပါလျက် အဘယ့်ကြောင့် သည်သို့ တဖက်မှာ ပြောရလေသနည်း။ အမှန်က ကိုယ့်ရဲဘော် တယောက်က မှားမိခဲ့သည် ဆိုဦးတော့၊ ကိုယ်ကလိုက်၍ ဖုံးရဖိရမည် မဟုတ်လော။ ဖုံးသင့် ဖိသင့်သည် မဟုတ်လော။ ရဲဘော်စိတ်ဆိုသည် ရှိရမည် မဟုတ်လော။

ကိုကျော်သက် သိသည်။ တင်မောင်ဝင်းသည် အလံနီပါတီကျောင်းသား။ ခရိုင်မှာ လူငယ့်တပ်ဦးအဖွဲ့ နောက်ခံရှိသည်။ ထိုလူငယ့် တပ်ဦးမှာလည်း တင်မောင်ဝင်းသည် ခေါင်းဆောင် တယောက် ဖြစ်သည်။ ဉာဏ်မြင့်ကတော့ ဗမာပြည် ကွန်မြူနစ်ပါတီ။ သူတို့သည် ပါတီချင်း မတူကြ။ ပါတီချင်း မတူကြသည့်အတွက်လည်း ကွဲကြသည်။ တယောက်နှင့် တယောက် တိုက်ကြသည်။ ပွင့်ပွင့်လင်းလင်း မတိုက် မခိုက်ကြသည့်တိုင် ကွယ်ရာ ကွယ်ရာမှာတော့ တီးတိုးဝါဒဖြန့်၍ သိက္ခာချကြသည်။

သည်အခြေအနေကို ကိုကျော်သက် သိသည်။ သိသဖြင့်လည်း ကိုကျော်သက်သည် တမျိုးတွေးပြန်၏။ ပါတီတို့အချင်းချင်း ညှိ၍မရ။ သည်နေရာကို ဘယ် ပါတီက ယူမည်ဟု ဆုံးဖြတ်၍မရ။ နောက်ဆုံး ဘယ်ပါတီကမှ မယူဘဲ၊ ကြားလူ တယောက်ယောက်ကိုသာ ပေးမည်ဟု ဆုံးဖြတ်ချက် ချလိုက်ဟန်တူသည်။ ထို့ကြောင့်လည်း ကျောင်းသား ညီညွတ်ရေး တပ်ဦးမှာ သူ ဥက္ကဋ္ဌ ဖြစ်လာရသည်ဟု ယူဆသည်။

အမှန်တော့ သည်နေရာမျိုးဆိုသည်မှာ ပါတီဝင်ကျောင်းသား ခေါင်းဆောင် တယောက်ယောက်နှင့်သာ ထိုက်တန်သည် အမှန်ပင်။ ဉာဏ်မြင့်တို့ တင်မောင်ဝင်းတို့ကိုတော့ ကျောင်းသားထုက သိကြပြီးဖြစ်သည်။ ကြိုက်သင့်သရွေ့လည်း ကြိုက်ကြသည်။ သူတို့သာ ဥက္ကဋ္ဌလုပ်ကြမည် ဆိုလျှင်လည်း မည်သူကမှတော့ ကြီးကြီးကျယ်ကျယ် ကန့်ကွက်နေကြမည် မထင်။ ထားပါတော့။ သူတို့နှစ်ယောက်သည် ပါတီဝင်ကျောင်းသားအဖြစ် တပ်ဦးအဖွဲ့ဝင် အတော်များများက သိနေ၍။ မသိသေးသည့် ထွန်းနောင်

တယောက် ရှိသေးသည်။

ထွန်းနောင်သည် သည်နှစ်ကျမှလည်း သည် မန္တလေးတက္ကသိုလ်သို့ ရောက်လာသည်။ ဝိဇ္ဇာ ဒုတိယ နှစ်သို့လည်း ရောက်နေပြီ။ လှုပ်ရှားမှုထဲ တွင်လည်း တက်တက်ကြွကြွပါနေသည်။ ထွန်းနောင်သည် စကားလည်း နည်းသည်။ ပြောသင့်၍ ပြောလာပြီဆိုလျှင်လည်း ဖြည်းဖြည်း လေးလေးနှင့် ခပ်အေးအေးပြောသည်။ သူပြောသမျှတို့သည် များသောအားဖြင့် အမိုပါခဲ သည်။ သူ့အမူအရာကိုသာ ကြည့်၍ ဆုံးဖြတ်ရမည်ဆိုလျှင် သူစကားပြောနေ သည်ဟုမထင်ရ။ နိုင်ငံရေးတရားဟောသကဲ့သို့ လက်သီး လက်မောင်း တန်းခြင်းမျိုးလည်း မရှိ။ သို့သော် အသံသာ မကြားရလျှင် နိုင်ငံရေးပြဿနာ တရပ်ကို တင်ပြနေသော သူ့ပုံပန်းသည် အဆိုတော်တယောက် သီချင်းဆိုနေ သကဲ့သို့သာ ထင်ရသည်။ သည်မျှ နူးညံ့ သိမ်မွေ့သည်။

သည်ထွန်းနောင်ကို များသောအားဖြင့် ဘယ်က ဘယ်သူလဲဆိုသည် မသိကြ။ လူသစ်ဖြစ်နေသဖြင့်လည်း ထွန်းနောင်၏ နောက်ခံ နိုင်ငံရေး အကြောင်းကို မရိပ်မိကြ။ ထွန်းနောင် သည် မန္တလေးသို့ ပြောင်းလာရတော့၊ သူ့သက်ဆိုင်ရာ ဗမာပြည် အလုပ်သမားညီညွတ်ရေးပါတီက သူ့ကို အဆင့် တိုး၍ အသိအမှတ်ပြုလိုက်သည်။ သာမန် ပါတီဝင်တယောက်အဖြစ်မှ မန္တလေးခရိုင် အလုပ်သမားညီညွတ်ရေးပါတီ၏ ခရိုင်ပါတီ ကော်မီတီဝင် ဖြစ်လာသည်။ ခရိုင်လူထုက လူတန်းစား လှုပ်ရှားမှုများမှာပင်လျှင် သူ့အခန်း သည် ပါဝင်၍လာသည်။

သို့သော် ထွန်းနောင်သည် သေဝပ်သည်။ ပိရိသည်။ သိမ်မွေ့သည်။ ပြီးတော့ ထွန်းနောင်မှာက ငါခေါင်းဆောင် ဟူသော မာနမျိုး မရှိ။ ငါဝိဇ္ဇာ နောက်ဆုံးနှစ် ကျောင်းသား ဟူသော ဘဝင်မြင့်မှုမျိုး မရှိ။

အကယ်၍ ထွန်းနောင်သည်သာ အရွယ်နှင့် မလိုက်သော ဆေးပြင်း လိပ်ကြီးကို မသောက်ခဲ့လျှင်၊ အကယ်၍ ထွန်းနောင်သည်သာ သူတို့ပါတီမှ ထွန်းဝေတို့ ထွန်းလွင်ကဲ့သို့ ရုပ်ရည်ကလေး အသင့်အတင့် ပြေပြစ်ခဲ့မည် ဆိုလျှင်၊ အကယ်၍ ထွန်းနောင်သည်သာ မျက်မှန်မတပ်ခဲ့ရလျှင် ထွန်းနောင်သည် အမျိုးသမီးကျောင်းသူထု တရပ်လုံး၏ တညီတညွတ်တည်း





သောထောက်ခံမှုကို ရနိုင်လိမ့်မည်ဟု ကိုကျော်သက် တွေးမိသည်။ ထွန်းနောင်သာ စင်ပေါ်သို့တက်၍ ခုပြောနေကျအတိုင်း ပြောပါ။ ဘယ် အမျိုးသမီးကမှ မကြိုက်ဘဲ ရှိလိမ့်မည်မဟုတ်။ သို့သော် ခက်သည်က ထွန်းနောင်သည် အရုပ်ဆိုးသည်။ အကြည့်တန်သည်။ သူ့တိုက်ပုံအင်္ကျီသည် အစဉ်ကျေမွနေတတ်သည်။ သူ့ကိုယ်သည် အစဉ်ချွေးနံ့ထွက်၍နေတတ် သည်။ သူ့ဆံပင်သည် အစဉ်မဖီးဘဲ ရှိတတ်သည်။ ဝက်ခြံပုန်းတို့ဖြင့် ပြည့်၍ အစဉ် ဆီပြန်နေတတ်သော သူ့မျက်နှာသည် ကြည်ကြည်လင်လင် ရွှင်ရွှင် ပြုံးပြုံးသာ မရှိလျှင် ခဏပန်း ကြည့်မိသူတို့ အဖို့တော့ ရွံမုန်းကြပေမည်။

ပသို့ဆိုစေ၊ ဤသည်က ကျောင်းသားခေါင်းဆောင် လုပ်ရာမှာ ပြဿနာ မဟုတ်။ လုပ်သင့်လျှင် လုပ်ရမည်သာဖြစ်သည်။ ထို့ကြောင့် ထွန်းနောင်ကို ဥက္ကဋ္ဌ အလုပ်မိုင်းလျှင်လည်း ဖြစ်နိုင်သည်။ အဘယ့်ကြောင့် ထွန်းနောင်ကို တာဝန်မပေးကြသနည်း။

ညာဏ်မြင့်နှင့် တင်မောင်ဝင်းတို့က ဒုတိယ ဥက္ကဋ္ဌများအဖြစ် တာဝန်ယူ ကြသည်။ အောင်သူနှင့် ဘယ်ပါတီဝင်မှ မဟုတ်သော ချစ်ဦးတို့က တွဲဘက် အတွင်းရေးမှူးများ ဖြစ်ကြသည်။ အကုန်ခြုံ၍ ကြည့်မည်ဆိုလျှင်တော့ တပ်ဦး အမှုဆောင်အဖွဲ့သည် ပါတီဝင်နှင့် ပါတီဝင်မဟုတ်သူတို့ ညီမျှ၍နေသည်။

အမျိုးသမီးထဲမှ ပါလာသည့် မကြည်အေး၊ ခင်မြင့်ခိုင်၊ လှိုင်နှင့် ဆွေဆွေ မြင့်တို့ အထဲမှာတော့ ပါတီဝင်ကျောင်းသူဆို၍ မကြည်အေးတယောက်သာ ပါသည်။ မကြည်အေးသည် အဆောင်မှာနေသည်။ ထိုစဉ်ကလည်း မန္တလေး တက္ကသိုလ်မှာ မိန်းမဆောင်က တဆောင်ထဲရှိသည်။ သည်တော့ အဆောင် သဟာယနှင့် စာဖတ်အသင်း၏ အတွင်းရေးမှူး မကြည်အေးသည် အမျိုး သမီးကျောင်းသူအများစုကို စည်းရုံးနိုင်စွမ်းရှိသည်။ မကြည်အေးသည် လှလည်း လှသည်။ မကြည်အေး၏ အဖေသည် ဖဆပလအစိုးရ၏ ပါလီမန် အတွင်းဝန်လည်းဖြစ်သည်။ ထို့ကြောင့် မကြည်အေးသည် ကျော်ကြားသင့် သည်ထက်ပင် ပို၍ကျော်ကြားသည်။ ချီးမွမ်းသင့်သည်ထက် ပို၍ ချီးမွမ်းခံ ရသည်။

မကြည်အေး အဘယ့်ကြောင့် သည်အထဲသို့ သည်မျှအထိ ပါဝင်လာ

သည်ကို အစကတော့ ထွန်းနောင်လည်း မသိ။ မကြည်အေးသည် ရန်ကုန်မိသားစုထဲမှ လာသည့်အတွက် ထွန်းနောင်ကတော့ စိတ်မချ။ သို့သော် မကြည်အေးကို ပါတီဝင်အဆင့်အထိ လက်ခံသတ်မှတ်ထားသည်က ဗမာပြည်ကွန်မြူနစ်ပါတီ။ ကိုယ့်ပါတီမဟုတ်။ ထို့ကြောင့် ပြောပိုင်ခွင့် မရှိ။ အကယ်၍ ထွန်းနောင်သာ စည်းရုံးလက်ခံရမည်ဆိုလျှင်တော့ သည်မျှအထိ အသိအမှတ် မပြုချင်။ ကျောင်းသူသည် ကျောင်းသူသာဖြစ်သည်။ သံယောဇဉ်သည် သံယောဇဉ်ဖြစ်သည်။ မကြည်အေးကို ကြည့်နေချင်သေးသည်။ မကြည်အေးသည် တာဝန်ကို မည်မျှကျေပွန်သနည်း။ လျှို့ဝှက်ချက်များကို မည်မျှ လုံလုံ ခြုံခြုံ စောင့်စည်းသနည်း။ ဤသည်တို့ကို နှစ်နှင့် ချီ၍ ကြည့်ရမည်။ ဗမာပြည် ကွန်မြူနစ်ပါတီသည် သည်မျှ တာဝန်ပေး၍ ကြည့်ခဲ့ပါ၏လော။

သို့သော် ရယ်ဖို့လည်းကောင်း၏။ ဗမာပြည်ကွန်မြူနစ်ပါတီဝင်လည်း ဖြစ်၍ မန္တလေးနှင့် အထက်ပိုင်းဗမာပြည် လူငယ်ကျောင်းသားစည်းရုံးရေး အတွက် ဗဟိုမှတာဝန်ပေးစေလွှတ်ထားခြင်းခံခဲ့ရသော ကိုမြင့်အောင်သည် မကြည်အေးနှင့် ကြိုက်နေသည်။ သူတို့ ဘယ်သို့ တွေ့ကြ၍ ဘယ်သို့ ပြေလည်ကြသည်တော့ မသိ။ ထွန်းနောင်သိသည့်အချိန်မှာ သူတို့ သမီးရည်းစားဖြစ်၍ နေကြပြီ။ ကိုမြင့်အောင်ကတော့ သူပိုင်သည်ပြောပေလိမ့်မည်။ ပိုင်လည်း အမှန်ပိုင်စေချင်ပါ၏။ မပိုင်လျှင် တနေ့ မှာ ဒုက္ခတွေ့ကုန်ကြရမည်။

ထွန်းနောင် ဘာမျှမပြောတော့။ သို့သော် ထွန်းနောင်ကတော့ အလိမ္မာနှင့် မကြည်အေး၏ အခန်းကိုဖြင်းခဲ့သည်။ ပါတီဝင်ကျောင်းသားတို့သည် မည်သည် သုံးပါတီကျောင်းသား ပူးတွဲကလပ်စည်း အစည်းအဝေးများသို့ တက်ပိုင်ခွင့်ရှိသည်။ လိုအပ်လျှင် တပါတီမှ ကိုယ်စားလှယ် နှစ်ယောက်ကျ တက်ခဲ့ကြမြဲလည်းဖြစ်သည်။ သို့သော် မကြည်အေးကတော့ အမျိုးသမီး လည်းဖြစ်သည်။ အဆောင်မှာလည်း ကြုံရာနေရာမှာ လုပ်ရသည်။ အစည်း အဝေးဆိုသည်များကလည်း ကြုံရာနေရာမှာ လုပ်ရသည်။ အချိန်လည်း ကန့်သတ်၍ မရတတ်သည့် သဘောရှိသည်။ ထို့ကြောင့် မကြည်အေးကိုတော့ သည်ပူးတွဲကျောင်းသားကလပ်စည်း အစည်းအဝေးများသို့ မတက်ပါစေနှင့်၊ မကြည်အေး၏ သိက္ခာကို ငဲ့၍ပြောရခြင်းလည်းဖြစ်သည် စသည်စသည်ဖြင့်





ထွန်းနောင် အလိမ္မာဖက်၍ ဖြင်းခဲ့သည်။

အမှန်တော့ မကြည်အေးကို ထွန်းနောင် စိတ်မချ။ အမျိုးသမီးကို စည်းရုံးရာ၌ ဖက်၍ အိပ်၍ စည်းရုံးခြင်းသည်သာအကောင်းဆုံးဖြစ်သည်။ အခြားအခြား သောနည်းများဖြင့် စည်းရုံး ခြင်းသည် မနိုင်မာနိုင်။ ကြာရှည် မတည်မြဲနိုင်ဟု ဆရာကြီးသခင်စိုးပြောဖူးသည်ဆိုသည့်စကားကို ထွန်းနောင် တဆင့်မှတ်သားရဖူးသည်။ ဟုတ်ပင် ဟုတ်နေလေသလောမသိ။ ပသို့ ဆိုစေ၊ မကြည်အေးသည် ကျောင်းပိတ်လျှင် အိမ်ပြန်မည်။ အိမ်မှာ သူ့မိဘနှင့်တွေ့ မည်။ သူ့ မိဘထံသို့ တခွန်းစ နှစ်ခွန်းစနှင့် စကားမရောက်ဟု ဘယ်သူ အာမခံနိုင်ပါမည်နည်း။

ပြီးတော့ သည်မျှလှ၍ သည်မျှနုနယ်သည့် အမျိုးသမီးတယောက်။ အသက်အရွယ်ကလည်း ငယ်သေးသည်။ အတွေ့အကြုံကလည်း နုသေး သည်။ အတွေးအခေါ်ကလည်း တိမ်သေးသည်။ သည်အမျိုးသမီးသည် ဘာလုတန်းစားအသိမှလည်း ရှိသေးသည်မဟုတ်။ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးဆိုသည်ကို မပြောနှင့် ဒီမိုကရေစီ ပညာရေးဆိုသည်ကိုပင်လျှင် အပြည့်အစုံ နားမှလည်ပါသေး၏လော။

ယခု ကျောင်းသား ညီညွတ်ရေးတပ်ဦးသည် ကျောင်းသား ညီညွတ်ရေး ကိုတည်ဆောက်နေကြသည်။ ဒီမိုကရေစီပညာရေးစနစ်အတွက် တိုက်ပွဲ ဝင်နေကြသည်။ နိုင်ငံသည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို ဆင်နွှဲလျက် ရှိသည်။ တပ်ဦးသည် ကျောင်းသားထုကို ဦးဆောင်၍ ထိုတော်လှန်ရေးကို အထောက်အကူပြုရမည်။ ပါတီဝင်ဆိုလျှင် သည်မျှမှ အနည်းဆုံး နားလည် သိထားရပေမည်။ ခဏပန်း ထင်ပေါ်ကျော်ကြားရေး၊ တက္ကသိုလ်မှာ နေသမိုက် လူသိများရေး စသည်တို့အတွက်သာ ဆိုလျှင်တော့ သည်ပါတီဝင် မျိုးနှင့် သည်တော်လှန်ရေးသည် ရေစုန်မျှောဖို့ပဲရှိသည်။

မကြည်အေးကို ကြည့်ရသည်မှာ တက်ကြွသည်ကား မှန်သည်။ ပြောရဲ ဆိုရဲ ရှိသည်လည်းမှန်သည်။ သို့သော် မကြည်အေးသည် မကြည်အေးက တဆင့် မစည်းရုံးနိုင်။ မကြည်အေးသည် မျက်နှာချို၍ လူသိများသည်၊ နှုတ်ချို၍ လူချစ်များသည်၊ လက်ချို၍ လူခင်များသည်မှတပါး အခြား

အရည်အချင်းဟူ၍ မည်မည်ရရ မရှိ။ မကြည်အေးသည် အလှပြင်တတ်သည်။ လှသည်ဟု စိတ်မပါပဲ ချီးမွမ်းသည်ကို သာယာသည်။ ဝတ်နိုင်သည့်ဘဝ၊ သုံးနိုင်သည့်ဘဝကို ဂုဏ်ယူသည်။

အမှန်ကိုဆိုရလျှင် မကြည်အေးသည် လိုသေးသည်။ အထူးသဖြင့် ကွန်မြူနစ်တယောက် ဖြစ်ဖို့ လိုသေးသည်။ လျူရှောက်ချီ၏ "ကွန်မြူနစ်ကောင်းတယောက် ဖြစ်မြောက်ရေး"ကို ဖတ်ထားသူတယောက်အနေနှင့် စဉ်းစားဆုံးဖြတ်ရလျှင် သာ၍ပင် လိုသေးသည်။

သို့သော် ရှိစေတော့။ ကိုယ့်ပါတီက မဟုတ်၍ ကိုယ်နှင့်မပတ်သက်ဟု ဆိုမည်ဆိုလျှင် ဆိုနိုင်သည်။

ယေဘုယျအားဖြင့် မှတ်ချက်ချရမည်ဆိုလျှင်တော့ ဖွဲ့စည်းနိုင်လိုက်သည့် ကျောင်းသားညီညွတ်ရေးတပ်ဦး အမှုဆောင်အဖွဲ့ကို ထွန်းနှောင်ကျေနပ်သည်။ သုံးပါတီကျောင်းသား ပူးတွဲကလပ်စည်း၏ ကြိုးကိုင်မှုကို ဦးလည်မသုန် လိုက်နာ ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်သည်။

မှန်သည်။ မန္တလေး တက္ကသိုလ်ကျောင်းသား တပ်ဦးသည် သုံးပါတီ၏ နိုင်ငံရေးဦးဆောင်မှုကို အလေးအနက်ခံယူ၍ စည်းရုံးလှုပ်ရှားနိုင်ခဲ့သည်။

တိုက်ပွဲကား စလေပြီ။

တပ်ဦး ဖွဲ့စည်းပြီးသည်နှင့် မကြာမြင့်မီမှာပင် တိုက်ပွဲကား စလေပြီ။

တနှစ်ကစ၍ တက္ကသိုလ်များတွင် တိုးတက်သော ကျောင်းသားအင်အားစုဟူ၍ အဖွဲ့ တဖွဲ့ပေါ်လာသည်။ ပေါ်လာသည် ဆိုသည်နှင့် တပြိုင်နက်မှာလည်း မြွေမြွေချင်းတော့ ခြေမြင်သည်။ သည်အုပ်စုသည် ဘာအုပ်စုဆိုသည်ကို ရန်သူသည် သိသည်။

၁၉၄၈ ခုနှစ်က ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂနှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂတို့သည် ဖဆပလ အစိုးရကို ဖော်လှန်ပုံကန်အုံသောဒဏ် တောခိုခဲ့ကြသည်။ အချို့ ကျောင်းသားခေါင်းဆောင်များသည်လည်း နှစ်ရှည်ဖမ်းဆီးချုပ်နှောင်ခြင်း ခံရသည်။ သည်တွင် မြေပေါ်၌ တရားဝင်ကျောင်းသားအဖွဲ့အစည်းဟူ၍ မရှိတော့။





ပွဲအလန့်တွင် ဖျာခင်းသည့် သဘော။ ဖဆပလ ဆိုရှယ်လစ်ပါတီကျောင်းသားတို့သည် ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်ကျောင်းသား သမဂ္ဂများ၏ အာဏာကို သိမ်းပိုက် လိုက်ကြသည်။ပြိုင်ဘက်မဲ့ အောင်ပွဲခံကြသည်။

ထို့နောက် ၁၉၅၀ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီသည် နှစ်ခြမ်းကွဲခဲ့သည်။ ဦးကျော်ငြိမ်း ဦးဘဆွေကတဖက်၊ သခင်လွင် သခင်လှကြွေကတဖက်။ ဆိုရှယ်လစ်ပါတီ နှစ်ခြမ်းကွဲသည်ဆိုတော့လည်း ဆိုရှယ်လစ်ပါတီကျောင်းသားခေါင်းဆောင်များပါ နှစ်ခြမ်း ကွဲကြသည်။ အတိုက်အခံအဖြစ် ခွဲထွက်လာကြသော ကျောင်းသားခေါင်းဆောင်တို့သည် ဗမာပြည် ကွန်မြူနစ်ပါတီနှင့် အလံနီကွန်မြူနစ်ပါတီမှ ကျောင်းသားခေါင်းဆောင်များနှင့် ပေါင်းကြသည်။သုံးပါတီ ကျောင်းသား ညီညွတ်ရေးကို တည်ဆောက် လာကြသည်။ ရလဒ်ကား တိုးတက်သော ကျောင်းသားအင်အားစု။

သည်တော့လည်း သူ့အကြောင်းကိုယ်သိ။ ကိုယ့်အကြောင်းသူသိ။ မသိချင်၍လည်း မဖြစ်ပြီ။ သိပြီဆိုတော့လည်း ဆိုရှယ်လစ်ပါတီ ကျောင်းသားတို့သည် စကတည်းက ဖြိုခွင်းဖို့ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ သူတို့က သူတို့ပါတီ ခေါင်းဆောင်များသို့ တင်ပြသည်။ သူတို့ ပါတီသည် အာဏာရပါတီ။ သူတို့ပါတီသည် နိုင်ငံအစိုးရ။ သည်တော့ တက္ကသိုလ်မှာ ဥပဒေထုတ်လိုက်သည်။ မလိုလားအပ်သော ကျောင်းသား ဆိုသည်ကို သတ်မှတ်၍ လာသည်။ အမှန်တော့ တိုးတက်သောကျောင်းသားအင်အားစုဆိုသည့် ကျောင်းသားများကို ကျောင်းထုတ်ပစ်ချင်သည်။ ကျောင်းထုတ်ပစ်နိုင်ရေးအတွက် ကြိုးပမ်းလိုက်ခြင်းသာ ဖြစ်သည်။ သို့သော် စည်းကမ်းအရ ကျောင်းသားတယောက်သည် ကျောင်းချိန် ခုနှစ်ဆယ့်ငါးရာခိုင်နှုန်း ကျောင်းတက်ရမည်။ ကျောင်းတက်ချိန် ခုနှစ်ဆယ့်ငါးရာခိုင်နှုန်း မပြည့်သည့် ကျောင်းသားသည် မလိုလားအပ်သော ကျောင်းသားဖြစ်သည်ဟု ဆိုသည်။

အစိုးရက တိုးတက်သောကျောင်းသား ဆိုသူများသည် ကျောင်းသားအစစ်များ မဟုတ်။ ကျောင်းဆောင်မှာနေ၍ ကျောင်းသား အရေခြုံထားသော နိုင်ငံရေး သမားများ ဖြစ်သည်။ သောင်းကျန်းသူ ကိုယ်စားလှယ်များဖြစ်သည်ဟု ထင်သည်။ ထို့ကြောင့်လည်း သည်စည်းကမ်းကို ထုတ်လိုက်

ရုံမျှနှင့် ထိုတိုးတက်သော ကျောင်းသားများကို ကျောင်းထုတ် ပစ်နိုင်လိမ့်မည်ဟု ယူဆပုံရသည်။

သို့သော် အထင်နှင့် အမြင်လွဲသည်က သည်စည်းကမ်းကို တိုးတက်သော ကျောင်းသားများက မဆန့်ကျင်။ ကျောင်းစည်းကမ်းအရ ကျောင်းသားပီပီ သသာ နေပြလိုက်ကြသည်။

အမှန်တော့ တိုးတက်သော ကျောင်းသားဆိုသည့် ကွန်မြူနစ်ကျောင်းသားတို့သည် များသောအားဖြင့် ပညာ ထူးချွန်သူများဖြစ်ကြသည်။ ပင်ကိုယ် ဉာဏ်ကောင်းသူများလည်း ဖြစ်ကြသည်။ သူတို့သည် တက္ကသိုလ်ပညာကို အထင်မကြီးကြ။ အထင်တကြီးရှိကြမည်ဆိုလျှင်လည်း၊ အထင်တကြီး သင်ကြမည် ဆိုလျှင်လည်း သူတို့သာ ရှေ့ဆုံးမှ အမှတ်အများဆုံးနှင့် အောင်ကြမည် ဖြစ်သည်။

တိုးတက်သော ကျောင်းသားတို့သည် စင်စစ် ကျောင်းနှစ်ကျောင်း၊ သင်တန်း နှစ်ခုကို တပြိုင်တည်း တက်နေကြသူများဖြစ်သည်။ တက္ကသိုလ်တွင် နေ့မှာ ပညာသင်ကြ၍ ညဘက် ညဘက်များတွင် သက်ဆိုင်ရာ ပါတီသင်တန်းများကို လျှို့ဝှက်စွာ တက်ကြသည်။ ထိုသို့ သင်တန်းနှစ်ခု ပြိုင်တက်လျက်နှင့်ပင် အောင်ရမည်ဟု သတ်မှတ်သော နှစ်များ၌ မလွဲမသွေ အောင်ကြသည်။

ထို့ကြောင့်လည်း သည် မလိုလားအပ်သော ဆိုသည့်စည်းကမ်းသည် ချတ်ရာတခြား၊ ပြတ်ရာတလွဲ ဖြစ်ခဲ့ရတော့သည်။

အကြံကုန်ပြီ။ ဖိနှိပ်ထားသည့် ကြားထဲက တိုးတက်သော ကျောင်းသားအင်အားစု၏ စည်းရုံးရေးသည် အောင်မြင်၍ လာသည်။ သမဂ္ဂ ရွေးကောက်ပွဲများမှာ ဝင်ရောက် ယှဉ်ပြိုင်သော အခြေအနေကို ကြည့်ရုံမျှနှင့် တိုးတက်သော ကျောင်းသားတို့၏ အားသည် တနေ့တခြား ကြီးထွားလာနေသည် ဆိုသည်ကို ငြင်းမရ။ သည်နှစ်မှာတော့ သူတို့ ရှုံးဘို့က များလာပြီ။ တိုးတက်သော ကျောင်းသားအင်အားစု ဆိုသည့် ကျောင်းသားတို့သည် တောတွင်း သောင်းကျန်းသူတို့၏ ကိုယ်စားလှယ်များ ဖြစ်သည်ဟု ကျောင်းသားထု အတွင်းသို့ အတုပ်ဖြေ၍ ပြသော်လည်း၊ ကျောင်းသားထုက လက်မခံ။ ကျောင်းသားညီညွတ်ရေး တပ်ဦးသည် ပေါ်လာပြီ။ တပ်ဦးသည်





သောင်းကျန်းသူများ မဟုတ်ကြောင်း အမျှား နားလည် နေကြပြီ။ ဟုတ်သည်ပဲ ထားဦး။ သောင်းကျန်းသူဆိုသည်ကို မမြင်ဘူးသည့် ကျောင်းသားထုသည် သူတို့သိသော အင်္ဂလိပ်ဖတ်စာအုပ်ထဲမှ ရော်ဘင်ဟု များအဖြစ် စိတ်ဝင်စားကြသည်။

ကျောင်းသားထုသည် ဖဆပလ အစိုးရကို စိုးစဉ်းမျှ မကြိုက်။ ယခုရှိနေသည့် ကျောင်းသား ညီညွတ်ရေးတပ်ဦးသည် ဘာပဲဖြစ်ဖြစ် ကျောင်းသားထု၏ အကျိုးကို ဆောင်ရွက်မည်ဟု ယုံကြည်သည်။ သူတို့ မကြိုက်နှစ်သက်သည့် ဖဆပလ အစိုးရကို တိုက်ခိုက်မည်ဟု နားလည်သည်။ သည်တော့လှိုက်လှိုက်လှဲလှဲ ထောက်ခံအားပေးသည်။

သည်အခြေအနေတွင် မိခင် ဖဆပလ အစိုးရသည်လည်း လက်ပိုက်ကြည့်မနေနိုင်တော့။ သူတို့၏သား ဆိုရှယ်လစ်ကျောင်းသားများ ဖြစ်သည့် သန့်ရှင်းသော ကျောင်းသားအုပ်စုကို အာဏာဖြင့် ပြောင်ပြောင်တင်းတင်းပင် ဝင်ရောက်ကူညီရတော့မည်။ အစပိုင်းကမူ နောက်ပိုင်းမှသာ ကူညီသည်။ ငွေအင်အား ပစ္စည်းအင်အားဖြင့်သာ ကူညီသည်။ သည်နှစ်တော့ ရှုံးရမည်မှာ သေချာသည်မို့ ဆောင်းထားသည့် မင်းသားခေါင်းကို ချွတ်ရပေတော့မည်။

ဤသည်ကိုလည်း နှစ်စကတည်းက သုံးပါတီကျောင်းသားတို့ သိကြသည်။ နိုင်ငံရေးကို ကျွမ်းကျင်၍၊ နိုင်ငံရေးအကွက်ကို ကြိုတွက်ကာ သိသည်တော့ မဟုတ်။ ဖဆပလ ဆိုရှယ်လစ်ကျောင်းသားများ ကိုယ်တိုင်က နှုတ်မလုံနိုင်ကြခြင်း ဖြစ်သည်။

လူချင်း တွေ့ဆုံမိသည့်အခါ ရင်းနှီးစွာပင် ပြောကြဆိုကြဆွေးနွေးတတ်ကြသည်။ တိုးတက်သော ကျောင်းသားဆိုသူတို့သည် များသောအားဖြင့် မသုံးစွဲနိုင်ကြ။ အိမ်မှ ပို့သည့်ငွေကိုပင်လျှင်လည်း ရံဖန်ရံခါ စည်းရုံးရေး လှုံ့ဆော်ဖြန့်ချိရေးတို့အတွက် ထည့်သုံးလိုက်ကြ ရသဖြင့် ဆင်းရဲချို့တဲ့သည်။ ရံဖန်ရံခါ စားစရာပင် မရှိကြ။ သမဂ္ဂ လက်ဖက်ရည်ဆိုင်သည် အကြွေးတော့ ပေးပါ၏။ သို့သော်တင်ထားသည့် ကြွေးတို့ကလည်း မနည်းပြီ။ ထိုအခါ သမဂ္ဂ လက်ဖက်ရည်ဆိုင်မှာ ဆိုရှယ်လစ်ကျောင်းသား ခေါင်းဆောင်တို့နှင့် တွေ့ရပြီဆိုလျှင်၊ ဆိုရှယ်လစ် ကျောင်းသားခေါင်းဆောင်များကို ညှဉ်းကြမြဲ။

ကျေးနိုင်းမွေးနိုင်းမြဲ။ ဆိုရှယ်လစ် ကျောင်းသားများကမူ ငွေစက္ကူ အသစ်အုပ်ကလေးများကို ဖြုတ်၍ ဖြုတ်၍ သုံးကြမြဲ။

'ကျေးတဲ့ အတွက်တော့ ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်၊ ဒါပေမယ့် ရွေးကောက်ပွဲမှာတော့ နေရာတနေရာမှကို မပေးနိုင်ဘူးဗျနော် '

သည်သို့ စလိုက်ပြီ ဆိုသည်နှင့်တပြိုင်နက် တဖက်ကလည်း ပြန်လည်ချေပသည်။

'ကြည့်ကြသေးတာပေါ့လေ၊ ကိုယ်တို့က မနိုင်လို့ ဘယ်ရမလဲ၊ မနိုင်နိုင်တဲ့နည်းနဲ့ လုပ်မှာပေါ့၊ အာဏာက ကိုယ်တို့လက်ထဲမှာပဲ ဥစ္စာ '

အချင်းချင်းထဲမှာတော့ သူတို့လည်း သူတို့ကိုယ်ကို ဖုံးမရ။ ဖုံးလည်းမဖုံး။ သူဘယ်သူ၊ ကိုယ်ဘယ်သူ ဆိုသည်ကလည်း မသိဘဲ နေကြသည် မဟုတ်။ သူ ဘာလုပ်သည်၊ ကိုယ် ဘာလုပ်သည် ဆိုသည်ကလည်း သိ၍နေကြသည်။

ယခုလည်း သည်သို့ပင် သူတို့နှုတ်မှ အစထွက်လာသည်။

သည်တော့ သည်နှစ်ပြဿနာသည် အရေးကြီးသည်။ ကိုယ့်ဘက်က အနိုင်ရရန် သေချာ၍ ဝမ်းသာရသည်က တဖက်။ သည်နှယ် ရန်သူ၏ အခြေအနေနှင့် အစီအစဉ်ကို သိရ၍ ကြိုတင် မြင်ဆင်ရသည်က တဖက်။ ဝမ်းလည်းသာရသည်။ ဝမ်းလည်းမသာနိုင်။

ရန်သူသည် ဘယ်ဘက်က ပေါ်၍လာမည်နည်း။

ထွန်းနောင်သည် ကျောင်းသားညီညွတ်ရေး တပ်ဦးအမှုဆောင်အဖွဲ့ကို အားရသည်။ သည်သို့ စိတ်ကြိုက် ဖွဲ့စည်းနိုင်လိုက်သည့်အတွက် အောင်မြင်သည်ဟုလည်း ယူဆသည်။ သက်ဆိုင်ရာ ပါတီဌာနချုပ်နှင့် သက်ဆိုင်ရာ ပါတီစိတ်သို့လည်း ဝင့်ကြွားစွာ အစီရင်ခံလိုက်သည်။

လာပါပြီ။

တိုက်ပွဲ စပါပြီ။

အောက်တိုဘာ၊ ဝါကျွတ်ကျောင်းတလပိတ်နေကျကို ဆယ့်ငါးရက်ပဲ ပိတ်မည်ဟု အာဏာပိုင်တို့က ကြေညာပါလေပြီ။ တလ၊ အရက်သုံးဆယ်





နေ့အထိ ကျောင်းပိတ်ခြင်းသည် များသည်။ စာသင်ရက် နည်းစေသည်။ အစိုးရသည် ကျောင်းသူကျောင်းသားများကို ပို၍ပို၍ တတ်မြောက်စေလိုသည်။ စေတနာအပြည့်ထား၍ သင်ကြားပေးလိုသည်။ ထို့ကြောင့် ဝါကျွတ်ကျောင်းပိတ်ရက်ကို အစဉ်အလာအရ မပိတ်တော့မူ၍ ဆယ့်ငါးရက်အထိ လျှော့ချပစ်ရခြင်းဖြစ်သည်။ သည်သို့ အကြောင်းပြလာသည်။

သုံးပါတီကျောင်းသားတို့ ခေါင်းချင်းရိုက်ကြလေပြီ။

သိသည်။ ကွန်ထောင်ပြီ ဆိုသည်ကို သိသည်။ သည်ကွန်ကို ဝင်မတိုးမိအောင် သတိထားကြရမည် ဆိုသည်ကိုလည်း သိကြသည်။

စင်စစ် ကျောင်းတလ ပိတ်သည်ဖြစ်စေ၊ ဆယ့်ငါးရက်ပဲပိတ်သည်ဖြစ်စေ၊ အကြောင်းမဟုတ်၊ အာဏာပိုင်တို့ဘက်မှ ပြထားသောအကြောင်းတို့သည် စေတနာသဘောကို ဆောင်နေသည်။ ဤသည်ကို ဆန့်ကျင်ရမည့်ဘက်က မည်သို့ ဆန့်ကျင်မည်နည်း။ ကျောင်းကို ပိုပိတ်ပေးပါဟု ပြောရမည်။ ကျောင်းသားသည် ကျောင်းပိတ်ပေးပါဟု တောင်းဆိုရပြီဆိုကတည်းက မကောင်းနိုင်တော့ပြီ။

ဆင်ထားသည့်အကွက်ကလေးကလည်း လှပါဘိ။

မှန်သည်။ မလွှဲသာ၍ တောင်းဆိုရမည် ဆိုလျှင်လည်း ထုံးစံအတိုင်း ကျောင်းကို တလမျှ ပိတ်ပေးပါဟုပင် တောင်းဆိုရပေမည်။ သည်တောင်းဆိုချက်သည် တရားသည်၊ နည်းလမ်းကျသည်ကားမှန်သည်။ သို့သော် သည်တောင်းဆိုချက်သည် နိုင်ငံရေး၊ စီးပွားရေးတောင်းဆိုချက် မဟုတ်။ နိုင်ငံရေး စီးပွားရေးတောင်းဆိုချက်မဟုတ်သည့်အတွက် အခြေခံ မကျ။ ရေရှည်တွင် စည်းရုံးညီညွတ်မှု ပျက်နိုင်သည်။

နိုင်ငံရေးသဘောအရ ပြောရမည်ဆိုလျှင်လည်း သည်တောင်းဆိုချက်မျိုးကို အကြောင်းပြု၍ တိုက်ပွဲမဝင်ကောင်း။

ရန်သူ့ဘက်က ပြထားသည့်အကြောင်းတို့ကလည်း လူမှုရေးအရ ကောင်းနေသည်။ ငြင်းဆန်၍ မရ။ ရက်များများ ကျောင်းပိတ်ပေးပါဟု ပြောရခြင်းသည်ပင်လျှင်၊ အစဉ်အလာကို မသိသော မိဘပြည်သူများ၏

အမြင်၌ အထင်းမှားစရာ ဖြစ်နိုင်သည်။ ကျောင်းသားများသည် ပျင်းသည်၊ စာမသင်ချင် ဆိုသည့်သဘောသို့ သက်ရောက်သွားနိုင်သည်။ ထို့ကြောင့်လည်း မိဘပြည်သူ၏ ထောက်ခံမှုကို အပြည့်အဝ ရနိုင်မည်မထင်။

စင်စစ် သည်တောင်းဆိုချက်သည် လူမှုရေး တောင်းဆိုချက်ဖြစ်သည်။ လူမှုရေးဆိုသည်မှာ ရှုပ်ထွေးသည်။ သူ့ဘက်အမြင် ကိုယ့်ဘက်အမြင် ရှိကြမြဲဖြစ်သည်။ သူ့ ဘက်က ကြည့်လျှင်လည်း သူမှန်သည် ထင်ရသည်။ ကိုယ့်ဘက်က ကြည့်လျှင်လည်း ကိုယ်မှန်သည် ထင်ရသည်။ ကြားလူတယောက်သည် ဘယ်ဘက်ကို အမှန်ဟု ဆုံးဖြတ်ရ ခက်တတ်သည်။

ပြီးတော့ သည်ပြဿနာသည် အရေးကြီးလှသည့် ပြဿနာလည်း မဟုတ်။ သည်ပြဿနာသည် ယခုလည်း အရေးမကြီး၊ နောင်လည်း အရေးကြီးလိမ့်မည် မဟုတ်။ ထို့ကြောင့် သုံးပါတီကျောင်းသားတို့ အနေနှင့်တော့ သည်ပြဿနာကို မကိုင်ချင်။ နောင်ခါ တိုက်ပွဲသက် ရှည်ကြာလာသောအခါမှ အရေးမကြီးသည့် ပြဿနာဟု ကျောင်းသားထု မမြင်စေချင်၊ ယခုကတည်းက ကြိုတင်၍ မြင်ထားစေချင်သည်။ တိုက်ပွဲ တိုက်ပြီ၊ တိုက်ဓိပြီ ဆိုမှတော့ နောင်တရ၍ မဖြစ်တော့။ နောက်ဆုတ်၍ မဖြစ်တော့။ တိုက်လက်စနှင့် ဆက်၍သာ တိုက်ရပေလိမ့်မည်။တိုက်ပွဲ ခုလတ်ရောက်ကာမှ တောင်းဆိုချက်၏ အရေးမကြီးသောသဘောကို သိကာ နောက်ဆုတ်ချင်၍ ရနိုင်မည် မဟုတ်။

သည်တော့ ကျောင်းသားထုအတွင်းသို့ သည်သဘောထားကို ရှင်း၍ ပြရမည်။

အမှန်စင်စစ် ရန်သူသည် ရွေးကောက်ပွဲမတိုင်မီ ပြိုင်နေသော အင်အားကို စမ်းကြည့်သည် မဟုတ်။ သူတို့အင်အားနှင့် တပ်ဦး၏ အင်အားသည် သိသိသာသာ ကွာနေသည်၊ တပ်ဦး၏ အင်အားက သိသိသာသာ သာနေသည် ဆိုသည်ကို ရန်သူသည် မသိဘဲမနေ။ ရန်သူကို အသင်သေး၍မရ။ ဘာပဲဖြစ်ဖြစ် ရန်သူသည် နိုင်ငံကို အုပ်ချုပ်နေသော ဖဆပလ ဆိုရှယ်လစ်အစိုးရ။ နိုင်ငံခေါင်းဆောင်ဆိုသူများကိုယ်တိုင် သည်ဘက်လှည့်၍ကိုင်တွယ်လာကြပြီ ဆိုသည်က ထင်ရှား၍နေသည်။





သည်တော့ သည်ကျောင်းပိတ်ရက် လျှော့လိုက်ခြင်းသည် ပစ္စက်ဆိတ်အုံကို တုတ်နှင့် ထိုးလိုက်ခြင်း ဖြစ်သည်။ သူတို့ကို ပြန်ကိုက်လျှင် ပွတ်၍ချေလိုက်မည် ကြံသည်။

သုံးပါတီကျောင်းသားတို့သည် ခေါင်းချင်းရိုက်၍ အခက်ကြုံရသည်။ ကျောင်းသားထုနှင့်အတူရှိနေ၍၊ ကျောင်းသားထုထဲတွင်နစ်နေသော အချို့ကျောင်းသား ခေါင်းဆောင်တို့သည်ပင်လျှင် ရန်သူ၏ပိုက်ကွန်ကို မမြင်နိုင်ကြ။ ရှင်းပြသည့်တိုင် လွယ်လွယ်နှင့် လက်မခံလိုကြ။ ဘာပဲဖြစ်ဖြစ် ကျောင်းသား၏ အရေးသည် ကျောင်းသားခေါင်းဆောင်တို့၏အရေး ဖြစ်ရမည်။ ကျောင်းသားထုကသာ တောင်းဆိုရမည်ဆိုလျှင် တိုက်ပွဲဝင်၍ ပေးရမည်။ သည်သို့ နားလည်ထားကြသည်။

သုံးပါတီကျောင်းသားတို့သည် ကိုယ့်သက်ဆိုင်ရာပါတီများသို့ တဆင့်ပြန်လည် တင်ပြကြရသည်။ သည်မှာလည်း အယူအဆကွဲပြားကြပြန်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ တပါတီ ထဲကသာလျှင် ရန်သူ၏ ကွန်ကို မြင်သည်။ အမှန်ကို သုံးသပ်ဆင်ခြင်နိုင်ခဲ့သည်။ ကျန်နှစ်ပါတီဖြစ်သော အလံနီပါတီနှင့် အလုပ်သမား ညီညွတ်ရေးပါတီတို့က သည်သို့မမြင်ကြ။ ရန်သူ၏ ပရိယာယ်သည် မည်သို့ပင် ဖြစ်စေ၊ ကျောင်းသားထုကို ခေါင်းဆောင်၍ တိုက်ပွဲဝင်ရမည်။ ကျောင်းသားတပ်ဦးသည် ကျောင်းသားထု၏တောင်းဆိုချက်ကို ဖြည့်ဆွမ်းပေးရမည်၊ သည်သို့ ဖြည့်ဆွမ်းပေးရင်းဖြင့် ကျောင်းသားထု၏ အားကိုးယုံကြည်မှုကိုယူရမည်၊ ကျောင်းသားထုကို စည်းရုံးရမည်၊ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ကျောင်းသားတပ်ဦးသည် ကျောင်းသားထုနှင့်အတူ ရှိရမည် စသည်စသည်ဖြင့် ဆုံးဖြတ်ချက်ချကြသည်။

သုံးပါတီသည်လည်း အယူ အဆ နှစ်မျိုး ကွဲလာသည်။ သုံးပါတီကျောင်းသားတို့သည်လည်း ညှိ၍ မရနိုင်ကြတော့။

သို့သော် ဝမ်းသာစရာကောင်းသည်က မူလကရှိခဲ့သည့် ဂိုဏ်းဂဏစိတ်ဆိုသည်တို့သည် သည်နှယ်တိုက်ပွဲကြီးကာလတွင် ပြေလွင့်ကုန်ကြသည်။ ထွန်းနောင်သည် အလုပ်သမားညီညွတ်ရေးပါတီဝင်ပင် ဖြစ်သော်လည်း၊ ခရိုင်ကော်မီတီအဆင့်မျှအထိ ရှိသော်လည်း သူ့ပါတီနှင့် သူ သဘောမတူ။ ပါတီဝင်

တယောက်သည် ဒီမိုကရေစီဗဟိုဦးစီးမှုအရ အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရမည် မှန်သော်လည်း သည်ပြဿနာ၌ ဘဝင်မကျ။ သည်ပြဿနာကို အခြားအခြားသော ပါတီခရိုင်ကော်မီတီတို့သည် နားမလည်ဘဲနှင့် စည်းရုံးရေးဆန္ဒစောစွာ ဆုံးဖြတ်သည်ဟုပင် ထင်မိသည်။ ပြီးတော့ သည်ကာလတွင် ထွန်းနောင်တို့သည် မအား။ အချိန်ရှိသ၍ ကျောင်းမှာပင် ရှိနေဖို့ လိုအပ်သည်။ ကျောင်းမှာကလည်း တပ်ဦးအမှုဆောင်ထဲမှ ခေါင်းဆောင်များကို ရှင်းပြနေရသည်။ အစည်းအဝေးများကလည်း ထပ်နေသည်။ ပါတီခရိုင်ကော်မီတီသည် အမှန်တော့ သည် အခြေအနေတို့ကို နားလည်ဖို့ ကောင်းသည်။ ထွန်းနောင်တို့မအားနိုင်သည်ကို ခွင့်လွှတ်ဖို့ ကောင်းသည်။ နေ့စဉ် ပါတီရုံးသို့လာရောက်၍ တင်ပြအစီရင်မခံနိုင်သည်ကို သဘောပေါက်နေဖို့ကောင်းသည်။

သို့သော် အလုပ်သမားညီညွတ်ရေးပါတီထဲမှာကလည်း ပါတီနှင့် ပါတီ၏ နိုင်ငံရေးလက်အောက်ခံဖြစ်သော ပြည်သူ့ လူငယ်အဖွဲ့တို့၏ စိတ်ဝမ်းကွဲမှုသည် ရှိနေသည်။ ပါတီတွင်းမှ လူငယ်ကျောင်းသား ကာလပ်စည်းကိုလည်းကောင်း၊ လူထုအဖွဲ့အစည်းတခုအဖြစ် တနေ့တခြားဩဇာကျယ်ပြန့်လာနေသော ပြည်သူ့ လူငယ်အဖွဲ့ကိုလည်းကောင်း၊ ပါတီသည် ပါတီကို စင်ပြိုင်ထောင်နေသည်ဟု ထင်နေသည်။ ပြည်သူ့လူငယ်အဖွဲ့သည် လူငယ်ကျောင်းသားအဖွဲ့ဖြစ်သည်။ လူငယ်ကျောင်းသားတို့သည် တက်ကြွသည်။ စည်းရုံးရာ၌လည်း ခြေမြန်လက်မြန် ရှိကြသည်။ သည်တော့ ပါတီ၏ နိုင်ငံရေးလမ်းစဉ် လက်အောက်ခံအဖွဲ့အစည်းပင် မှန်သော်လည်း ကာလတိုတိုနှင့် ကြီးထွားလာသည်။ ပြည်သူ့လူငယ်ရုံးတည်ရာ၌ အစဉ် စည်ကားသိုက်မြိုက်သည်။ ပါတီရုံးသည် အများအားဖြင့် အလုပ်မရှိ။ လူမရှိ။ သည်တွင် ပါတီသည် ပြည်သူ့ လူငယ်အဖွဲ့အပေါ်၌ သဘောထားမမှန်တော့။ လူငယ်ကျောင်းသား ကာလပ်စည်းသည် လေ့ကြီးပေါ်တွင် လေ့ငယ်တင်သည်ဟု ထင်လာသည်။ ပါတီထဲ၌ နေရင်းဖြင့် ပါတီအုပ်စုတခု ဖွဲ့လာသည်ဟု ထင်လာသည်။

ထို့ကြောင့်လည်း ပါတီသည် လူငယ်ကျောင်းသားအုပ်စုအပေါ်၌ မမှန်မကန် မြင်လာသည်။ နိုင်ငံရေးလမ်းစဉ် လက်အောက်ခံဖြစ်ရမည်ဟု





ပြဋ္ဌာန်းသည့် အတိုင်းလည်း ပါတီ၏ နိုင်ငံရေးလမ်းစဉ် ဆိုသည်များကို ချမှတ်ပေးလာသည်။ တနည်းဆိုသော် ဩဇာပြချင်၍လာသည်။ မလိုက်နာမဆောင်ရွက်လျှင် ပါတီကို ဆန့်ကျင်သည်၊ ပါတီ၏ နိုင်ငံရေးဦးဆောင်မှုကို မခံယူဟု စွပ်စွဲကာ အထက်အဖွဲ့အစည်းသို့ တင်မည်။

သည်အချိန် သည်ကာလတွင် သည်အခြေအနေသည် ဗမာပြည်အလုပ်သမားညီညွတ်ရေးပါတီ၏ ယေဘုယျ အခြေအနေဖြစ်သည်။ နေရာတကာမှာ သည်ပြဿနာမျိုးဝင်နေသည်။ သည်အခက်အခဲမျိုးရှိနေသည်။

ယခု မန္တလေးတက္ကသိုလ် ကိစ္စတွင်လည်း ထွန်းနောင်တို့ တက္ကသိုလ်ကျောင်းသား ကာလပ်စည်းသည် ပါတီသို့ မချဉ်းကပ်။ ပါတီကို မလေးစား။ ပါတီ၏ နိုင်ငံရေးဦးဆောင်မှုကို မခံယူ။ သည်သို့ ထင်မြင်၍ လာသည်။

ထို့ကြောင့်လည်း ထွန်းနောင်ကိုယ်တိုင် မတက်ရောက်နိုင်သည့် ပါတီခရိုင် ကော်မီတီအစည်းအဝေးက ‘ကျောင်းသားထုနှင့် အတူရှိရမည်၊ ကျောင်းသားထုနှင့်လက်တွဲ၍ တိုက်ပွဲဝင်ရမည်၊ သာမန်လူမှုရေး တောင်းဆိုချက်မျှဖြင့်ပင်ဖြစ်စေ စစ်မျက်နှာ ဖွင့်ရမည်’ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ ထွန်းနောင် အကြီးအကျယ် မကျေလည်။

ပြီးတော့ ကွန်မြူနစ်၊ အလုပ်သမားပါတီများ၌ ကျင့်သုံးသည့်ဒီမိုကရေစီဗဟိုဦးစီးမှု၊ ဒီမိုကရေစီ ဗဟိုဦးစီးစနစ် ဆိုသည်နှင့် ပတ်သက်၍လည်း ထွန်းနောင်၌ မကျေလည်မှုများ ရှိနေသည်။ ဗမာပြည် အလုပ်သမားညီညွတ်ရေးပါတီသည် အလုပ်သမား လူတန်းစားပါတီဖြစ်သည်ဟူ၍ ပါတီခေါင်းဆောင်တို့ကတော့ ဆိုကြသည်။ ထို့ကြောင့်လည်း ပါတီတွင်း၌ ဒီမိုကရေစီ အပြည့်အဝ ရှိရမည်။ ဒီမိုကရေစီ ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်ကို ကျင့်သုံးမည်ဟူ၍ ပါတီညီလာခံ ဆုံးဖြတ်၍ထားသည်။ သို့သော် လက်တွေ့တွင်ကား ထွန်းနောင်၏ အတွေ့အကြုံများအရ ထွန်းနောင် မယုံကြည်ချင်။ မယုံကြည်နိုင်။

အလုပ်သမား ညီညွတ်ရေးပါတီခေါင်းဆောင်ပိုင်းသည် ပါတီညီလာခံ၏ ဆုံးဖြတ်ချက်တို့ကို သူတို့လိုက်နာချင်သည့် အခါများတွင်သာ လိုက်နာကျင့်သုံးသည်။ မလိုက်နာချင်သည့် အခါများတွင်မူ မလိုက်နာကြ။ ဒီမိုကရေစီ

ဗဟိုဦးစီး ချုပ်ကိုင်မှု ဆိုသည်မှာ ညီလာခံသည် အာဏာ အပိုင်ဆုံးဖြစ်သည်။ ညီလာခံမှ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကို ပါတီ ဗဟိုကော်မီတီသည် ပါတီဝင်တို့ကိုဦးဆောင်၍ အကောင်အထည် ဖော်ရမည်။ ညီလာခံမရှိသော ကြားကာလများတွင် ညီလာခံမှ ချမှတ်လိုက်သော နိုင်ငံရေးလမ်းစဉ်နှင့် လုပ်ငန်းစဉ်များအရ လှုပ်ရှား ဆောင်ရွက်နေရမည်။ ဤကာလတွင် အောက်အဆင့်တို့သည် အထက်အဆင့်ကို နာခံရမည်။ ညီလာခံကာလတွင်မူ အထက်အဆင့်သည် အောက်အဆင့်ကို နာခံရမည်။ ဤသို့အပြန်အလှန် နာခံရခြင်းသည် ဒီမိုကရေစီ ဗဟိုဦးစီးချုပ်ကိုင်မှု သဘောကို ဆောင်ခြင်း မည်သည်။

သို့သော် ပါတီ၏ နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ရံဖန်ရံခါ ညီလာခံ၏ ဆုံးဖြတ်ချက်တို့ကို မလိုက်နာ။ သူတို့သဘောနှင့်သူတို့ ပြင်ကြသည်။ ညီလာခံ၏ ဆုံးဖြတ်ချက်တို့ကို ဆန့်ကျင်၍ပင်လျှင် ညွှန်ကြားချက်များ ထုတ်လေ့ရှိကြသည်။ ဥပမာ "စပါးဈေး ငါးရာပေး" ဆိုသောကိစ္စ။

သည်သို့ ပါတီခေါင်းဆောင်ပိုင်း၏ မရိုးသားမှု၊ အောက်ခြေပါတီဝင်တို့၏ အယူအဆ သဘောထားအပေါ် မလေးစားမှုကို တွေ့ထားရတော့လည်း ထွန်းနောင် မကျေနပ်။ မကျေလည်။ ပါတီသည် အလုပ်သမား လူတန်းစားပါတီဖြစ်ပါသည်ဟု မည်မျှပင်ပြောနေစေကာမူ ပညာတတ် လူလတ်တန်းစားပါတီသာ ဖြစ်သည်ဟု ထွန်းနောင် မြင်လာသည်။ ထို့ကြောင့်လည်း ပါတီတွင်း ဒီမိုကရေစီနှင့်ပတ်သက်၍ ထွန်းနောင် သံသယ ဖြစ်လာသည်။ ဒီမိုကရေစီဗဟိုဦးစီးမှုနှင့် ပတ်သက်၍လည်း မှန်မှန်ကန်ကန် မကျင့်သုံးနိုင်၊ မကျင့်သုံးကြဟု ထွန်းနောင်မြင်လာသည်။

သည်တော့လည်း ခရိုင်ပါတီ၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာရန်မှာ ထွန်းနောင်တွင် ဝန်လေးလာခဲ့သည်။

သို့သော် ထွန်းနောင်သည် ရိုးသားသည်။ ထွန်းနောင်သည် သည် အသက်အရွယ်သို့ ရောက်လာသည်အထိ မကောင်းခြင်းကို မကောင်းခြင်းမှန်း သိလျက်နှင့် တကြိမ်တခါမျှ မပြုလုပ်ဘူးခဲ့။ ထွန်းနောင်သည် ပါတီခေါင်းဆောင်များကိုယ်တိုင် သင်ကြားပို့ချသည့် သဘောတရားရေး





သင်တန်းများသို့ မပျက် မကွက် တက်ရောက်ခဲ့ဖူးသည်။ ဖတ်ရ လေ့လာရဖူးသည့် သဘောတရားရေး စာအုပ် စာတမ်းထဲ၌လည်း ပညာတတ်လူလတ်တန်းညာဉ်သည် ကောင်းကျိုးမပြုတတ်ကြောင်း တွေ့ခဲ့ရ မှတ်ခဲ့ရဖူးသည်။ ထို့ကြောင့် ထွန်းနောင်သည် ဒီမိုကရေစီ ဗဟိုဦးစီး ချုပ်ကိုင်မှုစနစ်ကို လက်တွေ့ဆန့်ကျင်ရန်အတွက် မဝံ့ရဲ။ ဆိုရလျှင် မိုက်ရန်အတွက် သတ္တိမရှိ။ ပါတီ၏ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်ကြီးများကိုယ်တိုင်က ဗဟိုဦးစီးမှုကို ဥပေက္ခာပြုရဲကြပေမည့် ထွန်းနောင် မပြုရဲ။ သည်သို့ ဗဟိုဦးချုပ်ကိုင်မှုစနစ်ကို ဥပေက္ခာပြုခြင်းသည် တော်လှန်ရေးအတွက် အန္တရာယ် ပေးတတ်သည် ဆိုသည်ကို ထွန်းနောင်ပင်လျှင် သိသေးသည်ဆိုတော့ ခေါင်းဆောင်ကြီးများလည်း သိပေမည်။ သို့ သိလျက်နှင့် ဖောက်ဖောက်ပြန်ပြန် ကျင့်သုံးဝံ့ကြသည်ဆိုတော့လည်း ထွန်းနောင် အံ့ဩသည်။

အမှန်တော့ ထွန်းနောင် ပြန်လည်ညှိနှိုင်း ကြည့်ချင်သည်။ ခရိုင်ပါတီကော်မတီ၏ ဆုံးဖြတ်ချက်ကို တတ်နိုင်လျှင် ပြန်လည်ပြင်ဆင်ရန် ပန်ကြားကြည့်ချင်သည်။ ကျောင်းသား အရေးအခင်းနှင့် ပတ်သက်၍လည်း တတ်နိုင်သမျှ ထပ်၍ တင်ပြ ဆွေးနွေးပြချင်သည်။

ခရိုင်ပါတီကော်မီတီကသာ ထွန်းနောင်၏ သဘောထားကို ကျေလည်မည်ဆိုလျှင် သည်ပြဿနာ ပြေလည်မည်။ နောက်ပိုင်းကသာ နားလည်နေမည်ဆိုလျှင် ရှေ့တန်း၌ တိုက်ပွဲဝင်နေရသူ ထွန်းနောင်အဖို့ ပျော်မည်။ တိုက်ရင်းနှင့် ကျဆုံးရကာမှ ကျဆုံးရော့။ ကျဆုံးရကျိုးလည်း နပ်မည်။

သို့သော် သည်ဆန္ဒပိုင်းကလည်း လက်တွေ့ဖြစ်လာဘို့ မျှော်လင့်ချက်သိပ်မရှိ။ မန္တလေးခရိုင် ပါတီကော်မတီသည် အလုပ်သမား ညီညွတ်ရေးပါတီအတွင်း၌ တက်ကြွသော ပါတီခွဲ မဟုတ်။ ရေစုန်မျှောလိုက်နေသည့် ပါတီခွဲတခုသာဖြစ်သည်။ ထို့ကြောင့်လည်း မန္တလေးခရိုင် ပါတီခွဲသည် ပါတီတွင်း၌ အင်အားကြီးသည့်ဘက် အင်အားကြီးသည့်ဂိုဏ်းကို အစဉ်ချဉ်းကပ်သည်။ အင်အားကြီးသည့်ဘက်သည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သူ့ဘက်သာဖြစ်သည်။

ပါတီဗဟိုကော်မီတီသည် ဖောက်ပြန်သည့်ဘက်က လူများစု၊ မှန်ကန်

သည့်ဘက်က လူနည်းစု၊ သည်သို့ နှစ်စု ကွဲနေသည်။ ထွန်းနောင်သည် ဘယ်အုပ်စုကမှ မဟုတ်ခဲ့သော်လည်း လက်တွေ့ဆောင်ရွက်ရာ၌မူ မှန်ကန်သည့်ဘက်မှာ ရှိချင်သည်။ တနည်းဆိုသော် လူနည်းစုဘက်က ရောက်နေသည်။ ထို့ကြောင့်လည်း မန္တလေးခရိုင်ပါတီကော်မီတီနှင့် နားလည်မှုရဘို့ဆိုသည်မှာ စင်စစ် မလွယ်ကူ။ ထွန်းနောင်၏ ဘဝကိုကလည်း လူငယ်ကျောင်းသားဖြစ်နေတော့ ပိုခက်သည်။ ပါတီ၏ ဖောက်ပြန်ရေး ဂိုဏ်းသည် တော်လှန်ပြတ်သားသည့် လူငယ်ကျောင်းသားများကို ကြောက်သည်။ ရွံသည်။ မုန်းသည်။ ဖြစ်နိုင်လျှင် ပါတီထဲမှ ထုတ်ပစ်ချင်ကြသည်။

ရန်သူ၏ လက်ထဲသို့ ကျသွားလျှင်လည်း ကျသွားပစေတော့၊ ပို၍ပင် ကောင်းသေးသည်၊ နားအေးသည် ဟူ၍များ သဘောထားလေပြီလော မပြောတတ်။ သည်တိုက်ပွဲမှာ ရန်သူထောင်ထားသော ပိုက်ကွန်ကို အသေအချာ မြင်နေရပါလျက် ဆင်ကန်းတောတိုး ဝင်၍ တိုးရမည်၊ မျက်ကန်းမျိုးချစ် ဝင်၍နစ်ရမည်ဟု ခရိုင်ပါတီသည် ဆုံးဖြတ်ခဲ့လေပြီ။

မတတ်နိုင်။ ဒီမိုကရေစီ ဗဟိုဦးစီးမှုကိုပင်လျှင်လည်း မတတ်နိုင်။ ဒီမိုကရေစီ ဗဟိုဦးစီးမှု၏ ကောင်းခြင်းလက္ခဏာတို့သည် စာအုပ်ထဲမှာနှင့် သင်တန်းဆရာ၏ ပါးစပ်ထဲမှာပဲ ရှိနေသည်။ အပြင်မှာ လက်တွေ့မှာ မရှိ။ သည်တော့ ကိုယ်လည်းဖောက်ပြန်ရတော့မည်။

ဖောက်ပြန်ရေးသမားတို့၏ လက်မှာတော့ ကိုယ့်အသက်ကို ဝကွက် အပ်ထား၍ မဖြစ်ပြီ။

သို့သော် တဘက်က စဉ်းစားရပြန်သည်။ သည်သို့နှင့် သူက ဖောက်ပြန်၍ ကိုယ်က ဖောက်ပြန်သည်။ ကြာသော် ပါတီတခုလုံး ဖောက်ပြန်မည်။ ကြာသော် ကွဲအက်ရာမှ ခွဲထွက်လာကြမည်။ ပါတီ နှစ်ခြမ်းကွဲဦးမည်။ 'ညီညွတ်ရေး ညီညွတ်ရေး' ဟု ငယ်သံပါအောင် အော်ကြရင်း ဟစ်ကြရင်းဖြင့် နှစ်စိတ်က လေးစိတ်၊ လေးစိတ်က ရှစ်စိတ်၊ အစိတ်စိတ်အမွှာမွှာ ကွဲကြရသည့်နိုင်ငံရေးအစဉ်အလာကို ထွန်းနောင် သင်ခန်းစာယူချင်သည်။

သည်တော့လည်း မလုပ်ထိုက်၊ သူများဖောက်ပြန်ပေမည့် ကိုယ် မဖောက်ပြန်ထိုက်ဟု ထွန်းနောင်တွေးမိသည်။





ထွန်းနောင် ယုံကြည်သည်က ပါတီမဟုတ်။ အဖွဲ့အစည်းတခုမဟုတ်။ ပြည်သူနှင့် ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေးသာ ဖြစ်ဘိသည်။ သည်တော့ ပြည်သူ့အပေါ်မှာနှင့် တော်လှန်ရေး အပေါ်မှာ သစ္စာမဖောက်မိဖို့ကို သတိထားရမည်။

မသိ၍မှားမိသည်က အကြောင်းမဟုတ်။ ယခုတော့ သိနေပြီ။ သည်ပညာတတ် လူလတ်တန်းစားစရိုက်သည် တော်လှန်ရေးကို တနေ့ မဟုတ်တနေ့ အန္တရာယ် ပေးတော့မည်။ သည်နှယ် အန္တရာယ်ပေးရာမှာ ကိုယ်က တတပ်တအား မပါချင်။ ကိုယ့်ဘက်က သန့်စင်နေချင်သည်။ ကိုယ့်တာဝန်ကို ကိုယ်ဆောင်ရွက်ခဲ့ရာမှ တတ်နိုင်သမျှ အမဲစွန်း မထင်ရစ်ခဲ့စေချင်။

ပြည်သူသည် တနေ့တော့ မှန်ကန်သော ခေါင်းဆောင်မှုကို ရွေးချယ်ပေလိမ့်မည်။ ထိုအခါ ကိုယ့်မှာ ခေါင်းဆောင် ဖြစ်နိုင်သည် မဖြစ်နိုင်သည်အပထား၊ အမဲမှတ်ကြီးနှင့်တော့ ဖြစ်မနေချင်။

ထွန်းနောင် ဘာဆက်လုပ်ရမည် မသိတော့။

ထွန်းနောင်သည် တိုက်ပွဲထဲမှာ နစ်နေသည်လည်း အမှန်ပင်။ သို့သော် ထွန်းနောင် တွေဝေ၍ နေသည်။

အမှန်ကို ဝန်ခံရမည်ဆိုလျှင်တော့ ကျောင်းသားထုကို ရှင်း၍ ပြချင်သည်။ သည်နှယ် ကျောင်းပိတ်ရက် လျှော့လိုက်ခြင်းသည် ဘယ်သူ့အတွက် ဘာမှမဖြစ်။ ဘာမှ ကြီးကြီးကျယ်ကျယ်မထိခိုက်နိုင်။ အာဏာပိုင်တို့အနေနှင့် ပြဿနာမရှိ သက်သက်မယ့် ပြဿနာရှာသည်။ မတရားလုပ်သည်မှန်သော်လည်း ကျောင်းသားထုအရေးစိုက်ဖို့ မဟုတ်။ သည်မျှနှင့် တိုက်ပွဲဝင်ဖို့ မဟုတ်။ သည်မှာ သူတို့၏ ဩဇာကို နာခံလိုက်၍လည်း ကျောင်းသားထုမှာ မည်သည့် အဆုံးရှုံးမျှ မရှိနိုင်။ ရန်သူသည် ကျောင်းသားထု၏ ညီညွတ်ရေးကို ဖြိုခွင်းပစ်ချင်သည်။ ဤသည်ကို ကျောင်းသားထုက သိထားဖို့ လိုသည်။ ရမည့်အမြတ်ထက် ရှုံးမည့်အရှုံးကိုလည်း ကြိုတွက်ထားဖို့တော့ လိုသည်။

ရန်သူသည် သက်သက်မယ့် ကွန်ထောင်၍ ဖမ်းသည်ဆိုသည်ကလည်း ထင်ရှားသည်။ ကြည့်။ သူတို့၏ သားတပည့်များ ဖြစ်ကြသော ဖဆပလ

ဆိုရှယ်လစ် ကျောင်းသားအုပ်စုသည် ဘယ်တုန်းကမှ သူတို့ ဖဆပလ အစိုးရကို မဆန့်ကျင်ဘူးပါပဲလျက် ယနေ့ ကျောင်းသားထုနှင့်အတူ ဆန့်ကျင်၍နေသည်။ သူတို့သည် ကျောင်းသားထုအတွင်းသို့ဝင်၍ အာဏာပိုင်တို့၏ ယခုလုပ်ရပ်ကို ဆန့်ကျင်ဆန္ဒပြကြရန် စည်းရုံး လှုံ့ဆော်လျက်ရှိသည်။ ဖဆပလ အစိုးရသည် သည်သို့မဟုတ်၊ ဦးနုသည် ဘာသာရေးသမား ဖြစ်သည်ကို လူတိုင်းသိကြသည်။ သည်သီတင်းကျွတ်ကျောင်းပိတ်ရက် ဆိုသည်မှာ စင်စစ် ဘာသာရေးထုံးတမ်းစဉ်လာအရ ပိတ်ရသော ကျောင်းပိတ်ရက်ဖြစ်သည်။ထို့ကြောင့် သည်အမိန့်ကို ထုတ်သည်မှာ အစိုးရ မဟုတ်နိုင်၊ တက္ကသိုလ် အာဏာပိုင်များသာ ဖြစ်သည်၊ ထို့ကြောင့် သည်တက္ကသိုလ် အာဏာပိုင်များကို ဆန့်ကျင် ဆန္ဒပြရမည် စသည်စသည်ဖြင့် ဝါဒဖြန့် စည်းရုံးလျက်ရှိသည်။

ပြီးတော့ အစိုးရအဖွဲ့ဝင်များ ကိုယ်တိုင်ဆင်း၍ ပါလာသည်ဆိုသည်ကလည်း အင်မတန် သိသာသည်။ သူတို့ မွေးထားသည့် ကျောင်းသားခေါင်းဆောင် ဆိုသူများမှာ စင်စစ်အသုံးမကျ။ ဘာမှလည်း နားမလည်။ ဘာမှ လုပ်တတ်ကိုင်တတ်လည်း မရှိ။ ယခု သည်ကျောင်းသားခေါင်းဆောင်များ ပြောပုံ ဆိုပုံ စည်းရုံးလှုံ့ဆော်ပုံသည် ပိုင်လှသည်။သူတို့သည် သည်ပြဿနာမှာ မခံချင်ကြ။ ကျောင်းသာထုကဲ့သို့ပင် မတရားသည်ကို ငုံ့မခံချင်ကြ။ သူတို့ ခေါင်းဆောင်ရမှ မဟုတ်။ သည်ပြဿနာကို ဆန့်ကျင်တိုက်ခိုက်ရာ၌ ကျောင်းသားတပ်ဦးက ခေါင်းဆောင်မည်ဆိုလျှင်လည်း သူတို့ပါ နောက်က လိုက်လာရန် အဆင်သင့်ရှိသည်။ ကျောင်းသားတပ်ဦး၏ ခေါင်းဆောင်မှုကို သူတို့ ခံယူမည်။ သည်သို့ လိမ္မာလှပစွာ ဝင်လာသည်။

ထွန်းနောင်တို့သဘောက သည်တိုက်ပွဲကို ကွေ့ရှောင်လိုက်ချင်သည်။

ဖဆပလ ဆိုရှယ်လစ် ကျောင်းသားတို့က ကျောင်းသားတပ်ဦးကို ညွှန် ပေးသည်။ အငှားမိုက်နှင့် ဓားထိုးခံချင်သည်။

ကျောင်းသားထုကို ရှင်း၍မပြနိုင်မီ၊ သုံးပါတီကျောင်းသား ကလပ်စည်း အတွင်း၌ပင်လျှင် တခုတည်းသော သဘောအယူအဆကို ညှိနှိုင်း၍မရနိုင်မီ၊ ကျောင်းသားညီညွတ်ရေးတပ်ဦးခေါင်းဆောင်ပိုင်းအတွင်း၌ပင်လျှင် ဆုံးဖြတ်





ချက်မချနိုင်မီ၊ ဖဆပလ ဆိုရှယ်လစ်ကျောင်းသားတို့သည် ခြေသွက်လျက် ရှိလေပြီ။ ကျောင်းသားထုအတွင်းသို့ စိမ့်ဝင်၍ ဖြောက်ပေးလျက် ရှိလေပြီ။

ကျောင်းသားထု ဆိုသည်ကလည်း စင်စစ် နိုင်ငံရေးပရိယာယ်ဆိုသည်များကို သိကြသည် မဟုတ်။ နိုင်ငံရေးသမားတို့၏ ညစ်ပတ်မှု သဘောကို နားလည်ကြသေးသည်မဟုတ်။ သည်တော့ သူတို့အကြိုက်ကသာ သူတို့ကြည့်ကြသည်။

မှန်သည်။ သည်ဝါကျွတ် ကျောင်းပိတ်ရက် ဆိုသည်မှာ ဘာသာရေး ကျောင်းပိတ်ရက်နှင့် ဆက်သွယ်၍နေသည်။ မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ် စသည်တို့မှ ကျောင်းသူ ကျောင်းသားတို့သည် သည်ကျောင်းပိတ်ရက်တွင် မိဘရပ်ထံသို့ ပြန်ကြမြဲဖြစ်သည်။ ဝါကျွတ်တွင် မိဘဘိုးဘွားကို ကန်တော့ရန် ဟူသော အကြောင်းပြချက်သည် အင်မတန် ဆန့်ကျင်ရခက်သော အကြောင်းပြချက်လည်းဖြစ်သည်။ ပြီးတော့ နှစ်စဉ် ပိတ်နေကျ။ သည်နှစ်ကျကာမှ ဘာ့ကြောင့် လျှော့ချင်ပြင်ချင် ရသနည်း။ အာဏာပိုင်တို့သည် သက်သက်မယ့် ဩဇာပြလာခြင်း ဖြစ်သည်။ သက်သက်မယ့် ဖိနှိပ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဖိနှိပ်မှုမှန်သမျှကို တုံ့ပြန်မည်။ ဆန့်ကျင်မည်။ ဆန္ဒပြမည်။ ကျောင်းသာတပ်ဦးကို ခေါင်းဆောင်တိုက်ပွဲဝင်ရန် တောင်းဆိုမည်။ သည်သို့ သဘောထား ရှိကြသည်။

မှန်သည်။ မန္တလေးတက္ကသိုလ်၌ ပညာသင်ကြားနေသော ရခိုင်မှ ကျောင်းသားတယောက်သည် သည်ကျောင်းပိတ်ရက် ဆယ့်ငါးရက်မျှဖြင့် မည်သို့ပြန်မည်နည်း။ အချိန် မည်သို့ ရနိုင်ပါ့ မည်နည်း။ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားနေသော ကချင်ပြည်နယ်နှင့် ချင်းတောင်တန်းတို့မှ ကျောင်းသူကျောင်းသားများ အဖို့ဆိုလျှင်လည်း သည်ကျောင်းပိတ်ရက်သည် ငွေကုန် လူပန်းရုံမျှသာ ရှိပေမည်။ ရောက်ပြန်သဘောမျှသာ ရှိပေမည်။

မှန်သည်။ ကျောင်းသားထု၏အမြင်သည် မှန်သည်။ မမှန်ဟု ထွန်းနောင်တို့ မဆိုလို။ ထွန်းနောင်တို့ သဘောပေါက်သည်က ကျောင်းသားသည် ကျောင်းသား။ ကျောင်းသား၏ ဘဝသည် ဆရာအလုပ်မခံချင်၍ မဖြစ်သကဲ့သို့ တစုံတရာသော အတိုင်းအတာအထိမူ ချုပ်ချယ်မှုအောက်၌

ရှိရမည်သာ ဖြစ်သည်။ နေရာတကာ အကြွင်းမဲ့ အချုပ်ချယ် မခံချင်၍ မဖြစ်။ သက်ဆိုင်ရာ အာဏာပိုင်တို့က ပြုလုပ်ထားသည့်စည်းကမ်းတို့သည် ကျောင်းသားတို့၏ ပညာသင်ကြားရေး၌ အနည်းနှင့်အများ အထောက်အကူပြုမည်ဟု ယုံကြည်ရသည်ဆိုလျှင် ထိုစည်းကမ်းတို့ကို လေးစားလိုက်နာရပေမည်။

ထွန်းနောင်တို့ ယုံကြည်သော ပြည်သူ့ ဒီမိုကရေစီနိုင်ငံ၊ ဆိုရှယ်လစ် နိုင်ငံဆိုသည်မှာလည်း စင်စစ် စည်းကမ်းမရှိသည့် နိုင်ငံမျိုး မဟုတ်။ စည်းကမ်းသိပ်ရှိရမည့် နိုင်ငံသာ ဖြစ်သည်။ ထို့ကြောင့် သည်ကနေ့ ကျောင်းသားလူငယ်များကို စည်းကမ်းမဲ့ စရိုက် သွင်း၍မပေးချင်။ သည်ကနေ့ လူငယ်ကျောင်းသားတို့သည် နက်ဖန်ခါ ဆိုရှယ်လစ်နိုင်ငံ ထူထောင်ချိန်၌ အရေးပါအရာရောက်သော အခန်းမှ ပါဝင်ဆောင်ရွက်ကြရမည့်သူများဖြစ်တိသည်။

ပြီးတော့ သည်ပြဿနာက ကွန်။ ရန်သူ ထောင်ထားသည့် ကွန်။

ယခုတော့ သည်ကွန်ကို ကျောင်းသားထုကလည်း ဝင်အတိုး ခိုင်းပြီ။ ထွန်းနောင်၏ ပါတီကလည်း ဝင်အတိုးခိုင်းနေသည်။ ခက်ပြီ။

ဝင်မတိုးခဲ့သည်ရှိသော် ကျောင်းသားထုကလည်း ထွန်းနောင်တို့ကို ခေါင်းဆောင် မဟုတ်၊ ခေါင်းရှောင်သာဖြစ်သည်။ အရေးအကြောင်းကျတော့ ကိုယ်လွတ်ရုန်းပြေးသည့် ကျောင်းသားသစ္စာဖောက်များသာ ဖြစ်သည်ဟု စွပ်စွဲပုတ်ခတ် လာကြပေတော့မည်။ ထို့နည်းတူပင် ပါတီကလည်း ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်ကို ဆန့်ကျင်သည်၊ ပါတီ၏ နိုင်ငံရေးဦးဆောင်မှုကို ငြင်းပယ်သည်၊ တော်လှန်ရေး၏ သစ္စာဖောက် စသည်ဖြင့် စွပ်စွဲတိုက်ခိုက်ပေတော့မည်။

ထွန်းနောင် မတတ်နိုင်တော့။ လက်လျှော့ လိုက်ရပေတော့မည်။

ထွန်းနောင်သာမဟုတ်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ ဥာဏ်မြင့်တို့၊ တည်ကြည်တို့ အုပ်စုသည်လည်း လက်လျှော့လိုက်ကြရပေပြီ။

ထွန်းနောင်တို့ပါတီမှ အောင်သူနှင့် ထွန်းလွင်တို့ကမူ စိတ်ဓာတ်ကျကြသည်။ သောင်းဖေနှင့် ထွန်းဝေတို့ကမူ ထွန်းနောင်သဘောထား ပြောင်းလာသည့်အတွက် ကြိုက်ကြ၏။ အလံနီပါတီကျောင်းသား ကလပ်စည်းခေါင်း





ဆောင် တင်မောင်ဝင်းကတော့ တပြုံးပြုံးနှင့် ပြုံးလေသည်။ သည်အယူအဆ ရေးရာ ဆွေးနွေးပွဲမှာ သူတို့ပါတီက ခေါင်းဆောင်မှုရသည်ဟု ကြွေးကြော်၍ လာသည်။

ကိုကျော်သက်သည် စင်စစ် သူနှင့်ပို၍ ရင်းနှီးသည်။ ထို့ကြောင့်လည်း ကိုကျော်သက်သည် သူတို့ပါတီ၏ လျှို့ဝှက်ကလပ်စည်းဝင် ဖြစ်သည်ဟု မသိမသာ လိုက်ပြောသည်။ ကိုကျော်သက်သည် အလံနီပါတီဝင် ဖြစ်သည်ဟု ဆိုထားခြင်းအားဖြင့် အခြားပါတီများက ကိုကျော်သက်ကို ချဉ်းကပ် စည်းရုံးရေး၌ ခက်လာသည်။ အခြားပါတီများက စည်းရုံးခွင့်မရှိတော့။ ဤသည်ကတော့ အချင်းချင်းလုစ၍ မစည်းရုံးသင့် ဆိုသည့် သဘာမန်နားလည်မှုအရ ဖြစ်သည်။

အမှန်တော့ မဟုတ်။ ကိုကျော်သက် ကိုယ်တိုင်ကလည်း ငြင်းသည်။ လျှို့ဝှက်အဖွဲ့ဝင်ဆိုတော့လည်း ငြင်းရမည်သာ ဖြစ်သည်ဟု တင်မောင်ဝင်းက ဆိုပြန်သည်။

ပသို့ဆိုစေ၊ တင်မောင်ဝင်းက သူတို့ပါတီသည် သဘောတရားရေးအရလည်း ခေါင်းဆောင်မှု ရသည်၊ ပုဂ္ဂိုလ်ရေးအရလည်း ကိုကျော်သက်က တပ်ဦးဥက္ကဋ္ဌဖြစ်သဖြင့် ခေါင်းဆောင်မှု ရသည်ဟု ဆိုသည်။

ရှိပါစေတော့။

ရှိသည်က အကြောင်းမဟုတ်။ သုံးပါတီကျောင်းသား ပူးတွဲကလပ်စည်းကလည်း တိုက်ပွဲကိုတိုက်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီ။ ကျောင်းသားညီညွတ်ရေးတပ်ဦးကလည်း တိုက်မည်ဟု ကျောင်းသားထု အစည်းအဝေးမှာ ကြေညာလိုက်ပြီဆိုတော့ ကျောင်းသား ခေါင်းဆောင်အချို့နှင့် ကျောင်းသားအချို့သည် လက်ဝဲစွန်းသို့ ပြေးထွက်ကြလေသည်။

သည်တိုက်ပွဲသည် စင်စစ် ကျောင်းသားထု၏ တိုက်ပွဲသာဖြစ်သည်။ သို့သော် ဖဆပလ ဆိုရှယ်လစ် ကျောင်းသားတို့၏ လှုံ့ဆော်ဝါဒဖြန့်ချက်အရ ဆရာတို့သည်လည်း မလွဲမသွေ ပါလာရတော့သည်။ သည်ပြဿနာကို အစိုးရက စခြင်းမဟုတ်၊ တက္ကသိုလ်အာဏာပိုင်များက သက်သက်မယ့် လုပ်လိုက်ခြင်းဖြစ်သည်ဟု ဆိုတော့လည်း ဆရာတို့အနေနှင့်က ကျောင်း

သားများ အထင်မမှားစေချင်။ ကျောင်းသားတို့၏ တိုက်ပွဲမြားဦးသည် အစိုးရဘက်သို့ လှည့်ရမည့်အစား၊ ဆရာတို့ဘက်သို့ လှည့်လာမှာကို ဆရာတို့မလိုလား။

သည်တော့ ဆရာတို့ကလည်း သက်ဆိုင်ရာတပ်ဦးခေါင်းဆောင်များကို ရင်းနှီးရာ ရင်းနှီးရာ ခေါ်ယူတွေ့ဆုံ၍ သူတို့၏ သဘောထားမှန်ကို ရှင်းပြသည်။ သူတို့၏ အခြေအနေမှန်ကို ပြောပြသည်။ သူတို့၏ စေတနာမှန်ကို ထုတ်ပြသည်။ ရှင်းရှင်းပြောရလျှင် သည်တိုက်ပွဲမှာ ကျောင်းသားတပ်ဦးနှင့် ကျောင်းသားထုဘက်မှ ထောက်ခံသည်ဆိုသည့်သဘောကို ပြောပြသည်။ လိုအပ်လျှင် ငွေရေးကြေးရေး အကူအညီကိုပင် စုဆောင်း၍ ပေးကြမည်ဟု ဖွင့်၍ ပြောကြသည်။

သည်သတင်းသည် ခေါင်းဆောင်ပိုင်းမှ တဆင့် ကျောင်းသားထု အတွင်းသို့တမဟုတ်ချင်း ပြန့်နှံ့လေတော့သည်။

သည်တော့ ခေါင်းဆောင်ပိုင်းက ဝမ်းသာအားရသကဲ့သို့ ကျောင်းသားများထဲ၌လည်း ဝမ်းသာအားရရှိကြသည်။ စိတ်ဓာတ်တက်ကြသည်။ ဆရာများကပင်လျှင် ကိုယ့်နောက်မှာ ရှိသည်ဆိုတော့လည်း တိုက်ပွဲမှာ လူစွမ်းကောင်းလုပ်ချင်သူတို့ များ၍လာတော့သည်။

သည်တွင် ကျောင်းသားထု တရပ်လုံးသည် တသွေးတည်းတသားတည်း ဖြစ်တော့သည်။ စ၍ သပိတ်မှောက် ဆန္ဒပြကြပြီဆိုတော့ ကျောင်းတက်သူ တယောက်မျှမရှိ။ နေ့ ကျောင်းသူ နေ့ကျောင်းသားများထဲကမှ မဟုတ်။ အဆောင်နေ ကျောင်းသူ ကျောင်းသားတို့အထဲမှာလည်း တယောက်မျှ မတက်။ တယောက်မျှ မဖောက်။

တက္ကသိုလ် နယ်မြေသည် အိုးစည်ဒိုးပတ်ဝိုင်းတို့ဖြင့် စိုပြေပျော်ရွှင်လျက်ရှိတော့သည်။ စာသင်ခန်းတို့သည်လည်း တက်ရောက်သူ တယောက်မျှ မရှိ၍ သွေ့ခြောက်လျက်ရှိတော့ပြီ။ အယူအဆမတူညီမှု၊ စိတ်ဝမ်းကွဲမှု သဘောထား မညီညွတ်မှု စသည်တို့သည် တက္ကသိုလ်နယ် မြေ၌ စိုးစဉ်းမျှမရှိ။

သည်ဆန္ဒပြကြသည့်အထဲတွင် ဖဆပလဆိုရှယ်လစ်ကျောင်းသားတို့လည်း ပါကြသည်။ သူတို့သည် အမြင်အားဖြင့် အတက်ကြွဆုံးဟု





ယူဆရမည်ကဲ့သို့ ကြွေးကြော်သံများ ကြွေးကျော်လျက် အိုးစည်ဝိုင်းများတွင် ဝင်ရောက်ကခုန်လျက် ရှိကြသည်။

သို့သော် သုံးရက်လွန်၍ လေးရက်မြောက်သော နေ့ ၌မှ ရုပ်လုံးကပေါ်လာသည်။ မဖုံးနိုင် မဖိနိုင် ဖြစ်လာသည်။ ကြိုးဆွဲရာ ကကြရသည့် သူငယ်တော်ရုပ်များ ပီသစွာ ကျောင်းတက်ရန် အားထုတ်ကြတော့သည်။ သူတို့အဆိုရ သူတို့သည် စတီသဘောသာ ဆန္ဒပြခြင်းဖြစ်သည်။ ရေရှည် စည်းမဲ့ ကမ်းမဲ့ ဆန္ဒပြကြရန် လိုလားခဲ့သည်မဟုတ်ဟု ဆိုကြသည်။

သူတို့ ကျောင်းတက်မည်ဆိုတော့ ကျောင်းတက်ရန်အတွက် မြို့ထဲတွင် လူစုသည်။ လူစု၍ လာကြသည်။ ဘတ်စ်ကားကြီးများဖြင့် လာကြသည်။ သူတို့၏ ရှေ့ဆုံး၌မူ စစ်ကားကြီးတစင်းနှင့် စစ်သားများ အပြည့်ပါလာသည်။

ရေနီမြောင်းထိပ်တွင် သပိတ်တားကြတော့ သူတို့ မဝင်နိုင်ကြ။ သို့သော် အခြားတဖက်မှ လှည့်၍ဝင်ကြသည်။ ဆင်ဖြူခံသင်းချိုင်းဘက်တံတားမှ ဖြတ်ဝင်သည်ကို သိကြရတော့လည်း နောက်တရက်တွင်ထိုလမ်းကိုပါ ပိတ်၍တားကြသည်။

သို့သော် ဘယ်သို့မျှ အမှတ်မထားမိသည့် ဆီစက်ကြားထဲမှ ဖြတ်လမ်း တလမ်းက ရှိသေးသည်။ သည်ဖြတ်လမ်းသည် ကားများဝင်၍တော့မရ။ လူသာ လျှောက်၍ ဝင်နိုင်သည့်လမ်းဖြစ်သည်။ သည်လမ်းမှာလည်း သစ်သားတံတားငယ်တခု ရှိနေသည်။

ပထမရက်က ကျောင်းတက်သူ အတော်များသေးသည်။ နောက်တရက်ကျတော့ စုစုပေါင်းမှ ငါးဆယ်ခန့်သာ တက်လာနိုင်တော့သည်။ နောက် တတိယမြောက်သောရက်တွင်မူ နှစ်ဆယ်ခန့်သာ ကျောင်းတက်နိုင်တော့သည်။

သည်တွင် စောစောက လူစွမ်းကောင်းများသည် ထွက်၍လာကြသည်။ သူတို့ လိုလားသည်က တယောက်မျှ မတက်ရောက်နိုင်ရေး။ ထိုအခါ ဖြတ်လမ်းမှ သစ်သားတံတားငယ်ကလေးကို ဖျက်ဆီးပစ်ချင်သည်။ သည်တံတားကလေးကိုသာ ဖျက်ဆီးပစ်လိုက်နိုင်လျှင် လုံးဝ ကျောင်းတက်နိုင်သူ ရှိတော့မည် မဟုတ်ဟု တွက်ကြသည်။

မဖြစ်နိုင်သည့် အသာထား။ နောက်လိုက်ကောင်းတယောက်တော့ ဖြစ်သည်မှာ အမှန်ပင်။ သည်ကိစ္စမှာလည်း ထွန်းဝေက ခေါင်းဆောင်လာခြင်း ဖြစ်လိမ့်မည်ဟုတော့ ထွန်းနောင်မယူဆ။ ထွန်းဝေသည် အဆွဲကောင်း၍ ပါလာခြင်းသာ ဖြစ်ရသည်။

သည်နှစ်ယောက်ကို ခွဲထုတ်၍ ပထမဆုံး ဆွေးနွေးပစ်ရမည်ဟု ထွန်းနောင်တွေးမိသည်။ သည်နှစ်ယောက် ကိုယ့်ဘက် ပါ့ထွက်လာလျှင်ပင် တဝက်တော့ သေချာပြီ။

သို့သော် အချိန်က မရ။ ယခုပင်လျှင် မှောင်စ ပြုနေပြီ။ ညအမှောင်ကို အားကိုး၍ လုပ်ရမည့်အလုပ် ဖြစ်နေတော့လည်း၊ အချိန် ဆွဲနေ၍ မဖြစ်နိုင်။

သို့သော် စမ်း၍တော့ ကြည့်ရမည်။ ပါလာသည့် ကျောင်းသားတို့သည် တက်ကြွနေကြသည် မှန်သော်လည်း၊ လုပ်ငန်း၏သဘောသဘာဝကို သိပ်စဉ်းစားထားကြပုံ မရ။

'သည်မှာရဲဘော်တို့၊ အရမ်းတော့ မလုပ်ကြနဲ့၊ ကျွန်တော်တို့ ဘာပဲ လုပ်လုပ် အစီအစဉ်ကျနဖို့တော့ လိုလိမ့်မယ် ထင်တယ်၊ ပထမဆုံးအနေနဲ့ ကတော့ ကျွန်တော်တို့အထဲက ငါးယောက်လောက်က အရင်ဆုံး နေရာကို သေသေချာချာ သွားကြည့်၊ ပြီးတော့ မြေပုံဆွဲရမယ်၊ ဘယ်သူက ဘယ်က တာဝန်ယူရမယ်ဆိုတာလဲ သည်မှာကတည်းက ခွဲမှဖြစ်မယ်၊ ဟိုရောက်မှ ခွဲလို့ မဖြစ်ဘူး။ ဟိုရောက်မှ ကြောင်နေလို့လဲ မဖြစ်ဘူး။ ဟိုနေရာမှာ တယောက်နဲ့ တယောက် စကားပြောလို့လဲ မဖြစ်ဘူး၊ ဟိုနေရာမှာ အလွန်ဆုံး အချိန် ဘယ်လောက်ပဲကြာရမယ်ဆိုတာပါ သည်ကတဲက တွက်သွားမှ ဖြစ်မယ်၊ မဟုတ်ဘူးလား ကိုတင်မောင်ဝင်း'

ထွန်းနောင်သည် စက်ဘီးကိုရပ်၍ ခြေတဖက်နှင့်ထောက်ထားကာ၊ စကား စလိုက်၏။ ထွန်းနောင်သည်လည်း သည်ကနေ့ လှုပ်ရှားမှုတွင် ခေါင်းဆောင်တယောက်ဖြစ်သည် ဟူ၍တော့ ကျောင်းသား အများစုက သဘောပေါက်ထားကြသည်။ ထွန်းနောင်သည် သူတို့နှင့်အတူ လိုက်လာခဲ့သဖြင့်လည်း သူတို့ဝမ်းသာနေကြသည်။ ယခု ထွန်းနောင်၏စကားကိုကြား လိုက်ကြရတော့၊ သူတို့လည်း ပြန်တွေးမိကြသည်။ ထွန်းနောင်ကိုလည်း





ခေါင်းဆောင်တယောက်အဖြစ် ပိုပြီးအထင်ကြီး သွားကြသည်။

ထို့ကြောင့်လည်း ထွန်းနောင် ရပ်လိုက်သည်နှင့်တပြိုင်နက် အားလုံးရပ်ကြသည်။

'ဟုတ်တယ်၊ ဒါကိုလဲ စစ်ပွဲကလေးတခုလို သဘောထားပြီး လုပ်ရမယ်'

တင်မောင်ဝင်းက အဖြေမပေးနိုင်မီမှာပင် ကျောင်းသားတယောက်က ဝင်ရောက်ထောက်ခံသည်။

'ဘယ်လို ဘယ်လို'

တင်မောင်ဝင်းက သူ့ထုံးစံအတိုင်း သူမကျေလည်လျှင် အချိန်ဆွဲဖို့ ကြိုးစားသည်။ သူ စဉ်းစားချိန် ရဖို့အတွက် တဘက်စကားကို မကြားလိုက် ဟန်ဖြင့် ပြန်၍အပြောခိုင်းတတ်သည်။

ကိစ္စ မရှိ။ ထွန်းနောင်ကလည်း တကြော့ ပြန်၍ ပြောပြသည်။

'ပြီးတော့ အခု ကျွန်တော်တို့မှာ ဘာပါလာလို့လဲ၊ ဓားတွေဖျက်တယ် ဆိုတာ လွယ်တာမှ မဟုတ်ပဲ၊ လက်နဲ့ ဖျက်လို့ရမလား၊ သည်တော့ ကျွန်တော် တို့အထဲကပဲ နောက်တဖွဲ့က လေးငါးခြောက်ယောက်ပေါ့ဗျာ၊ လက်နက်ရှာ ကြဖို့လိုမယ်၊ လွှတို့ ရဲဒင်းတို့၊ အဝတ်စုတ်တို့၊ ဓာတ်ဆီတို့လဲ ရှာရမယ်၊ ဒါမှ ဘယ်သူက တိုင်တွေဖြတ်၊ ဘယ်သူက ဓာတ်ဆီလောင်း၊ ဘယ်သူက မီးရှို့ တချိန်ထဲ အကုန်ပြီးနိုင်မယ်၊ သဘောတူတယ် မဟုတ်လား လူခွဲ ရှူခွဲ'

ထွန်းနောင်သည် အရေးကြီးဟန်ဖြင့် တက်သုတ်ရိုက်လိုက်၏။ မြန်မြန် ရှူစုကွဲလျှင် မြန်မြန်ဆွေးနွေးပစ်ရမည်။

'နေရာအခြေအနေကိုလဲ သေသေချာချာ တွက်ကြရမယ်နော၊ ရဲဘော် တို့ သိကြတဲ့အတိုင်း တောင်ဘက်မှာက လေယာဉ်ပျံကွင်းရှိတယ်၊ လက်နက် ကိုင်အစောင့် ရှိတယ်၊ အနောက်ဘက်မှာကလဲ ချမ်းမြသာစည်ဂိတ်တဲ၊ မြောက်ဘက်မှာက စစ်ရဲတပ်ရင်း၊ အရှေ့ဘက်မှာက တက္ကသိုလ်အရံ တပ်ရင်း၊ စစ်တပ်နဲ့ စစ်ရဲနဲ့ ရဲတွေကြားမှာ လုပ်ရမယ့်ကိစ္စ၊ ပေါ့ပေါ့တော့ မတွေးကြနဲ့၊ လုပ်တဲ့အလုပ်က ကစားတာမဟုတ်သလို ကစားသလို လုပ်လို့ တော့ မဖြစ်ဖူး၊ သည်တော့ ကိုတင်မောင်ဝင်းနဲ့ ရဲဘော်တစုက ဖျက်ရအောင်

လက်နက်ရှာဖို့ တာဝန်ယူဗျာ၊ ကျွန်တော်နဲ့ တစုက နေရာကို အသေအချာ တွက်နှင့်မယ်၊ တဲတားကနေ ပြန်ပြေးရင် ဘယ်နှစ်မိနစ်နဲ့ ကျောင်းမကြီးကို ပြန်ရောက်နိုင်မလဲဆိုတာလဲ ပြေးကြည့်မယ်၊ မီးတောက် ထွက်မလာခင် ပြန်ရောက်နေနှင့်ဖို့က လိုတယ်မဟုတ်လား'

အားလုံးက စိတ်အားထက်သန် နေကြသည်။ မသိမသာ ခြိမ်းချောက် ပြလိုက်သည့်အတွက်လည်း တချို့ကျောင်းသားတို့ အထဲမှာတော့ အနည်း ငယ် တွေဝေသွားကြလိမ့်မည် ထင်ရ၏။

'ကဲ ကြာတယ်၊ လာ ရဲဘော် သောင်းဖေနဲ့ ရဲဘော်ထွန်းဝေ၊ နောက် ဟိုရဲဘော်၊ နာမယ် ဘယ်သူ'

စောစောက ပထမဆုံးထောက်ခံလိုက်သည့်ကျောင်းသားကို ထွန်းနောင် ရွေးလိုက်သည်။ ထွန်းနောင်၏ စကားကို စောစွာထောက်ခံထားသူသည် ထွန်းနောင်၏စကားကို နောက်တွင်လည်း သဘောတူရန် များစွာ အလား အလာ ရှိပေမည်။

'ကျွန်တော် မြင့်သိန်း'

ထွန်းနောင် လက်ညှိုးထိုး အရွေးခံရသူက သူ့နာမည်ကို ပြန်ဖြေသည်။

'တော်ပြီ၊ ကျွန်တော်တို့ လေးယောက် တော်ပြီ၊ ကဲကျွန်တော်တို့ သွားမယ်၊ ကိုတင်မောင်ဝင်း ခင်ဗျားနဲ့တဖွဲ့က လုပ်ဗျာ မြန်မြန်လုပ်ဗျာ၊ အချိန် သိပ်မရှိဘူး၊ သိပ်မှောင်သွားရင် ကျောင်းသားထုနဲ့ မရောနိုင်ဘဲ ကျွန်တော် တို့ချည့် ညလူ ဖြစ်နေမယ်'

တင်မောင်ဝင်းအဖို့ စဉ်းစားနေချိန်လည်း မရှိတော့။ တင်မောင်ဝင်းသည် တွေဝေနေသည်တော့မဟုတ်။ သတ္တိလည်းရှိသည်။ လုပ်လည်းလုပ်ရဲသည်။ လုပ်မည်ဟု ပိုင်းဖြတ်၍ ခေါင်းဆောင်စည်းရုံးလာခဲ့သည်လည်းမှန်သည်။ သို့သော် ထွန်းနောင်ကို သောင်းဖေနှင့် ထွန်းဝေတို့၏ ဆန္ဒအရ ဝင်ခေါ်မိခါမှ၊ ယခု ထွန်းနောင်က မိဦး မှည့်လေပြီ။ နောက်မှ ပါလာပြီး၊ ယခု ထွန်းနောင်က သူ စည်းရုံးလာခဲ့သည့်တပ်မှာ ဗိုလ် ဝင်လုပ်လေပြီ။ ဤသည်ကိုတော့ တင်မောင်ဝင်း သိပ်မကျေနပ်။





သို့သော် ပြော၍ကလည်း မဖြစ်။ သည်အချိန်မှာက ဗိုလ်နေရာ လုနေဖို့ မဟုတ်။ မကျေနပ်သော်လည်း တင်မောင်ဝင်း ကျိတ်၍ ခံလိုက်သည်။

တကြောင်းလည်း ရှိသေးသည်။ ထွန်းနောင်ကို တင်မောင်ဝင်း မယုံ ကြည်။ ထွန်းနောင်သည် ယခု လူရွေးပြီဆိုတော့လည်း သူ့လူတို့ကိုချည့် သူ ရွေးထုတ်သွားသည်။ သူ့ လူသိုက်နှင့်သူ လမ်းခွဲ၍ထွက်သွားလျှင် ကျန်ရစ် ခဲ့သည့် ကျောင်းသား ဆယ့်ငါးယောက်နှင့် သူသည် ဒုက္ခရောက်တော့မည်။ ထွန်းနောင်တို့ တခုခုဖြစ်နေပြီအထင်နှင့် ကျန်သူတို့က စောင့်တော့မည်။ ပြဿနာတက်တော့မည်။ အင်အားလည်း နည်းသွားမည်။ အရေးကြီးဆုံးက သုံးပါတီ မျက်နှာစုံညီမှာကျတော့ သူ့ တပါတီထဲ တရားခံ ဖြစ်မည်။ ပါတီချင်း မညှိဘဲ သူထင်ရာ အလွန် အကျွံ လျှောက်လုပ်ပစ်သည်ဟု အဝေဖန်ခံရမည်။ ထို့ကြောင့်လည်း တင်မောင်ဝင်းသည် ရုတ်တရက် စကားပြန်မပြောနိုင်။

'အေးလေ ကောင်းပြီ၊ ကျွန်တော်တို့ လက်နက်ရှာမယ်'

မရှောင်မလွှဲသာ တင်မောင်ဝင်း ဖြေရသည်။

'အဲတော့ ဒီလိုလုပ် ၊ အခု ဘယ်နှစ်နာရီ ရှိပြီလဲ၊ ခုနှစ်နာရီမတ်တင်း၊ ခုနှစ်နာရီမတ်တင်းဆိုတော့ ခုနှစ်နာရီခွဲရင် သည်နေရာမှာ ပြန်ဆုံကြမယ်။ ခုနှစ်နာရီခွဲ ဘယ့်နှယ်လဲ၊ ခင်ဗျားတို့ အဖွဲ့ပြန်ရောက်နိုင်ကြပါ့မလား၊ နောက် ကျန်တဲ့ရဲဘော်တို့က သည်နေရာမှာတော့ စုရုံး စုရုံး လုပ်မနေကြနဲ့ဗျာ၊ ရိပ်မိကုန်အုံးမယ်၊ အကောင်းဆုံးကတော့ အဆောင်ဘက်မှာ ပြန်နေကြရင် ပိုအလုပ်ဖြစ်မယ်၊ ဟိုမှာ ပိုစတာတွေရေးနေတဲ့အဖွဲ့ရှိတယ်'

ထွန်းနောင် တွက်လိုက်သည်။ ရတနာပုံဆောင်တွင် တည်ကြည် တို့အဖွဲ့ရှိနေသည်။ ပိုစတာရေးနေကြသည် ဆိုသည်မှာလည်း မှန်သည်။ တည် ကြည်တို့အဖွဲ့နှင့် တွေ့၍ ဆွေးနွေးဖြစ်ကြလျှင် သည်အုပ်စုသည် သည်နေရာသို့ မည်သည့်နည်းနှင့်မျှ ပြန်ရောက်လာကြလိမ့်မည် မဟုတ်။ တည်ကြည်တို့ အဖွဲ့အနေနှင့်ကတော့ သည်လူစွမ်းကောင်းဝါဒကို လက်ခံကြလိမ့် မည်မထင်။ ပြီးတော့ သည်အလုပ်သည် ကိုယ့်ကိုယ်ကို တောတွင်းသူပုန်တို့၏ ကိုယ်စားလှယ်ဖြစ်ပါကြောင်း ဆိုင်းဘုတ်တပ်ပြသည့် အလုပ် ဖြစ်သည်။

ဖြို့နေမိဘပြည်သူတို့၏ ထောက်ခံမှုကို တခါတည်းနှင့် ဆုံးရှုံးသွားနိုင်သည့် အလုပ်လည်း ဖြစ်သည်။ ထို့ကြောင့် တည်ကြည်တို့ကတော့ အသေအချာ ဆွေးနွေးပြလိမ့်မည်၊ တားလိမ့်မည် ထင်သည်။

'နေအုံး ကိုတင်မောင်ဝင်း၊ တကယ်လို့ လိုရမယ်ရပေါ့ဗျာ၊သည်နေရာမှာ အကြောင်းကြောင်းကြောင့် ပြန်မဆုံနိုင်ရင် တခြားတနေရာမှာ ဆုံကြမယ်၊ ကျောင်းအဝင်ထောင့် ကုက္ကိုပင်အောက်မှာ ဆုံကြမယ်ဗျာ၊ ဟုတ်ပလား'

'အင်း'

'ဒါဖြင့် ကျွန်တော်တို့ သွားမယ်၊ လာ ရဲဘော်တို့'

ထွန်းနောင်သည် ရင်အလေးတော့ သက်သာပြီ။ ထို့ကြောင့်လည်း ရဲရဲယုံယုံပင် သူ့လူတို့ကို သူဦးဆောင်ကာ တံတားငယ်ရှိရာဘက်သို့ ထွက်ခဲ့သည်။

စုနေသော ကျောင်းသားနှစ်ဆယ်ခန့်သည် ယခုအချိန်မှာတော့ သုံးစု ကွဲ၍ သွားပေပြီ။ ထွန်းနောင်သည် တံတားငယ်သို့ရောက်သည်နှင့် တပြိုင်နက် တံတားငယ်ကို လေ့လာရန်မပြောပဲ သူ့စကားကို သူ စတော့သည်။ သူ့ အယူအဆကို သူ ပြတော့သည်။

'ကျွန်တော် သတ္တိမရှိလို့ ပြောတာမဟုတ်ဘူးနော်၊ ရဲဘော်တို့ သေသေ ချာချာ စဉ်းစားကြည့်ပါ၊ စဉ်းစားကြည့်ရင် ကျွန်တော်ပြောတာ မှန်တယ် ဆိုတာ သဘောပေါက်လာပါလိမ့်မယ်'

'ပြီးတော့ တိုက်ပွဲဆိုတာကလဲ အမျိုးမျိုးရှိသေးတယ် ရဲဘော်၊ နိုင်ငံရေးအရ စည်းရုံးရေးအရတော့ နိုင်တယ်၊ စစ်ရေးအရတော့ ရှုံးတယ် ဆိုတဲ့ တိုက်ပွဲလဲ ရှိတယ်၊ နိုင်ငံရေးရော စည်းရုံးရေးရော စစ်ရေးရော အဘက်ဘက်က အနိုင်ရတဲ့တိုက်ပွဲမျိုးလဲ ရှိတယ်။ ဒါပေမယ့် သည်ကနေ့ အချိန်မှာတော့ ကျွန်တော်တို့က နိုင်ငံမှာ အာဏာမဲ့၊ ပြီးတော့လဲ စည်းရုံးရေး ကာလ၊ သည်တော့ စည်းရုံးရေး နိုင်ငံရေးအရ အနိုင်ရမယ့်တိုက်ပွဲမျိုးကိုပဲ မျှော်လင့်ရမယ်၊ သည်တိုက်ပွဲမျိုးကိုပဲ တိုက်သင့်တယ်၊ ရန်သူ့ဘက်က တယောက်မကျန် ကျကုန်အောင် တိုက်ဖို့တနည်းဆိုရင် တယောက်တလေမှ





ကျောင်းစာသင်ခန်းထဲ မရောက်နိုင်အောင် သပိတ်တားဖို့ဆိုတာက မလွယ် ဘူးရဲဘော်၊ အဲသည်လို စစ်ရေးအရဆိုပါတော့၊ မျိုးပြုတ်အောင် လုပ်ပစ်ဖို့ ဆိုတာက သည်ကနေ့ရဲ့ အလုပ်မဟုတ်သေးဘူးလို့ပဲ ကျွန်တော်ယူဆတယ်၊ သည်ကနေ့ ကျွန်တော်တို့ ဘာလုပ်ကြရမလဲ၊ ကျွန်တော်တို့လုပ်ကြရမှာက တိုက်ပွဲအတွင်းမှာ တက်ကြွပါ၊ တက်ကြွလာတဲ့ အစိတ်အပိုင်းတွေကို စည်းရုံးပါ၊ သည်နည်းနဲ့သာ အင်အားကြီးမားသထက် ကြီးမားလာအောင် နိုင်ခန့်သထက်ခိုင်ခန့်လာအောင် လုပ်သင့်တယ်လို့ ကျွန်တော်ထင်တယ်၊ ရန်သူကို မျိုးဖြုတ်ပစ်ဖို့ အချိန်မဟုတ်သေးဘူးထင်တယ်၊အခုပဲ ကြည့်လေ၊ ရန်သူက ကျွန်တော်တို့ကို ချောက်နှုတ်ခမ်းအထိ လိုက်ပို့လိုက်ပြီ၊ ရှေ့မှာ ချောက်ပဲ ရှိတော့တယ်၊ ကျွန်တော်တို့ တိုးလျှောက်ကြည့်ဦးမှာလား၊ မှန်တယ်လေ၊ နောက်ကိုတော့ ဆုတ်လို့မရတော့ဘူးပေါ့၊ သည်နေရာကနေ ပြီးတော့ ကျွန်တော်တို့ နိုင်အောင်တိုက်ဖို့ပဲရှိတာပေါ့၊ ကျွန်တော်တို့ဘက်က အကျ အဆုံးမများအောင် ဘယ်လိုလုပ်ထိန်းမလဲဆိုတာကိုလဲ စဉ်းစားရမှာ ပေါ့၊ အရေးကြီးတာကတော့ ကျွန်တော်တို့ စည်းရုံးရေးခိုင်မာဖို့ လိုတယ်ဗျာ၊ ကျွန်တော်တို့ရဲ့ တခုတည်းသော ရနိုင်မယ့် အမြတ်ဟာ စည်းရုံးရေးပဲဖြစ်မယ်၊ သည်တော့ ကျွန်တော်တို့ ကြိုးစားပြီး စည်းရုံးကြရမယ် ရဲဘော်။

'ကျွန်တော်တို့ စည်းရုံးရေးထဲကို ရောက်မလာတာနဲ့ ကျွန်တော်တို့ ဒေါသမထွက်သင့်ဘူး၊ ဒေါသထွက်ပြီး တောင်လုပ် မြောက်လုပ် မလုပ်သင့် ဘူးလို့ ကျွန်တော်တော့ တွေးမိတယ်'

ထွန်းနောင်သည် ဆရာကြီးလုပ်၍ ပြောမည့်သာ ပြောနေသည်။ အမှန် တော့ အခြေအနေကို ထွန်းနောင်ကိုယ်တိုင်လည်း ယခုမှပင်ပြန်လည် ဆင်ခြင် ကြည့်မိသည်။

အခြေအနေသည် စင်စစ် သိပ်မကောင်း

အရေးကြီးဆုံးက ရန်ကုန်နှင့် အဆက်အသွယ် ပြတ်နေသည်။ ရန်ကုန် တက္ကသိုလ်၏ တိုက်ပွဲအခြေအနေတို့ကို မန္တလေးတက္ကသိုလ်က ဘာတခုမျှ မှန်မှန်မသိရ။ သတင်းစာတို့၌ ပါလာသည့် သတင်းတို့ကိုလည်း စင်စစ်အမှန် ဟု ယုံကြည်၍ မရ။ ရန်ကုန် တက္ကသိုလ်၌ အဖမ်းအဆီးများ ရှိပြီ၊ မိသူတို့ကို

မိကုန်ပြီ၊ ဗဟိုအဆောင်များကို ကျောင်းသားတို့က သိမ်းပိုက်ထားကြပြီ၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်လေးသည် စက်သေနတ်ကိုကိုင်၍ ဘွဲ့နှင်းသဘင် အဆောက်အဦ၌ ရုံးထိုင်နေသည် စသည် စသည်ဖြင့်ကား ကြားရသည်။ သို့သော် မှန်၏ မမှန်၏ မသိရ။

ဖြစ်နိုင်ခြေတော့ ရှိသည်။ ရန်သူသည် မုချ ရမ်းတော့မည်မှာ သေချာသည်။ ထိုသို့ဆိုလျှင် ရန်ကုန်တက္ကသိုလ် သုံးပါတီကျောင်းသားပူးတွဲကလပ်စည်းသည် တိုက်ပွဲလမ်းစဉ်ကို မည်သို့ ဆင်ခြင်ချမှတ်သနည်း။ အလုပ်သမားညီညွတ်ရေးပါတီ၏ လူငယ်နှင့်ကျောင်းသားကလပ်စည်း (ဗဟို)ကလည်း အခြေအနေကို မည်သို့ သုံးသပ်၍ မည်သို့ ဆုံးဖြတ်လေသနည်း။ ထွန်းနောင် တို့ ဘာမျှ မသိရ။

ပါတီလူငယ်နှင့် ကျောင်းသားကလပ်စည်း(ဗဟို)သည် သူ့ထံသို့ တရက်ခြားခန့် အသေးစိပ် အစီရင်ခံနေပါလျက်နှင့် အဘယ့်ကြောင့် တစွန်းတစမျှ ပြန်လည်မညွှန်ကြားနိုင်သနည်း။ ပါတီအနေနှင့်က အခြေအနေအရ အဆက်အသွယ် မလုပ်နိုင်သည်ထား။ ပုဂ္ဂိုလ်အရ ဆက်သွယ်၍လည်း ညွှန်ကြားနိုင်သည်ပင်။ သို့စဉ်လျက် မည်သည့်အဆက်အသွယ်မျှ မရ။

ပါတီဌာနချုပ်သည် မန္တလေးခရိုင်ပါတီသို့ ပို့ကောင်းပို့မည်။ မန္တလေးခရိုင်ပါတီသို့ ရောက်ကောင်းရောက်မည်။ မန္တလေးခရိုင်ပါတီသည်ပင်လျှင် ထွန်းနောင်တို့နှင့် အဆက်အသွယ်ပြတ်နေသည်။ မန္တလေးခရိုင်ပါတီကော်မတီသည် အဆက်အသွယ်ရပါလျက် ယုတ်မာလေပြီလော။

ခရိုင်ပါတီရုံးသို့ ထွန်းနောင်တို့အနေနှင့်ကတော့ သည်ကာလတွင် မချဉ်းကပ်နိုင်။ ရန်သူက ထွန်းနောင်တို့ တိုးတက်သည့်ကျောင်းသားများကို မြေပေါ်မြေအောက်သောင်းကျန်းသူတို့၏ ကိုယ်စားလှယ်ဟု ကြေညာစွပ်စွဲ၍နေပြီ။ ပြီးတော့ ထွန်းနောင်တို့ အခြေအနေက ကျောင်းသားထုအထဲမှ ခွဲနေ၍မရ။ ရန်ကုန်မှာ ကျောင်းသားခေါင်းဆောင်များကို ဖမ်းပြီဆိုမှတော့၊ မန္တလေးမှာ မဖမ်းပဲနေလိမ့်မည် မဟုတ်။ ကျောင်းသားထုအထဲမှ ခွဲနေလိုက်သည်နှင့် တပြိုင်နက် ရန်သူ ပါးကွက်အာဏာသားတို့သည် ထွန်းနောင်တို့ကို ဖမ်းတော့မည်။





ထို့ကြောင့် ခရိုင်ပါတီကော်မတီသည် ကြားလူကိုစေလွှတ်၍ ထွန်းနောင်တို့နှင့် အဆက်အသွယ် ယူသင့်သည်ဟု ထွန်းနောင် ယူဆသည်။ မြေအောက်ပါတီဖြစ်သော ဗမာပြည်ကွန်မြူနစ်ပါတီကပင်လျှင် သူ့ရဲဘော်ကျောင်းသားများနှင့် သူ အဆက်အသွယ်ရနေနိုင်သည်ကို ထောက်လျှင် ထွန်းနောင်တို့ပါတီက အဘယ့်ကြောင့် မရပဲနေနိုင်မည်နည်း။

ထွန်းနောင်သည် ခေါင်းဆောင်တော့ခေါင်းဆောင်ပင်။ သို့သော် အကြပ်အတည်းနှင့် ကြုံလာရပြီဆိုတော့လည်း အားကိုးရှာလာသည်။ အားကိုးရာ၊ ယုံကြည်ရာ ပါတီသည် လက်တွေ့ဥပေက္ခာပြုနေပြီဟု ယူဆမိသောအခါ၌မူ ပါတီ့အပေါ်၌ ထွန်းနောင် စိတ်ပျက်၍လာသည်။

ခရိုင်ပါတီကော်မတီသည် သတ္တိနည်းသည်၊ သူ့ရဲဘောကြောင်သည်၊ ကိုယ်လွတ်ရုန်းသည်ဟူ၍လည်း ထွန်းနောင်ထင်လာသည်။

သည်တွင် ထွန်းနောင် ရမ်းချင်၍လာသည်၊ သူများကိုသာ ဒေါသမထွက်ရန် ကြီးကြီးကျယ်ကျယ် ဆရာလုပ်ပြနေမိသော်လည်း၊ စင်စစ်ထွန်းနောင်ကိုယ်တိုင် ဒေါသထွက်နေသည်။

ပါတီ၏ သဘောတရားရေးရာသင်တန်းများသို့ တက်ရောက်ခဲ့စဉ်ကသည်ပစ္စည်းမဲ့ အလုပ်သမား လူတန်းစားပါတီများတွင် ထူးခြားစွာရှိနေသော၊ ရှိနေအပ်သော ရဲဘော်စိတ်ဆိုသည်ကို ထွန်းနောင် ကြားနာမှတ်သားခဲ့ရသည်။ ကွန်မြူနစ်နှင့် အလုပ်သမားလူတန်းစားပါတီဝင်တို့ ကြေညာက်နေအပ်သည့် ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ (စီ၊ ပီ၊ အက်စ်၊ယူ)ကို ဖတ်၍လည်း သည် ရဲဘော်စိတ် ဆိုသည်ကို အားကျယုံကြည်ခဲ့ရလေသည်။

ရဲဘော်စိတ် ဆိုသည်မှာ အထူးသဖြင့် သည်ကဲ့သို့သော တိုက်ပွဲကာလမှာသာလျှင် တန်ဘိုး ရှိပေမည်။ တိုက်ပွဲတပွဲကို တိုက်ရင်းမှာသာလျှင် မည်သူက ရဲဘော်စိတ် ရှိသည်၊ မည်သူက မရှိ ဆိုသည်ကို သိလာနိုင်ပေမည်။ ယခုသော် ခရိုင်ပါတီသည် ရဲဘော်စိတ် မရှိ။

သည်ကနေ့ တိုက်ပွဲကို ပြန်၍ဆင်ခြင်ကြည့်မိသည်။ ကျောင်းသားတို့၏ တိုက်ပွဲသည် ချွန်ထွက်၍ နေသည်။ တော်လှန်ရေး စစ်မျက်နှာတပြင်လုံးတွင်

ကျောင်းသားတို့၏ စစ်မျက်နှာတခုတည်းမှာသာ တိုက်ပွဲဖြစ်နေသည်။ အခြားလူထု လူတန်းစားတို့၏ စစ်မျက်နှာများမှာမူ ငြိမ်သက်လျက် ရှိနေသည်။

သည်အခြေအနေသည် မကောင်း။ ရန်သူသည် တိုက်ပွဲရှိရာသို့ စုပြုံလာပြီးသကာလ၊ သူ၏ ကြီးမားသော အင်အားဖြင့် ဖြိုခွင်းပစ်လိုက်ပေလိမ့်မည်။ ချွန်ထွက်နေသာ စစ်မျက်နှာသည် မရှုမလှ ခံရပေတော့မည်။

တိုက်ရမည်ဟု ဆိုတုန်းက ပါတီ။ အခြေအနေမှန်ကို သိနေသော ထွန်းနောင်တို့က သည်တိုက်ပွဲကို မတိုက်လို။ မတိုက်လိုသည်ကိုပင် သတ္တိနည်းသယောင်ယောင် ၊ ပါတီ၏နိုင်ငံရေး ဦးဆောင်မှုကို ငြင်းဆန်သယောင်ယောင် ဝေဖန်စွပ်စွဲ၍ တိုက်စေသည်။

ဟော ယခု တိုက်နေပြီဆိုတော့ ဘာအကူအညီမှ မရ။ ရဲဘော်စိတ်ဆိုသည်လည်း ဘယ်သို့ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြလေပြီမသိ။

ထွန်းနောင်တို့ လူငယ်ကျောင်းသားအုပ်စုသည် လူပါးဝသည်၊ သို့မဟုတ် ဖောက်ပြန်သည်ဟု ဂိုဏ်းဂဏအမြင်ဖြင့် ယူဆလိုကလည်း ယူဆနိုင်ပါ၏။ သို့သော် ဖဆပလအစိုးရကို အကြပ်အတည်းပေးနေသည့် သည်ကျောင်းသားတို့၏ တိုက်ပွဲကိုမူ ပါတီသည် အမြင်မမှားသင့်ဟု ထင်သည်။

မှန်သည်။ ထွန်းနောင်တို့ကို အဆက်အသွယ် မလုပ်လိုက မလုပ်ပဲနေနိုင်ကောင်းပါ၏။ အခြေအနေသည် ပါတီအဖို့လည်း ကြပ်တည်းသည်၊ ပါတီအနေနှင့်လည်း တက္ကသိုလ်သို့ ချဉ်းကပ်ရန် ခက်ခဲသည်ဟု ဆိုလျှင်လည်း ထွန်းနောင်တို့ လက်ခံရပေမည်။

သို့သော် ပါတီသည် တော်လှန်ရေး၏တပ်ဦး။ ပါတီသည် တော်လှန်ရေးအတွက် လမ်းပြ။ ပါတီသည် ခေါင်းဆောင်။ ပါတီသည် တိုက်ပွဲကို တိုက်ပွဲဖြင့်ကူညီရပေမည်။

လူချင်း မတွေ့ရ၍၊ လူချင်း အဆက်အသွယ်မရ၍၊ ရဲဘော်စိတ် မရှိဟု ထွန်းနောင် မဆိုလို။ သည်ကျောင်းသားတို့၏ တိုက်ပွဲကို စာနာသည့်သဘော၊ ထောက်ခံသည့်သဘော၊ အားပေးသည့် သဘောဖြင့် အခြားအခြားသော





လူထုလူတန်းစားများ၏ အတွင်းမှာလည်း ပါတီသည် တိုက်ပွဲများကို ဖော်သင့်သည်။ သည်ကျောင်းသားစစ်မျက်နှာမှာသာ ကွက်၍ တိုက်ပွဲဖြစ်မနေကောင်း။ အခြား အခြားသော စစ်မျက်နှာများမှလည်း ပါတီက ဦးဆောင်စည်းရုံး၍ တိုက်ခိုက်နေသင့်သည်။ သို့မှသာ ရန်သူသည် ခွေးနှာ မီးဝိုင်းသကဲ့သို့ ဒုက္ခရောက်ပေမည်။ သို့မှသာ ရန်သူသည် စစ်မျက်နှာများကို မနိုင်မနင်းဖြစ်လာမည်။ သို့မှသာ ရန်သူသည် အရေးနိမ့်ပေမည်။ သည်သို့ ထွန်းနောင်တွေးမိသည်။

သို့သော် ဘယ်က တိုက်ပွဲအကူအညီကိုမျှ မရ။ ပါတီ၏ လက်အောက်ခံအဖွဲ့အစည်းများဖြစ်သော အလုပ်သမား အဖွဲ့အစည်းများ၊ လယ်သမားအဖွဲ့အစည်းများ အနေနှင့်လည်း မည်သည့်တိုက်ပွဲကိုမျှ မစည်းရုံး၊ မဖော်ဆောင်။ ယုတ်စွအဆုံး ထောက်ခံအားပေးသည့် ကြေညာချက်ကလေးမျှပင်လျှင် ရေး၍ မထုတ်။ ငုတ်တုတ်ကြီး ထိုင်ကြည့်နေကြသည်။

ယခုတော့ တက္ကသိုလ်စစ်မျက်နှာမှာသာ တိုက်ပွဲဖြစ်နေပြီ။ ကျန် စစ်မျက်နှာအရပ်ရပ်တွင် ငြိမ်သက်လျက် ရှိသည်။

သည်အခြေအနေသည် လည်ပင်းကြိုးကွင်းစွပ်ထားရသည်နှင့် တူသည်ဟု ထွန်းနောင် မြင်လာသည်။ ထွန်းနောင်သည် အားငယ်၍လာသည်။

သို့သော် တဘက်မှာက ကိုယ်ကခေါင်းဆောင်။ ပြီးတော့ တိုက်ပွဲကလည်း ပြင်းထန်ဆဲ။ သည်တော့ ထွန်းနောင်မှာ စိတ်ဓာတ်မကျအား။

ကျောင်းသားတို့သည် တိုက်ပွဲအတွင်းမှာ တက်ကြွပြတ်သားလျက် ရှိကြသည်။ တိုက်ပွဲကို အဆုံးထိ ရဲရဲရင့်ရင့် တိုက်ကြမည်ဟု အဓိဋ္ဌာန်ပြု၍ထားကြသည်။ တိုက်ပွဲ၏အဆုံးဆိုသည်မှာ ပြည်သူ့ ဒီမိုကရေစီတော်လှန်ရေးအောင်ပွဲဆင်နိုင်သည့်နေ့ ဆိုသည်ကိုမူ သူတို့ သိကြပုံ မရ။ ပြည်သူ့ ဒီမိုကရေစီတော်လှန်ရေးကို ကျောင်းသားတို့ချည့် တိုက်ခိုက် ဆင်နွှဲနေရုံဖြင့် အောင်ပွဲမရနိုင်ဆိုသည်ကိုလည်း သူတို့နားလည်ပုံမရ။ စင်စစ် အဆုံးသည် မရှိ။ မမြင်ရနိုင်။

ကျောင်းသားတို့သည် အများအားဖြင့် နေရှင်ပေါက်စ လူတန်းစားနှင့်

လူလတ်တန်းစားတို့မှ ပေါက်ဖွားလာကြသူများဖြစ်ဘိသည်။ ပြီးတော့လည်း ပညာတတ်။ သည်လူတန်းစား၊ သည်အလွှာသည် သဘောတရားအရ စိတ်မရှည်တတ်။ ခိုင်မာစွဲမြဲသော ယုံကြည်မှု မရှိတတ်။

ယခု သည်ကျောင်းသားတို့သည် အောင်ပွဲရရန် ဝေးလံလှသေးသည့် သည်တိုက်ပွဲကိုတိုက်၍နေကြသည်။ ထွန်းနောင် ကြို၍တွက်မိ၏။ သည်တိုက်ပွဲတွင် မုချ အရေးနိမ့်ရပေတော့မည်။

စင်စစ် ပြည်သူ့ ဒီမိုကရေစီတော်လှန်ရေးတွင် သည်တိုက်ပွဲသည် အကူအညီတိုက်ပွဲမျှသာ ဖြစ်ရမည်။ ပင်မ အဓိကတိုက်ပွဲမဖြစ်နိုင်။ နယ်ချဲ့တော်လှန်ရေးနှင့် သည်တော်လှန်ရေးသည် အနှစ်သာရအားဖြင့်လည်း မတူ။ ပုံစံချင်းလည်း မတူ။ ထို့ကြောင့် အခြေခံချင်းလည်း မတူနိုင်။ သည်တော်လှန်ရေးကို ဆင်နွှဲရာ၌ ကျောင်းသားသည် အခြေခံ မဖြစ်နိုင်။

ယခုမူ အရံတိုက်ပွဲသည် ထိပ်တည်းကြီး ဖြစ်လျက်ရှိလေပြီ။ သည်တိုက်ပွဲမှ အရေးမနိမ့်လျှင် ဘယ်တိုက်ပွဲမှ အရေးနိမ့်စရာအကြောင်းမရှိတော့။

အမှန်ကို ဝန်ခံရမည်ဆိုလျှင် ထွန်းနောင်သည် တွေဝေ၍လာသည်။ သေချာပေါက် ရှုံးရမည့်တိုက်ပွဲကိုတော့ ထွန်းနောင် အမိုက်ခံ၍ မတိုက်ချင်။

ခက်သည်က ကိုယ့်ပါတီမှာ ကိုယ်က အဆုံးအဖြတ်ပေးရမည့်သူ ဖြစ်နေသည်။ သုံးပါတီ ကျောင်းသားပူးတွဲကလပ်စည်းမှာ ထွန်းနောင်သည် သူ့ အလုပ်သမားညီညွတ်ရေးပါတီကို ကိုယ်စားပြု၍ ဆွေးနွေးပြောဆိုရသည့် ပါတီ၏ ကိုယ်စားလှယ်လည်းဖြစ်သည်။ တဘက်တွင်လည်း သူသည် မန္တလေးတက္ကသိုလ်နှင့် မန္တလေးခရိုင် လူငယ်နှင့်ကျောင်းသားကလပ်စည်း ခေါင်းဆောင်ဖြစ်နေသည်။ သည်တော့ ခရိုင်ပါတီနှင့်၊ ဗဟိုပါတီနှင့်၊ ဗဟိုလူငယ် ကျောင်းသားကလပ်စည်းနှင့် အဆက်အသွယ်ပြတ်နေသည့် သည်ယနေ့နယ် ကာလမျိုးမှာ သူသည် အရာရာကို ဦးဆောင်၍ ဆုံးဖြတ်ရပေတော့မည်။

ပါတီကေဒါတို့မည်သည် ရောက်လေရာရာအရပ်၌ ပါတီက တာဝန်ပေးထားသည်ဖြစ်စေ၊ မပေးထားသည်ဖြစ်စေ၊ စည်းရုံးလှုပ်ရှား၍ နေရမည်။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ တော်လှန်ရေးကို အကျိုးပြုမည်ဟု ယုံ





ကြည်ရသော အလုပ်မှန်သမျှကိုလည်း လုပ်ကိုင်နေရမည်။ အမှားကို ကြောက်၍ တိုက်ပွဲကို ရပ်ထားမည်ဆိုလျှင် တော်လှန်ရေးကို နှောင့်နှေးစေရာရောက်လိမ့်မည်။ ထို့ကြောင့် ပါတီကေဒါသည် အထက်အဖွဲ့အစည်းနှင့် အဆက်အသွယ်မရနိုင်သည့်ကာလများတွင် ကိုယ့်ဖာသာကိုယ် ခေါင်းဆောင်မှုယူ၍ စည်းရုံးလှုပ်ရှားနေရမည်။ ထွန်းနောင်သည် ရန်ကုန် ဗိုလ်အောင်ကျော်လမ်းထောင့်မှ တခုသော အဆောက်အဦတွင် ညဘက် ညဘက်တက်ခဲ့ရသည့် သဘောတရားရေး သင်တန်းကို မျက်စိထဲမှာ မြင်ယောင်လာမိသည်။ လျှို့ဝှက်၍ တက်ခဲ့ရသည့်သင်တန်း၊ လျှို့ဝှက်၍ လုပ်ရမည့်လုပ်ငန်းစဉ် ဆိုတော့လည်း သင်တန်းဆရာ ရဲဘော် ဦးဘမြင့်သည် တိုးတိုးသာ ပို့ချသည်။ အလုပ်သမား ညီညွတ်ရေးပါတီသည် တရားဝင် မြေပေါ်ပါတီဖြစ်ပေမည့်၊ ပါတီ၏လုပ်ငန်းတို့သည်မူ မြေအောက်တပိုင်း ဖြစ်ရမည် ဟူ၍လည်း သင်တန်းဆရာက မှာကြားသည်။ သင်တန်းဆရာသည် ကေဒါဆယ့်နှစ်ယောက်ကို နိုင်ငံ၏လက်ရွေးစင် ဆယ့်နှစ်ယောက်ကဲ့သို့ သဘောထားကာ လေးလေးနက်နက် ပို့ချ၍နေသည်။

ကေဒါ၏ လေးနက်သော အဓိပ္ပါယ်ကို ယခုမှ ထွန်းနောင် သဘောပေါက်လာသည်။ ပြန်လှည့်၍တိုင်ပင်စရာ၊ အားကိုးအားထားပြုစရာ၊ တနည်းဆိုသော် နှီးသက်ခံစရာ မရှိတော့ဘူးဆိုခါမှလည်း ကေဒါ၏တန်ဘိုးကို သိလာသည်။ ကေဒါထွန်းနောင် ဘာလုပ်ရမည်နည်း။

တကယ့်တကယ် အရေးကြုံလာပြီဆိုတော့မှလည်း ထွန်းနောင်သည် ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။ ပါတီဝင်ဟု နာမည်ခံထားသော၊ ပါတီမှ ချမှတ်ပေးသမျှကိုသာ လုပ်တတ်ခဲ့သော၊ ကိုယ်ပိုင်အသိ ကိုယ်ပိုင်ဆင်ခြင်ဖုံတရားကို အသုံးမချတတ်ခဲ့သော ကိုယ့်အဖြစ်ကို ကိုယ်လည်း ယခုမှ နာကြည်းဖြစ်မိသည်။

တဘက်မှာတော့ ခေါင်းဆောင်ကြီး။ သုံးပါတီတွဲကလပ်စည်းများ ထိုင်လိုက်ပြီဆိုလျှင် တကယ့်ရှေ့မကိုယ်စားလှယ်ကြီး။ အစည်းအဝေးများမှာ ဆိုလျှင်လည်း ပြောလိုက်သည့်စကား။ သို့သော် ဘာကိုမှ မကိုင်ဘဲ လမ်းလျှောက်စမ်းဆိုတော့ ခြေက မခိုင်။ ယိုင်ချင်လဲချင်သည်။ အထက်

အဖွဲ့အစည်းနှင့် အဆက်အသွယ်ပြတ်ရပြီဆိုတော့ ထွန်းနောင် ဘာမှ မလုပ်တတ်ချင်တော့။ အယောင်ယောင်အမှားမှား ဖြစ်ချင်သည်။

တံတားမဖျက်ရေး ဆွေးနွေးရင်းမှာပင်၊ 'ပြည်သူနှင့်အတူ ရှိနေခြင်းသည် မမှားနိုင်၊ မှားသည့်တိုင်လည်း ပြည်သူနှင့်အတူ ရှိနေ၍ အမှားဟုမဆိုသာ' ဟူသော တဖက်စွန်းသဘောတရားကို တွေးနေမိပြန်သည်။ အများနည်းတူ တံတားကို လိုက်ဖျက်လိုက်ချင်မိပြန်သည်။

နောက်ဆုံးအဆက်အသွယ်ရခဲ့သည့်အချိန်အထိ ပါတီကလည်း ကျောင်းသား ထုနှင့်အတူ ရှိရမည်၊ သည်တိုက်ပွဲကို တိုက်ရမည်ဟု ညွှန်ကြားထားခဲ့သည်။ ဤသည်ကို ပါတီဝင်ကျောင်းသားများဖြစ်ကြသည့် သောင်းဖေနှင့် ထွန်းဝေတို့လည်း သိကြသည်။

ပါတီ၏ အဆုံးအဖြတ်ကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ထွန်းနောင်က ဆန့်ကျင်လျှင်ကျန်ပါတီဝင်ကျောင်းသားများကသတိပေးကြပေတော့မည်။ ပြီးတော့လည်း ထွန်းနောင်၏ အယူအဆကို ကိုယ့်ပါတီမှ ကျောင်းသားများက လက်မခံ။ ဗမာပြည် ကွန်မြူနစ်ပါတီဝင် ကျောင်းသားများနှင့် အယူအဆချင်း တူနေသည်။

သည်တော့ ဝေခွဲရ ခက်သည်။ ပါတီကို စွန့်ခွာမည်လော။ သည်သို့လည်း ထွန်းနောင် မတွေးဝံ့။ အထူးသဖြင့် သည်အချိန်အခါမှာ စွန့်ခွာလျှင် အဓိပ္ပါယ်က တမျိုးဖြစ်တော့မည်။ ကြောက်ချေးပါသည်ဟု တွက်ကြပေတော့မည်။ သစ္စာဖောက်ဟု မြင်ကြပေတော့မည်။ ထို့ကြောင့် သည်နည်းလမ်းကိုတော့ ထွန်းနောင် ဆက်၍မတွေးရဲ။

ဗမာပြည်ကွန်မြူနစ်ပါတီကတော့ သဘောထား တမျိုးထားသည်ကို ထွန်းနောင်သိထားသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ရန်ကုန်တက္ကသိုလ်မှ သူ့ပါတီဝင်ကျောင်းသားခေါင်းဆောင်များကို အရေးအကြောင်းဆိုလျှင် အစဉ်တိမ်းရှောင်နိုင်းတတ်သည်။ ကျောင်းသားထု နှင့် အတူ ရှိနေ၍ ရန်သူက မည်သို့မျှ မတတ်နိုင်လျှင် ကျောင်းသားထုအထဲမှာပင် ဆက်၍နေ။ အကာယ်၍ ဆက်လက်မနေနိုင်တော့လျှင်မူ ရန်သူ၏အကျဉ်းသားအဖြစ်တော့ အကျမခံနှင့်။ တိမ်းရှောင်နေ။ ပြီးမှသက်ဆိုင်ရာနှင့် ပြန်၍ အဆက်အသွယ်ယူ။





သည်သို့ ညွှန်ကြားထားတတ်လေ့ရှိသည်။

ယခုလည်း အခြေအနေသည် မလှတော့။ ရန်ကုန်တက္ကသိုလ်မှာ ဖမ်းကုန်ပြီ။ မည်သူတို့မိကုန်ပြီ၊ မည်သူတို့တော့ ကျန်သေးသည်၊ မည်သူတို့တော့ ရှောင်နေသည် ဆိုသည်ကို မသိရပေမည့်၊ ရန်သူသည် နှိပ်ကွပ်နေလေပြီ။ ထိုဖက်ဆစ်လက်ရဲကြီးသည် သည်မန္တလေးတက္ကသိုလ်သို့ ဘယ်နေ့တွင် ရောက်၍လာမည်နည်း။ သည်နေ့လော။ မနက်ဖန်လော။

ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားတို့ သိမ်းပိုက်ထားသည့် ဗဟိုဆောင်ဝိုင်းကို မြေဖြို့စက်နှင့် ဖျက်ဝင်သည်၊ ဆန္ဒပြသူများကို မီးသတ်ပိုက်နှင့် ပက်သည်၊ သေနတ်နှင့် ပစ်ခတ် နှိမ်နှင်းသည် စသည်ဖြင့် သတင်းများကလည်း ဆိုသည်။ သည်မှာလည်း ဘယ်နေ့တွင် တွေ့ကြုံရမည်နည်း။ မနက်ဖန်လော။ သဘက်လော။

အမှန်ကိုဝန်ခံရမည်ဆိုလျှင်တော့ ထွန်းနောင်သည် ရှောင်ချင်သည်။ ရန်သူ၏ အကျဉ်းသားအဖြစ်မှု အကျမခံချင်။ သည်သို့ အကျခံလိုက်ခြင်းအားဖြင့် ပါတီအတွက်လည်း ဘာအဓိပ္ပါယ်မျှ ရှိလိမ့်မည် မဟုတ်။ လုပ်အားလျော့သွားဘွယ်ရာသာရှိသည်။ တော်လှန်ရေးအတွက်လည်း အကျဉ်းသားအဖြစ်ဖြင့် မည်သို့မျှ အကျိုးပြုနိုင်လိမ့်မည် မဟုတ်။ အပြင်မှာ ရှောင်တိမ်းနေရင်းကမှ မြေအောက်တပိုင်း အလုပ်လုပ်၍ ရနိုင်လိမ့်ဦးမည်။

အဖမ်းတော့ မခံချင်။ ဖမ်းပြီဆိုသည်နှင့်တပြိုင်နက် တောခိုလိုက်ချင်သည်။ မြေပေါ်မှာရှိသမျှ ဒီမိုကရေစီ အခွင့်အရေးနှင့် လုပ်၊ လုပ်၍မရတော့လျှင် လက်နက်ကိုင်၍ တိုက်ရမည်ဟုပင် ထွန်းနောင်ယုံကြည်သည်။

သို့သော် ထွန်းနောင် တောမခိုသာ။ သူ့မိခင်ပါတီဖြစ်သော အလုပ်သမားညီညွတ်ရေးပါတီသည် တောမခိုပါဟု အတိအလင်းကြေညာ၍ထားသည်။ ဖဆပလအစိုးရက ပေးအပ်သည့် ဒီမိုကရေစီ အခွင့်အရေးသည် မည်မျှပင်နည်းပါးကျဉ်းမြောင်းစေကာမူ၊ မြေပေါ်မှာပင် နေမည်ဟု ဆိုထားသည်။

ပါတီ၏အမြင်က သည်ပြည်သူ့ ဒီမိုကရေစီတော်လှန်ရေးကို မြေပေါ်မြေအောက်ဆင်နွှဲမည်။ မြေအောက်မှာမူ တာဝန်ယူမည့် ညီအကိုပါတီများရှိနေပြီ။ ရန်သူသည် မြေပေါ်မှာ ဗိုလ်ကျချင်တိုင်း ဗိုလ်ကျ၍နေသည်။

ထို့ကြောင့် မြေပေါ်မှာပင် နေမည်။ မည်မျှနှိပ်ကွပ်၍၊ မည်မျှပြင်းထန်စွာ မောင်းထုတ်ပစ်သည့်တိုင် တောမခိုဟု ပါတီ စတင်ထူထောင်ခဲ့ကတည်းက သတင်းစာရှင်းလင်းပွဲပြုလုပ်၍ တိုင်းသိပြည်သိ ကြေညာထားခဲ့သည်။

ထွန်းနောင်၏ဘဝသည် တောမခိုနိုင်။ တောမခိုနိုင်လျှင် အဖမ်းခံရမည်။ သည်သို့လည်း အဖမ်းမခံချင်။ ထွန်းနောင် ဘာလုပ်ရမည်နည်း။

ပါတီ၏စကားကို မနာယူလျှင်၊ ပါတီ၏ဒီမိုကရေစီဗဟိုဦးစီးမှုကို ဖြင်းပယ်လျှင်၊ ပါတီကိုသစ္စာဖောက်ရာ ကျကောင်းကျမည်၊ သို့သော် တော်လှန်ရေးကို သစ္စာမဖောက်လျှင် ပြီးသည်ပင်ဟု ထွန်းနောင် တွေးပြန်သည်။ သို့တွေးမိသည်နှင့် တပြိုင်နက် တောခို၍ ဗမာပြည်ကွန်မြူနစ်ပါတီသို့ ပြောင်းဝင်လိုက်မည်ဟု ထွန်းနောင် ကြံပြန်သည်။

သို့သော် အဆက်အသွယ်က မရှိပြန်။ မန္တလေးသို့စေလွှတ်ထားသော ဗမာပြည်ကွန်မြူနစ်ပါတီ(ဗဟို)မှ ကိုမြင့်အောင်နှင့် တွေ့နိုင်ရန်ကလည်း သည်ကနေ့အချိန်အခါတွင် မလွယ်တော့။ ကိုမြင့်အောင်သည် တက္ကသိုလ် ကျောင်းသားမဟုတ်။ ထို့ကြောင့်လည်း သည်ကနေ့နှယ်ကာလမျိုးတွင် တက္ကသိုလ်၏ အနားသို့ မကပ်နိုင်။ တက္ကသိုလ်တွင် မျက်နှာစိမ်းများကို တွေ့ရပါက အထူးစုံစမ်းထောက်လှမ်းရေး ရဲတို့ကလည်း လျှင်ကြသည်။ ချက်ချင်းဖမ်းကြမည်။ ပြီးတော့ ပုံကြီးချဲ့၍ ပြကြမည်။ ကျောင်းသားများ ထဲတွင် တောတွင်းကိုယ်စားလှယ်တို့ ဝင်ရောက်၍ နှောက်နေသည်ဟု သက်သေ သာဓကနှင့် ပြကြမည်။ ထို့ကြောင့် ကိုမြင့်အောင်လည်း မကပ်နိုင်။ သည်က ဉာဏ်မြင့်တို့ တည်ကြည်တို့လည်း ထွန်းနောင်ကဲ့သို့ပင် အပြင်သို့ မထွက်နိုင်။

သူတို့ချင်းလည်း အဆက်အသွယ် ပြတ်၍နေကြသည်။

ပြီးတော့ သည်ကိစ္စကို ဉာဏ်မြင့်တို့ တည်ကြည်တို့နှင့်လည်း ဆွေးနွေး တိုင်ပင်၍ မဖြစ်။ သူတို့ကိုယ်တိုင်က အဖမ်းခံကြဖို့ ဆုံးဖြတ်ထားကြသည်။ ဖွင့်၍လည်း ပြောသည်။ ပြတ်နေပြီ။

မည်သူ့ကိုမျှ မတိုင်ပင်ပဲ တယောက်ထဲ တောခိုလိုက်မည် ထွန်းနောင်





ကြံပြန်၏။ ဘယ်သို့ သွား၍ ဘယ်သို့လာမည်နည်း။ ဘယ်သူနှင့် ဘယ်နေရာမှာ ဆက်သွယ်ရမည်နည်း။ ထွန်းနောင် အတွေးရ ခက်လှသည်။

သို့သော် တညနေတွင်မူ တည်ကြည်နှင့် ထွန်းနောင်တို့ ထမင်းအတူစားကြရင်း ဆွေးနွေးဖြစ်ကြသည်။ အဖမ်းခံရေးသည် ပို၍ မှန်ကန်လိမ့်မည် ထင်ကြောင်းကို ထွန်းနောင်က စပြောသည်။ ဤသည်ကိုတော့ တည်ကြည်က လည်း ထောက်ခံသည်။ သို့သော် တည်ကြည်ကိုယ်တိုင်က သူသည် ဗမာပြည် ကွန်မြူနစ်ပါတီဝင် ဖြစ်သော်လည်း၊ မြေအောက်ပါတီဝင်များနှင့် သူမသိ။ သူသိသော ကိုမြင့်အောင်နှင့်လည်း မတွေ့ရသည်မှာ တပတ်ခန့်ရှိပြီဟု ဆိုသည်။ ထို့ကြောင့် ရန်သူက ဖမ်းမည်ဆိုလျှင်လည်း အဖမ်းခံလိုက်တော့မည်ဟု ပြောသည်၊

ထွန်းနောင် အခက်ကြုံရသည်။

သည်တွင် ထွန်းနောင်တွေးမိ၏။ ညအက်တွင် သန်းခေါင်ကျော်ပါက မန္တလေးခရိုင်ပါတီရုံးသို့ တိတ်တဆိတ် သွားရောက်မည်။ အကျိုးအကြောင်း မေးမြန်းမည်။ ရန်ကုန်၏အခြေအနေတို့ကို စုံးစမ်းမည်။ ပါတီနှင့် နားလည်မှု ရအောင်လည်း ကြိုးစားမည်။

တွေးသည့်အတိုင်းပင် ညနာရီပြန်နှစ်ချက်ခန့်တွင် ထွန်းနောင်သည် ရတနာပုံဆောင်မှ မြို့ထဲသို့ တယောက်ထဲ စက်ဘီးနှင့်ထွက်ခဲ့သည်။ စစ်ရဲတပ် ရင်းကို ဖြတ်ရတော့မည်ဆိုတော့ ထွန်းနောင်သည် တအားနင်း၍လာခဲ့သည်။ လှည့်၍ပင် မကြည့်ပဲ၊ ခေါင်းကို လက်ကိုင်နှင့် ထိလုမတတ်ငုံ့ကာ နင်းခဲ့သည်။

စိန်ပန်းထဲမှ ပါတီရုံးသို့ ထွန်းနောင်ရောက်ခဲ့သည်။ ပါတီရုံးသည် မှောင်ပိန်း၍နေ၏။ အသံကိုအုပ်၍ တံခါးကို ခေါက်ကြည့်သည်။ ဘာသံမျှ မကြားရ။ နောက်မှ အပြင်ဘက်က ပိတ်၍ခတ်ထားသော သော့ခလောက်ကို စမ်း၍ တွေ့မိသည်။ ထွန်းနောင် ခေါင်းကုတ်မိတော့သည်။

ပါတီမှ ရဲဘော်တို့လည်း ရှောင်၍အိပ်ကြသည်ဟု တွေးမိကာ၊ ထွန်းနောင်ပြန်လှည့်လာခဲ့သည်။ ပြန်အလာမှာမူ ထွန်းနောင် မှန်မှန်ပဲ နင်းတော့သည်။

သံလမ်းသည် လူပြတ်၏။ သည်အချိန်မှာဆိုတော့ ပို၍ပင် ပြတ်၏။ မှောင်ကလည်း မှောင်သည်။ ကုန်းကလည်း ကုန်းတက်။ ထွန်းနောင် မောနေပြီ။

သည်ည တရေးမျှလည်း မအိပ်ရသေး။ ဆာကလည်း ဆာပြီ။ လက်ထဲမှာကလည်း ပိုက်ဆံတပြားမျှ မရှိတော့။ သည်တွင် အိမ်သို့ ပြန်ဦးမှပဟု ထွန်းနောင်သတိရလာသည်။ အိမ်ပြန်မည်။ တခုခု စားမည်။ ခဏ အိပ်မည်။ မိုးမလင်းမီ ပြန်ထ၍ ကျောင်းသို့ ပြန်မည်။ သုံးစရာစွဲစရာ ပိုက်ဆံနည်းနည်း တောင်းမည်။

ထွန်းနောင်သည် အိမ်သို့ရောက်လာသည်။အဖွားက တံခါးဖွင့်ပေးသည်။ တအိမ်သားလုံး နိုးလာကြကာ၊ ဝိုင်း၍ မေးကြမြန်းကြသည်။ ညီမငယ်သည် ထွန်းနောင်ကို ဖက်၍ငိုသည်။ မနက်ကျတော့လည်း ထွန်းနောင် ကျောင်းသို့ ပြန်မသွားပါနှင့်တော့ဟု တားသည်။

ထွန်းနောင်သည် လက်ဖက်ရည်တခွက်နှင့် မုံ့ကျွတ်နှစ်ခုကို စားကာ အိပ်လိုက်သည်။ မအိပ်ရသည်မှာ ကြာပြီဖြစ်၍၊ ခေါင်းချလိုက်သည်နှင့် တပြိုင်နက် ပျော်သွားသည်။

'ဟဲ့ အထွန်း အထွန်း ထစမ်း ထစမ်း'

အဖွားသည် ထွန်းနောင်ကို ကိုင်လှုပ်၍ တိုးတိုးနှိုးသည်။ ထွန်းနောင် နိုးလာ၏။

'အိမ်ကို ပုလိပ်တွေ ဝိုင်းနေပြီ၊ ထစမ်း မြန်မြန်'

ထွန်းနောင် ရုတ်ခြည်း မတ်တတ်ရပ်လိုက်၏။ ခေါင်းရင်း မှန်ပြတင်းမှ အပြင်သို့ လှမ်း၍ ကြည့်လိုက်သည်။ မှန်သည်။ ရဲများ ဝိုင်းနေပြီ။

ထွန်းနောင်တို့ အိမ်သည် လမ်းထောင့်မှာရှိသည်။ ထို့ကြောင့် လမ်းနှစ်ဘက်ပေါ်မှာ ရဲများကို တွေ့ရသည်။ ရဲများသည် စစ်တိုက်နေသကဲ့သို့ အိမ်ကို ချဉ်းကပ်ရာ၌ ကုန်းကုန်း ကုန်းကုန်းနှင့် လာ၍နေကြသည်။ သည်အချိန်မှာပင် နောက်ဖေးဘက်နှင့် အခြားတဘက်မှ လည်း စစ်ဖိနပ်သံများကိုကြားရသည်။





ထွန်းနောင် ထွက်ပြေးဦးမည် ကြံသော်လည်း မပြေးသာတော့။ အဖွားသည် နံနက် ဘုရားဝတ်ပြုနေခိုက် ခြံထဲမှ ဖိနပ်သံများ ကြားရ၍၊ ထအကြည့်တွင် သည်ရဲများကို မြင်ရခြင်းဖြစ်သည်။ မဆိုင်းမတွပင် ထွန်းနောင်ကို နှိုးသည်။ သို့သော် အချိန်နောက်ကျခဲ့လေပြီ။

ထွန်းနောင် မရှောင်တိမ်းနိုင်တော့။

'ကိုထွန်းနောင်၊ ကိုထွန်းနောင်'

အိမ်ရှေ့တံခါးကို ခပ်ပြင်းပြင်းခေါက်၍ အပြင်ဘက်မှ ခေါ်သံကြားရသည်။

'ဟဲ့ ဘယ်လိုလုပ်မှာတုန်း'

အဖွားက ပူပန်စွာမေးသည်။

'ဖွင့်သာ ပေးလိုက်ပါ'

မပြေးသာမှတော့ အဖမ်းခံရရုံပဲ ရှိတော့သည်။ ထွန်းနောင်သည် အိမ်သို့ပြန်၍ အိပ်မိခြင်းအတွက် ယခုမှ နောင်တရလာ၏။ ကျောင်းသားထုနှင့်အတူ မရှိခြင်း၊ တွေဝေခြင်းတို့၏ ရလဒ်ကား သည်သို့ပါတကားဟူ၍လည်း ထွန်းနောင်မြင်လာသည်။

အဖွားက တံခါးဖွင့်ပေးလိုက်သည်နှင့်တပြိုင်နက် ခေါင်းဆောင်လုပ်၍ ဝင်လာသော ရဲအရာရှိသည် အဖွားကို အကာအကွယ်ယူ၍ ထွန်းနောင်ကို လိုက်ရှာသည်။ အိမ်ထဲမှာ မီးပိတ်ထားဆဲမို့ မှောင်နေသဖြင့်လည်း ရဲများသည် လက်နှိပ်ဓာတ်မီးများဖြင့် လိုက်ထိုး၍ ကြည့်နေ၏။ ရဲတယောက်ကမူ ဓာတ်မီးခလုတ်များရှိသော တိုင်ကိုတွေ့၍ ပြေးဖွင့်သည်။ တအိမ်လုံး မီးများ မွင့်လာ၏၊ ထိန်ထိန်လင်းတော့သည်။

ထွန်းနောင်သည် သူ့အိပ်ခန်းထဲမှ ထွက်လာ၏။ သည်တော့မှ ရဲများသည် ပြုံးပျော်သွားကြသည်။

'အမယ်လေး ကိုထွန်းနောင်ရာ လိုက်လိုက်ရတာ၊ ကျွန်တော်တို့ကို ဖတ်ဖတ်မောလို့၊ ခင်ဗျားတယောက်ထဲ လိုနေလို့ ကျွန်တော်တို့ အဖွဲ့ဖြင့် သည်တချီ မစားသာတော့ဘူး အောက်မေ့နေတာ'

ထွန်းနောင်ကမူ ဘာမျှ ပြန်မပြော။

'ကိုထွန်းနောင်၊ ကျွန်တော်တို့ အိမ်ကိုရှာချင်တယ်ဗျာ၊ ပောာသည်မှာ ရက်ကွက်ကသူကြီးလဲ ခေါ်လာတယ်၊ သက်သေအဖြစ်နဲ့'

ခေါင်းဆောင်ရဲအရာရှိက ခွင့်တောင်းသည်။ ပြီးတော့ နောက်၌ကွယ်နေသည့် သူကြီး ဦးရွှေဘော်ကိုလည်း ညွှန်ပြသည်။ သူကြီးသည် မထွက်ချင့်ထွက်ချင်နှင့် ရှေ့ပိုင်းသို့ ထွက်၍လာရသည်။ သူကြီး၏ မျက်နှာသည် အားနာနေပုံကို ပြသည်။ တောင်းပန်နေပုံလည်း ရသည်။

'ဝရမ်းပါတယ်မဟုတ်လား'

'ဟာ ပါတာပေါ့ ကိုထွန်းနောင်ရာ၊ ဘယ့်နှယ်မပါပဲ နေရမလဲ'

သည်တခါမူ ရဲအရာရှိက ပြန်ဖြေခြင်း မဟုတ်။ ရဲများနှင့်အတူပါလာသည့် အရပ်ဝတ်နှင့်လူတယောက်က ကြားဝင်၍ ဖြေလိုက်ခြင်း ဖြစ်သည်။

'ဒါ ရန်ကုန်ပြည်ထဲရေးက ကိုထွန်းနောင်တို့ကိစ္စအတွက် လာတာလေ၊ ဦးချစ်ပုံတဲ့'

'ကိုထွန်းနောင်တို့ပါတီက ကျောင်းသားတွေကို ကျွန်တော် ကိုင်ရတာပါ၊ ဝရမ်းက သည်ကဝရမ်းတောင် မဟုတ်ပါဘူး၊ ဟိုက တိုက်ရိုက်ပေးလိုက်တာပါ'

မှန်သည်။ ပြည်ထဲရေးဌာနတံဆိပ်တုံး ရိုက်နှိပ်ထားသည့်ဝရမ်းကိုပါ ဦးချစ်ပုံက ထုတ်ပြသည်။ ထွန်းနောင် ခေါင်းညိတ်ရတော့၏။

ရဲများသည် ထွန်းနောင်၏အခန်းထဲသို့ ဝင်၍၊ ရှာကြ ဖွေကြသည်။

အိမ်၏ အခြားနေရာသို့မူ မရှာဖွေကြ။ ထွန်းနောင်၏ အခန်းတခန်းထဲသို့သာ ဝင်၍ရှာကြသည်။ ဦးချစ်ပုံလည်း ဝင်ရောက်ရှာဖွေသည်။ ထွန်းနောင်ကို လိုက်ကြည့်ပါဆိုသဖြင့်လည်း ထွန်းနောင်လိုက်ကြည့်နေရ၏။

ဧည့်ခန်းတွင် မန္တလေးမှ ရဲအရာရှိနှင့် သူကြီးတို့အုပ်စုသည် ထိုင်နေသည်။ အိမ်ရှေ့တွင် ရဲကားနှစ်စင်း ရပ်ထားသည်။ ခြံထဲမှာနှင့် ခြံအပြင်ဘက် လမ်းနှစ်ဘက်ပေါ်မှာလည်း ရဲများသည် လက်နက်ကို အသင့်အနေအထားဖြင့် ကိုင်၍ ရပ်စောင့်နေကြသည်။ ထွန်းနောင် တယောက်ထဲကို ဖမ်းဆီးရန်





အတွက် စုစုပေါင်း ရဲနှစ်ဆယ်ကျော်ခန့် ဝိုင်းထားသည်။

ထွန်းနောင် ရယ်မိ၏။

'သရော်တော့ မသရော်ပါနဲ့ဗျာ၊ ကျွန်တော်တို့မှာလဲ တာဝန်အရ ရှာနေရတာပါ'

ဦးချစ်ပုံက သူ့ဖာသာသူမလုံသဖြင့် ထွန်းနောင်ရယ်သည်ကို ရှင်းပြသည်။

သည်အခိုက် သူကြီးသည် ထွန်းနောင်၏ အမေ့အနားသို့ ချဉ်းကပ်၍ ခပ်တိုးတိုးပြောသည်။ ဘာပြောသည်ကို မသိရသော်လည်း၊ မျက်နှာကမူ တောင်းပန်နေပုံ ပေါ်နေသည်။

'ကိစ္စမရှိပါဘူးရှင်၊ ဒါက တာဝန်အရ လုပ်ကြရတာပဲဟာ၊ မဟုတ်ဖူးလား၊ အချိန်ရသေးတယ်ထင်ပါရဲ့၊ မအေးရေဧည့်သည်တွေဖို့ ကော်ဖီလုပ်ပါကွယ်'

'နေပါစေခင်ဗျာ၊ နေပါစေ၊ ကျွန်တော်တို့အတွက် ဒုက္ခမရှာပါနဲ့၊ကျွန်တော်တို့က ဒုက္ခပေးရတာကို အားနာလှပါပြီ'

ရဲအရာရှိနှင့် သူကြီးတို့က ပြိုင်တူ ဝင်၍ အားနာစကားဆိုကြသည်။

သို့သော် ရှာသူတို့ကလည်း တရွက်ချင်း၊ တအုပ်ချင်း အသေအချာလှန်၍ ဖတ်ကြည့်၍ ရှာနေကြသည်ဆိုတော့ အချိန်ကကြာလာသည်။ သည်အချိန်မှာ တအိမ်သားလုံးလည်း နိုး၍လာကြပြီ။ အငယ်ဆုံးညီမလေးသည်ပင်လျှင် နိုးလာ၍၊ မျက်နှာမသစ်နိုင်သေးဘဲ ထွန်းနောင်၏ လက်ကိုလာကိုင်ကာ ရပ်နေ၏။ ရဲတို့ ဖြုံမှုသမျှကိုလည်း အထူးအဆန်းသဖွယ်ကြောက်ကြောက်နှင့် ကြည့်နေသည်။

'ညက ဘာသတင်းများ ထူးသေးသလဲဗျ'

ထွန်းနောင်သည် သတိရလာ၏။ ညက တံတားဖျက်မည့် ကိစ္စသည် သူ့ခေါင်းထဲသို့ ပူပန်စွာရောက်လာသည်။ တံတားဖျက်ဖြစ်၏ မဖျက်ဖြစ်၏ကို သူသိချင်၍လာသည်။ ဖျက်များဖျက်ဖြစ်မည်ဆိုလျှင်တော့ အမှုက မုချလေးတော့မည်။

အမှု လေးမည်ထက်၊ ရန်သူ့အတွက် တိုက်ကွက်တကွက် ပိုရသွားမည်ကို ထွန်းနောင်စိုးရိမ်၏။ ထိုတိုက်ကွက်သာ ရန်သူရရှိသွားမည်ဆိုလျှင် ထွန်းနောင်တို့တော့ မုချခံရတော့မည်။

'ကျွန်တော်တို့က မေးရမှာပါဗျာ၊ ဘယ့်နှယ် ကိုထွန်းနောင်က ပြန်မေးနေတယ်လို့'

'မဟုတ်ပါဘူး၊ ညက ကျွန်တော် အိမ်ပြန်အိပ်တာ မဟုတ်လား၊ ကျောင်းဘက်မှာ ဘာတွေများဖြစ်သေးလဲလို့ မေးကြည့်တာပါ'

သည်တော့ ဦးချစ်ပုံ ပြုံး၍ ထလာသည်။ ထွန်းနောင်၏ အနားသို့ လျှောက်လာသည်။

'ညက ကိုထွန်းနောင်လဲ ကျောင်းမှာရှိနေတာပဲ၊ ကျွန်တော်တို့ ကျောင်းကို မဝင်မီခင်ကလေးမှာမှ ကိုထွန်းနောင် ကျောင်းကထွက်သွားတာ ကျွန်တော်တို့ သိပါတယ်။ ကိုထွန်းနောင် သတင်းရသလို ကျွန်တော်တို့လဲ သတင်းရပါတယ်'

ထွန်းနောင် စိတ်ပျက်ရပြန်သည်။ ရန်သူသည် ကြံဖန်၍ အထင်ကြီးနေပြန်၏။ သူတို့ ဖမ်းမည်ဆိုသည့် သတင်းကိုပင် ကြိုရ၍ ထွန်းနောင် ရှောင်တိမ်းသယောင်ယောင် ဆိုပြန်သည်။

'ကျွန်တော် ဘိုင်ပြတ်လို့ အိမ်ပြန်လာတာပါဗျ၊ ဘယ်က ဘာသတင်းမှ မရရပါလား'

ဦးချစ်ပုံက အေးအေးနှင့် ပြုံးပြန်သည်။

'ကိုထွန်းနောင် ဘယ်အထိ ခေါင်းအေးအေးထားပြီး စဉ်းစားတတ်တယ်ဆိုတာ ကျွန်တော်တို့သိပါတယ်၊ သိပ်မပူပါနဲ့ ကိုထွန်းနောင်၊ ခင်ဗျားရဲ့ဆန္ဒအတိုင်းပါပဲ၊ ညက ဟံတားမဖျက်ဖြစ်ပါဘူး၊ ကျွန်တော်တို့ သတင်းရပါတယ်'

သည်တခါမှ ထွန်းနောင် အကြီးအကျယ် စိတ်ပျက်မိတော့သည်။ ထွန်းနောင်သည် ညက တွေ့ခဲ့ရသည့် ကျောင်းသားနှစ်ဆယ်ခန့်ကို ပြန်၍ မြင်ယောင်ကြည့်မိ၏။ အကုန်ကိုတော့ မမှတ်မိနိုင်။ ညကလည်း ညဆိုတော့





သူတို့ သူတို့၏ မျက်နှာများကို ကောင်းကောင်း မမြင်ရနိုင်ခဲ့။

ပြီးတော့ ထွန်းနောင်၏သဘောထားကိုလည်း သိနေသည်ဆိုတော့၊ ကေနဲ့ သစ္စာဖောက်သည် ကိုယ့်အထဲကပဲ ဖြစ်ရမည်ဟု ထွန်းနောင်တွေးလိုက်သည်။ သောင်းဖေလော။ ထွန်းဝေလော။ ကျွန်တော် မြင့်သိန်းဆိုသူလော။

တင်မောင်ဝင်းကိုလည်း ပြေး၍မြင်လိုက်၏။ သည်အတိုင်းသာဆိုလျှင်တော့ တင်မောင်ဝင်းလည်း ဒုက္ခပင်။ တင်မောင်ဝင်းသည် ဟံတားဖျက်ရေးစီမံကိန်းတွင် ခေါင်းဆောင်လာခဲ့သူ မဟုတ်လော။

ထွန်းနောင်သည် တွက်လိုက်၏။ တင်မောင်ဝင်းကိုတော့ ရန်သူသည် မဲတော့မည်။

'ကဲ ပြည့်စုံပါပြီ ဟို ငါးခွေးထုတ်ထားတာတွေ ယူခဲ့ပေဟ့၊ သည်စားပွဲမှာ စာရင်း လုပ်ရအောင်၊ ဦးမြိုင်က ပုံစံနဲ့ စာရင်းလုပ်ဗျာ'

ဦးချစ်ပုံသည် သူ သိမ်းမည့် စာရွက်စာတမ်းများကို စားပွဲသို့ အယူခိုင်း၍ ရဲအရာရှိအား အမိန့်ပေးလိုက်သည်။

သည်အချိန်မှာ နံနက်နေခြည်ကလေးပင် သန်း၍နေလေပြီ။ ခုနှစ်နာရီလည်း ထိုးပြီ။ အပြင်ဘက်မှာဆိုလျှင် ရဲကားများရပ်ထားကာ ရဲများစောင့်နေသဖြင့်၊ ရပ်ကွက်ကလည်း ကြည့်၍နေကြပြီ။

စာရင်းများ လုပ်ပြီးသောအခါ၊ ထွန်းနောင်ကို လက်မှတ်ထိုးခိုင်းသည်။ မိတ္တူတစ်ရွက်ကို အိမ်မှာပေးခဲ့၍၊ စာရွက်စာတမ်းများကို ကားရှိရာသို့ ယူဆောင်၏။

'ကဲ ကိုထွန်းနောင်၊ ခဏတော့ လိုက်ခဲ့ပါအုံးဗျာ'

ထွန်းနောင် ပြုံးမိသည်။ သည် 'ခဏ'ဆိုသည်၏ အကြောင်းကို ထွန်းနောင်တို့ သိပြီးဖြစ်နေသည်။ သည် 'ခဏ' သည် တနှစ်လော။ နှစ်နှစ်လော။ သုံးနှစ်လော။

'အိပ်ရာလိပ်တော့ ယူခဲ့အုံးမှ'

'မလိုပါဘူးကိုထွန်းနောင်၊ ရုံးမှာ လက်ထောက်ရဲမင်းကြီး ဦးနီဆိုတာ

သိမှာပေါ့၊ ရန်ကုန်က လိုက်လာတာ၊ သူစောင့်နေပါတယ်၊ သူနဲ့တွေ့ပြီးမှ အဆုံးအဖြတ်ကျမှာပါ'

ပသို့ဆိုစေ၊ ထွန်းနောင်သည် အခန်းထဲသို့ ပြန်ဝင်၍ အင်္ကျီအဖွေးကိုမှု ထပ်၍ဝတ်လိုက်သည်။ လိုရမည်ရသဘောနှင့် အမေ့ထံမှလည်း ငွေသုံးဆယ် တောင်း၍ ထည့်ခဲ့သည်။ သည်အချိန်အထိ သူ့နောက်မှာ တကောက်ကောက် လိုက်နေသည့် ညီမလေးအတွက်မူ ထွန်းနောင် စိတ်ဆင်းရဲမိ၏။

'ကိုကိုကြီး ခဏ လိုက်သွားလိုက်အုံးမယ်နော် ညီမလေး၊ ညီမလေးဖို့ အပြန်ကျရင် မုံ့မုံ့တွေ ဝယ်ခဲ့မယ်'

ထွန်းနောင်သည် ညီမလေးကို ငုံ့နမ်း၍၊ အိမ်အပြင်သို့ ထွက်လိုက်သည်။

'ကျွန်တော့်အတွက် ဘာမှ စိတ်ပူမနေနဲ့နော် အမေ'

ခြံတံခါးဝအထိ လိုက်ပို့သော အမေ့ကိုလည်း ထွန်းနောင် နှုတ်ဆက်သည်။

(၂)

ငါတို့တော့ ခံရပြီ။

ထွန်းနောင်သည် မြို့မအချုပ်ခန်းထဲသို့ ရောက်သည်နှင့် တပြိုင်နက် သဘောပေါက်လာ၏။

မှန်သည်။ မြို့မရဲစခန်းသို့ ရောက်သောအခါ ကိုယ့်ထက်စော၍ ရောက်နှင့်နေကြသော ဉာဏ်မြင့်၊ တည်ကြည်၊ အောင်ထွေးနှင့် သိန်းလွင်တို့ကို တွေ့ရသည်။ စခန်းမှူး၏ ရုံးခန်းထဲတွင်မူ လူထုဦးလှနှင့်ဒို့ဘုရင်ဦးဘရင်တို့ ရှိနေသည်။ သူတို့ကိုလည်း ဖမ်းထားသည်ဟု ဆိုသည်။





ဘာကိုမှန်း မသိ၊ ထွန်းနောင်တို့ ထိုင်စောင့်နေရသည်။ ရဲအရာရှိများမှာမူ ပြာရာခတ်နေ၏။ သူတို့ ဘာကိစ္စများနေသည်ကား မသိရ။

အမှန်တော့ နောက်ထပ် မမျှော်ကောင်း။ သည်နေရာသို့ ကိုယ့်ရဲဘော်ရဲဘက်များ နောက်ထပ်တယောက်မျှ ရောက်မလာလျှင် ကိုယ်ဝမ်းသာဖို့ပင်။ သို့သော် မည်သူများ နောက်ထပ် ရောက်လာလိမ့်ဦးမည်နည်းဟု ထွန်းနောင်တို့ မျှော်မိသည်။ မည်သူတို့ကို လိုက်၍ ဖမ်းနေသေးသနည်း။ မည်သူတို့ကို လိုက်၍ ရှာနေသေးသနည်း။

ကျောင်းမှာ မည်ကဲ့သို့ ဖြစ်နေကြလေပြီနည်း။

သည်အဖမ်းခံရသည့် အထဲမှာတော့ တက္ကသိုလ်မှဆိုလျှင် သုံးယောက်ပဲ ပါသည်။ ဉာဏ်မြင့်နှင့် တည်ကြည်သည် ဗမာပြည်ကွန်မြူနစ်ပါတီမှ ဖြစ်ကြ၍၊ ထွန်းနောင်က အလုပ်သမားညီညွတ်ရေးပါတီမှဖြစ်သည်။ အလံနီ ကွန်မြူနစ်ပါတီမှ တင်မောင်ဝင်းသည်ပါမလာသေး။ တင်မောင်ဝင်း ပါမလာသေးသည့်အတွက် တင်မောင်ဝင်းအတွက် ဝမ်းသာဖြစ်သည်။

တင်မောင်ဝင်းသည် ညက တံတားဖျက်ရန် လက်နက်ရှာခဲ့သည်။ လက်နက်ရှာရင်းနှင့် အချိန်မရှိတော့၍၊ တနေရာရာမှာ ဝင်အိပ်နေပြီလော။ သူ့အိမ်နှင့် ကျောင်းဆောင်မှာသာ မအိပ်လျှင် သူ့ကို ရုတ်တရက် ရှာတွေ့နိုင်ကြမည်မဟုတ်။ အမှန်စင်စစ် တင်မောင်ဝင်းလျှင်ပါးသည်။ တင်မောင်ဝင်းသည် အသက်အကြီးဆုံး ဖြစ်သည်။ နိုင်ငံရေးသက်အားဖြင့် ပြောမည်ဆိုလျှင်လည်း တင်မောင်ဝင်းသည် မုံရွာခရိုင် ကျောင်းသားသမဂ္ဂက တက်လာသူဖြစ်သည်။ မုံရွာခရိုင်ကျောင်းသမဂ္ဂ၏ ကိုယ်စားလှယ်အဖြစ် ၄၈ ခုနှစ်ကတည်းက ဗကသ ညီလာခံမှာ ထင်ရှားလာခဲ့သူဖြစ်သည်။ ထို့ကြောင့် တင်မောင်ဝင်းသည် သည်အခြေအနေကို ကြားသည်နှင့်တပြိုင်နက် ရှောင်တိမ်းပေလိမ့်မည်။

ဘာပဲပြောပြော တင်မောင်ဝင်း၏ ရဲရင့်သောသတ္တိကို ထွန်းနောင်တို့ တည်ကြည်တို့ ယုံကြည်သည်။ တက္ကသိုလ်မှာ တင်မောင်ဝင်းတယောက် ကျန်နေသေးလျှင်ပင် အဖမ်းခံရသူတို့ အနေနှင့် အားရှိသည်။ တပ်လည်း ပျက်လိမ့်မည် မဟုတ်။ တင်မောင်ဝင်းသည် ထွန်းနောင်တို့ပါတီမှ ရဲဘော်

များ၊ ညာဏ်ဖြင့်တို့ပါတီမှ ရဲဘော်များနှင့် ပေါင်းစည်း၍ ဆက်လက်တိုက်ပွဲဝင်နေပေလိမ့်မည်။

အထူးသဖြင့် ဒီကနေ့တိုက်ပွဲမှာ တင်မောင်ဝင်း၏အယူအဆကို နှစ်သက်သောအုပ်စုသည် ကျန်နေရစ်ခဲ့သည်။ တပ်ဦးဥက္ကဋ္ဌ ကိုကျော်သက်ကိုလည်း ဘာပဲပြောပြော တင်မောင်ဝင်းခေါင်းဆောင် တွဲခေါ်နိုင်လိမ့်မည်။ မနေ့ညက သောင်းဖေနှင့် ထွန်းဝေကဲ့သို့သော အနုသမားများကိုပင် စည်းရုံးသိမ်းသွင်း၍ ခေါင်းဆောင်လာနိုင်လျှင်၊ တင်မောင်ဝင်း၏ စည်းရုံးရေး အရည်အချင်းကို သံသယ ရှိစရာမရှိ။

ရယ်တော့လည်း ရယ်ဖို့ကောင်းဘိသည်။ ပို၍ ပြတ်သားစွာတိုက်မည်ဟုဆိုကြသည့် ရဲဘော်များသည် ကျန်နေရစ်ခဲ့ကြသည်။ ရန်သူထောင်ထားသည့် ကွန်မှန်းသိ၍ မတိုက်ချင်ဘူး ပြောသူများသည် အထဲသို့ရောက်လာကြရ၏။

အောင်ထွေးကမူ မန္တလေးခရိုင်ကျောင်းသားသမဂ္ဂ၏ ဥက္ကဋ္ဌ။ ဗမာပြည်အလုပ်သမားညီညွတ်ရေးပါတီ၏ခရိုင်ကျောင်းသား ကလပ်စည်းခေါင်းဆောင်လည်းဖြစ်သည်။ သိန်းလွင်ကမူ ဗမာပြည်ကွန်မြူနစ်ပါတီ၏ခရိုင်ကျောင်းသားကလပ်စည်းခေါင်းဆောင်။ သိန်းလွင်သည် မန္တလေးခရိုင်ကျောင်းသားသမဂ္ဂတွင် ဒုတိယဥက္ကဋ္ဌနေရာသာ ယူထားသည်။ စည်းရုံးရေးထက်မြက်၍ ကျောင်းတိုင်းမှ ကျောင်းသားတိုင်းက သူ့ကို သိကြသည်။ အံ့သြစရာ အနည်းငယ်ကောင်းသည်က အုန်းမောင်ပါ ပါမလာခြင်း။ အုန်းမောင်သည် အလံနီပါတီ၏ ခရိုင်ကျောင်းသားကလပ်စည်း ခေါင်းဆောင်။ ပြီးတော့လည်း ခရိုင်ကျောင်းသားသမဂ္ဂတွင် အုန်းမောင်သည် အတွင်းရေးမှူး။

တင်မောင်ဝင်းလည်း ပါမလာ၊ အုန်းမောင်လည်း ပါမလာသောအခါ၌မူ ထွန်းနောင်တို့ စဉ်းစားစရာဖြစ်လာသည်။

သည်အချိန်မှာတော့ ပါမလာချင်နေပါစေလေ။ တပါတီလိုနေသော်လည်း ကိစ္စမရှိ။ ရန်သူ့လက်သို့ တပါတီ မကျရောက်လျှင်လည်း မကျရောက်သည့်အတွက် ဝမ်းမြောက်စရာပင်။

မှန်သည်။ တည်ကြည်တွေးသည့်အတိုင်းပင် အခြေအနေက ကောင်းနေ





သည်။ ကျောင်းသားတို့သည် ပို၍ ဆူပူနေကြပြီဟု ကြားရသည်။ အဖမ်းခံရသူများကို ထောင်ထဲသို့ ပို့ရန်သည်ပင်လျှင် အခက်အခဲတွေ့နေရသည်ဟုဆိုသည်။ လမ်းခုလတ်မှ ဆန္ဒပြကျောင်းသားများက သူတို့၏ ခေါင်းဆောင်များကို လုယူကြလိမ့်မည်ဟု ဆိုသည်။ ဝမ်းသာရပါဘိ။

ထွန်းနောင်တို့ကို စောင့်နေသည့် ရဲသားတို့သည် သူတို့ကြားလာသည့် သတင်းများကို သူတို့ချင်းပြော၍နေကြသည်။ အထက်က အရာရှိသည် သူတို့ကိုကောင်းစွာစောင့်ကြပ်ကြရန်နှင့် အထက်အမိန့်ကို အသက်ပေး၍ လိုက်နာကြရန် သတိပေးသွားသည်ဟု ဆိုသည်။

တင်မောင်ဝင်း ခေါင်းဆောင်၍ သတ္တိပြနေပြီ။ တင်မောင်ဝင်းသည် နဂိုကမှ ပြတ်ပြတ်သားသား တိုက်ချင်နေရသည့်အထဲ၊ ယခုနယ် ရဲဘော်များကို ဖမ်းသွားပြီဆိုတော့ တင်မောင်ဝင်းရမ်းနေလေပြီလော။ ပစ္စည်းမဲ့တို့၏ ဒေါသဖြင့် တိုက်ပွဲကို အစွမ်းကုန် မြှင့်၍ တိုက်နေလေပြီလော။

တင်မောင်ဝင်းသည် မကြောက်တတ်။ ထွက်ပြေးတတ်သည့် အမျိုးလည်းမဟုတ်။ သူသည် ညက တနေရာသို့ ရောက်နေကာ၊ သည်ကနေ့နံနက် သတင်းစုံကြားရသည်နှင့် တပြိုင်နက် ကျောင်းသားထုထဲသို့ ဗုချပြေးဝင်ပေလိမ့်မည်။ သူသည် ကျောင်းသားထုကို တကယ်ယုံကြည်၏။ ကျောင်းသားထုနှင့်အတူ မှန်လျှင်လည်းမှန်၊ မှားလျှင်လည်း လိုက်မှားရဲသည့် အရည်အချင်းသည် သူ့မှာရှိ၏။

သည်မနက် တင်မောင်ဝင်းသည် ရှိသမျှခေါင်းဆောင်များကို စုဝေးစေ၍၊ တိုက်ပွဲ အဟုန်ကို မြှင်သင့်သည့်အကြောင်း ဆွေးနွေးတင်ပြပေလိမ့်မည်။ ပျော့ပျော့ ပျော့ပျော့နှင့် အင်္ဂလိပ်စကား အိုင်ဆေးတွေ အများကြီးထည့်သုံးကာ၊ တက်ကြွလာအောင်လည်း လှုံ့ဆော်ပေလိမ့်မည်။

ယခုအချိန်ဆိုလျှင် သူသည် ကျောင်းသားတပ်ကြီးကို ဦးဆောင်လျက်၊ အဖမ်းခံကျောင်းသားတို့ ရှိမည်ထင်ရာသို့ ချီတက်နေလေပြီလော။ ခွပ်ဒေါင်းအလံကြီးကို ဘယ်ညာ ဝှေ့၍ဝှေ့၍ ကြွေးကြော်သံများကို ကြွေးကြော်ကာ ဤမြို့မ ရဲစခန်းရှိရာသို့ လာနေကြလေပြီလော။

ဆန္ဒပြ ကျောင်းသားတပ်ကြီး ချီတက်လာသည်ကို ဖက်ဆစ် ပါးကွက်

အာဏာသားတို့သည် မည်သည့်နေရာမှနေ၍ တားမည်နည်း။ တင်မောင်ဝင်းသည် တားသော်လည်း ရလိမ့်မည်မဟုတ်။ တင်မောင်ဝင်းသည် သေရမှာကိုလည်း မှုလိမ့်မည်မဟုတ်။ တိုက်ရဲသည် သေရဲသည်ဆိုသည်မှာ သူ့မှာအစစ်။

သို့သော် ကြွေးကြော်သံများကိုလည်း နံနက် ဆယ်နာရီခန့်အထိ သဲ့သဲ့မျှမကြားလာရ။ ဆန့်ကျင်ဘက်ဖြစ်သော သေနတ်သံများကိုလည်းကြားမလာရ။ စောစောက ရဲတို့အချင်းချင်း ပြောရာမှ ကြားရသည့်သတင်းအစအနသည်လည်း မည်သို့ဖြစ်ကုန်ပြီမသိ။

ထွန်းနောင်တို့ငါးယောက်ကို တယောက်လျှင် ရဲကားတစင်းကျဖြင့် တင်ဆောင်၍၊ ရှေ့နောက် လက်နက်ကိုင် အစောင့်များ ခြံရံကာ ထောင်ထဲသို့ ပို့တော့သည်။ မြို့မရဲစခန်းမှ နန်းတွင်း အကျဉ်းထောင်ရှိရာသို့ ပို့ဆောင်သည့် လမ်းမှာမူ အဆင်ပြေသည့် မင်္ဂလာလမ်းမှ မပို့ဘဲ၊ နန်းတော်ရှေ့ဘက်မှ လှည့်ပတ်၍ပို့သည်။

နောက်ထပ်လည်း မည်သူမျှ ရောက်၍ မလာတော့။

အမှန်စင်စစ် သည်ငါးယောက်ထဲတွင် အဖမ်းခံရဖူးသူလည်း တယောက်မျှမပါ။ ထောင်ထဲသို့ ရောက်ဖူးသူလည်း တယောက်မျှမရှိ။ ထို့ကြောင့် ထောင်သည် သူတို့အဖို့မှု အတွေ့အကြုံသစ်တရပ်ဖြစ်တော့သည်။

ထွန်းနောင်သည် ထောင်ထဲသို့ မရောက်မီကမူ ထောင်ဆိုသည်ကို ကြောက်ခဲ့သည်။ သူတွေ့ဖူးသည့် ထောင်ဆိုသည်မှာ စာအုပ်ထဲမှ ထောင်နှင့် အင်္ဂလိပ်ရုပ်ရှင်များထဲမှ ထောင်တို့သာလျှင် ဖြစ်ကြသည်။ ထိုထောင်တို့သည် အလင်းရောင်မရှိ။ အခန်းကျဉ်းကျဉ်းကလေး။ အထဲမှာ အိပ်စရာနေရာလည်း သီးသန့်မရှိ။ ကောက်ရိုးမှိုက်တို့ကိုသာ ထည့်ထားသည်။ ရေလည်း မရှိ။ မီးလည်း မရှိ။ ပြီးတော့ အကျဉ်းသားကိုလည်း လက်ရောခြေထောက်ပါ သံကြိုးကြီးများဖြင့် ခတ်ထားသည်။

ထောင်အကြောင်းကို ကြားဖူးနားဝ မရှိသည်တော့ မဟုတ်။ အပြင်ဘက်မှာတုန်းက နိုင်ငံရေးသမား ခေါင်းဆောင်အချို့နှင့် တွေ့ရစဉ် ထောင်အကြောင်းကို ပြောကြသည်။ ထောင်ထဲကကြွက်သည် အပြင်ကကြွက်





ထက် နှစ်ဆခန့်ကြီးသည်။ ထောင်ထဲက ကြမ်းပိုးသည် ရွှေးကြီးစေ့ခန့်ရှိသည်။ ထောင်ထဲမှာ ကြွက်ကို ဖမ်း၍ စားကြရသည်။ ကျိုးကန်းကို ဖမ်း၍ စားကြရသည်။ ကိုယ်အလေးချိန် မလျော့အောင်လည်း ခဲရေကိုသာ သောက်ရသည်။ ရေချိုးလျှင်လည်း ပုံစံနှင့်ချိုးရသည်။ စားလျှင်လည်း ပုံစံနှင့်သာ စားရသည်။ ပြီးတော့ အခင်းကြီး စွန့်ချင်လျှင် အခင်းကြီးစွန့်သည့်နေရာက တနေရာ၊ အခင်းလေးကို တပါတည်းမစွန့်ရ။ ရောက်ခါစဆိုလျှင် ရှိနှင့်နေသော နှစ်ကြီးသမားများက ဝင်လာသည့် လူသစ်များကို ဝိုင်း၍ နှံကြသည်။ တချို့ဆိုလျှင် မစင်နှင့်အခင်းလေးကိုရော၍ ထောင်လက်ဖက်ရည်ဟုဆိုကာ ဖွတ်အစွေ့ တိုက်ကျွေးသည်။ သည်သို့သော ဗမာပြည်မှ ထောင်များ၏ အကြောင်းကိုလည်း ထွန်းနောင် မှတ်သားရဖူးသည်။

ထွန်းနောင် ကြောက်လိုက်သည့်အဖြစ်။ တွေးမိသည်နှင့်ပင် ကြက်သီးမွေးညင်း ထသွားသည်။

ယခုလည်း ထောင်ထဲသို့ ရောက်သည်နှင့်တပြိုင်နက် ထိုကဲ့သို့သော နှိပ်စက်ကလူ ပြုမှုများနှင့် ကြုံရမည်ဆိုလျှင်၊ အသက်ပင်သေသေ ပြန်၍ တွယ်တော့မည်ဟု ထွန်းနောင် ဆုံးဖြတ်ချက်ချထားသည်။ ထွန်းနောင်တသက်မှာ တခါဆိုတခါမျှ လူချင်းရန်မဖြစ်ဘူးခဲ့။ လက်သီးချင်း ထိုးသည့်အဖြစ်မျိုးနှင့်ပင် တခါမှ မကြုံတွေ့ဘူးခဲ့။ သို့သော် သည်တခါတော့ ထွန်းနောင်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ဘယ်လက်ဖဝါးဖြင့် ငုံ၍လည်း ညာလက်သီးကို သွေးသည်။

သို့သော် ကိုယ်ကိုယ်တိုင် ထောင်ထဲသို့ ရောက်ရသောအခါ၌မူ အရာခပ်သိမ်းတို့သည် ကြားထားရသကဲ့သို့ မဟုတ်ကြ။ တွေးထား မြင်ယောင်ထားသကဲ့သို့လည်း မဟုတ်ကြ။

ထောင်ဖူးဝ ရုံးခန်းမှာ သူ့ ဆိုင်ရာကိစ္စများကို လုပ်ပြီးတော့ ထောင်ထဲသို့ ထောင်မှူးတယောက်က လိုက်ပို့သည်။ ထွန်းနောင်တို့ အိပ်ထဲမှ ရှိရှိသမျှ ပစ္စည်းများကိုမူ ထောင်ရုံးခန်းက ယူလိုက်ပြီးဖြစ်သည်။ ဖောင်တိန်တို့ ပိုက်ဆံတို့၊ မှတ်စုစာအုပ်တို့ စသည်တို့ကို စာရင်းဖွင့်၍ သိမ်းလိုက်ပြီးဖြစ်သည်။

ထောင်မှူးသည် အသက်ငယ်ငယ်ပဲ ရှိသေးသည်။ သူနှင့်အတူ စလွယ်နီ

ကြီး သိုင်းထားသည့် ထောင်ကြပ်ချုပ်လည်း ပါလာသည်။ ထွန်းနောင်တို့သည် အဝတ်တထည် ကိုယ်တခုနှင့် ဝင်၍ လာကြ၏။ လက်ထဲတွင်လည်း ဘာမျှ မပါကြ။

သံတံခါးကို ဖွင့်၍ ဝင်လိုက်သည်။ သံကွန်ချာထဲသို့ ရောက်လာ၏။ ထိုသံကွန်ချာကို တဖန်ဖွင့်ပြန်သည်။ သည်တော့မှ ထောင်ဆိုသည့်အထဲသို့ ရောက်တော့၏။ သို့တိုင် အကျဉ်းသားများများ မတွေ့ရသေး။ တွေ့ရသည့် အကျဉ်းသားတို့သည် ထွန်းနောင်တို့ကို ရပ်၍ ကြည့်ကြသည်။ သည်အထဲမှ တယောက်နှစ်ယောက်သည် အကဲခတ်ကောင်းပုံ ရသည်။ ရုတ်တရက်ပင် 'ကျောင်းသားတွေဟေ့၊ ကျောင်းသားတွေ ရောက်လာကြပဟေ့' ဟု ဝမ်းသာအားရ ဟစ်အော်၍ပြေးသည်။ တချို့ကလည်း ထွန်းနောင်တို့ အနားသို့ ချဉ်းကပ်လာကြသည်။ သို့သော် ထောင်ကြပ်ချုပ်ဆိုသူက မောင်းနှင်၍ ပစ်သည်။ အနားသို့ မကပ်ရ။ ကျောင်းသားများနှင့် စကားမပြောရ။

တနေရာသို့ ရောက်ပြန်သည်။ အုတ်ရိုးတရိုး ပိတ်ခံ၍နေသည်။ တဖက်နှင့် တဖက်မမြင်ရသော တံခါးပေါက်ကို ထောင်မှူးက သူ့လက်ကိုင်ဒုတ်နှင့် ခေါက်လိုက်သည်။ သည်တွင် တဖက်မှ တံခါးစောင့် ထောင်ကြပ်က ချောင်းကြည့်ပေါက်ကလေးကို ဖွင့်ကြည့်သည်။ ထွန်းနောင်တို့ ဘက်မှမူ ချောင်းကြည့်သူ၏ မျက်လုံးတဖက်ကိုသာ မြင်ရသည်။ သို့သော် သူ့ဘက်မှမူ အကုန်မြင်ပေမည်။ ထို့ကြောင့်လည်း သူသည် မင်းတုံးထိုး၍ သော့ခလောက်ကြီးနှင့်ခတ်ထားသောတံခါးကို ကဗျာကရာဖွင့်ပေးသည်။ အုပ်ရိုးလေးဘက်ကာရံထားသည့် ဝိုင်းတဝိုင်းထဲသို့ ရောက်ကြရပြန်သည်။

သည်အထဲမှာမူ အုတ်ခုံခံ နှစ်ထပ်တန်းလျားရှည်ကြီးတခု ရှိသည်။ တန်းလျားရှည်ကြီးသည် အခိုင်အခန့် ဆောက်ထားသည်ကား မှန်သည်။ အမိုးကလည်း သွပ်မိုးပင်ဖြစ်သည်။ တိုင်ကြီးများကလည်း ခြောက်ပတ်လည်တိုင်များ ဖြစ်ကြသည်။ အထက်ထပ်ကလည်း ကြမ်းခင်းအထူနှင့် ဖြစ်သည်။ သို့သော် ပြတင်းပေါက်များကား မရှိ။

စင်စစ် ပြတင်းပေါက်များ ရှိရန်လည်း မလိုအပ်။ နံရံအကာသည် အုတ်လည်းမဟုတ်။ လျှာထိုးသစ်လည်း မဟုတ်။ အပိတ်မဟုတ်။ လေး×နှစ် ဆင့်





ကြီးများပစ်ကာ လေး×နှစ် သစ်သားတန်းများကို ဝန်းနံရံကဲ့သို့ အကျဲရိုက်ထားသည်။ ထို့ကြောင့်လည်း အပြင်ဘက်မှ အထဲကို အကုန်မြင်ရသည်။ အထဲတွင်မူ ဆေးရုံတရုံကဲ့သို့ ခြေရင်းချင်းဆိုင်ထားသည့် ကုတင်နှစ်တန်းကို တွေ့ရသည်။ အိပ်ရာအိပ်ခင်းများသည် စစ်တန်းလျားများထဲမှာကဲ့သို့ စနစ်တကျ လိပ်သိမ်း၍ ထားကြသည်။

တန်းလျားကြီးသည် ပြဝက်ခန့်မျှအထိ ရှည်လိမ့်မည်ထင်သည်။ သို့သော် အောက်ထပ်မှာ ဝင်ရန် ထွက်ရန်အတွက် တံခါးပေါက်တပေါက်ပဲ ရှိသည်။ အပေါ်ထပ်မှာလည်း တပေါက်သာရှိ၍ လှေကားလည်း တစင်းပဲ ရှိသည်။ သည်အထဲမှာမူ အကျဉ်းသားနှစ်ရာ သုံးရာခန့် ရှိလိမ့်မည်ထင်သည်။

'ဟေ့ ဒို့ကျောင်းသားကို မထိနဲ့'

' မီးပွင့်သွားမယ်၊ မီးပွင့်သွားမယ် '

' ဖက်ဆစ်ငနဲ့ အစိုးရ'

'ကျဆုံးပါစေ၊ ကျဆုံးပါစေ'

' ဒီမိုကရေစီတော်လှန်ရေး'

' အောင်ရမယ်၊ အောင်ရမယ်'

အကျဉ်းသား နှစ်ရာသုံးရာခန့်သည် ဘယ်တုန်းကများ ကြိုတင်၍ တိုက်ထားသည် မသိ။ ထွန်းနောင်တို့ကိုမြင်သည်နှင့်တပြိုင်နက် ဆယ်ယောက်ခန့်က သံပြိုင် စ တိုင်သည်။ တဆောင်လုံးကလည်း တညီတညာတည်း လိုက်ကြွေးကြော်ကြ၏။

ရုတ်တရက်ဆိုတော့ ထွန်းနောင်တို့ပင် ကြောင်သွားသည်။ သို့သော် သူတို့သည် လက်သီး လက်မောင်းများတန်း၍၊ အားရ ပါးရ ကြွေးကြော်နေကြခြင်းဖြစ်သည်။ ကျောင်းသားများ ဖြတ်လျှောက်သွားသည်ကိုလည်း အဆောင်တွင်းမှပင် ရင်ဘောင်တန်း လိုက်၍လာကြသည်။ တချို့ကလည်း မမြင်ဘူး၍ တန်းကြားများမှ တိုးဝှေ့ကြည့်ကြသည်။ အဆောင်တွင်း၌ တဖက်ထဲ စု၍ ရောက်ကုန်သည်အထိလည်း လိုက်၍ လာကြသည်။

သည်တော့ တည်ကြည်သည် ရှေ့ဆုံးမှနေ၍ နောက်သို့ ပြန်လှည့်ကာ

ကြွေးကြော်သံကို တိုင်လိုက်သည်။

'ဟေ့ ဒို့ကျောင်းသားကို မထိနဲ့'

'မီးပွင့်သွားမယ်၊ မီးပွင့်သွားမယ်'

'ကျောင်းသားနဲ့ အလုပ်သမား'

'ညီညွတ်ကြ၊ ညီညွတ်ကြ'

'ကျောင်းသားနဲ့ လယ်သမား'

'ညီညွတ်ကြ၊ ညီညွတ်ကြ'

'ဒီမိုကရေစီပညာရေး

'ဒို့အရေး၊ ဒို့အရေး'

'ဒီမိုကရေစီတော်လှန်ရေး'

'ဒို့အရေး၊ ဒို့အရေး'

တည်ကြည်က စ၍ တိုင်လိုက်သည်နှင့် တပြိုင်နက် ထွန်းနောင်တို့ကလည်း လိုက်၍ကြွေးကြော်သည်။ သည်ကြွေးကြော်သံများကမူ အထူးတိုက်နေစရာမလိုတော့။ ကြွေးကြော်နေကျလည်း ဖြစ်သည်။

ကျောင်းသားတို့ ကြွေးကြော်နေစဉ်မှာမူ အဆောင်ထဲမှ အကျဉ်းသားတို့သည် သူတို့၏ ကြွေးကြော်သံများကို ဆက်လက်၍ မကြွေးကြော်ပဲ ရပ်စောင့်နေကြသည်။ ကျောင်းသားတို့ ၏ ကြွေးကြော်သံ ငါးချက် ပြီးဆုံးသောအခါ၌မူ တခဲနက်မျှသော သြဘာလက်ခုပ်သံများက ဟိန်းသွားသည်။ လက်ခုပ်သံများသည် တထောင်လုံးကိုလည်း ပြန့်နှံ့သွားလိမ့်မည် ထင်ရ၏။

ပြီးတော့မှ ကျောင်းသားတို့ ကြွေးကြော်သောကြွေးကြော်သံငါးချက်ကို သူတို့ဖာသာ သူတို့ကြွေးကြော်ကြပြန်သည်။

သည်တခါမူ သည်မြင်နေရသည့် အဆောင်မှသာ မဟုတ်တော့ အခြားမမြင်ရသည့် အုတ်ရိုး၏ လေးဘက် လေးတန်မှလည်း ကြွေးကြော်သံများကို ကြားရသည်။ ကြွေးကြော်သံများ ကြွေးကြော်လိုက်၊ ဆုံးလျှင် လက်ခုပ်တီးလိုက်ကြနှင့် တထောင်လုံးသည် တက်ကြွလျက် ရှိကြသည်။





အကျယ်ဆုံးနှင့် အတက်ကြွဆုံး ကြွေးကြော်သံမှာကား 'ဒို့ကျောင်းသားကို မထိနဲ့၊ မီးပွင့်သွားမယ်၊ မီးပွင့်သွားမယ်' ဟူသည့် ကြွေးကြော်သံပင်တည်း။

ထွန်းနောင်တို့ကလည်း ကြားရသမျှကို လိုက်၍ ကြွေးကြော်သည်။

'သည်အဆောင်က ပုဒ်မ ၅ အဆောင်'

ထောင်မှူးသည် ထွန်းနောင်ကဲ့သို့ပင် တက်ကြွလာ၍လောမသိ။ သူ့မျက်နှာမှာလည်း ထွန်းနောင်တို့ကဲ့သို့ပင် နီနေသည်။ ထွန်းနောင်၏ အဖို့မှာမူ မျက်နှာမှာသာ နီမြန်းလာခဲ့သည်မဟုတ်။ တကိုယ်လုံးမှာလည်း ဘာဖြစ်မှန်းမသိ။ ကြက်သီးများတဖျန်းဖျန်းထနေသည်။ မျက်ရည်များသည်လည်း ဝမ်းသာ၍လောမသိ၊ လည်လာသည်။

ကြောက်စိတ်ဆိုသည်မှာ ရှာတွေ့ မွေးမြူယူ၍ပင် ရနိုင်အံ့မထင်တော့။ ထောင်တထောင်လုံးသည် သူတို့ရောက်လာပြီဆိုသည်ကို သိကြပြီ။ ထောင်တထောင်လုံးကလည်း သူတို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုလျက် ရှိကြပြီ။

သို့နှင့် အုတ်ရိုးတခုသို့ ရောက်ပြန်သည်။ သည်မှာတော့ တံခါးစောင့်ထောင်ကြပ်သည် အဆင်သင့် ဖွင့်ပေးသည်။ ထွန်းနောင်တို့က အရင်ဝင်စေ၍၊ ထောင်မှူးသည် နောက်မှလိုက်ဝင်သည်။

သည် ဝိုင်းသည်လည်း အုတ်ရိုးလေးဘက်ပင် ဖြစ်သည်။ သို့တဖက်သော အုတ်ရိုးသည်မူ အတွင်းအုတ်ရိုး မဟုတ်တော့။ ပို၍မြင့်သည့် အပြင်အုတ်ရိုးသာ ဖြစ်သည်။ သည်အုတ်ရိုး၏ တဖက်သည်မူ လွတ်လပ်သော ပြင်ပကမ္ဘာ ဖြစ်ပေမည်။

'ဒါက ထောင်ဆေးရုံ၊ ခင်ဗျားတို့ကို သည်မှာထားဖို့ စီစဉ်ထားကြတယ်'

ထောင်မှူးက အဆောင်ကိုညွှန်ပြ၍ ပြောသည်။ ထောင်ဆေးရုံဆိုသည်ကလည်း တဘက်မှာတွေ့ခဲ့ရသည့် အဆောင်နှင့် မည်သို့မျှ မခြားနား။ နှစ်ထပ်လည်း ဖြစ်သည်။ ပုံချင်းလည်း တူသည်။ တခုပဲ ရှိသည်။ အတန်ငယ်သွားသည်။

သို့သော် အပေါ်ထပ်သည်မူ ခြားနားသည်ဟု ဆိုရမည်လော မသိ။

တက်သည့် လှေကားကလည်း နှစ်စင်းမျှ ရှိသည်။ ပြီးတော့ တန်းတို့၏ အပြင်ဘက်က လေးဘက်ပတ်လည်တွင် စကြံ ဝရံတာ ရှိသည်။ စကြံသည် ကျယ်သည်။ လက်ရန်းတို့လည်း ရှိသည်။ လက်ရန်းတို့၏ အထက်ပိုင်းမှာကား ဝါးထရံကို ဇလီသပ်ထားသည့် ကဲလားများရှိသည်။ မြင်ရသည့်အချိန်မှာမူ ကဲလားများကို ထောက်ထားသည်။ အကယ်၍ လူနာများအတွက် လေစိမ်းမတိုက်ရန် လိုအပ်ပါက သည်ကဲလားများကို ချ၍ ကာကွယ်ရန် ဖြစ်လိမ့်မည်ထင်သည်။

သည်ဆေးရုံဆောင်မှာမူ စုစုပေါင်းပါမှ လူနာနှစ်ဆယ်ခန့်ပဲ ရှိပေမည်။ အပေါ်ထပ်တွင် တန်းကဲ့ခြားထားသည့် အခန်းသုံးခန်း ရှိသည်။ အရှေ့ဘက်အစွန်းဆုံးဟု ထင်ရသောအခန်းတွင် လူနာနှစ်ယောက်သုံးယောက်ခန့် ရှိသည်။ အနောက်ခန်းတွင် ကုတင်လွတ်များသာ ရှိ၍ လူမရှိ။ အလယ်ခန်းထဲမှာမူ ထွန်းနောင်တို့ထက် စော၍ရောက်နေသော လူထုဦးလှနှင့် ဦးဘရင်တို့ ရှိကြသည်။ ထွန်းနောင်တို့ကိုလည်း သည်အခန်းထဲမှာပင် နေရာချထားသည်။

ထွန်းနောင်သည် ရောက်လျှင်ရောက်ချင်း အိပ်ရာကို စကြည့်သည်။ မွေ့ယာသည် အုန်းဆံသွပ်မွေ့ယာပင် ဖြစ်သော်လည်း ထူသည်။ ကုတင်တို့သည် ဆေးရုံသုံး သံကုတင်များ ဖြစ်ကြသည်။ အိပ်ရာခင်းသည် ကော်နံ့သင်းနေသည့် မုံရွာစောင်အသစ်စက်စက်ဖြစ်သည်။ ဖွေးဖွေးတော့ မဖြူ။ အနည်းငယ် အဝါရောင် သန်းနေသည်။ ခေါင်းအုံးတို့ကလည်း အုန်းဆံသွပ်ခေါင်းအုံးပေမည့် ပျော့ပျောင်းသည်။ ခေါင်းအုံးစွပ်အဖြူသည်မူ ခဝါပြန်ဖြစ်သည်။ ခြေရင်း၌ ဆေးရုံမှာကဲ့သို့ ခြုံရန်အသင့်ပြင်ထားသော စောင်သည်လည်း သက္ကလပ်စောင် အပြာရင့်ရောင်ဖြစ်သည်။ စစ်သက္ကလပ် စောင်ကို အရောင်ပြောင်း၍ ဆိုးထားသည်ဟုပင် ထွန်းနောင်ထင်မိ၏။ သို့သော် သိပ်ဟောင်းသည့်အဟောင်းတော့ မဟုတ်။

ပြီးတော့ အခန်းကို ကြည့်မိသည်။ အခန်းသည် ပေနှစ်ဆယ် ပေလေးဆယ်ခန့် ကျယ်သည်။ အမိုးသည် မျက်နှာကျက် မရှိ။ ထို့ကြောင့် ဝါးတရိုက်ခန့်အထိ မြင့်နေသည်။ လေးဘက်လေးတန်သည် သစ်သားတန်းကြီးများသာ





ဖြစ်ကြသည်။ အထက်ထပ်လည်းဖြစ်ပြန်၊ ထောင်ထဲတွင် အစွန်ဆုံးအဆောင်လည်း ဖြစ်ပြန်ဆိုတော့၊ လေသည် အခန်းထဲကို လဟာပြင်မှာကဲ့သို့ပင် ဖြတ်သန်း၍နေသည်။ နေမြင့်ပြီဖြစ်သည့်တိုင် စကြံတဖက်တပိုင်းတွင် နေရောင်ကျနေဆဲဖြစ်သည်။ နံနက်ပိုင်းနှင့် ညနေပိုင်းတို့မှာသာဆိုလျှင် ကဲလားတို့ကိုသာ မချပါက နေရောင်သည် အခန်းထဲသို့ပင် ရောက်လာပေလိမ့်မည်။

"ဟ ဘယ်မလဲဟ၊ ထောင်ဆိုတာ ကြောက်စရာ ကောင်းဆို၊ ခုတွေ့ရတာဖြင့် အိမ်မှာထက်တောင် ကောင်းနေပါသေးလား"

အခန်းထဲသို့ ရောက်လျှင်ရောက်ချင်း ကုတင်တလုံးပေါ်တွင် ကျကျနနတင်ပလ္လင်ခွေ တက်ထိုင်နေသော သိန်းလွင်က မှတ်ချက်ချလိုက်သည်။

မှန်သည်။ သိန်းလွင်သည် မန္တလေးခရိုင် ကျောင်းသားသမဂ္ဂခေါင်းဆောင်ဖြစ်ပေမည့် မန္တလေးဇာတိမဟုတ်။ မန္တလေးမှာ မိဘလည်း မရှိ။ မန္တလေးမှာ အိမ်လည်း မရှိ။ ခရိုင် သမဂ္ဂရုံးခန်းအဖြစ် ငှားထားသည့် တိုက်အိုကလေးမှာသာ နေနေသူ ဖြစ်သည်။ သူ့ တိုက်အိုကလေးသည် ကျဉ်းလည်းကျဉ်းသည်။ လျှပ်စစ်မီးလည်း မရှိ။ ရံဖန်ရံခါ ရေနံဆီဘိုးမရှိလျှင် မှောင်၍လည်း နေတတ်သည်။ တိုက်ဆိုပေမည့်လည်း စစ်အတွင်းက ဗုံးစာထဲ ပါမသွားဘဲ ကျန်နေရစ်ခဲ့သည့် ရှေးခေတ် အုပ်ပြားကြီးများဖြင့် ဆောက်ထားသည့် တိုက်သာလျှင် ဖြစ်ဘိသည်။ ပြတင်းပေါက်များလည်း မရှိ။ တိုက်ထဲမှာကလည်း မြေကြီးသာဖြစ်သည်။ တထပ်တည်းလည်း တထပ်တည်း။ သည်အထဲမှာ တနေရာတွင် ဘီရိုနှစ်လုံးနှင့်ကာ၍၊ အခန်းတခန်း ဖွဲ့ထားသည်။ ထိုအခန်းထဲမှာမှ မန္တလေးတွင်ခေါင်းပေါ်ရွက်၍ လည်ရောင်းလေ့ရှိသော တယောက်အိပ်ကွပ်ပျစ်ကလေးသည် ရှိသည်။ ကွပ်ပျစ်သည် သစ်စက်များမှ ထင်းအဖြစ် ထုတ်ရောင်းလိုက်သော သစ်တိုသစ်စများဖြင့် ကြဲဖန်၍ လုပ်ထားခြင်း ဖြစ်သည်။ ရေဘော်မထိုး။ ပါလစ် မသုတ်။ ဝါးကြမ်းခင်း။ မြေကြီးမှလည်း တပေခန့် သာမြင့်သည်။ သည်ကွပ်ပျစ်ပေါ်တွင် တသက်လုံး ဘယ်တော့မှ မလျှော်မဖွပ်သည့် ခြင်ထောင်သည်လည်းကောင်း၊ ဘယ်တော့မှ မခေါက် မသိမ်းသည့် စောင်သည်လည်းကောင်း၊ မဖြုတ်မလဲသည့် ခေါင်းအုံးစွပ်နှင့် ခေါင်းအုံးသည်

လည်းကောင်း ရှိကြသည်။ သည်ကွပ်ပျစ်သည် စင်စစ် သိန်းလွင်၏ အိပ်ရာသာ ဖြစ်ဘိသည်။

မှန်သည်။ သိန်းလွင်၏နေရာမှ ကြည့်မည်ဆိုလျှင်တော့ ထောင်သည် ပို၍အဆင့်အတန်း မြင့်ပေမည်။

သိန်းလွင်၏ မှတ်ချက်ကို ကြားရတော့၊ သူဌေးသား အောင်ထွေးက ပြုံးသည်။ တည်ကြည်ကတော့ နှုတ်ခမ်းတို့ကို စေ့၍ မဲ့လိုက်သည်။

ဒါပေါ့ကွာ "ခင်မောင်လေးကမင့်ဘကိုး၊ သူ့မယားပါသား ကောင်းကောင်းစားရအောင် ကောင်းကောင်းနေရအောင် ငါ့ဆီကို ထည့်လိုက်တာ ဖြစ်မှာပေါ့"

တည်ကြည်က သူ့ရဲဘော်ကိုသူ ပီတ်၍ တွယ်လိုက်သည်။ တည်ကြည်သည် ပြောရာဆိုရာ၌ ရှန်းရင်း ကြမ်းတမ်းသည်။ ယခုလည်း ရဲဘော်ကို ရန်သူ ပြည်ထဲရေးဝန်ကြီး၏ မယားပါသားအဖြစ်ဖြင့် ပုတ်ခတ်လိုက်သည်။

သိန်းလွင် သိပ်မကျေနပ်။ သို့သော် သိန်းလွင် ပြုံး၍သာခံနေသည်။ ပြက်ချော်ချော်နှင့်လည်း ကုတင်ပေါ်တွင် ဖင်ကို ဆောင့်၍ ခုန်နေ၏။

ဉာဏ်မြင့်ကမူ ဦးလှတို့ ဦးဘရင်တို့နှင့် သွားစကားပြောနေသည်။ ဦးဘရင်သည် ပြုံးပြုံး ပြုံးပြုံးနှင့် ဉာဏ်မြင့်ကို ပြန်၍ပြောနေသည်။ ဉာဏ်မြင့်ကို ပြောနေသော်လည်း ဦးဘရင်သည် အနားၐ်ရှိသော ဉာဏ်မြင့်ကို မကြည့်။ ခေါင်းကို အနည်းငယ် ငိုက်ထားသည်။ မျက်လုံးတို့ ကမူ အထက်သို့လှန်၍ ပတ်ဝန်းကျင်ကိုသာ လျှောက်ကြည့်၍ နေသည်။

မှန်သည်။ ဦးဘရင် ပူပန်မည်ဆိုလျှင်လည်း ပူပန်သင့်သည်သာ။ နောင်ခါမှ သိရသည်က ထိုအချိန်တွင် ကျောင်းသားတို့၏ အနားၐ်ရှိနေသော အကျဉ်းဌာနဝန်ထမ်းများနှင့် အကျဉ်းသားအမှတ်ရတို့သည် ရန်သူ၏ သူလျှိုများချည့် ဖြစ်ဘိသည်။

ထွန်းနောင်သည် ဦးလှနှင့် ဦးဘရင်တို့ထံ ချဉ်းကပ်၍ နှုတ်ဆက်သည်။ ပြီးတော့ ကိုယ့် အိပ်ရာသို့ ကိုယ်ပြန်၍ အနားယူလိုက်သည်။

"နေပါအုံး၊ ခုနက ထောင်မှူး ဘယ်ရောက်သွားပါလိမ့်၊ သည်မယ်





ထောင်မှူး၊ ကျုပ်တို့ ထမင်းမစားရသေးဘူးဗျ၊ ဆာလာပြီ။"

တည်ကြည်သည် သူ့ကိုယ်သူ အစိုးရဂေဟာသို့ လာရောက် တည်းခိုသည့် အစိုးရဧည့်သည်တော်ဟူ၍များ အောက်မေ့နေသည်လော မသိ။ အချိန်တန်ပါလျက် ထမင်းအတွက် မည်သို့မျှ ပြောဆိုသံမကြားရ၍ သတိပေးလိုက်သည်။

"စီစဉ်ပြီးသားပါဗျာ၊ ကျွန်တော်တို့ကို လွှန်ခဲ့တဲ့ လဆန်း ၃ရက်နေ့ ကတဲက နေရာထိုင်ခင်းလဲ အဆင်သင့်၊ အစားအသောက်အတွက်လဲ အဆင်သင့် လုပ်ထားရမယ်ဆိုလို့ အဲဒီနေ့ ကတဲက အဆင်သင့်ပါ၊ သူ့အချိန်ကျရင် အဆင်သင့် ရောက်လာပါလိမ့်မယ်"

ထောင်မှူးသည် အပြင်ဘက်သို့ ရောက်နေရာမှ ပြန်ဝင်ပြေးလာကာ အလျင်အမြန်ဖြေသည်။ ထောင်ထဲသို့ ရောက်ရသူချင်းအတူတူ သည်ကဲ့သို့ အလေးပေး ဂရုစိုက်ခံရသည့်အတွက် အောင်ထွေးက အမေရိကန် ရုပ်ရှင်မင်းသားနှယ် ပခုံးတွန့်ပြသည်။ အလို့ တယ်ဟုတ်ပါလား၊ ငါတို့။

ထွန်းနောင်သည် ပြန်၍ ထပြန်သည်။

"ကျွန်တော်တို့က ဘာလဲ၊ ထောင်ထဲမှာ အိပ်ပြီးစား၊ စားပြီးအိပ်ပဲလား"

ထွန်းနောင်၏အမေးကိုမူ သက်ဆိုင်ရာ ထောင်မှူးက ပြန်မဖြေမီ ဦးဘရင် ကြားဖြတ်၍ ပြန်ပေးသည်။

"နေပါအုံးကွ၊ မောင်ထွန်းနောင်က သည့်အပြင် ဘာလုပ်ချင်သေးလို့လဲ"

ထောင်မှူးကမူ ပြုံးနေသည်။

"ဟာ ဦးလေးရင်ကလဲ၊ စာလေးဘာလေးလဲ ဖတ်ချင်တယ်ဗျာ၊ ပြီးတော့ အညောင်းပြေ အညာပြေ ကစားလဲကစားချင်သေးတာပေါ့၊ ခြင်းလုံး ခတ်မယ်ဗျာ၊ အဲဒါ ရမလားထောင်မှူး၊

"ကျွန်တော် မေးကြည့်ပြီး စီစဉ်ပေးပါ့မယ်"

"ဟော ဒုက္ခ ခင်ဗျားက ထောင်အရာရှိဆိုပြီး ဒါလောက်ကလေးမှ အာဏာမရှိဘူးလားဗျာ"

တည်ကြည်က ဝင်ပြောသည်။ တည်ကြည်၏ စကားသည် စင်စစ် ထောင်မှူးတယောက်၏ သိက္ခာကို ထိပါးသည်။ ထို့ကြောင့်လည်း ထောင်မှူးသည် ရုတ်ခြည်းမြန်ဖြေ၏၊

"သည်လိုရှိပါတယ်၊ အခုခင်ဗျားတို့ကိုဖမ်းတာက ပြည်ထဲရေးကဖမ်းတာပါ၊ ဖမ်းပြီးတော့ ယာယီအားဖြင့် လုံခြုံတဲ့နေရာမှာ ထားဆိုလို့ သည်မှာလာထားတာပါ၊ ကျွန်တော်တို့ အကျဉ်းဌာနနဲ့ ဘာမှမဆိုင်ပါဘူး၊ သူတို့ ထားဆိုသလိုထားရမယ်၊ သူတို့ကျွေးဆိုသလို ကျွေးရမယ်၊ ခင်ဗျားတို့နဲ့ ပတ်သက်လာရင် ကျွန်တော်တို့မှာ ဘာမှ လုပ်ပိုင်ခွင့် ပေးမထားပါဘူး၊ ကျွန်တော်တို့အလုပ်က ခင်ဗျားတို့ကို ထွက်မပြေးအောင် ကြည့်နေရုံပဲ ဆိုပါတော့"

"ဟော့ကောင် ကြားသလား ပြောတာ၊ ထွက်မပြေးအောင် ကြည့်နေဖို့ပဲတဲ့၊ မင်းခုနက ပြောတော့ အုတ်ရိုးကို ကျော်တက်ပြေးမလို့ဆို"

ထွန်းနောင်က အောင်ထွေးကို လှမ်း၍နောက်လိုက်၏။ အောင်ထွေးသည် သည်အထဲတွင် အရပ်အပုဆုံးဖြစ်သည်။ သူ့အရပ်သည် မည်သည့်နည်းနှင့်မျှ ငါးပေပြည့်လိမ့်မည် မဟုတ်။ ထောင်အုတ်ရိုးဆိုသည်မှာ မြေပေါ်တွင် နှစ်ဆယ့်လေးပေ ရှိပေသည်။

အောင်ထွေးသည် အရပ်သာပုသည်။ ဒေါသကတော့ အင်မတန်ကြီးတတ်၏။ ထွန်းနောင်က နောက်သည်ကို စိတ်ဆိုးပုံရသည်။ ပြန်၍ပင် ပြုံးမပြနိုင်။ သူ၏ ဖြူသော မျက်နှာမှာ ရုတ်ခြည်း သွေးရောင်လွှမ်းသွား၏။

အောင်ထွေးက တရုတ်သွေးလည်း အနည်းငယ် ပါ၏။ သူ့အဖေသည် တကယ့် တရုတ်အစစ်ကြီးကဲ့သို့ ဝတ်စားနေထိုင်သောတရုတ်ကပြားဖြစ်သည်။ သူ့အမေကမူ ရှမ်းနှင့်ဗမာနှင့် စပ်ကျသည့်ပုံ။ သူတို့ တိုက်မှာ တခါတခါ ကြုံကြိုက်၍ ထမင်းဝင်စားလျှင် မုံညင်းချဉ် အမြဲ ပါတတ်သည်။ ဝက်သားဟင်းသည်လည်း တမျိုးမျိုးဖြင့် ပါတတ်၏။

အောင်ထွေးတို့အိမ်သည် ကျောင်းသားခေါင်းဆောင်တို့၏ မိဘများ အနက် အထူးခြားဆုံးဟု ဆိုရမည်လော မပြောတတ်။ များသောအားဖြင့် မိဘတို့သည် သူတို့၏သားများကို သည်နိုင်ငံရေး၊ သည်ကျောင်းသားသမဂ္ဂ





တို့တွင် မပါဝင်စေလိုကြ။ ကန့်ကွက်တားမြစ်တတ် ကြသည်။ ပြောမရ၍ ကြည့်နေလျှင်သာ ကြည့်နေရလိမ့်မည်။ အားပေးလိမ့်မည်တော့မဟုတ်။

အောင်ထွေး၏ မိဘကမူ ထိုသို့မဟုတ်။ အောင်ထွေးနိုင်ငံရေး လုပ်သည့်အတွက်၊ အောင်ထွေးကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ဖြစ်သည့်အတွက် ဝမ်းသာဂုဏ်ယူသည်။ သူတို့ကိုယ်တိုင်က နိုင်ငံရေးကို နားလည်၍လည်း မဟုတ်။ ဝါသနာ ပါ၍လည်း မဟုတ်။ ဖဆပလအစိုးရကို ကြိုက်သည်လည်းမဟုတ်။ မကြိုက်ဖူးလည်းမဟုတ်။ သို့သော် သူတို့၏သား အောင်ထွေးသည် သူ့အထိုက်အလျောက် သူ့နယ်ပယ်တွင် ဥက္ကဋ္ဌဖြစ်နေသည်၊ လူကြီး ဖြစ်နေသည်ဆိုသည်ကို သူတို့ သဘောကျကြသည်။ ထို့ကြောင့်လည်း အားပေးသည်။ ကျောင်းသားသမဂ္ဂမှ ရဲဘော်များဆိုလျှင်လည်း သား၏သူငယ်ချင်းများအဖြစ် ချစ်ချစ်ခင်ခင် ကြည်ကြည် ဖြူဖြူ ဆက်ဆံသည်။ သူတို့တိုက်သို့ ဝင်လည်လျှင် အကူအညီပေးသည်။ ကျွေးမွေးသည်။

ထွန်းနောင်၏ မိဘတို့ကမူ ပြောမရ၍သာ ကြည့်နေရသည်။ သည်အလုပ် လုပ်သည်ကို နည်းနည်းမျှ သဘောမတူ။ သူတို့၏သားသည် လူပေါင်း မှားနေပြီ၊ သူတို့၏သားကို အပေါင်းအသင်းဆိုသူများက ဖျက်ဆီး၍နေကြသည်ဟု ယူဆသည်။ ထို့ကြောင့်လည်း ထွန်းနောင်၏ အပေါင်းအသင်းဟူသမျှ အိမ်သို့ လာသည်ကို မကြိုက်။ ကျွေးဘို့မွေးဘို့ ဧည့်ခံဘို့ဆိုသည်မှာ အသာထား။ စကားပင် လိုက်လိုက် လျောလျော ပြန်ပြောနေလိမ့်မည် မဟုတ်။ ထွန်းနောင် မရှိလျှင် ဘုတောသျှပင် လွှတ်လိုက်ပေလိမ့်မည်။

သိန်းလွင်သည် များသောအားဖြင့် ပိုက်ဆံ မရှိတတ်။ သူ့အိမ်မှ လစဉ်ပို့ပေးသည်မှာလည်း ငွေငါးဆယ်မျှသာ ဖြစ်ဘိသည်။ သည်အထဲ သူ့ပိုက်ဆံသည် တခါတရံ သူ့အတွက် မသုံးလိုက်ရ။ သမဂ္ဂအတွက် လိုအပ်နေလျှင် သူ့ပိုက်ဆံကို စိုက်သုံးလိုက်ရသည်။ သည်တော့ သိန်းလွင်သည် ငွေလိုပြီဆိုလျှင် သို့မဟုတ် ဝတ်ပြတ်ပြီဆိုလျှင် လုပ်ဖော်ကိုင်ဘက် ရဲဘော် ကျောင်းသားများကို လိုက်၍ရှာရသည်။ သည်အခါမျိုးတွင် သိန်းလွင်သည် ထွန်းနောင်၏ အိမ်သို့မူ ဝင်မေးကြည့်ရန် စိတ်ကူးမျှပင် မထည့်မိ။ ထွန်းနောင်၏ အိမ်ကိုတော့ ဝကွက်၍ ချန်လိုက်သည်။

သိန်းလွင် အများဆုံးချဉ်းကပ်သည်ကတော့ ဉာဏ်ဖြင့်၏မိန်းမ မလှကြည့်ဆိုင်နှင့် ကျောက်သွေးတန်းမှ အောင်ထွေးတို့ တိုက်သာလျှင် ဖြစ်တော့သည်။ သည်နှစ်နေရာကတော့ သိန်းလွင်၏ ထမင်းဆိုင်များဖြစ်သည်ဟု ဆိုလျှင်လည်း မှားလိမ့်အုံးမထင်။

ရှေးလူကြီးတို့ ပြောကြသည့်စကားများထဲတွင် မှားနေသည့် အယူအဆတခုကိုလည်း ထွန်းနောင်တွေ့ရ၏။ ရှေးလူကြီးသူမများက ထမင်းစားလျှင် တပြတ်ပြတ်နှင့် အသံမထွက် စေရ၊ အသံထွက်လျှင် ထိုစားသူသည် ဆင်းရဲတတ်သည်ဟု ဆိုကြသည်။ ထွန်းနောင်တွေ့နေရသည်ကတော့ ပြောင်းပြန်တည်း။

ထမင်းဝိုင်းတွင် အောင်ထွေးသည် တပြတ်ပြတ်နှင့် အသံထွက်နေသည်။ အောင်ထွေးသည် ထမင်းတို့ဟင်းတို့ကို ဝါးရာ၌ပင်လျှင် အရသာခံကြည့်နေသကဲ့သို့ ထင်ရသည်။ ပြတ်ပြတ် ပြတ်ပြတ်နှင့် တခါတရံ လေကိုပင် စုတ်ယူလိုက်သေး၏။ လူကြီး သူမတို့၏စကားသာ မှန်ကန်မည်ဆိုလျှင် အောင်ထွေး၌ ကုန်း၍ ကောက်နိုင်စရာပင် ရှိတော့မည် မဟုတ်။

ယခုတော့ သည်အထဲမှာ အောင်ထွေးတို့က အချမ်းသာအကြွယ်ဝဆုံး။ အထက်ဗမာပြည်တခွင်လုံးက သုံးကြ၍၊ နာမည်ကျော်ကြားသော ငွေဆယ်ဆပ်ပြာစက်သည် အောင်ထွေးတို့အပိုင်ဖြစ်သည်။ ပြီးတော့လည်း ဆေးလိပ်ခုံ တခုံ ထောင်၍ထားသေးသည်။ ဆေးလိပ်သမ နှစ်ရာခန့်နှင့် လိပ်သည်။ ဆေးစပ်ကို နဂါးထံမှယူ၍ ဆေးလိပ်ကို နဂါးထံသို့ ပြန်သွင်းသည်။ နဂါးဆေးလိပ်ရုံသည် သည်သို့ဆေးစပ်ပေး လိပ်စေ၍ ပြန်ကောက်သည်။ ပြီးတော့မှ တံဆိပ်ကပ်သည်။ တနည်းဆိုသော် အောင်ထွေးတို့ ဆေးလိပ်ခုံသည် နဂါးဆေးလိပ်ရုံခွဲ ဖြစ်ပေသည်။

ရောက်ခါစမို့ပင်လော၊ ဆာနေ၍လောမသိ။ ထောင်ထမင်းထောင်ဟင်းသည် စား၍မဆိုးလှ။ ထွန်းနောင်တို့အတွက် (ခ)တန်း စားဖို့ဆောင်တခုမှ ချက်ပို့သည်ဟု ဆိုသည်။ (ခ)တန်း အကျဉ်းသားများအတွက် အဆောင်နှစ်ဆောင်ရှိသည်ဟု ထောင်ထဲသို့ ခဏခဏ ရောက်ရဖူးသည့် လှထုဦးလှက ပြောပြသည်။ ယင်းနှစ်ဆောင်အနက် ဆေးရုံအုတ်ရိုးနှင့် ကပ်လျက် ရှိသော





အဆောင်ငယ်မှာ ဦးသိန်းအဆောင်အဖြစ် နာမည်ရနေသည်ဟု ဆိုသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ယောက်ဖ၊ သခင်သန်းထွန်း၏ ယောက်ဖဖြစ်သော ဦးသိန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီမှ ဖြစ်သည်။ မန္တလေးကို သူပုန်တို့ သိမ်းစဉ်က သူသည်လည်း တိုက်ခိုက်ရေး ခေါင်းဆောင်တယောက်ဖြစ်ခဲ့သည်ဟု ဆိုသည်။ ယခု သူသည် ထောင်ထဲမှာ ရှိနေသည်။ ထောင်သက်လည်း ရှည်လှပြီ၊ သူ့ကိုလွှတ်ဖို့လည်း အရိပ်အရောင် မမြင်ရသေး စသည် စသည်ဖြင့် ကြားရသည်။ သူသည် ထောင်ထဲတွင် အကောင်းဆုံးနေရာ ဖြစ်သည့် သည်အဆောင်ကလေးကို ယူထားသည်။ ထောင်ထဲသို့ ရောက်လာသည့် (ခ)တန်း အကျဉ်းသားများအနက်မှ သူလိုလားသည့်သူများကိုသာ သူ့အဆောင်သို့ လက်ခံ၍နေသည်။ အဆောင်သည် သူ့ ဘိုးဘွားပိုင်ကဲ့သို့ ဖြစ်နေသည်။ ထောင်တာဝန်ခံနှင့်တို့ကလည်း နားလည်မှု ရနေပြီ။ သူသည် ထောင်ထဲတွင် သူများတကာကဲ့သို့ ကိုယ့်အဆောင်ဝိုင်းထဲမှာသာ ကိုယ်နေရသည် မဟုတ်။ တထောင်လုံး သူသွားချင်ရာ သွားနိုင်သည်။ တရားဝင်ခွင့်ပြုချက်ရထားသည် မဟုတ်သော်လည်း သူ့ကိုမူ မည်သူကမျှ မပြောမဆိုကြ။ ထောင်အာဏာပိုင်တို့ကလည်း ကြည့်နေသည်။ အထက်က ကြည့်၍နေတော့လည်း အောက်လက်က မည်သို့မျှမပြောတော့။ စင်စစ် ဦးသိန်းသည် ထောင်ထဲတွင်လူကြီးတယောက်ဖြစ်နေသည်။ လူကြီးလူကောင်းတယောက် ဖြစ်သည်။ ပါတီခေါင်းဆောင်တယောက်ကား မဟုတ်တော့။ ထို့ကြောင့်လည်း သူသည် ထောင်အာဏာပိုင်တို့၏ အမြင်တွင် ထောင်အုပ်ချုပ်မှု၌ အန္တရာယ်မရှိသော၊ အကူအညီပင်ရနိုင်သော လူကြီးလူကောင်းတယောက်သာ ဖြစ်သည်။ သူသွားလိုရာ သွားနိုင်သည်။ သူ စားလိုရာ စားနိုင်သည်။ သူ့အတွက် ထောင်အတွင်းမှာ တံခါးမရှိ ဒါးမရှိ။

သည် ဦးသိန်း၏ အဆောင်မှ ထွန်းနောင်တို့ကို ထမင်းချက်ပို့သည်။

ရောက်စမို့ပင်လော မသိ။ ဟင်း သုံးခွက် ပါသည်။ ပဲဟင်းချိုက တခွက်။ ခဉကို ဘာနှင့်မျှ မရောဘဲ၊ အစိမ်းကြော်သဘောမျိုး ကြော်ထားသည်က တခွက်၊ ပြီးတော့ ကြက်သားဟင်းတခွက်။ ကြက်သားကမူ ခုနှစ်ယောက်စာအတွက် ရေတွက်၍ပင် ထည့်ပေးလိုက်သည်လော မပြောတတ်။ ဆယ့်

လေးတုံးတိတိဘဲ ပါသည်။ အသားများသည်က ခုနစ်တုံးနှင့် အရိုးက ခုနစ်တုံး ဖြစ်သည်။ ပြီးတော့ ကာလသားချက် ခပ်ဆန်ဆန် ချက်ထားသည်။ စပ်လိုက်သည်ကလည်း မပြောပါနှင့်တော့။ ထွန်းနောင်နှင့် အောင်ထွေးတို့တွင် ချွေးများပင် စို့လာရတော့၏။

ထွန်းနောင်သည် အိမ်မှာ ငြုပ်သီး သိပ်စားလေ့ မရှိ။ အိမ်ကလည်း ဟင်းများကို ဖြူပတ်ဖြူလျော်သာ ချက်တတ်လေ့ရှိသည်။ သည်တော့ သိပ်စပ်လျှင် မစားနိုင်။ ထို့ကြောင့်လည်း ရေတခွက် ထခပ်ကာ၊ ထမင်းပန်းကန်အနားသို့ ရေခွက်ကို အဆင်သင့် ချ၍ထားရသည်။

သို့သော် ထမင်းကတော့ စား၍ကောင်းလှသည်။ မနက်က အဖတ်ကလပ်ကလည်း ဘာမှ မသွင်းခဲ့ရသေး။ အောင်ထွေးသည်လည်း တပြတ်ပြတ်နှင့် စားနိုင်သည်။ ထပ်၍ပင် ထည့်လိုက်ရသေးသည်။ သိန်းလွင်ကတော့ အငတ်။ စားလိုက်သမှ ခေါင်းကို ပြန်မဖော်အောင် မရတော့။ တည်ကြည်လည်း ထိုနည်းအတူပင်။

မစားနိုင်သည်မှာ လူကြီးနှစ်ယောက်နှင့် ဉာဏ်မြင့်သာဖြစ်သည်။ လူကြီးနှစ်ယောက်ကမူ လူငယ်တို့ကို ညှာ၍စားသည်ထင့်။ ညှာလည်း ညှာကြသည်။ ဦးလှသည် အသားကောင်းသည့် ဟင်းဖတ်ကို ရွေးခပ်၍၊ ဦးချသည့်သဘော အငယ်ဆုံးဖြစ်သည့် သိန်းလွင့်ပန်းကန်ထဲသို့ ထည့်ပေးသည်။ ဦးဘရင်ကလည်း သူ့အတွက် ဝေပုံကျကို သူမစားဘဲ လက်ရှောင်၍နေသည်။ ဟင်းအရည်နှင့်သာ နယ်စားသည်။ ဟင်းချိုကိုသာ ခပ်သောက်သည်။ ကြက်သားဖတ်ကိုမူ မခပ်ဘဲ ရှောင်နေသည်။

အောင်ထွေးသည် တသက်လုံးကလည်း ကောင်းကောင်းစား၊ များများစားလာခဲ့ရ၍လော မသိ။ သူ့ ပထမ ထမင်းတပန်းကန် မကုန်မီမှာပင် သူ့အတွက် ဝေပုံကျ ကြက်သားနှစ်တုံးသည် ကုန်လေပြီ။ အရိုးပဲ ကျန်တော့ပြီ။ အောင်ထွေးသည် မသိတတ်။ အသားမရှိ တော့ပါဘဲလျက် သက်သက်မဲ့ အရိုးကို ကိုင်စုတ်၍နေသည်။ ကြည့်မကောင်းတော့ ဦးဘရင်က တတုံးအပိုခပ်ထည့်၍ ပေးလိုက်ရသည်။





ဉာဏ်မြင့်ကမူ သုံးလေးငါးလုပ်ခန့်ဘဲ စားလိမ့်မည် ထင်သည်။ သူ မဆာလှဘူးဟုပြောသည်။ သူ့မျက်နှာတို့သည် သိပ်မကောင်း။ နေမကောင်း၍ များလော ထင်ကာ၊ သူ့နဖူးကို စမ်းကြည့်ပြန်တော့လည်း ကောင်းသည်။ စိုးစဉ်းမျှ မပူ။ အဖျားသွေး စိုးစဉ်းမျှ မရှိ။

တန်တော့၊ သိပြီ။ ဉာဏ်မြင့် မိန်းမနှင့်ကလေးတို့ကို လွမ်းနေပြီ။

"ခုချိန်ဆိုရင်တော့ မလှကြည်တယောက် ငိုနေမယ် ထင်တယ်နော်"

ထမင်းစားနေရင်းနှင့် ထွန်းနောင်သည် နောက်လိုက်သည်။ အပြင်ထွက်လက်ဆေး၍ ပြန်လာသည့် ဉာဏ်မြင့်၏ မျက်နှာသည် သိသိသာသာ ပျက်သွား၏။ သို့သော် ရုတ်ချည်းပင် ဟန်ဆောင်၍ ပြုံးလိုက်သည်။

"ဟေ့ ဟေ့ မောင်ထွန်းနောင်၊ ဒါမျိုးဆိုတာ မနောက်ရဘူးကွယ့်"

ဦးဘရင်သည် ခပ်အုပ်အုပ်လေသံဖြင့် သူက သတိပေးမှန်းမသိအောင် ငုံ့ပြောသည်။

"အေးလေ၊ ဟောသည်ကောင် နေရာတကာ လိုက်နောက်နေ"

စောစောကတည်းက၊ သူ့ကို နောက်ထားသဖြင့် မကျေနပ်နေသော အောင်ထွေးက လိုက်၍ ထောက်ခံသည်။

"ငါစဉ်းစားနေတာ၊ ထွန်းနောင်ဆိုတဲ့ကောင် ဗိုက်ထဲမှာ ပုဇွန်ကလေးများ ပါသလား အောက်မေ့ရတယ်၊ မင်း တယ်မှန်တာကိုးကွ"

ပြောနေသည့်ကြားထဲက တည်ကြည်က ထွန်းနောင်ကို ထောက်ခံနေပြန်သည်။

သည်တော့လည်း လူကြီးနှစ်ယောက်ပါ ပြုံး၍လာကြ၏။ သူတို့လည်း ဉာဏ်မြင့်ကဲ့သို့ပင် အိမ်သူနှင့် သားသမီးနှင့်ဆိုတော့၊ ဉာဏ်မြင့်၏ အခြေအနေကို ကိုယ်ချင်းစာမိကြပေလိမ့်မည်။ သို့သော် ဉာဏ်မြင့်သည် ငယ်ရွယ်သူဆိုတော့ လည်း သူ့မိန်းမအတွက် သူပို၍ ပူမိပေလိမ့်မည်။ စီးပွားရေးအတွက် စားရေးသောက်ရေးအတွက်မူဘာမှပူစရာမရှိ။ သူ့ဆိုင်နှင့်သူ အစကတည်းက အဆင်ပြေပြီးဖြစ်သည်။ ဉာဏ်မြင့်တယောက် လျော့သွားသည့်အတွက်

စရိတ်ပင်လျော့၍သွားပေမည်။ သို့သော် ဉာဏ်မြင့်က ငယ်ရွယ်သူဆိုတော့၊ မလှကြည်လည်း ငယ်ရွယ်သည်။ လင်မရှိလျှင် ငယ်ရွယ်သူတို့မည်သည် အမျိုးမျိုးဖြစ်နိုင်သည်။ ဤသည်တို့ကိုလည်း လူကြီးတို့က တွေးမိကြပေမည်။

သို့သော် ထွန်းနောင်က အနောက်၊ တည်ကြည်က ထောက်ခံနှင့် အများကလည်း သိပ်မလေးနက်စေချင်။ သည်တွင် ထောင်တန်သည့်စကား ရယ်လျှင်ပေါ့ ဆိုသည့်အတိုင်း၊ အားလုံးက ရယ်ပစ်လိုက်ကြသည်။

သည်တော့မှ ဉာဏ်မြင့်ပါ ရယ်လာ၏။

'မောင်ရင်တို့ကျမှ သိကြမှာပေါ့ကွာ၊ မိန်းမလဲရရော တော်လှန်းရေးကလဲ အနားယူရော ဆိုတာလိုသာ မဖြစ်ကြပါစေနဲ့'

အောက်ကတော့ ခံ၍ ခွပ်ဖြစ်အောင် ခွပ်လိုက်လေသေးသည်။

'ဆန်ကလဲ မဆိုးပါဘူး၊ ကျွန်တော်တို့ ကြားဘူးတော့ လုံးတီးဆိုလား လို့'

တကယ် စား၍မြိန်နေသူ သိန်းလွင်က မှတ်ချက်ချပြန်သည်။

'ဒါက ဘိကလပ် စ ကိုးကွ၊ ရိုးရိုးအကျဉ်းသား စီကလပ် စ တွေကျတော့ လုံးတီးဘဲပေါ့'

ဦးလှက ရှင်းပြသည်။ သည်တွင် ထွန်းနောင်က ဆက်မေးသည်။

'အသားကကော သည်လိုပဲ အနပ်တိုင်းမှာ ပါသလား'

'အနည်းဆုံး တနေ့ တနပ်တော့ ပါမှာပေါ့၊ တခါတလေကျတော့လဲ အရောအနှောလေးနဲ့ပေါ့'

'ဒီလိုဆိုရင်တော့ ဘယ်ဆိုးမလဲ ဦးလေးလှရဲ့'

တည်ကြည်က ဝင်မှတ်ချက်ချသည်။

'မောင်တည်ကြည်က ထောင်ထမင်းထောင်ဟင်းကို သဘောကျသွားပြီ ထင်တယ်၊ မကျနဲ့ကွယ်၊ မကျကြနဲ့၊ သဘောကျရင် ထောင်သက်ရှည်တတ်တယ်'

ဦးလှက ပြုံးရယ်၍ ပြောသည်။





'ကျောင်းက ထမင်းဟင်းနဲ့ ဘာထူးလို့လဲ၊ နည်းနည်း နည်းတာတခု ဘဲရှိတယ်'

တည်ကြည်က ဆက်၍ပြောသေးသည်။

'ချက်တာလဲ သိပ်မဆိုးဘူးထင်တာပဲ၊ ဘယ့်နှယ်လဲ'

အောင်ထွေးက နဖူးမှ ချွေးတို့ကို သုတ်ပစ်ရင်းမှတ်ချက်ချပြန်သည်။

'ငြုပ်သီးတော့ အားကြီးစပ်တယ်ဗျ၊ နောက် ငြုပ်သီးအစပ် လျှော့ထည့်ပါလို့ ပြောရင် ရမလားမသိဘူး'

ထွန်းနောင်က သူ့ဆန္ဒကို ဝင်ပြောသည်။

'ဒါကတော့ အများနဲ့ ချက်ရတာကိုး၊ တခုတော့ ရှိပါတယ်လေ၊ ထောင်မှူးက တဆင့်ဘဲပြောပြရမှာပေါ့၊ ကျောင်းသားတွေအတွက် နည်းနည်း အစပ်လျှော့ပေးပါလို့ ဗိုလ်သိန်းလဲ မဆိုးပါဘူး၊ နားလည်ပါလိမ့်မယ်'

ဦးလှက အဖြေပေးလိုက်သည်။

'သည်ကောင် ချေးကတော့ ပော်တော်များတယ် ဒါထောင်ကွ ထောင်၊ မင့်အဘအိမ် မဟုတ်ဘူး'

တည်ကြည်က ဝင်ဟောက်သည်။

'ဟေ့ ငါက လာချင်လို့ လာတာမဟုတ်ဘူးကွ၊ သူတို့က ဖိတ်လို့ လာရတာ၊ သည်တော့ ငါစားချင်သလို ကျွေးဖို့က ဘယ်သူ့ တာဝန်လဲ၊ သူတို့တာဝန် ဖြစ်ရမှာပေါ့'

ထွန်းနောင်က ပြန်ဖြေသည်။

သည်အချိန်မှာတော့ အားလုံးလည်း စား၍ပြီးကြပြီ။ ဦးဘရင်သည်ပင် လျှင် မီးခြစ်ဆံနှင့် သွားကြားထိုးနေပြီ။ ဦးဘရင်၏ သွားကြားတို့သည် မီးခြစ်ဆံအတုတ်ကြီးနှင့်ပင် ချောင်နေ၏။ ကျဲကျဲရှည်ရှည်ကြီးများ ဖြစ်ကြသည်။

ထွန်းနောင်သည် အိုက်လာသဖြင့် အင်္ကျီကို ချွတ်လိုက်သည်။ ဉာဏ်မြင့်သည် ပါလာသည့် စီးကရက်ဘူးကို ထုတ်၍၊ ဦးဘရင်ထံမှ မီးခြစ် တောင်းနေသည်။ ထွန်းနောင်သည် သူများဆေးလိပ်သောက်တော့

သောက်ချင်၍လာ၏။ သို့သော် သူ့မှာဆေးလိပ်အပို မပါတော့။ ခံတွင်းကလည်း ချဉ်လာသည်။ သည်အနီးအနားမှာ ဆေးပြင်းလိပ်သောက်သူကလည်း တယောက်မျှ မရှိ။

‘ဗျို့ ကြည့်ရှုကြည့်နေဘို့ပဲဆိုတဲ့ ထောင်မှူးဆရာ၊ ဆေးပြင်းလိပ် သောက်ချင်တယ်ဗျ၊ ခုနက ထောင်အဝင်မှာ ကျွန်တော့်ပိုက်ဆံ သိမ်းလိုက်ပါတယ်၊ ဝယ်ချင်တာရှိရင် ဝယ်ပေးမယ်လဲ ပြောပါတယ်၊ အဲဒါ လုပ်စမ်းပါအုံးဗျာ၊ ဘီသုံးလုံး တထုပ်လောက် ဖြစ်ဖြစ် ဝယ်မိုင်းပေးစမ်းပါ’

‘ဟုတ်ကဲ့၊ ကျွန်တော် ပြောပေးပါ့မယ်၊ ဒါပေမယ့် ကျွန်တော့် တာဝန်ချိန်ကုန်လို့ သည်ကပြန်မှပဲ ပြောနိုင်မယ်ဗျာ၊ ကျွန်တော်သည်က ခွာလို့မရဘူး’

‘ကျုပ်တို့ ထွက်မပြေးပါဘူးဗျ၊ စိတ်ချပါ’

‘ယုံပါတယ်ဗျာ၊ ဒါပေမယ့် တာဝန်က သည်လို ရှိလို့ပါ၊ တာဝန်ချိန်မပြီးမချင်း ကျွန်တော် ခွာမဖြစ်လို့ပါ’

‘မှတ်လိုက်စမ်းကွ ထွန်းနောင်၊ ဒါထောင်ကွ ထောင်၊ သိရဲ့လား’

ထွန်းနောင်နှင့် ထောင်မှူးတို့ ပြောနေကြသည့် ကြားထဲတွင် တည်ကြည်က ဝင်၍ သင်ခန်းစာပြလိုက်သည်။

‘သိပါပြီဗျာ၊ သိပါပြီ၊ အလို ထောင်ဆိုသည်မှာ ဆေးလိပ်ဝယ်၍မရသော၊ ဆေးလိပ်မရှိသော၊ ဆေးလိပ်သောက်ရရန် မလွယ်ကူသော အရပ်ဒေသပါတကား ဟူ၍ ကျွန်တော် သိပါပြီခင်ဗျာ၊ သိပါပြီခင်ဗျ’

‘တလိပ်တော့ ရှိတယ်ကွ၊ မီးညှိလို့တော့ ရချင်မှရမယ်’

ကုတင်ချင်းကပ်နေသည့် တည်ကြည်ကပင် ခပ်အုပ်အုပ် လေသံဖြင့် လှမ်းပြောသည်။

‘အဲသည်ဆေးလိပ် မင်းကြီးဒေါ်ကြီး တိုက်လိုက်’

တည်ကြည်က ညစ်ပတ်သည်ကို ထွန်းနောင်က ပြန်၍ချလိုက်သည်။ အမှန်စင်စစ် တည်ကြည်နှင့် ထွန်းနောင်သည်အသက်ချင်း ရွယ်တူ၏။ တယောက်နှင့်တယောက် သည်ကဲ့သို့ ရင်းရင်းနှီးနှီး ပြောကြမည်ဆိုလျှင်လည်း ပြောနိုင်ကြသည်သာဖြစ်၏။ သို့သော် မင်းနှင့်ငါနှင့် ပြောခဲ့ကြ သည်မှ





အပ သိပ်မရင်းနှီးခဲ့ကြ။ သူကတပါတီ၊ ကိုယ်က တပါတီဟူသော အသိကလည်း ရှိခဲ့သည်မို့ တယောက်သိက္ခာကို တယောက် လေးစားခဲ့ကြသည်။

သို့သော် ယခုကဲ့သို့ ထောင်ထဲသို့ ရောက်လာပြီ၊ အချုပ်ခံဖော်ခံဘက်ဖြစ်လာပြီ၊ ကျဉ်တုတ်ခံဖော်ခံဘက် ဖြစ်လာပြီဟု ဆိုသောအခါ၌မူ စိတ်တို့သည် ပို၍ ရင်းနှီးခင်မင်သွားကြ၏။ သူကတပါတီ၊ ကိုယ်က တပါတီဟူသော ဂိုဏ်းဂဏစိတ်သည်လည်း ဘယ်သို့ ရောက်၍ ဘယ်သို့ ပျောက်ကုန်ကြရပြီ မသိတော့။ ရန်သူ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်၌ အတူတကွ ခံနေကြရပြီဆိုတော့လည်း ညီအကိုပါတီသည် တကယ်ညီအကိုဖြစ်၍လာတော့သည်။ ထို့ကြောင့်လည်း တည်ကြည်သည် အပြင်မှာထက် ရင်းနှီးခင်မင်စွာ နောက်လိုက်၏။

ညစ်တော့ ညစ်ပတ်သည်။ သို့သော် ထွန်းနောင်ကလည်း စိတ်မဆိုး။ ပြန်၍သာ နောက်လိုက်သည်။

‘ကဲ ဘာမှ မလုပ်ရဘူးဆိုရင်လဲ ပြီတ္တာလောင်း အိပ်တာဘဲ ကောင်းတယ်’

အောင်ထွေးသည် ညက အိပ်ရေး မဝခဲ့ဘူးထင်သည်။ အိပ်ရာ ပေါ်သို့ တက်၍ အိပ်ရန် ဟန်ပြင်နေလေပြီ။

‘သတင်းစာ ဖတ်ရရင် ကောင်းမယ်ဗျာ၊ သတင်းစာ မရဘူးလား’

သိန်းလွင်က တောင်းဆိုချက် ထပ်တင်လာပြန်၏။

‘ဝမ်းနည်းပါတယ်ဗျာ၊ ခင်းဗျားတို့ကို ဘာသတင်းစာ ဘာဂျာနယ်မဂ္ဂဇင်းမှ ဖတ်ခွင့်မပြု ရဘူးတဲ့၊ အမိန့်ပေးထားတယ်’

‘ဘယ် ခွေးသူခိုးမျိုးက ဝင်အမိန့်ပေးသွားရပြန်သလဲ’

ထောင်မှူး၏အဖြေကို တည်ကြည်က ပြန်၍မေးလိုက်သည်။

‘ဒါကတော့ ကျွန်တော် မသိပါဘူး၊ ကျွန်တော့်ကိုတော့ ကျွန်တော့်သက်ဆိုင်ရာ အကြီးအကဲဖြစ်တဲ့ ထောင်ပိုင်ကြီးက မှာလိုက်တာပါဘဲ’

‘နေပါအုံး ကျုပ်တို့ ထောင်ထဲ ရောက်နေမင့်ဥစ္စာ၊ သတင်းစာဖတ်ကြရလို့ သတင်းသိရုံနဲ့ ကျုပ်တို့ ဘာလုပ်နိုင်ကြအုံးမှာမို့တုန်း’

ထွန်းနောင်က ဝင်၍ ဆွေးနွေးသည်။

'ဒါကတော့ ကျွန်တော်လဲ မပြောတတ်ပါဘူး'

သည်တခါတော့ ထောင်မှူးက ရယ်ပြုံး၍ ပြောသည်။

'အဲဒါမှတ်ထားကွ၊ သိလား၊ ထောင် ထောင်'

တည်ကြည်က မှတ်ချက်ချလိုက်သည်။

'သိပါပြီခင်ဗျာ၊ သိပါပြီ အလို ထောင်ဆိုသည်မှာ သတင်းစာ မဖတ်ရသော၊ အပြင်ပတွင် ဘာဖြစ်နေမှန်း မသိရသော၊ တိုင်းပြည်တွင် ဘာဖြစ်နေမှန်း မသိရသော၊ ကမ္ဘာကြီးတွင် ဘာဖြစ်နေမှန်း မသိရသော အရပ်ဒေသ ပါတကား'

သိန်းလွင်သည် စောစောက ထွန်းနောင်၏ လေသံအတိုင်း ထောင်၏ သဘောကို ဝိဂြိုဟ်ပြုပြန်သည်။ ဦးလှနှင့် ဦးအရင်တို့ကမူ ကျောင်းသားတို့၏ သရော်သောလေသံနှင့် ပွင့်လင်းသော စိတ်ဓာတ်ကို သဘောကျ၍လောမသိ။ ရယ်ပြုံးနေကြသည်။

အောင်ထွေးသည် စောင်ကို ခေါင်းမြီးခြုံလျက် ခွေလေပြီ။ လူကြီးအိပ် ကုတင်ပေါ်၌ ကလေးငယ်ကို အလယ်မှချ၍ သိပ်ထားသကဲ့သို့ အောင်ထွေး၏ ကိုယ်ခန္ဓာနှင့် ထောင်ကုတင်သည် အတန်မျှ ကျယ်နေ၏။ ဤသည်ကိုကြည့်၍ တည်ကြည်က မှတ်ချက်ချလိုက်သည်။

'တကောင်တော့ကြွပြီ'

(၃)

အမှန်စင်စစ်ကြွရမည့်အကောင်က အောင်ထွေး။ လူတန်းစား လက္ခဏာအရ ပြောကြစတမ်းဆိုလျှင်လည်း အောင်ထွေးသည် ဓနရှင် လူတန်းစားမှ ဆင်းသက်ပေါက်ဖွားလာသည့်အကောင်။ အောင်ထွေးသည် အလုပ်သာ





လုပ်သည်။ စာဖတ်ပါဆိုလျှင် ဘယ်တော့မှ စိတ်လိုလက်ရ မဖတ်ချင်တတ်။ ပါတီကေဒါတို့မည်သည် ကိုယ့်ကိုယ်ကို အစဉ်သဖြင့် သံမဏိသားကျအောင် အားထုတ်လေ့ကျင့်နေရမည်၊ သဘောတရား ရေးလက်နက် တပ်ဆင်နေရမည်ဆိုသည်ကို အောင်ထွေးသည် သိပ်မလိုက်နာ။ ပါတီထုတ် စာအုပ်စာတမ်းများကိုမူ သူ့လောက်ဝယ်နိုင်သည့်သူ၊ သူ့လောက်ဝယ်သည့်သူ မရှိ။ သို့သော် အိမ်မှာ အထပ်လိုက် သိမ်းထားသည်။ တခါတရံ ဟာန်ဆောင်ကိုင်သည်မှအပ၊ အောင်ထွေးကို ဘယ်တော့မှ စာအုပ်နှင့် မတွေ့ရ။ ပါတီတွင်း အစည်းအဝေးများတွင် အောင်ထွေးကို ဝေဖန်ကြသော်လည်း၊ စာဖတ်ရမှာကိုတော့ အောင်ထွေး ဘယ်သို့နည်း ကြောက် သည်မသိ။ ဝေဖန်သူသာ မောရသည်။ သူမဖတ်။ ထို့ကြောင့်လည်း အောင်ထွေးသည် မည်သည့် ဆွေးနွေးပွဲ၊ မည်သည့် အစည်းအဝေးပွဲမှာမဆို အခြားခေါင်းဆောင်များ ပြောခဲ့ဖူးသည့် ကြားဖူးနားဝ သဘောတရား တို့ကိုသာ ပြန်၍ကိုးကား ပြောဆိုတတ်ခဲ့သည်။ အထူးသဖြင့် ထွန်းနောင် ပြောသည့် စကားတို့ကိုသာ တမျိုးလှည့်၍ ပြောဆိုတတ်ခဲ့သည်။ စကားသစ်၊ ကိုးကားချက်သစ်တို့ကိုမူ အောင်ထွေး မဆိုတတ်။ အောင်ထွေးသည် သဘောတရားရေးအရမှာတော့ အားနည်းသည် အမှန်ပင်။

သည်အောင်ထွေးသည် ပထမဆုံး စိတ်ဓာတ်ကျသူ ဖြစ်လိမ့်မည်။

သို့သော် အောင်ထွေးသည် စိတ်ဓာတ်မကျ။ သူ့အဖို့ ထောင်သည် ကောင်မကလေးတွေ နှင့် မတွေ့ရသည်ကလွဲ၍ ဘာမျှမထူးခြားဟု ဆိုသည်။ သူသည် အနည်းငယ်မျှ စိတ်ဆင်းရဲရဟန်မရှိ။ မပျော်သည့်တိုင် သီချင်းကိုတော့ သူ ရံဖန်ရံခါ ဆိုနိုင်ချေသေးသည်။

အံ့ဩစရာကောင်းသည်က ဆရာကြီး စိတ်ဓာတ်ကျနေသည်။ ဆရာကြီး ဉာဏ်မြင့်သည် အများနှင့်ရော၍လည်း မပြောမဆိုနိုင်။တယောက်တည်းသာ ငိုင်၍နေတော့သည်။ ဉာဏ်မြင့်သည်ဘာတွေကို တွေးနေသည် မသိ။ ဘာတွေကို စဉ်းစားနေသည်လည်း မသိ။ တခုခုကိုတော့ လေးလေးနက်နက် တွေးနေပုံ ရသည်။

အခမ်းအနား စပါပြီ။

ညသို့ ရောက်လာ၏။

ညနေကတည်းက ထောင်တို့၏ထုံးစံ နေဝင်သည်နှင့်တပြိုင်နက် အဆောင်တံခါးများကို လာ၍ပိတ်ကြသည်။ အဆောင်တွင်း၌ အိပ်ကြရမည့်သူတို့သည် အဆောင်တွင်း၌ ရှိနေကြရသည်။ တန်းစီ၍ ဖြကြရသည်။ သက်ဆိုင်ရာထောင်မှူးသည် သူ့စာရင်းနှင့် မျက်စိရှေ့တွင် ရှိနေသည့် အကျဉ်းသားတို့ ကိုက်မကိုက် လိုက်ကြည့်သည်။ ရေတွက်၍ကြည့်သည်။ ပြီးမှ အဆောင်တံခါးကို ပိတ်သည်။ ထောင်မှူးကိုယ်တိုင် အပြင်ဘက်မှ ခတ်သည့် သော့ခလောက်ကို ဆွဲကြည့်သည်။ အဆောင်၏ သစ်သားတန်းတို့ကိုမူ စောစောကတည်းက တလာစီခဲ့ပြီး ဖြစ်သည်။ ကျိုးမကျိုး၊ ပြတ်မပြတ်၊ ချိုးထားမထား၊ ဖြတ်ထား မထားကို သစ်သားတန်းတိုင်အား ဒုတ်တို့နှင့် ခေါက်ထိုး၍ စစ်ဆေးကြည့်ရှုပြီး ဖြစ်သည်။

ဘဏ်တိုက်များမှ ငွေရေစာရေးတို့သည် ငွေဒင်္ဂါးပေါင်းများစွာကို ရေတွက်ရင်း အသံကို ကြားရရုံမျှနှင့် အတုကို ရွေးထုတ်နိုင်ကြဘိသကဲ့သို့ ထောင်အမှုထမ်း ထောင်ကြပ်တို့သည်လည်း သူတို့၏ဒုတ်တို့နှင့် ခေါက်ကြည့်ရုံမျှဖြင့်ပင် သစ်သားတန်းတို့ ကျိုးနေမနေ၊ ပြတ်နေ မနေကို သိကြသည်။ သစ်သားတန်းတိုင်းသည် သည်ဒုတ်တို့နှင့် သည်မျှအရှိန်အားဖြင့် ခေါက်၍ထိုးလိုက်သည့်အခါ သည်တသံဘဲ ထွက်ရသည်။ အသံပြောင်း၍ ထွက်ခဲ့သည်ရှိသော် သည်သစ်သားတန်းကို အသေအချာ စစ်ဆေးသည်။ အထက်နှင့်အောက် အကုန် လျှောက်ကြည့်သည်။

သက်ဆိုင်ရာထောင်မှူးသည် သော့အချောင်းပေါင်း သုံးလေးရာခန့် ရှိသည့် သော့တွဲကွင်းကြီးကို ထောင်ကြပ်တယောက်အား စလွယ်သိုင်း လွယ်စေလျက်၊ သည်အဆောင်မှ ထွက်ခွာသည်။ နောက်တဆောင်သို့ သွားရောက်ပိတ်ပြန်သည်။

သည်အချိန်မှာမူ တန်းအပြင်ဘက်၌ ထောင်ကြပ်တယောက်သာ စောင့်၍ ကျန်ရစ်ခဲ့လေသည်။ သည်ထောင်ကြပ်သည် ညနေကျမှ ဝင်လာသည့် ညတာဝန်ကျ ထောင်ကြပ်သစ် တယောက်ဖြစ်သည်။ ထောင်ကြပ်သစ်





သည်လည်း သည်ဆေးရုံဆောင် အပေါ်ထပ်တထပ်လုံးကို သည်ညတာဝန်ယူ၍ စောင့်ရပေလိမ့်မည်။ သို့သော် သူသည်လည်း ကျောင်းသားတို့အနားမှ သိပ်မခွာ။ ဝေးဝေးသို့ မသွား။

သို့နှင့် မိုးချုပ်၍လာသည်။

သည်မျှကျယ်ဝန်းသောအဆောင် အပေါ်ထပ်တခုလုံးတွင် မီးလုံးကလည်း သုံးလုံးပဲရှိသည်။ တခန်းလျှင် တလုံး။ ထွန်းနောင်တို့ အခန်း အတွက်လည်း တလုံးပဲရှိသည်။ ဟို့ကောင်းကင်တွင် ကပ်နေသည်။ ပြီးတော့လည်း အလွန်းဆုံးရှိလှ တိုင်လေးဆယ်အားသာ ရှိပေမည်။

ထောင်သည် မန္တလေးနန်းတွင်း၏ ရာဟုထောင့်တွင် တည်ရှိသည်။ ထောင်အုတ်ရိုး၏ အပြင်ဘက်တွင် အနောက်ဘက်နှင့်မြောက်ဘက်တို့၌ နန်းအုတ်ရိုးရှိသည်။ မြောက်ဘက်၌မူ လူနေရပ်ကွက် သိပ်မရှိတော့။ လူဦးရေ သိပ်မထူထပ်။ ထို့ကြောင့် မြောက်ပြန်လေသည် အတားအဆီးမရှိ ဝင်လာသည်။ ညဉ့်နက်သည်နှင့်အမျှ အေးလာသည်။

အပေါ်ထပ်လည်း အပေါ်ထပ်၊ အကာအကွယ်လည်း မရှိပြန်ဆိုတော့ ထွန်းနောင်တို့နေရာသည် ခိုက်ခိုက်တုန်မျှ အေးဘိသည်။ သည်တွင် တထည်ထဲသောစောင်ကိုခြုံကာ ကွေးနေဖြစ်ကြသည်။ စကားပြောစရာကလည်း သိပ်မရှိကြတော့။ စာလည်း မဖတ်ရ၊ မီးရောင်ကလည်းမဖြစ်စလောက် ဆိုတော့ စောစောပင် အိပ်ရာဝင်ဖြစ်ခဲ့ကြသည်။

စောစောအိပ်၍လည်း မရ။ ကိုးနာရီ ထိုးသည်နှင့်တပြိုင်နက် မီးပွင့်တို့သည် မှိတ်ချည် လင်းချည် လုပ်ပြသည်။ သဘောကတော့ အိပ်ကြတော့ဟု သတိပေးလိုက်ခြင်း ဖြစ်သည်။ သည်အချိန်အထိ မအိပ်သေးပဲ၊ တခုခု လုပ်နေမည်ဆိုလျှင် ထောင်၏ သဘောတရားက သည်သူသည် ထောင်ဖောက်ဖို့ ကြံစည်နေသူ ဖြစ်သည်ဟု စွပ်စွဲတတ်ပေသည်။ ဟုတ်သည် မဟုတ်သည်က တပိုင်း။ ထောင်ဖောက်မည်ဟု ထင်ရ၍ သက်ဆိုင်ရာထောင်ကြပ်ကသာ ခရာမှုတ် သံချောင်းခေါက်လိုက်မည်ဆိုလျှင် ထိုသူတော့ သေဖို့သာ မြင်ပေရော့။

မီးပွင့်သည်လည်း မှိတ်ချည်လင်းချည် လုပ်ခဲ့ပြီ။

ညရှစ်နာရီကတည်းကစ၍ ဆယ့်ငါးမိနစ်တခါ ပြန်အော်ရသော အဆောင်စောင့်ထောင်ကြပ်၏ အားလုံးကောင်းပါသည် ခင်ဗျား သည်လည်း၊ ဆယ်ခါခန့် ရှိခဲ့ပြီ။

သည်အချိန်တွင် ထွန်းနောင်တို့အဆောင်၊ ထွန်းနောင်တို့အခန်းသို့ ထောင်ဝန်ထမ်းများ တအုပ်ကြီး ရောက်၍လာကြသည်။ ထောင်မှူးကြီးဆိုသူက ခေါင်းဆောင်၍လာသည်။ ထောင်မှူးနှစ်ယောက်နှင့်ထောင်ကြပ် ဆယ်ယောက်ခန့် ပါလာသည်။

လက်နှိပ်ဓာတ်မီးများကလည်း တဝင့်ဝင့်။ သူတို့ကို ကြည့်ရသည်မှာလည်း အရေးကြီးနေသည့်ပုံ။

"ဖွင့်စမ်းကွာ မြန်မြန်ထက်ထက်"

ထောင်မှူးကြီးက ထောင်ကြပ်ကို ဟောက်လိုက်သည်။

သော့ပွင့်လာသောအခါ ထောင်မှူးကြီးသည် တံခါးရွက်ကို တအားဆွဲ၍ ဖွင့်လိုက်၏။ တံခါးထူကြီးသည် တန်းနံရံနှင့် ပြန်ရိုက်၍ ဂျိုင်းကနဲ မြည်သံဟိန်းသွားသည်။

စောစောကဆိုလျှင် ထောင်တထောင်လုံးသည် အိပ်မောကျနေသကဲ့သို့ ငြိမ်သက်လျက် ရှိ၏။ ယခုမြည်သံသည် ထိုတိတ်ဆိတ် ငြိမ်သက်လျက်ရှိသော အခြေအနေကို ခြောက်လှန့် လိုက်ပေပြီ။

"ကဲ ကဲ ကျောင်းသားတွေ ထကြအုံး ထကြအုံး"

ထောင်မှူးတို့ လိုက်နှိုးသည်။

အမှန်စင်စစ် ထွန်းနောင်ကတော့ အိပ်၍ မပျော်သေး။ ထို့ကြောင့်လည်း ရုတ်ချည်းပင် ထ၍ ထိုင်လိုက်သည်။

"မင်းတို့ကို နေရာပြောင်းရမယ်၊ သည်မှာ ထားလို့မဖြစ်ဘူး"

ထောင်မှူးကြီးသည် ကျောင်းသားများကို မင်းတို့ဟု သုံးလိုက်၏။ အသက်အရွယ်အား ဖြင့်ဆိုလျှင်မူ ထောင်မှူးကြီးသည် လေးဆယ်ကျော်ပေ





ပြီ။ ထို့ကြောင့်လည်း နှစ်ဆယ်ကျော်ရုံမျှသာ ရှိကြသေးသည့် ကျောင်းသားတို့ကို မင်းဟု သုံးမည်ဆိုလျှင် သုံးထိုက်သည်သာ ဖြစ်၏။ သို့သော် သူ့အသံက မာကျောသည်။ ပြီးတော့လည်း သူ့အကြောင်းက ရှိခဲ့သည်။ သူသည် ၁၉၄၈ ခုနှစ်က ရန်ကုန်ထောင်တွင် နိုင်ငံရေးအကျဉ်းသမားများကို ရိုက်နှက် နှိပ်စက်ခဲ့ရာ၌ နာမည်ကျော်ခဲ့သည်။ ဝက်သားပုပ်ဟင်းကို မစားနိုင်ဟု ဆန္ဒပြကြရာ၌ အကြမ်းဖက်၍ နှိမ်နင်းရိုက်နှက်ပစ်ခဲ့သည်။ ဤနည်းဖြင့် ဖဆပလ အစိုးရ၏ မျက်စိကျခြင်းကို ခံယူ ရရှိလာခဲ့သည်။ တမုဟုတ်ချင်းပင် ထောင်မှူးကြီးအဆင့်သို့လည်း ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ သည်အကြောင်းခံက ရှိ၍နေတော့လည်း မင်းတို့ဟု သုံးသည်ကို ထွန်းနောင်တို့ မခံနိုင်။ မခံချင်။

"ဘယ်မှာ ထားထားပါ၊ အကြောင်းမဟုတ်ပါဘူး၊ ဒါပေမယ့် သည်မှာ ထားလို့မဖြစ်ဖူး ဆိုရလောက်အောင် ငါတို့က ဘာလုပ်နေလို့တုန်း"

ထွန်းနောင်ကလည်း ငါနှင့် ပြန်၍ပြောလိုက်သည်။

"ဟေ့ကောင် မင်းတယ်ရိုင်းပါလားကွ၊ တက္ကသိုလ်ကျောင်းသားဆိုတာ သည်လိုပဲ ရိုင်းသလား"

"လူကို လူလိုဆက်ဆံပါကွ၊ မင်းကရိုင်းရင် ငါလဲရိုင်းမယ်၊ မင်း---"

ထွန်းနောင်၏ စကားမဆုံးမီမှာပင် ဦးဘရင်သည် ထွန်းနောင်၏ ကိုယ်ကိုလာ၍ကပ်လိုက်၏။ ပြန်ပြောမနေရန်လည်း အရိပ်အခြေ ပြလိုက်သည်။ ဦးဘရင်ကမူ သည်အကာလ ညအချိန်မှာ ကျောင်းသားငယ်များကို သူတို့၏မျက်စိအောက်မှ ခေါ်ထုတ်သွားမည်ဆိုတော့ ပူပန်သည်။ ဤအပြုအမူသည် ထောင်၏ထုံးတမ်းစဉ်လာ မဟုတ်။ ထောင်တို့မည်သည် ညနေမှာ ပိတ်ခဲ့သည့်တန်းကို နောက်တနေ့ မနက် နေရောင်မရမချင်း ပြန်ဖွင့်ရိုး ထုံးစံမရှိ၊ အလွန့် အလွန်အရေးကြီးမှသာ၊ သေရေးရှင်ရေးကိစ္စ ရှိမှသာ၊ အထဲတွင် အကျဉ်းသားချင်း သတ်ပုတ်ရိုက်နှက်နေမှသာ မလွှဲမရှောင်သာ ပြန်ဖွင့်ရိုးရှိသည်။ ဤအခြေအနေသည် စင်စစ် ကောင်းသော လက္ခဏာ မဟုတ်။ ဤသည်ကို ဦးဘရင်ကတော့ သိသည်။ ထို့ကြောင့်လည်း ပိုမို၍ အခြေအနေ ဆိုးဝါးမလာစိမ့်သောငှာ ထွန်းနောင်ကို တားလိုက်သည်။

'ခင်ဗျားတို့ကလဲဗျာ၊ မနက်ကျမှ ပြောင်းတော့ကော မရတော့ဘူးတဲ့လား'

တဘက်မှာ ပြင်းထန်နေခိုက်၊ တဘက်မှ ဉာဏ်မြင့်သည်လေသံပျော့ကလေးနှင့် မေးလိုက်၏။ ပြီးတော့ ဖီးရှက်ခန့်မျှသာရှိတော့သော သူ့မျက်နှာငယ်ကလေးကိုလည်း ပြုံး၍ထားသေးသည်။

'ဟော့ ဉာဏ်မြင့်၊ ဘယ်ပြောင်းပြောင်းကွာ၊ ဘယ်တော့ပြောင်းပြောင်းကွာ၊ ဘာလဲ မင်းကြောက်သလားကွ'

ဉာဏ်မြင့်၏အသံကိုလည်း အားလုံးက အကဲခပ်မိကြသည်။ ဉာဏ်မြင့်၏ အခြေအနေကိုလည်း အားလုံးရိပ်မိထားကြပြီး ဖြစ်သည်။ ထို့ကြောင့်လည်း သူ့ရဲဘော်ဖြစ်သည့် သိန်းလွင်ကပါ သူ့ကိုအထင်သေးလာ၏။ သိန်းလွင်က သူ့ခေါင်းဆောင်ကိုသူ ပြန်လှန်၍ ရင့်ရင့်သည်းသည်း မေးလိုက်သည်။

'ဘယ်သွားရမလဲ သွားမယ်'

အကျီအနွေးကို ကောက်ဝတ်ပြီးသည်နှင့်တပြိုင်နက် တည်ကြည်က ပြောလိုက်သည်။

ထောင်ကြပ်တို့သည် ထွန်းနောင်တို့၏အိပ်ရာများကို သိမ်း၍လိပ်နေ၏။ ပြီးတော့ ထမ်းကြပိုးကြသည်။ အခန်းထဲမှ ထွက်ကြသည်။ စုစုပေါင်း ဆယ်မိနစ်ခန့်မျှသာ ကြာလိမ့်မည် ထင်ရ၏။ အခန်းအပြင်ဘက်သို့ အကုန်ရောက်ကြပြီ။

အခန်းထဲ၌မူ စိတ်မချမ်းသာစွာဖြင့် လိုက်၍ကြည့်နေသော ဦးလှနှင့် ဦးဘရင်တို့သာ ကျန်နေရစ်ခဲ့ကြ၏။

ထွန်းနောင်တို့ကို ထောင်မှူးထောင်ကြပ်များခြံရံ၍ ခေါ်ဆောင်လာခဲ့သည်။ ဘယ်သို့ခေါ်နေသည်ကိုမူ ထွန်းနောင်တို့မသိ။ ဟိုကနေ သည်ဖြတ်၊ သည်ကနေ ဟိုဖြတ်နှင့်၊ အုတ်ရိုးပေါင်းများစွာ၊ တံခါးပေါင်းများစွာကိုသာ ဖြတ်၍နေရသည်။

တနေရာသို့ရောက်တော့မှ ကွင်းပြင်တခုကို တွေ့ရ၏။ ထိုကွင်းပြင်၏





တဘက်စွန်းသို့ ဦးတည်၍ လျှောက်ကြရပြန်သည်။ အုတ်ရိုးတခုသို့ ရောက်ပြန်၏။ တံခါးကို ဖွင့်လိုက်သည်။ အထဲသို့ ဝင်ခိုင်းသည်။ အထဲမှာကား အစေခံတန်းလျားကဲ့သို့သော တိုက်တန်းလျားတခုကို တွေ့ရသည်။

'ကဲ သည်တိုက်မှာ တယောက်တခန်း နေကြရမယ်'

ထောင်မှူးကြီးက အမိန့်ချလိုက်သည်။

'အမယ် ထောင်ကျတာတောင် ဒို့က အဆင့်အတန်းနဲ့ပါလားဟ၊ ဘယ်မှာဆိုးလို့တုန်း တိုက်နဲ့တာနဲ့'

တည်ကြည်က နောက်သည်။

တိုက်ခန်းအမှတ်များကို ကြည့်မိသည်။ သည်ဘက်အစွန်သို့ ရောက်နေ၍လော မသိ။ အမှတ် ၁၃ က စသည်။ ပြီးတော့ ၁၂၊ ၁၁၊ ၁၀ စသည်။

တိုးတက်သောကျောင်းသားများဟုသာ ဆိုကြသည်။ ရုပ်ဝါဒသမားများဟုသာ ပြောကြသည်။ လက်တွေ့မှာကျတော့ အခန်းအမှတ် ၁၃ကို မည်သူမျှ မနေချင်ကြ။

အခန်းကလည်း သည်ဘက်ငါးခန်းသာ ဖွင့်ထားသည်။

သည်တော့လည်း ထွန်းနောင်သည် ၁၃ ထဲသို့ပင် ဝင်လိုက်ရတော့သည်။

တိုက်ခန်းဆိုသည်မှာ အလျားဆယ်ပေနှင့် အနံရှစ်ပေသာ ရှိသည့် အခန်းကျဉ်းကလေးဖြစ်သည်။ အမြင့်သည်လည်း ဆယ်ပေခန့် မြင့်လိမ့်မည် ထင်ရ၏။ လေးဘက်လေးတန်မှာ အုတ်နံရံဖြစ်သည်။ ဝင်သည့်အပေါက်သည် ခြောက်ပေသာမြင့်၍၊ နှစ်ပေခန့်ဘဲကျယ်သည်။ လူတကိုယ် ဝင်သာရုံပဲ ရှိသည်။ သည်အပေါက်ကိုမူ သံကွန်ချာတံခါးကြီးနှင့်ပိတ်လိုက်၏။ သံတိုင်စိပ်စိပ် ခြောက်တိုင်ကို အထက်တဝက်အောက်တဝက် သံပြားဖြင့်ဖောက်၍ ကြက်ခြေခတ် ယက်ထားသည်။ အပြင်ဘက်မှ မင်းတုံးထိုး၍ သော့ခတ်ပစ်လိုက်၏။ မင်းတုံး သံချောင်းသည် လုည်းဝင်ရိုးတမျှတုတ်ခိုင်သည်။ သော့ကိုမူ ဘယ်နေရာက ခတ်လိုက်သည်မသိ။ သော့ခလောက်ကိုလည်း မမြင်ရ။ စမ်း၍လည်း မတွေ့နိုင်။ သော့ခလောက်ခတ်သည့် သေတ္တာအိမ်သည် တိုက်ခန်း၏ အပြင်ဘက်အုတ်နံရံကို ထွင်း၍လုပ်ထားသည်။ စမ်း၍မထိနိုင်

စိမ့်သောဂှာလည်း သော့ခလောက် သေတ္တာအိမ်ကို ကျောက်ကုန်း ပြုလုပ်၍ ကာကွယ်ထားပြန်သည်။

ထိုတပေါက်ထဲသော လူဝင်ပေါက်ကိုလည်း အပြင်ဘက်မှနေ၍ ကဲလားသွပ်မိုးဖြင့် အုပ်၍ထားပြန်သည်။ အထဲမှ ထွန်းနောင်သည် ကောင်းကင်ကိုကြည့်ချင်၍လည်း ကြည့်မြင်နိုင်လိမ့်မည် မဟုတ်။ နေ့မှာဆိုလျှင်လည်း နေရောင်သည် အခန်းထဲသို့တိုင် ရောက်လာနိုင်လိမ့်မည် မဟုတ်။

ရှေ့မျက်နှာစာကတော့ အုတ်ရိုးပဲ ဖြစ်သည်။

ဘယ်ကိုပဲ ကြည့်ကြည့် အုတ်ရိုးပဲ မြင်ရမည်။ လူဆို၍ တယောက်ဆို တယောက်ကိုမျှ မြင်ရလိမ့်မည် မဟုတ်။ သော့ခလောက်ကလည်း အတန်တန်။ တံခါးကလည်း အထပ်ထပ်။

ကဲလား၏အစွန်း တံစက်မြိတ်ဖျားမှာတော့ ရေနံဆီဖလ်မီးအိမ်ကလေးတလုံးကို ချိတ်ထားသည်။ အလင်းရောင်တော့ အနည်းငယ်ရပါ၏။

ထိုအလင်းရောင်ဖြင့်ပင် အခန်းထဲကို ပြန်၍ကြည့်မိသည်။ အထဲမှာ သောက်ရေအိုးဟု ထင်ရသော ရေအိုးငယ်တလုံး ရှိ၏။ ရေလည်း အပြည့်အဖုံးကမူ ထင်းရှူးသားချပ်ကလေးသာ ဖြစ်သည်။ ရေခွက်ကလည်း လက်နှင့်ဖျစ်လိုက်လျှင်ပင် ပိန်ရှုံ့သွားနိုင်သည့် ဒန်ရေခွက်။ ပြီးတော့ အခြားတထောင့်မှာမူ စဉ့်အင်ခံ့ ပြားပြားတခု ချထားသည်။ ဂန်ဖလားဟုခေါ်သည်။ သေးပေါက် ချေးယိုရန် ဖြစ်သည်။

အလျားလိုက်မှာမူ အိပ်ရန်အတွက် ခုံတခုံ ရှိ၏။ ခုံသည် မည်သည့်အုတ်နံရံနှင့်မျှ မထိ။ သို့သော် တဘက်သို့မူ ကပ်နေသည်။ သည်ခုံသည် နှစ်ပတ်လည်တိုင်လေးတိုင်ကို ဆင့်ထည့်၍ အခင်းခင်းထားသည့် ခုံသေမျှသာ ဖြစ်ဘိသည်။ ရွှေ့၍ မရ။ အောက်ခံ ကျောက်သံမံတလင်းမှ ထွက်လာသော သံငုတ်နှင့် မူလီအသေစုတ်ထားသည်။ ခုံသည် ခြောက်ပေသာ ရှည်၍ နှစ်ပေသာကျယ်သည်။ မစောင်းသာ မလှိမ့်သာ။ ပြီးတော့ခေါင်းအုံးအဖြစ် အဝင်ပေါက်ဘက်က ခုံဖျားတွင် သစ်သားတုံးတတုံးကို ပိုး၍ရိုက်ထားသည်။





ခုံသည် မတာရှားခိုင်ခန့်၏။ ကိုင်လှုပ်ရုံမျှနှင့် လှုပ်ဖို့နေနေသာသာ၊ တက်၍ပင် ခုန်သော်လည်း အနည်းငယ်မျှ ဖြည်လိမ့်မည်မဟုတ်။

သည့်အပြင်ကား အခန်းထဲတွင် ဘာမျှမရှိ။

ယခုနေကာမှ ထောင်ကြပ်တို့ ထမ်းလာကြသည့် အိပ်ရာလိပ် တလိပ်သည်မူ ခုံပေါ်တွင် ရှိနေသည်။ မွေ့ရာသည် စင်စစ် လိပ်၍ ခေါက်၍မရနိုင်။ အုန်းဆံက များ၍ထူနေသည်။ ထို့ကြောင့် မွေ့ရာသည် ခုံပေါ်တွင် ပြန့်နေသည်။ မွေ့ရာသည် ခုံထက်ကျယ်နေ၏။ ကြီးနေ၏။ ခုံထက်လည်း ရှည်နေသည်။ ခုံပေါ်မှာ မွေ့ရာတော့ ခင်း၍မရနိုင်။

သည်မွေ့ရာနှင့် သည်အိပ်ရာလိပ်သည်လည်း စင်စစ် စောစောက ထွန်းနောင် အိပ်ခဲ့သည့် ပစ္စည်းများ မဟုတ်။ မည်သူ့ဥစ္စာနှင့်မှားနေပြီ မသိ။ သို့သော် ထောင်ကပေးသည့် ပစ္စည်းချည့်ပင်။ ထွန်းနောင်အဖို့ရာမှာလည်း ဘာနှင့်အိပ်ရအိပ်ရ အကြောင်းမဟုတ်ပြီ။

ထွန်းနောင်သည် အိပ်ရာကို ခင်းရန် ပြင်ဆင်သည်။

ဘယ်သို့မျှ ခင်း၍မရ။ မွေ့ရာကသာ ခုံထက်ကြီးနေသည်မဟုတ်။ ခြင်ထောင်ကို ထောင်ရန်အတွက်လည်း ခြင်ထောင်တိုင်မှာ ကြိုးမရှိတော့။ စောစောက ထောင်လက်စ ကြိုးတို့ သည်လည်း ပါ၍မလာတော့။ ပြီးတော့ နံရံတို့မှာ ကြည့်မိပြန်တော့လည်း ရိုက်ထားသည့် သံချောင်း တချောင်းမျှ မရှိ။

ထွန်းနောင်သည် ခြင်ထောင် ထောင်၍ ရနိုင်ရန်အတွက် အကူအညီ တောင်းမည် စိတ်ကူးသည်။ သည်တိုက်ထဲမှ ကျောင်းသားတို့ကို စောင့်ရန်အတွက် အထူးတာဝန်ချထားသော ထောင်ကြပ်တယောက်ရှိသည်။ စောစောက ထောင်မှူးကြီးကိုယ်တိုင် တာဝန်ပေးနေသည်ကို သူကြားလိုက်ရသည်။

သို့သော် အချည်းအနှီးသာတည်း။

'ဆရာတို့ကို ခြင်ထောင်ကြိုးမပေးရဘူးတဲ့၊ ကြိုးဆွဲချသေမှာစိုးလို့တဲ့ ပြီးတော့ သည်တိုက်ထဲမှာ ဘယ်ကလာ သံချောင်းရိုက်ခွင့်ရမလဲ။ ဒါက

ကြိုးပေးသတ်ခါနီး အကျဉ်းသားတွေနဲ့ ထောင်ထဲမှာသိပ်ဆိုးလို့ သပ်သပ်ချုပ်ထားရတဲ့ အကျဉ်းသားတွေအတွက်နေရာဆရာရဲ့ ခေါ်တာကိုက ကြိုးတိုက်လို့ခေါ်တာ'

ထောင်ကြပ်က ရှင်းပြသည်။ သည်တော့လည်း ထွန်းနောင် လက်လျှော့ရတော့သည်။ တယောက်ထဲ ဒေါသထွက်နေ၍လည်း မဖြစ်တော့။

တဘက်ခန်းမှ ကျောင်းသားရဲဘော်တို့မှ ဘယ်သို့ ကြံဖန်ကြိုးစား၍ အိပ်ကြမည် မသိ။ ထွန်းနောင်သည် မှောင်ထဲတွင် ထိုင်၍ စဉ်းစားနေမိသည်။

အုတ်နံရံတို့တွင် သွေးစက်သွေးကွက်များကို တွေ့ရ၏။ အနံ့ကလည်း ညှီစို့စို့နေသည်။ စောစောက လေကောင်းလေသန့် ရသမျှ သည်နေရာမှာကျတော့ အသက်ရှူရသည်မှာပင် ကောင်းစွာမဝချင်တော့။

'ဟေ့ မင်းတို့ ဘယ်လိုလုပ် ခြင်ထောင် ထောင်တုန်းဟေ့'

ထွန်းနောင်သည် အပေါက်ဝသို့ မျက်နှာလာအပ်ကာ အသံကုန် အော်လိုက်သည်။

'မွေ့ရာကို ခုံအောက်သွင်းပြီး ခင်းလိုက် ပြီးတော့ ခြင်ထောင်ကို ခုံပေါ်ကစွပ်လိုက်ပေါ့ဟ၊ သည်လောက်ညံ့ရသလား'

ထွန်းနောင်ပြုံးလိုက်သည်။ မှန်သည်။ သည်နည်းသည်သာ အဖြစ်နိုင်ဆုံးနည်းလမ်းဖြစ်တော့သည်။

ပြန်၍ နည်းပေးလမ်းညွှန်သောအသံကိုသာ ထွန်းနောင်ကြားရသည်။ သည်အသံသည် တည်ကြည်၏အသံ ဖြစ်သည်ကိုလည်း သိသည်။ သို့သော် ဘယ်အခန်းက ပြန်အော်သည်ကိုမူ ထွန်းနောင်မသိ။ ထို့ကြောင့် တခါထပ်၍ ထွန်းနောင်အော်ပြန်သည်။

'တည်ကြည်လားဟေ့၊ မင်းအခန်းနံပါတ် ဘယ်လောက်လဲဟ၊ ငါက ဆယ့်သုံး'

'ငါက ဆယ့်တစ်ဟေ့၊ ဟိုဘက်က အောင်ထွေးရယ်ဟ၊ ဟိုကောင် ဗိုက်နာလို့တဲ့၊ ညီးပါနေတယ်၊ သုတ်ဖို့ စက္ကူလဲ မရှိလို့တဲ့၊ ဒုက္ခပဲ'

တည်ကြည်သည် ပြောပြောဆိုဆို ရယ်လိုက်သည်။





'ဟေ့ နံပါတ်ဆယ့်နှစ်၊ ဆယ့်နှစ်မှာ ဘယ်သူလဲကွ၊ ငြိမ်လှချည်လား၊ အိပ်ပြီလားဟ'

ထွန်းနောင် လှမ်းမေးလိုက်ပြန်သည်။

'ဟေ့ကောင်တွေ ဆူတယ်ကွ၊ ငါအိပ်တော့မလို့'

သိန်းလွင်၏အသံဖြစ်သည်။ သိန်းလွင်သည် အိပ်ရာထဲမှ လှမ်းဖြေလိုက်ခြင်းသာ ဖြစ်ရာသည်။ အသံမှာ အပေါက်ဝမှ လာအော်သကဲ့သို့ ကောင်းစွာ မသဲကွဲချင်။

သည်သို့ဆိုလျှင် ဉာဏ်မြင့်သည် ဟိုဘက်အစွန်းဆုံးတိုက်ခန်း၊ တိုက်ခန်းအမှတ် ၉မှာ ရောက်နေပေလိမ့်မည်။ သူ့အသံကိုမူ ထွန်းနောင်ထံမှ မကြားရနိုင်။

'ထွန်းနောင်ရေ သီချင်းဆိုမယ်ဟေ့'

တည်ကြည်က အဖော်ညှိပြန်သည်။

'အေး ကောင်းတယ်၊ ဘာသီချင်း ဆိုမလဲ'

'ဒို့သီချင်းပေါ့ဟ၊ လိုက်ဆိုကြဟေ့'

ဆိုမည့်သီချင်းကို ပြောလိုက်တော့လည်း တည်ကြည်၏ရည်ရွယ်ချက်ကို ထွန်းနောင် သဘောပေါက်လာသည်။ မှန်သည်။ တည်ကြည် တွေးသကဲ့သို့ပင် သည်အချိန်တွင် စိတ်ဓာတ် တက်ကြွရန် လိုပေမည်။ သူများဖို့သာမက ကိုယ့်ကိုယ်ကိုလည်း တင်းထားဘို့လိုသည်။ ဉာဏ်မြင့်၏အခြေအနေကလည်း မကောင်းတော့ကြောင်းကို သိကြသည်။ ဉာဏ်မြင့်ကိုလည်း အားဖြည့်ပေးရမည်။

တိုင်းပြည်ကို ရှေ့ဆောင်ကာ ဒို့ကျောင်းသားတွေချီ ...
စံနမူနာတည် ကျောင်းသားသမဂ္ဂ ဒို့ဖြစ်သည်...
ကမ္ဘာတဝှမ်းမှာ ဇမာအစွမ်းဟာ မော်ကွန်းတင်ပါသည်...
ဒို့တတွေ သွေးစည်းပြီ ... ...

စ၍ဆိုလိုက်ပြီ ဆိုတော့လည်း အိပ်တော့မည်ဟုဆိုသည့် သိန်းလွင်ပါ ပါဝင်၍ ဆိုလာသည်။ အောင်ထွေးလည်း လိုက်၍ဆိုနေသည်။ အောင်ထွေး၏ အသံသြသြကလေးကိုလည်း ထွန်းနောင်ထံမှ သဲ့သဲ့ ကြားရသည်။ ထို့ကြောင့် ထွန်းနောင်ယုံကြည်သည်။ ဉာဏ်မြင့်၏ အသံကို မကြားရပေမည့် ဉာဏ်မြင့်သည်လည်း မုချ လိုက်၍ဆိုနေပေလိမ့်မည်။

ဉာဏ်မြင့်၏အသံသည် အစကတည်းက ပြာသည်။ သေးသည်။ ဉာဏ်မြင့်သည် စကားပြော၍ တရားဟော၍ရပေမည့် ကြွေးကြော်သံ တိုင်ကြစို့ ဆိုလျှင်၊ ဘယ်တော့မှ ကြာ ရှည်မရတတ်။ ခဏနှင့် အသံပြာ၍ ဝင်သွားသည်။ ယခုလည်း သူသည် လိုက်၍မူ ဆိုနေပေလိမ့်မည်။ ပြာ၍ ဝေး၍သာ မကြားရခြင်း ဖြစ်ရာသည်။

သည်ကျောင်းသားငါးယောက် သီဆိုလိုက်သည့် သီချင်းသံသည် တိတ်ဆိတ်နေသော ထောင်၏ညကိုမူ ကောင်းစွာ ထွင်းဖောက်လိုက်ချေသည်။

ပသို့ဆိုစေ၊ ကျောင်းသားတို့၏ သီချင်းဆုံးသည်နှင့်တပြိုင်နက် ထောင်၏ နေရာအနှံ့ အပြားမှ သြဘာလက်ခုပ်သံများသည် တခဲနက် ထွက်ပေါ်လာကြသည်။ ပထမဆုံး လက်ခုပ်သံများကိုမူ မျက်နှာမူရာအရပ် ခပ်လှမ်းလှမ်းမှ ကြားရသည်။ ထို့နောက် မျက်နှာမူရာအရပ် အနီးမှ လက်ခုပ်သံများ။ ထို့နောက် လက်ျာဘက်နှင့် လက်ဝဲဘက်အနှံ့မှ လက်ခုပ်သံများ။

ပြီးတော့လည်း ထောင်တထောင်လုံးသည် တခုထဲသော ကြွေးကြော်သံကို အဆက်မပြတ် ကြွေးကြော်ကြလေသည်။

ဒို့ကျောင်းသားကို မထိနဲ့၊ မီးပွင့်သွားမယ်၊ မီးပွင့်သွားမယ်
ဒို့ကျောင်းသားကို မထိနဲ့၊ မီးပွင့်သွားမယ်၊ မီးပွင့်သွားမယ်

အစမှာတော့ မညီမညာလှ။ သို့သော် သုံးလေးကြော့ ကြွေးကြော်ပြီးသည်နှင့် ညီညာ၍သွားသည်။ လူတရာခန့်က တိုင်၍၊ လူတရာခန့်က ဖောက်ကြသည်။ အခန်းလိုက် တိုင်ကြ၍၊ အခန်းလိုက် ဖောက်ကြသည်။ အဆောင်





လိုက် တိုင်ကြ၍၊ အဆောင်လိုက်ဖောက်ကြသည်။ ထောင်တထောင်လုံးသည် မအိပ်ကြတော့။

ဒို့ကျောင်းသားကို မထိနဲ့၊ မီးပွင့်သွားမယ်၊ မီးပွင့်သွားမယ်

ကြွေးကြော်သံကို ကြွေးကြော်လိုက်၊ လက်ခုပ်သြဘာများ ပေးလိုက်နှင့်လည်း ထောင်တထောင်လုံးသည် ဆူညံလျက် ရှိတော့သည်။

ထွန်းနောင်၏အဖို့မူ အစက သည်သို့ မထင်မိ။ ကိုယ့်ရဲဘော် အချင်းချင်းနှင့် ကိုယ့်ကိုယ်ကို အားပေးဘို့သာလျှင် ရည်ရွယ်ချက်ထားခဲ့သည်။ ယခုမူ ကျောင်းသားတို့ မည်သည့်နေရာသို့ ရောက်နေကြရပြီဆိုသည်ကို တထောင်လုံးအား အသိပေးလိုက်ရာလည်း ရောက်ပေပြီ။ ကျောင်းသားတို့သည် ရန်သူ၏ ယုတ်မာညစ်ပတ်မှုဖြစ်သည့် တိုက်ပိတ်မှုကိုလည်း တထောင်လုံးအား တင်ပြလိုက်ရာရောက်ပေပြီ။

"ရဲဘော်ကျောင်းသားတို့ ဘာမှ အားမငယ်ကြနဲ့၊ ငါတို့ရှိတယ်။ ရဲဘော်ကျောင်းသားတို့ တိုက်ပွဲကို ဆက်တိုက်ကြ၊ သင်တို့ရဲ့နောက်မှာငါတို့ရှိတယ်"

သည်သို့သော အားပေးမှုများကိုလည်း ထွန်းနောင်တို့ ကြားရသည်။ ထွန်းနောင်တို့နှင့် မလှမ်းမကမ်း တိုက်၏မျက်နှာမူရာဘက်တွင် ကေန္တ အဆောင်ကြီးတခုရှိရာသည်။ သည်အဆောင်မှာလည်း ကေန္တ ကြီးမားရှည်လျားရာသည်။ နေ့ခင်းက တွေ့ခဲ့ရသည့် ပုဒ်မ ၅ အဆောင်ထက်ပင်လျှင် သုံးလေးဆခန့် ကြီးရာသည်။ သည်အဆောင်မှ တခါတခါ ကြွေးကြော်လိုက်လျှင် မြေကြီးပင် တုန်သွားမတတ် ပြင်းထန်လှဘိသည်။

ပသို့ဆိုစေ၊ ထွန်းနောင် ဝမ်းသာ၏။ စိတ်ဓာတ်လည်း ပြင်းထန်တက်ကြွ၍လာသည်။ ယခုနေအခါမှာ ရန်သူသည် မည်မျှ ပြင်းထန်သောနည်းဖြင့် ခြိမ်းချောက်စေကာမူ ထွန်းနောင် စိုးစဉ်းမျှ တုန်လှုပ်မိလိမ့်မည် မဟုတ်။ ထွန်းနောင်၏ကိုယ်တွင်လည်း ကြက်သီးတို့ ထ၍နေကြသည်။ ထွန်းနောင်သည် လက်သီးတို့ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

အချိန်သည် သန်းကောင်သို့ပင် တိုင်ပေပြီ။

ထောင်ဝန်ထမ်းတို့သည်လည်း အလုပ်များကုန်ကြရတော့၏။ အုတ်ရိုး

များပေါ်ရှိ ဖူးငယ်တို့ကလည်း မီးမောင်းကြီးများဖွင့်၍ ဇော့ရမ်းကြလေပြီ။ လက်နက်ကိုင်တို့သည်လည်း အဆင်သင့် ပြင်ထားကြပေပြီ။ ဥသြဆွဲစရာ တခုပဲ ကျန်တော့၏။ ဥသြဆွဲရပြီဆိုလျှင်တော့ ထောင်ဝန်ထမ်းတို့ချည့်သာ မက၊ စစ်တပ်ကလည်း ရောက်လာပေတော့မည်။

သည်အခြေအနေကြောင့်လည်း တနာရီခန့် ကြွေးကြော်ကြပြီးနောက် ရပ်လိုက်ကြတော့သည်။ ထောင်မှူး ထောင်ပိုင်တို့ကလည်း ထောင်ထဲသို့ ရောက်လာကြကာ၊ သက်ဆိုင်ရာ ခေါင်းဆောင်များကို မေတ္တာရပ်ခံသည်ဟု ဆိုသည်။ ထွန်းနောင်တို့ထံသို့ကား မည်သူမျှ မရောက်လာ။

ထွန်းနောင်တို့လည်း မောမောနှင့် အိပ်ရာဝင်ကြရလေပြီ။

ထွန်းနောင်သည် အုန်းဆံမွေ့ရာကြီးကို ခုံအောက်သို့ ခေါက်၍သွင်းလိုက်၏။ မွေ့ရာကြီးသည် လှေဝမ်းကဲ့သို့ ဖြစ်သွားသည်။ သည်အပေါ်မှာ အိပ်ရာခင်းကို မခင်းတော့။ ခင်း၍လည်း မဖြစ်။ ခြင်ထောင်ကိုမူ ခုံအပေါ်မှ စွပ်လိုက်သည်။ ပြီးတော့ ဝမ်းလျားထိုး မှောက်ဝင်၍ အိပ်သည်။

မဆိုး။ မလှည့်သာသည်မှအပ၊ ထထိုင်၍ မရသည်မှအပ၊ သိပ်မဆိုး။ နွေးသည်။

အနံ့အသက်ကတော့ သိပ်မကောင်း။ ကျန်းမာရေးနှင့် ညီညွတ်လိမ့်မည်မဟုတ်။ နဂိုက ညှီစို့စို့မှာ အိပ်ရာဝင် စွန့်ခဲ့သည့် သေးနံ့ကလည်း ရော၍ ဟောင်လာသည်။

သို့သော် ထွန်းနောင် အိပ်၍ပျော်ခဲ့၏။ နှစ်နှစ်ခြိုက်ခြိုက် တရေးမျှ မနိုးပဲ ပျော်ခဲ့သည်။

တခုတော့ရှိ၏။ မနက်ကျတော့ မိုးလင်းခါစတွင် နိုးလာသည်။ အောက်ခံကျောက် သံမံတလင်းသည် စိုထိုင်းထိုင်းဖြစ်နေသဖြင့် ကျောမှာ လာ၍အေးချင်၏။ သည်အအေးဓာတ်ကြောင့် ထွန်းနောင် နိုးလာသည်။

ထွန်းနောင်သည် သတိထား၍ ခေါင်းကို မဆောင့်မိအောင် ကြိုးစား ထွက်ခဲ့၏။ ကိုယ်နေရသည့်တိုက်ခန်းကို ကိုယ်အသေအချာ ကြည့်ချင်သည်။ တိုက်ခန်းသည် စိမ့်နေ၏။ နံရံတို့သည် နီညိုညိုသို့ ရှိကြသည်။ သွေးကွက်ဟု





ထင်ရသော အကွက်ကြီးများကိုလည်း တွေ့ရသည်။ အဘယ်နယ်ချဲ့သမားနှင့် နယ်ချဲ့ရဲ့သြဇာခံတိုင်းရင်းသား သစ္စာဖောက်တို့သည် အဘယ်မျိုးချစ်ပြည်ချစ်တို့ကို ဤနေရာ ဤတိုက်ခန်းတွင် ညှဉ်းပမ်းနှိပ်စက်ခဲ့လေသည် မသိ။

မျက်နှာသစ်ချင်သည်။ သောက်ရေအိုးတလုံးကိုတော့ တွေ့ရသည်။ သံမံတလင်းပေါ်မှာပင် ကျွတ်မခံဘဲ ချထားသည်။ ရေအိုးမှ စိမ့်ထွက်နေသည့် ရေတို့သည်လည်း အိုး၏ ပတ်ဝန်းကျင်တွင် စိုနေသည်။ ရေတော့ ရှိပါ၏။ ပလုပ်ကျင်းလျှင်တော့ ရေကိုအခန်း၏အပြင်ဘက်သို့ ထွေးပစ်နိုင်ပေမည်။ သို့သော် မျက်နှာသစ်ရာ၌ ကျမည့်ရေအတွက်မူ အပြင်သို့ မထွက်နိုင်။ အခန်းတွင်းမှာပင် ရွံကျန်ပေလိမ့်မည်။ ထို့ကြောင့်လည်း ထွန်းနောင်သည် မျက်နှာကိုမူ မသစ်တော့။ ပုဆိုးစနှင့်သာ မျက်နှာကို သုတ်လိုက်သည်။

ဝမ်းပူသည်။ အိပ်ရာအထမှာ ကော်ဖီပူပူကလေးတခွက်သောက်နေကျ အကျင့်သည် ယခု ပြဿနာ ပေါ်လာ၏။ ကော်ဖီ၏အစား ရေကိုသောက်မည်ကြံတော့လည်း၊ သည်ရေကို မသောက်ရဲ။ သည်ရေသည် ဘယ်တုန်းက ခပ်ထားသည့် ရေမှန်းလည်း မသိ။ ပြီးတော့ သန့်ချင်မှ သန့်မည်။

ဘာမျှလည်း လုပ်စရာမရှိသဖြင့် ထွန်းနောင်သည် လမ်းလျှောက်နေလိုက်၏။ ဆယ်လှမ်းခန့်ကို ခေါက်တုံ့ ခေါက်ပြန် လျှောက်နေရတော့လည်း မူးချင်၍လာသည်။ လေလည်း ဝဝ လင်လင် မရှူရ။

သည်အခိုက် ကော်ဖီတခွက် ရောက်လာသည်။ ပေါင်မုန့်တချပ်လည်း ပါလာသည်။ ပေါင်မုန့်ကို လိမ္မော်ယို သုတ်ထားသည်။ လိမ္မော်ယို သုတ်ထားသည်ဆိုပေမည့် ပါလေကာမျှသာ ဖြစ်သည်။ လိမ္မော်ခွံဖတ် တဖတ်နှစ်ဖတ်သာ မြင်ရသည်။ ပြီးတော့ ကော်ဖီကလည်း ဘယ်အချိန်ကဖျော်ထားသည် မသိရ။ မည်မျှ ရှည်လျားသောခရီးကို ဖြတ်သန်းလာခဲ့ရသည်လည်း မသိ။ အေးစက်၍ နေသည်။ အဖုံးလည်း မပါ။ သည်အထဲ ကျဲကလည်း ကျဲသေးသည်။

သို့သော် ဟန်ဆောင်နေ၍ မဖြစ်။ ဟန်ကြီးပန်ကြီးလည်း မလုပ်နိုင်။ လာပို့သည့် အကျဉ်းသားကိုပင် ခဏစောင့်ခိုင်းကာ တကြိမ်ထဲ မော့ချပစ်လိုက်သည်။ ထောင်ကြပ်သည် ရှေ့သစ်သားတံခါးကိုသာ ဖွင့်ပေးသည်။ တိုက်ခန်း၏ သံကွန်ချာတံခါးကိုမူ ဖွင့်မပေး။ သံတိုင်ကြားမှသာ ယူစေသည်။

လာပို့သည့် အကျဉ်းသားသည် အင်္ကျီအဖြူကို ဝတ်ထားသည်။ လုံချည်ကတော့ ချည်ကြမ်း၊ ပြောင်၊ အပြာရင့်ရောင်နှင့်ဖြစ်သည်။ အနွေးအင်္ကျီမပါ။ သို့သော် သူ့ကို ကြည့်ရသည်မှာ ချမ်းပုံမရ။ ကျန်းမာရေးနှင့်လည်း ပြည့်စုံပုံရသည်။ ထောင်ထဲမှာ သူသည်ထမင်းကောင်းကောင်းစားနေရပုံလည်းရ၏။ သူ့မျက်နှာသည် ပြုံးနေသည်။ သူ့မျက်နှာသည် ကရင် အမျိုးသားတယောက်နှင့်လည်းတူ၏။ သူ့အင်္ကျီ၏ ပခုံးစွန်းတွင်မူ အပြာရစ်ကလေးတရစ်တပ်ထားသည်ကို တွေ့ရသည်။

'သည်ကော်ဖီကိုလဲ ဟို စိုလ်သိန်းတို့အဆောင်က ပို့တာပဲလားဗျ'

ပို့သည့်အကျဉ်းသားက ခေါင်းညိတ်သည်။ ပြုံးသည်။ သို့သော် စကားတော့ မပြန်။

'ထမင်းကကော ဘယ်အချိန် လာမှာလဲဗျ'

ပြန်မဖြေ၍မရသော မေးခွန်းကို မေးလိုက်ပြန်တော့လည်း၊ အကျဉ်းသားသည် ပြုံးပြန်သည်။ ခေါင်းကို ညိတ်ပြန်သည်။

'ဟော့ပြီးရင် မြန်မြန်ထွက်'

နောက်မှ ရပ်စောင့်နေသော ထောင်ကြပ်က ဟောက်လိုက်သည်။ သည်တွင် သူလည်း ပြန်ထွက်သွားတော့၏။

သစ်သားတံခါး သော့ခတ်သံကို ကြားရသည်။ ထို့နောက် တဘက်ခန်းနှင့် တည့်တည့်မှာရှိသည့် သစ်သားတံခါးကို ဖွင့်သည့် အသံကြားရသည်။ တန်တော့၊ သိပြီ။ သိန်းလွင်အတွက် ကော်ဖီပို့နေလေပြီ။

တိုက်ခန်း တခန်းနှင့်တခန်းသာ အုတ်နံရံခြားထားသည်မဟုတ်။ တိုက်ခန်း၏ မျက်နှာစာတို့ကိုလည်း အုတ်ရိုး ခြားထားသည်။ အကယ်၍ ဤတိုက်ခန်းတွင်းမှ သံကွန်ချာတံခါးကို ဖွင့်ပေး၍ထွက်ခွင့်ရသည့်တိုင် တဘက်ခန်းကိုမူ မြင်ရလိမ့်မည် မဟုတ်။

တိုက်ခန်း၏ ရှေ့မျက်နှာစာမှာတော့ စဉ့်အိုး တလုံးရှိသည်။ ရေလည်း ရှိလိမ့်မည် ထင်သည်။ ချိုးဘို့ ဖြစ်လိမ့်မည် ထင်သည်။

အတန်မျှ ကြာတော့ သစ်သားတံခါးကို လာ၍ဖွင့်ပြန်၏။ သည်တခါမူ





ထောင်မှူးတယောက်လည်း ပါလာသည်။ နိုင်ငံခြားသားဝတ်စုံနှင့် ကုလားတယောက်လည်း ပါလာသည်။ ဆေးလင်ပန်းကလေးကို ကိုင်ထားသည့် အကျဉ်းသား ခပ်ငယ်ငယ်တယောက်လည်းပါလာသည်။ သူတို့ဝင်၍လာကြ၏။ ထောင်ကြပ်က သစ်သားတံခါးကို ပြန်၍စေ့လိုက်ပြီး၊ အပြင်မှ စောင့်သည်။

'သွားကြ သွားကြ၊ လူ မမြင်ဖူးဘူးလားကွ၊ သည်တိုက်နား ကပ်တဲ့လူ မှန်သမျှ မှတ်ထားပြီး စာရင်းပေးရမယ်တဲ့၊ မင်းတို့ပါ တိုက်ပိတ်ခံနေကြရမယ်၊ သွားကြစမ်းကွာ ဝေးဝေးကို'

အပြင်ဘက်မှ ထောင်ကြပ်၏ မောင်းထုတ်သံနေကို ကြားရသည်။

ထောင်မှူးသည် တိုက်တံခါးကို ထပ်ဖွင့်သည်။ ပြီးတော့ အထဲသို့ဝင်၍ လာကြ၏။ ကုလားကိုမူ ထောင်ဆရာဝန်အဖြစ်ဖြင့် မိတ်ဆက်၍ ပေးသည်။ ထောင်ဆရာဝန်သည် အင်္ဂလိပ်စကားဖြင့်သာ နှုတ်ဆက် ပြောဆို၏။ သူသည် အိန္ဒိယမှ ငါးနှစ်စာချုပ်နှင့် လာရောက် လုပ်ကိုင်နေသည့်ဆရာဝန် ဖြစ်သည်။ မြန်မာစကား လုံးဝ မတတ်ဟု ဆိုသည်။

ဆရာဝန်သည် နားကြပ်မပါ။ နားကြပ်နှင့်လည်း စမ်းမကြည့်။ သူ ကျန်းမာရေးစစ်ဆေးပုံကလည်း အင်မတန်ကောင်းသည်။ ထွန်းနောင်ကို မေးသွား၏။

'နေလို့ ကောင်းတယ်မဟုတ်လား၊ ချောင်းဆိုးသလား၊ ဆီးစပ်ထဲက အောင့်တတ်သလား'

သည်သုံးခွန်းပဲ မေးသည်။ ထွန်းနောင်က ခေါင်းခါ၍ချည့် ပြနေတော့ သူ ကျေနပ်သွားပုံ ရသည်။ ထွန်းနောင်၏ ပခုံးကို ပုတ်၍လည်း 'မင်း ကျန်းမာရေး သိပ်ကောင်း' ဟူ၍ မှတ်ချက် ချသွားသည်။

ပသို့ဆိုစေ၊ ဆေးလင်ပန်း ကိုင်ထားသူကိုမူ လှမ်း၍ ခေါ်လိုက်၏။ ပြီးတော့ ဆေးပုလင်းကြီးတလုံးကို လက်ညှိုးထိုးပြသည်။

ဆေးလင်ပန်းကိုင် သူနာပြုသည် ထိုပုလင်းကြီးထဲမှ ဆေးကို ငုံ့ထည့်၍ ထွန်းနောင်ကို တိုက်သည်။

'ဘာ ဆေးလဲဗျ'

'အစာ ကြေဆေးပါ'

'ကြေစရာအစာမှ မရှိပဲဗျာ၊ သောက်ဖို့လိုသေးလား'

သူ့နာပြုအကျဉ်းသားရော ထောင်မှူးပါရယ်သည်။ ဆရာဝန်က သည် ရယ်ကြပုံကို မသက်ာသဖြင့် ပြန်မေးသည်။ သို့သော် မည်သူကမျှ မဖြေကြ။

'ခင်ဗျားတို့ ကျန်းမာရေးကို သူ တာဝန်ယူရမယ်လို့ ပြောထားတော့ သူလဲ တိုက်တော့မှာပေါ့ဗျာ၊ ရောဂါတွေ ဘာတွေရှိရင်လဲ ပြောကြပေါ့'

သည်ထောင်မှူးသည် အသက်ကြီးပြီ။ လေးဆယ့်ငါးနှစ်ခန့်မျှပင် ရှိရော့မည်။ သူသည်လည်း စိတ်သဘောကောင်းပုံရ၏။ ကျောင်းသားတို့အပေါ် စာနာငဲ့ညှာစိတ် ရှိချင်ပုံရသည်။

ထွန်းနောင်မှာ မည်သည့်ရောဂါမျှ မရှိ။ ထို့ကြောင့်လည်း မည်သို့မျှ ပြန်၍ မပြောလိုက်။ သည်တော့ သူတို့လည်း ပြန်ထွက်သွားကြသည်။

တနာရီခွဲခန့် ကြာသော် နောက်တဖွဲ့ ရောက်လာကြပြန်၏။

ထွန်းနောင် ဆာနေပြီ။ ထို့ကြောင့်လည်း ပို့လာမည့် ထမင်းကိုသာ ထွန်းနောင်မျှော်၍နေမိ၏။ သို့သော် ထမင်းကားမလာ။ ထောင်ပိုင်ဆိုသူနှင့် အဖွဲ့သာ ရောက်၍လာကြသည်။

ထောင်ပိုင်ကြီးသည် ဗိုက်ရွဲကြီးနှင့် ကုလားကြီး ဖြစ်၏။ သူလာပုံကလည်း ရှင်ဘုရင်တပါး တိုင်းခန်းလှည့်လည်လာသည်နှင့် တူလှသည်။ သူ့နောက်မှာ လူတွေတပုံကြီး ပါလာ၏။ ထောင်မှူးကြီးဆိုသူနှင့် ထောင်မှူးနှစ်ယောက်ခန့် ပါသည်။ ထောင်ကြပ်ချုပ်စလွယ်နီကြီးနှင့် ထောင်ကြပ်ကလည်း အယ်ယောက်ခန့် ပါသည်။ ပခုံးပေါ်၌ တရစ်ပါသည့်အကျဉ်းသားနှစ်ရစ်ပါသည့် အကျဉ်းသားတို့ကလည်း အများကြီး ဖြစ်သည်။ ဆေးရုံပေါ်မှာ ပါမောက္ခ ဆရာဝန်ကြီး သင်ခန်းစာပြ လှည့်လည်သည်နှင့်လည်း တူလှ၏။ နောက်က စာရွက်စာတမ်းကိုင် ရေးကြ မှတ်ကြသည်တို့လည်း ရှိသည်။

'နာမည် ဘယ့်နယ်ခေါ်သလဲ သား'

ဘုရား၊ ဘုရား၊ ကုလားကြီး ပညာပြလေပြီ။ သားဟူ၍ပင် ခေါ်လိုက်ချေ





သေးသည်။ ကုလားကြီးသည် သည်ထောင်ဝန်ထမ်းတို့အထဲတွင် အကြီးဆုံး။ မျိုးချစ်ပြည်ချစ်များကို ရိုက်နှက်သတ်ဖြတ်ရဲ၍ အမှတ်ရကာ ထောင်မှူးကြီးဖြစ်နေသောသူထက်ပင်ကြီးသည်။ သည်တော့လည်း သည်ကုလားကြီးကို လျှော့တွက်၍ မဖြစ်။ သူက သားဟုခေါ်ကာ အယုံသွင်းပေမည့်၊ သူ့ စည်းရုံးရေးကို အညံ့ခံလိုက်၍မဖြစ်။ ထောင်ဆိုသည်မှာ မည်သူ့ကိုမျှ မယုံကြည်ရသောအရပ်ဟု ထွန်းနောင်ကြားဖူးသည်။ အထူးသဖြင့် ထောင်အာဏာပိုင်တို့သည် ရန်သူ၏ ကြေးစားဝန်ထမ်းများ။ သူတို့ကို ပို၍ပင် မယုံကြည်အပ်။

'မောင်ထွန်းနောင်'

ထွန်းနောင်က ခတ်ပြတ်ပြတ်ပင် ဖြေလိုက်သည်။

'အခု မောင်ထွန်းနောင် ဘယ်အတန်းမှာ ပညာသင်နေဆဲလဲ'

သူ့စကားသည် ဟာသံပေသံ ထွက်နေ၏။ သူ့အသံကလည်း ဌာန်ကရိုဏ်းကျလှသည်။

'ဝိဇ္ဇာ(ခ)တန်းပါ'

ထောင်ပိုင်ကြီးသည် သူ့နဖူးကိုသူ လက်ဖဝါးဖြင့် ဖိလိုက်သည်။

'အိုး နမြောစရာကောင်းပါဘိကွယ်၊ ကြည့်စမ်း ကြည့်စမ်း'

သူ့ တဘက်တချက်မှာ ရပ်နေကြသည့် ထောင်မှူးတို့ကို လှည့်၍ ခေါ်လိုက်သည်။ ပြီးတော့မှ မောင်ထွန်းနောင်ကို ပြသည်။

'မောင်ထွန်းနောင် အသက်ကကော'

'နှစ်ဆယ့်နှစ်'

'ကဲ ကြည့်စမ်း၊ ကြည့်စမ်း၊ အသက်ကလဲ ငယ်ငယ်လေး၊ ရောက်နေတဲ့အတန်းကလဲ ခေါင်မိုး၊ ဒို့မျှားမလဲ သားနှစ်ယောက်တောင်ရှိပါရဲ့ကွယ်၊ မောင်ထွန်းနောင်နဲ့ရွယ်တူရော၊ တယောက်က ကြီးတောင်မှ ကြီးသေး၊ အဲသည်နှစ်ယောက်လုံး တက္ကသိုလ်ကို မရောက်ကြသေးဘူးကွယ့်'

ထွန်းနောင် မည်သို့မျှ ပြန်၍ မပြောသာ။ နားထောင်၍သာ နေရသည်။

'ကြီးမြတ်သော ဘုရားရဲ့ ဂုဏ်ကျေးဇူးတော်နဲ့ မောင်ထွန်းနောင်တို့ကိစ္စ

မြန်မြန်ပြီးပါစေကွယ်'

ထောင်ပိုင်ကုလားကြီးသည် ကောင်းကင်သို့ မော့၍ ဆုတောင်းလိုက်ပြန်သည်။

ပြီးတော့ နောက်၌ ဘာမျှမကျန်ရစ်ခဲ့သကဲ့သို့ စိုးစဉ်းမျှ တုံ့နှေးခြင်းမရှိဘဲ လှည့်ထွက်သွားလေသည်။

သည်တွင် ကျန်ရစ်ခဲ့သည့်သူများက ထွန်းနောင်၏ကိုယ်အလေးချိန်ကို ချိန်ကြည့်သည်။ အရပ်ကို တိုင်းကြည့်သည်။ အင်္ကျီကို ခေတ္တချွတ်စေ၍ ခန္ဓာကိုယ်နှင့် မျက်နှာ၌ရှိသော အမှတ်အသားများကို မှတ်ကြသည်။ အရပ် ငါးပေခြောက်လက်မ။ ကိုယ်အလေးချိန် ၁၁၇ပေါင်။ မျက်နှာမှာ ဝက်ခြံများရှိ။ နှာခေါင်း လိပ်၍ရှည်။ မျက်မှန်နှင့်။ ဆံပင် အလယ်ခွဲ။ အသားညို။ မေးစေ့ချွန်။ မေးအလယ် ချိုင့်ကလေးရှိ။

သို့နှင့် နံနက်ဆယ့်တနာရီကျော်စတွင် ထမင်းပွဲရောက်လာသည်။ ထမင်းသည် မနေ့က နယ်ပင် မဆိုးလှ။ သို့သော် ဟင်းနှစ်ခွက်ပဲ ပါတော့သည်။ တခွက်သည် ဟင်းရွက်ပေါင်းစုံကို ရော၍ချက်ထားသည့် ချဉ်ရေဟင်းဖြစ်၏။ နောက်တခွက်ကတော့ ဝက်သား။ ဝက်သားသည် တတုံးတည်း ဖြစ်၏။ အဖော်မဲ့ရှာသည်။ ထိုဝက်သားတတုံးသည်လည်း အဆီနှင့်အခေါက်ချည့် ဖြစ်သည်။ အသားမျှင် အသားဆိုင်ကလေးသည် ယောင်၍မျှပင် ကပ်ပါမလာခဲ့။ ပြီးတော့လည်း ဝက်မွေးနေသည်များ ဖြစ်နေလေမည်လော မပြောတတ်။ ဝါလိုက်သည်ကလည်း ထိန်နေသည်။

အမှန်ကို ဝန်ခံရမည်ဆိုလျှင် ထွန်းနောင်သည် ဝက်သားကို မကြိုက်။ ဝက်ဆီဆိုလျှင် တို့ပင်မတို့ခဲ့။ မလွှဲမရှောင်သာ ဝက်သားဟင်းနှင့် ထမင်းစားရတော့မည်ဆိုလျှင် ထွန်းနောင်သည် အဆီကို ရှောင်သည်။

ယခုမူ အဆီကိုရှောင်လျှင် အားလုံးကို ရှောင်ရာ ရောက်တော့မည်။ မတတ်နိုင်သည့်အဆုံး အဆီတုံးကြီးကို ဖဲ့ကြည့်လိုက်မိတော့လည်း အဆီတုံးကြီးသည် အိမနေ။ ဖြတ်မရ။ သွားနှင့်ကိုက်၍ ဖြတ်မှပင် ရတော့အံ့ ထင်သည်။

ထွန်းနောင်သည် မှိတ်၍ကျိတ်၍ ဖြတ်လိုက်၏။ ဝက်ဆီကို တို့စရာ





သဘောထားကာ ထမင်းလုပ်ထဲတွင် မြှုပ်၍ မြှုပ်၍ စားလိုက်သည်။ အီလာလျှင် ချဉ်ရေဟင်းပန်းကန်ကို မောင်း၍ သောက်လိုက်၊ ပြန်စားလိုက်၊ ချဉ်ရေသောက်လိုက်နှင့် ထမင်းတပန်းကန်တော့ ကုန်အောင် လွေးလိုက်သည်။

တခုတော့ ရှိသည်။ ထောင်ပိုင်ကြီး ပြန်သွားကတည်းက ထွန်းနောင်တို့ကို တိုက်ခန်းထဲသို့ ပြန်၍မသွင်းသေးပဲ အပြင်မျက်နှာစာခန်းမှာပင် နေခိုင်းသည်။ မည်သူ့ကိုမျှ မမြင်ရ မတွေ့ရသော်လည်း ကောင်းကင်ကိုမူ မြင်ရနိုင်သေး၏။ ပြီးတော့ နေပူစာ လှုံနိုင်သည်။ အချမ်းပြေသည်။ အသက်ရှူချောင်သည်။

ထွန်းနောင်သည် လက်ဆေးပြီးသည်နှင့် တပြိုင်နက်ပုဆိုးနှင့်ပင် လက်ကို သုတ်လိုက်၏။ ထို့နောက် အခွင့်အရေးရခိုက် စဉ့်အိုးကို ကြည့်မိသည်။ စဉ့်အိုးနှုတ်ခမ်းပေါ်သို့ တက်၍ရပ်၊ ပြီးတော့ လက်ကို တဆုံး မြှောက်လိုက်လျှင် ကြားအုတ်ရိုး၏ထိပ်ကိုတော့ မှီလိမ့်မည် ထင်သည်။ သည်သို့ မှီလျှင် တဖက်ခန်း၌ရှိနေသော သိန်းလွင်သည် သူ့လက်ဖျားကလေးကို မြင်ရပေလိမ့်မည်။ တယောက်နှင့် တယောက် အသံမကြားရပဲ အဆက်အသွယ်ရနိုင်ပေလိမ့်မည်။

အပြင်ဘက်၌ မည်သူ စောင့်နေသည် မသိ။ အနည်းဆုံး ထောင်ကြပ်တော့ စောင့်နေပေလိမ့်မည်။ ထို့ကြောင့် ထောင်ကြပ်မကြားအောင် သိန်းလွင်ကို ခေါ်ချင်၏။ မည်သို့ ခေါ်ရပါ့ မည်နည်း။

ကျောက်ခဲ အုတ်ခဲကလေးနှင့် လှမ်းပစ်၍ အချက်ပေးရန်ကလည်း မဖြစ်နိုင်။ သံမံတလင်းသည် တဏှာသိုလ်ကျောင်းသူတို့၏ ပါးထက်ပင် ချောမွေ့၍နေသည်။ အဲ ဟုတ်ပြီ။ အကြံ ရပြီ။ ရေနှင့်လှမ်းပက်။

သည်သို့လည်း မဖြစ်ပြန်။ တဘက်ကကောင် နေပူစာ လှုံနေခိုက် ရေစိုသွားမှဖြင့် အခက်။ မည်သူ့မှာမျှ လဲလှယ်စရာ အဝတ်ပို ရှိကြသည်မဟုတ်။ ပြီးတော့ ထမင်းစားနေတုန်းဆိုလျှင် ထမင်းဟင်းထဲ ရေဝင်ကုန်တော့မည်။ မြေကြီးပေါ်မှ ပြန်စင်သည့်ရေတို့သာ ဝင်ကုန်မည်ဆိုလျှင် ရဲဘော် ထမင်းတဝက်တပျက်နှင့် ငတ်ဦးမည်။ မဖြစ်။ မဖြစ်ရေးချ မဖြစ်။

ထွန်းနောင်သည် ကြံပြန်သည်။

ထွန်းနောင်သည် ရေအိုးဖုံးလုပ်ထားသည့် ထင်ရှူးပျဉ်ပြားချပ်ကလေးကို ပြေးမြင်သည်။ ထိုပျဉ်ပြားကိုပယူ၍ ထွန်းနောင်သည် ကြဲဖတ်ခွာသကဲ့သို့ ခွာလိုက်၏။ ရှေ့သွားတို့နှင့်တော့ မရ။ အံသွားတို့နှင့် ကိုက်၍ ခွာလိုက်တော့ သစ်စကလေး တစ ပဲ့၍ထွက်လာသည်။ သည်သစ် စကလေးကို တဘက်သို့ လှမ်း၍ပစ်လိုက်သည်။

မအေပေးသိန်းလွင် မြင်အံ့မထင်။ ဘာမျှ တုံ့ပြန်မှု မရှိ။

ထွန်းနောင်သည် သူ အပြင်မှာရှိသည်ကို သိစေလို၍ ကြဲ့ရာ သီချင်းတပိုဒ်ကို လေချွန်ပြလိုက်သည်။ သည်တော့မှ တဘက်ခန်းမှ ချောင်းဆိုးပြသံ ကြားရသည်။ ထို့နောက် မကြာမီမှာပင် စောစောက သစ်စကလေးသည် သည်ဘက်သို့ ပြန်ကျ၍လာ၏။

အောင်ပြီ။ အောင်ပြီ။ သည်နည်းဖြင့် တယောက်နှင့် တယောက် အဆက်အသွယ်ရနိုင်သည်။ စက္ကူမရှိသော်လည်း၊ ရေးစရာ ကလောင်တံ ခဲတံစသည် မရှိသော်လည်း ရှိလာသည့် တချိန်တွင် သည်သို့ ဆက်သွယ်မည်။

ထွန်းနောင်သည် စဉ့်အိုးပေါ်သို့လည်း တက်လိုက်၏။ ပြီးတော့ ကြား အုတ်ရိုးထိပ်သို့ လှမ်းစမ်းသည်။ အုတ်ရိုးထိပ်ပေါ်တွင် သူ့ လက်ဖျားကလေး များဖြင့် ပုတ်လိုက်၏။ သိန်းလွင်မြင်မှ မြင်ပါစေတော့ ။

သို့သော် သိန်းလွင်က မမြင်။

မြင်စေချင်သူက မမြင်ပဲ မမြင်စေချင်သူက မြင်သွားသည်။ မမြင်၍လည်း မဖြစ်တော့။ ခြေထောက်အောက်က စဉ့်အိုးသည် လိမ့်၍လဲတော့သည်။ သည်တွင် ထွန်းနောင်လည်း ပြန်ခုန်ချလိုက်ရတော့၏။ စဉ့်အိုးထဲမှ ရေတို့ သည် စောင်း၍ သွန်လိုက်သကဲ့သို့ ဝေါကနဲ ထွက်ကုန်ကြတော့သည်။ သည်ရေတို့သည် တိုက်ရှေ့သို့ ထွက်ကြသည်။ အစောင့်ထောင်ကြပ်သည် တံခါးကိုဖွင့်၍ ဝင်ကြည့်၏။

'ဘာဖြစ်တာလဲ'

'ရေတွေကို သွန်ပစ်တာ'

'ဘာဖြစ်လို့ သွန်ပစ်ရတာလဲ'





'ပျင်းလို့'

'ခင်ဗျားတို့ ကျောင်းသားတွေဗျာ၊ တော်တော် နောက်တဲ့လူတွေပဲ'

သည်မှတ်ချက်ကိုမူ ထွန်းနောင် မခံချင် မဖြစ်မိတော့။ စပ်ဖြဲဖြဲနှင့်သာ ငြိမ်၍ နေလိုက်သည်။

သို့သော် ဤသည်ကိုလည်း သက်ဆိုင်ရာသို့ အစီရင်ခံလိုက်သည်ထင့်။ ထောင်မှူး တယောက် ရောက်လာသည်။ ပျင်းသည်ဆိုလျှင် ထောင်စာကြည့် တိုက်၌ရှိသော အင်္ဂလိပ် စွယ်စုံကျမ်းများကိုမူ ဖတ်လိုက ဖတ်နိုင်သည်ဟု ဆိုသည်။ ဘာမှ မလုပ်ရသည့် အတူတူတော့ ဖတ်နေခြင်းက ပိုကောင်းလိမ့် မည်ဟု ယူဆ၍၊ ထွန်းနောင်ကလည်း ဖတ်မည်ဟု ပြောလိုက်သည်။ စာအုပ်ထူကြီးများ ရောက်လာ၏။ တပါတည်းပင် တိုက်ခန်းထဲသို့လည်း ပြန်ဝင်စေခဲ့သည်။ တိုက်ပိတ်လိုက်ပြန်သည်။

သည်နေ့အဖို့မူ စာကိုသာ ဖတ်ရတော့သည်။ စာဖတ်နေခိုက်မှာမူ အိပ်ငိုက်၍လာ၏။ သို့သော် မအိပ်ရဲ။ နေ့ခင်းမှာ အိပ်ထားလျှင် ညကျတော့ တော်တော်နှင့် အိပ်ပျော်နိုင်လိမ့်မည် မဟုတ်။ ညဘက်မှာ အိပ်မပျော်လျှင် ဒုက္ခ။ တိုက်ထဲမှာက တယောက်ထဲ အိပ်ရသည်ဆိုတော့ စိတ်ဓာတ် ခြောက် ချားနိုင်သည်။ စိတ်ဓာတ်ကျနိုင်သည်။

ထွန်းနောင်သည် ရန်သူ၏ နှိပ်စက်ညှဉ်းပမ်းမှုကိုတော့ မကြောက်။ သူ မျှော်လင့်ထားခဲ့ပြီး ဖြစ်သည်။ ရန်သူသည် မည်မျှပင် နိုင့်ထက်ကလူ ပြုကျင့် နှိပ်စက်စေကာမူ၊ ထွန်းနောင် ဘယ်တော့မျှ ဒူးထောက်လိမ့်မည်မဟုတ်။ သို့သော် ထွန်းနောင်သည် ညအမှောင်ကိုတော့ ကြောက်မိသည်။ သည် တိုက်ခန်းထဲ၌ သေသွားခဲ့သူတို့ ရှိသလော။ ကြိုးစင်သို့ တက်ခါနီးအထိ သည်တိုက်ခန်းထဲမှာ နေခဲ့ရ၍၊ သည်နေရာကို စွဲလန်းနေသူတို့ ရှိမည်လော။ ထွန်းနောင်သည် ရုပ်ဝါဒသမားဟု ဆိုသော်လည်း၊ ဝိဉာဉ်ဝါဒကို မယုံကြည် သော်လည်း တစ္ဆေကိုတော့ ကြောက်ချင်သည်။ မမြင်ဘူးပေမည့် ကြောက် သည်။ မတွေ့ဘူးပေမည့် သွေးပျက်သည်။

ထို့ကြောင့်လည်း ညမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ချင်သည်။ နေ့ခင်းမှာ

မအိပ်ဖြစ်အောင် ကြံဖန်၍နေသည်။ စာဖတ်၍ အိပ်ချင်စိတ်ပေါ်လာလျှင် တခါထ၍ လမ်းလျှောက်ပစ်လိုက်သည်။

ညနေဘက်သို့ ရောက်သောအခါ၌မူ မိလ္လာ လာသိမ်းသည်။ သံတိုင် သံတံခါးများကို လာရောက်၍ စစ်ဆေးသည်။ တလာစီမည်။ ပြီး ထမင်းလာ ပို့သည်။ သူများတကာတို့အတွက် တန်းပိတ်ချိန်မှာမူ ထွန်းနောင်တို့ထံသို့ အိမ်မှပစ္စည်းများ ရောက်လာသည်။ အိပ်ရာလိပ်နှင့် အဝတ်အစားများ ဖြစ်သည်။ ထွန်းနောင်အိမ်ကမူ ထွန်းနောင်အတွက် ဆေးပြင်းလိပ်ထုပ် ငါးထုပ်လည်း ပေးလိုက်သည်။

ဆေးပြင်းလိပ်နှင့် စာအုပ်သည် ထွန်းနောင်၏အဖို့တော့ အချိန်ကို ကောင်းစွာ ကုန်လွန်စေခဲ့သည်။ ဆေးလိပ် မသောက်တတ်ပေမည့် တည်ကြည်သည်လည်း စာကိုဖတ်၍ သူ့အချိန်ကိုသူ ကောင်းစွာပင် ကုန်လွန်စေခဲ့သည်။

ဉာဏ်မြင့်ကမူ စာကိုလည်း မဖတ်ချင်ဟု ဆိုသည်။ ဉာဏ်မြင့်သည် ထောင်ပိုင်နှင့်တွေ့လို၍ ခွင့်တောင်းထားသည်ဟုလည်းသိရသည်။ သည်သတင်းတို့ကိုမူ တိုက်စောင့်ထောင်ကြပ်ထံမှတဆင့် ထွန်းနောင် သိရခြင်းဖြစ်သည်။

သို့နှင့် တနေ့တာ ကုန်ခဲ့သည်။

အခမ်းအနားသည်လည်း ဒုတိယအစီအစဉ်ရောက်ခဲ့ပြီ။

အောက်တိုဘာလ(၉)ရက်။ တတိယမြောက်နေ့။

နံနက်စာထမင်းပွဲ ရောက်မလာမီမှာပင် ထွန်းနောင်တို့ကို ထောင်မှူးတယောက်က လာခေါ်သည်။ ထောင်ဝင်စာ တွေ့ရန်ဟုဆို၏။ မည်သူတို့က လာ၍ တွေ့မည်နည်း။ အိမ်က လာ၍ တွေ့မည်လော။

ထွန်းနောင်တို့ ပြင်ရဆင်ရသည်။ အဝတ်အစား လဲရသည်။ မျက်နှာသစ်ရသည်။ သောက်ရေအိုးအဖုံးကို ဖွင့်၍လည်း ရေကို မှန်အဖြစ် ကြည့်ရသည်။ ဆံပင်ကို လက်ဖြင့်သပ်ကာ ခွဲရသည်။ တိုက်ပုံအင်္ကျီထပ်၍ ဝတ်ရသည်။





အပြင်ဘက်သို့ ရောက်သောအခါ စိတ်ထဲမှာ တမျိုးဖြစ်သွား၏။ နေရောင်၏ ထိတွေ့မှုကိုလည်း စိတ်ထဲမှာ အားရကြည်နူးနေမိသည်။ အရပ်လေးမျက်နှာကိုလည်း လှည့်၍ကြည့်လိုက်သည်။

နေရသည့်တိုက်သည် ထောင်အုတ်ရိုးအတွင်း၌ မြောက်ဘက်အစွန်နားနီးသည်။ ပထမညက အားပေးကြွေးကြော်သော အဆောင်ရှည်ကြီးကိုလည်း သည်တော့မှ မြင်ရ၏။ ရှည်လျားလိုက်ပါဘိ။ တပြခန့်တော့ ရှည်လိမ့်မည် ထင်သည်။

ဗူးဝ ထောင်ရုံးခန်းသို့ ရောက်သည်အထိ တံခါးခြောက်ခုကို ဖြတ်ရသည်။

ရုံးခန်းသို့ ရောက်သောအခါ အမင်္ဂလာများကို တွေ့ရ၏။ အရပ်ဝတ်နှင့် ရောက်နေကြသော အထူးစုံစမ်းထောက်လှမ်းရေး ရဲများကို တွေ့ရသည်။ သည်တော့မှ ထွန်းနောင်တို့ ကျိန်ဆဲမိကြ၏။

"ထောင်ဝင်စာဆိုလို့သာ လာတာ၊ ခင်ဗျားတို့မှန်းသာသိရင် ထွက်တောင် မထွက်ဖူး"

တည်ကြည်က တွေ့လျှင်တွေ့ချင်း နှုတ်ဆက်စကား ဆိုလိုက်သည်။

စင်စစ် ပြောမည့်သာ ပြောသည်။ မည်သည့်အကြောင်းကြောင့် မည်သည့်အကြောင်းဖြင့် ထွက်ရသည်ဖြစ်စေ၊ ထွက်တော့ ထွက်ချင်သည်။ သည်သို့ ထွက်ကြရလျှင် အနည်းဆုံး တယောက်နှင့်တယောက်တွေ့နိုင်ကြသေးသည်။ တွေ့ကြရသေးသည်။ သတင်းအစအနကြားရနိုင်သေးသည်။ ကြားကြရသေးသည်။

မည်သူမျှတော့ မပြောင်း။ မနေ့တနေ့ကနှင့် မည်သို့မျှ မခြားနားကြ။ ဉာဏ်မြင့်သည်ပင်လျှင် သည်ကနေ့ ကြည့်ရသည်မှာ လန်းနေသည်။ စိတ်သိပ် ထိခိုက်နေပုံ မရှိတော့။ သူ ခွင့်တောင်းထားသည်ဆိုသည့် ကိစ္စနှင့် ပတ်သက်၍လည်း မည်သို့ထူးခြားသည်တော့ မသိရ။

ထွန်းနောင်သည် တည်ကြည်၏အနားသို့ ကပ်လိုက်သည်။ သူ ကြားထားသည့် ဉာဏ်မြင့်၏အကြောင်းကို ကပ်၍ ပြောလိုက်သည်။ တည်ကြည်

သည် ရုတ်ချည်း ဒေါသထွက်လာ၏။ ဉာဏ်မြင့်ကို ပြောင်ပင် မေးကြည့်မည် ပြုသည်။ သည်တော့လည်း ထွန်းနောင်က ပြန်၍ ဆွဲရသည်။

‘ဟာ ဒါမျိုးဆိုတာ မေးလို့ ရမလားကွ၊ ပြောင်လိမ်မှာပေါ့၊ ပြီးတော့ ဟုတ်နေရင် ကိစ္စမရှိဘူး၊ မဟုတ်ရင် မှိုအချင်းချင်း နားလည်မှုတွေ ပျက်ကုန်တော့မပေါ့၊ ရန်သူ့ ခြေထိုးသတင်းလဲ ဖြစ်ချင် ဖြစ်နေမှာပါကွာ’

‘နှစ်ယောက်သား တိုးတိုး တိုးတိုးနဲ့ ဘာတွေများ တိုင်ပင်နေကြတာလဲဗျ’

တည်ကြည်နှင့်ထွန်းနောင်တို့ ကပ်၍ပြောနေကြသည်ကို မြင်၍၊ အထူးရဲရုံမှူးဦးစောထွန်းက လှမ်းမေးသည်။ ဦးစောထွန်း၏ မျက်နှာသည် ချိုနေပြုံးနေ၏။ သူက ကျောင်းသားတို့နှင့် သိပ်ခင်မင်ရင်းနှီးဟန် ဆောင်ထားသည်။

‘ဟဲ ဟဲ ခင်ဗျားတို့ မသိစေချင်တာတွေ ပြောနေကြတာဗျ’

ထွန်းနောင်က တဆက်ထဲ ဖြေလိုက်သည်။ ဦးစောထွန်း၏ ချိုနေပြုံးနေသော မျက်နှာသည် ရုတ်ခြည်းပျက်သွား၏။ သို့သော် ဟန်ဆောင်၍ ဆက်ပြုံးသည်။ မပြုံးချင်ပဲ ဆက်ပြုံးသည်။

‘ကျွန်တော်တို့လဲအလကားပါဗျာ၊ ခင်ဗျားတို့ နေလို့ထိုင်လို့ကောင်းကြရဲ့လားဆိုတာ လာအကြည့်မိုင်းတာနဲ့ လာကြရတာပါ’

ရဲအုပ်ဦးအေးမြင့်က မျက်နှာငယ်ကလေးနှင့် ဝင်ပြောသည်။

‘သည်လိုရှိတယ် ကိုထွန်းနောင်၊ ကျွန်တော်တို့မှာ တာဝန်တခုတော့ ပါလာတယ်ဗျာ၊ ဘာမှတော့ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ ခင်ဗျားတို့ရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်ကလေးတွေ လိုချင်လို့ပါ၊ အဲဒါကလေးတွေ မေးပြီး ရေးတင်ရမယ်တဲ့ဗျာ၊ အဲဒါကလေးတော့ တဆိတ်သည်းခံပြီး ကူညီပါလို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်’

ဦးစောထွန်းက တဆက်ထဲပြောသည်။

‘ခင်ဗျားတို့ လက်ခုပ်ထဲက ရေပဲဗျ၊ မေးရင် ဖြေရမှာပေါ့၊ မဖြေလို့ ရမလား၊ ရမယ်ဆိုရင်တော့ မဖြေချင်ဘူးဗျာ’

သိန်းလွင်က ဝင်၍ဖြေလိုက်သည်။





‘သည်လိုလဲ မဟုတ်သေးပါဘူး ကိုသိန်းလွင်ရယ်၊ ကျွန်တော်တို့လဲ တာဝန်အရသာ လုပ်ကိုင်ဆောင်ရွက်နေကြရတာပါဗျာ၊ တယောက်နဲ့ တယောက် ပြေလည်ကြရင် ပိုကောင်းမယ်မဟုတ်လား’

‘ကျုပ်တို့ သိပါတယ်၊ ခင်ဗျားတို့ဟာ ကျုပ်တို့ရဲ့ရန်သူ မဟုတ်ဖူးဆိုတာကို၊ ဒါပေမယ့် တခုတော့ရှိတယ်၊ ခင်ဗျားတို့ဟာ ရန်သူရဲ့ကြေးစားကိုယ်စားလှယ်တွေ’

တည်ကြည်က တခွန်းဝင်နှက်လိုက်ပြန်သည်။

‘ကဲပါကွာ၊ စကားစစ်ထိုးမနေကြပါနဲ့၊ လုပ်ရမဲ့ကိစ္စ မြန်မြန်ပြီးအောင် လုပ်လိုက်ကြရင် ပြီးတာပဲ၊ လာ လာ၊ ဘယ်နေရာမှာ ယူမလဲ’

ဉာဏ်မြင့်က ဝင်၍ ဖြန်ဖြေသည်။

သည်ကတည်းက ဉာဏ်မြင့်သည် အမှတ်ယူနေပြီ ဆိုသည်ကို သိလိုက်ကြရသည်။ ဉာဏ်မြင့်သည် သူ ခေါင်းဆောင်ဖြစ်သည့် အကြောင်းကို ပြလို၍လော၊ ရန်သူ၏ အမြင်တွင်သူ သက်သာရာရကြောင်းလော မသိ။ ဉာဏ်မြင့် ကြံတော့ ကြံစည်ပြီ။

‘ဟိုဘက်ခန်းထဲမှာ ကျွန်တော်တို့ နေရာတွေ စီစဉ်ထားပါတယ်’

ထောင်မှူးကြီးက ဝင်လာ၍ပြောကာ တဘက်ခန်းထဲသို့ ဦးဆောင်လမ်းပြသည်။

ခုံက ငါးခုံ၊ ကုလားထိုင်က ဆယ်လုံး၊ နေရာက ငါးနေရာ၊ တနေရာနှင့် တနေရာက မဝေးလှပေမည့် တခုံက တခုံကို မမြင်ရ။ ဟိုချောင်သည်ချောင်ထဲမှာကပ်ထားသည်။ အသေအချာ ကြိုတင်၍ စီစဉ်ထားခြင်းလည်းဖြစ်သည်။

လာသည့်ရဲအရာရှိကလည်း ငါးယောက်။ တယောက်ကိုတယောက်က မေးမြန်းမှတ်သားရန် ဖြစ်သည်။

ထွန်းနောင်ကိုတော့ ရဲမှူးဦးတင်ထွန်းက မေးမြန်းသည်။ မိဘအမည်၊ နေရပ်အပြည့်အစုံ၊ မွေးနေ့သက္ကရာဇ်၊ ငယ်စဉ်က ပညာသင်ယူခဲ့သည့် ကျောင်းများ၊ စစ်အတွင်းက ကျောင်းနေမနေ၊ မည့်သည့်ခုနှစ်ကစ၍ သမဂ္ဂထဲသို့ ဝင်ခဲ့သည်၊ ယခုလက်ရှိ မည်သည့်တာဝန်များကို ယူထားသည် စသည်

စသည်ဖြင့် မေးခွန်းဆယ်ခွန်းခန့်ပဲမေးမြန်းသည်။ သူ ရေးမှတ်သည်ကလည်း နှစ်ကြောင်းသုံးကြောင်း။ ထို့နောက် ထောင်ထဲမှာ နေရသည့်အကြောင်း ကောင်းမကောင်းကို မေးသည်။ လိုအပ်သည်တို့ရှိလျှင် ထောင်မှူးထောင်ပိုင်တို့မှတဆင့် သူတို့ထံသို့ လှမ်း၍ မှာကြားနိုင်ကြောင်းကိုလည်း ပြောသည်။ နိုင်ငံတော်အစိုးရသည် ကျောင်းသားခေါင်းဆောင်များကို အထူးတန်းအချုပ်ဖြင့် ထားကြောင်း၊ အထူးစိုးရိမ်စွာ ဂရုစိုက်ကြောင်း စသည်တို့ကိုလည်း ပြောသည်။ အကျဉ်းချုပ်အားဖြင့် ဆိုရသော် ထွန်းနောင်က ပြောရသည်ထက် ဦးတင်ထွန်းက ပို၍ ပြောသွားသည်။

စုစုပေါင်း နာရီဝက်ခန့်ပဲ ကြာလိမ့်မည်ထင်သည်။

ပြီးတော့ ကျောင်းသားခေါင်းဆောင်တို့ကို ဓာတ်ပုံရိုက်ယူသည်။ တယောက်လျှင် ရှေ့တည့်တည့်မှ တပုံ၊ လက်ဝဲဘက်မှ တပုံ၊ လက်ျာဘက်မှ တပုံ၊ ပေါင်းသုံးပုံ ရိုက်သည်။ လက် ဆယ်ချောင်းကိုလည်း ပုံနှိပ်၍ယူသည်။

ပြီးတော့ ထွန်းနောင်တို့ကို တိုက်သို့ ပြန်ပို့သည်။

လမ်းတွင် တယောက်ကိုတယောက် အကျိုးအကြောင်းပြောကြသည်။ သူ့ကို ဘာမေးသည်၊ ငါ့ကိုဘာမေးသည်၊ မင်းကိုဘာမေးသည်၊ ငါ့ကိုဘာပြောသည်၊ သူ့ကို ဘာပြောသည်၊မင်းကို ဘာပြောသည် အချင်းချင်း ဖလှယ်ကြည့်ကြသည်။ အချိန်ရတုန်းရခိုက် ခြေလှမ်းတို့ကို စိပ်စိပ်လှမ်း၍ မေးကြမြန်းကြ တိုင်ပင်ဖြစ်ကြသည်။

ကိုယ့်အခန်းကို ကိုယ်ဝင်ရသောအခါ၌မူ ပြောကြဆိုကြရတော့မည် မဟုတ်၍လည်း၊ အားရအောင် ပြောကြသည်။ ရန်သူက မည်မျှပင်သွေးခွဲ၍ မေးမြန်းစုံစမ်းကြစေကာမူ မည်သို့မျှ မပြောကြရန်နှင့် သစ္စာမဖောက်ကြရန်ကိုလည်း အလေးအနက် အဓိဋ္ဌာန်ပြုကြသည်။

အထူးသဖြင့် ဂျေစီဟု အတိုကောက်သုံးနေကြသည့် ပူးတွဲကလပ်စည်းကို မဖော်ကြရန်နှင့်၊ မေးမြန်းလာခဲ့လျှင် ဂျေစီဆိုသည်မှာ ပူးတွဲကော်မီတီသာ ဖြစ်သည်ဟု တညီတညာတည်း ဖော်ကြရန်ကိုလည်း အလေးအနက် တိုင်ပင်ခဲ့ကြသည်။





သို့သော် တိုက်ထဲသို့ ဝင်ကြရတော့မည်ဟု ဆိုသောအခါ၊ ဉာဏ်မြင့်က ပြုံးသည်။ မည်ကဲ့သို့တိုင်ပင်၍နေစေကာမူ ရန်သူသည် သည်မျှ နုံလိမ့်အလိမ့်မည် မဟုတ်၊ ရန်သူ ကိုယ်တိုင်က သိပြီးဖြစ်ရော့မည်ဟု ဆိုသည်။ အလေးအနက်အဓိဋ္ဌာန်ပြုကြပြီးခါမှ ဉာဏ်မြင့်က သည်သို့ ပြောလိုက်သည် ဆိုတော့ ဘာပဲပြောပြော တွေဝေသွားကြသည်။ ရန်သူ သိနေနှင့်သည်ဆိုလျှင် မည်သို့ ဖြေကြရမည်ကို ပြင်ဆင် စဉ်းစားညှိနှိုင်းဖို့ လိုပေမည်။ သို့သော် အချိန်က မရတော့။

ကိုယ့်တိုက်ခန်းထဲသို့ ကိုယ်ပြန်၍ ရောက်လာခဲ့ရသည်။ ထွန်းနောင်သည် စဉ်းစား၏။ ဉာဏ်မြင့်သည် အဘယ့်ကြောင့် စောစောကတည်းက မပြောခဲ့သနည်း။ ယခုတော့ တိုင်ပင်ညှိနှိုင်းပြီးခါမှ ပျက်ပြားခဲ့ရပြီ။ တယောက်တပေါက် ဖြစ်ကုန်ကြတော့မည်။ ထွန်းနောင်သည် ဉာဏ်မြင့်ကို စိတ်ထဲမှ ဒေါသထွက်မိ၏။

စင်စစ် ဒေါသထွက်နေ၍လည်း အပိုပင်။

ထောင်ဝန်ထမ်းများအပါအဝင် မည်သူ တဦးတယောက်နှင့်မျှ မတွေ့ရတော့ပဲ၊ဆရာဝန် သူနာပြု ထမင်းပို့ စသူတို့အပါအဝင် မည်သူတဦးတယောက်နှင့်မျှ စကားမပြောရတော့ပဲ၊ ရဲအမှုထမ်းထောင်အမှုထမ်းအပါအဝင် မည်သူ တဦးတယောက်ကမျှလည်းလာ၍ မကြည့်ကြတော့ပဲ၊ တိုက်ခန်းထဲမှာ တယောက်ထဲ ခုနစ်ရက်တိတိ ပိတ်၍ထားလိုက်တော့ အဖြေသည် ထွက်လာခဲ့သည်သာ။

တရက်ကနေ နှစ်ရက်၊ နှစ်ရက်ကနေ သုံးရက်၊ ကြာလာပြီဆိုတော့ တည်ကြည်ကတော့တွေးလိုက်သည်။ ဧကန္တ ပြည်ထဲရေးဌာနနှင့် အထူးရဲတို့သည် တနေ့က ကျောင်းသားတို့ဖြေလိုက်သည့် အဖြေများကို သိပ်မကျေနပ်ကြ၍ တန်ပြန်နှိပ်စက်ခြင်းသာ ဖြစ်ရမည်ဟု တွေးသည်၊ တည်ကြည်သည် သူ့အထင်ကို သိန်းလွင်မှတဆင့် ထွန်းနောင်ထံသို့ တင်ပြသည်။ ထွန်းနောင်ကလည်း တည်ကြည်၏အထင် မှန်နိုင်ကြောင်းကို ပြန်လည်၍ သတင်းပို့သည်။

သို့သော် ထောင်ထဲသို့ရောက်၍ ဆယ်ရက်မြောက်သောနေ့တွင်၊ သို့မဟုတ် တိုက်ထဲ၌ တကြိမ်မျှ မဖွင့်ဘဲ ခုနစ်ရက်တိတိ ပိတ်ပြီးသောနေ့တွင်မူ အဖြေက ထွက်၍လာလေသည်။

ထိုနေ့မှာလည်း ကုန်ခဲ့သောတပတ်ကနှယ်ပင် အထူးရဲတို့ ဒုတိယမြောက် ရောက်လာကြပြန်သည်။ ရဲအရာရှိတို့သည် သည်တကြိမ်လည်း ကိုယ်ရေးရာဇဝင် ယူရန် လာရခြင်းဖြစ်သည်ဟု ဆိုပြန်သည်။ သို့သော် သည်တခါမူ ထောင်၏ ပိုင်နက်တွင် မရယူလို၊ ထောင်ရုံးခန်းသည် မလွတ်လပ်၊ ကျောင်းသားတို့အဖို့လည်း မြို့ထဲသို့ရောက်လိုကြပေမည်ဟု အကြောင်းပြကာ အပြင်သို့ခေါ်သည်။

ခေါ်ပြန်တော့လည်း သည်နေ့အဖို့မူ တက္ကသိုလ်မှ ခေါင်းဆောင်သုံးယောက်ကိုသာ ခေါ်မည်၊ သိန်းလွင်နှင့် အောင်ထွေးတို့ကိုမူ မလိုအပ်၍ မခေါ်တော့ဟုဆိုသည်။ မည်သို့ ကြံစည်ကြပြန်သည် မသိ။

ထွန်းနောင်တို့ သုံးယောက်သည် အလုံပိတ်ထားသော အချုပ်ကားကြီးဖြင့် လိုက်လာကြရသည်။ အချုပ်ကားကြီးသည် ပထမဆုံး နန်းရှေ့ပေါက်မှ ထွက်၍ မင်္ဂလာဥယျာဉ်ရဲစခန်းသို့ မောင်းသည်။ သည်ရဲစခန်းတွင် ထွန်းနောင်ကို ချခဲ့သည်။ ဒုတိယ အောင်တော်မူရဲစခန်းသို့ မောင်းပြန်သည်။ အောင်တော်မူမှာမူ တည်ကြည်ကို ချခဲ့သည်။ တတိယ မည်သည့်အရပ်သို့မောင်း၍ မည်သည့်နေရာ၌ ရပ်လေသည်မသိ။ ဉာဏ်မြင့်တယောက်တည်းပါသွားသည်။

ညနေ ထောင်သို့ပြန်အပို့၌မူ ဉာဏ်မြင့်ပြန်ပါမလာတော့။ ဉာဏ်မြင့်ပါမလာ၍ မေးမြန်းကြည့်တော့ ဉာဏ်မြင့်ကို မေး၍ မပြီးသေး၊ ဆက်လက်စစ်ဆေးဆဲ ဟု ဖြေသည်။ သည်တော့လည်း ထွန်းနောင်တို့တည်ကြည်တို့ သဘောပေါက်ကြရတော့သည်။

သည်ကနေ့လည်း ထွန်းနောင်ကို ဘာမျှ ထူးထူးထွေထွေ ထပ်၍မမေးမြန်း။ ယခင်တပတ်က မေးသည့်အတိုင်းသာ ဝတ်ကျေ တန်းကျေ ထပ်မေးသည်။ ပြီးတော့ရဲစခန်းမှာ အထူးချက်ပြုတ်ထားသည့် ထမင်းပွဲနှင့် ကျွေးမွေး





ဧည့်ခံသည်။ ဟင်းခြောက်ခွက်ခန့်နှင့် ပထမတန်း စားသောက်ခဲ့ရသည်။ နေ့ခင်းမှာလည်း အားလပ်နေ၍ စစ်တုရင် ထိုးကြသည်။ ရဲမှူးဦးတင်ထွန်းသည် သူကချည့်နိုင်နေသဖြင့် သူ့ထက်ညံ့သည့် စခန်းမှူးကို ခေါ်ကာ ထွန်းနောင်နှင့်ထိုးစေသည်။ ညနေသို့ရောက်တော့ ရေမိုးချိုး၍ ညနေစာပါ စားခဲ့သည်။ ပြီး ပြန်လာသည်။

တည်ကြည့်ကို မေးကြည့်တော့လည်း သည်နည်းနှင်နှင်ပင်။ တည်ကြည်လည်း ဘာမျှ ဖြေရသည်မရှိလှ။ သူ ရှိရာရဲစခန်းသို့ နိုင်ငံခြားသားတယောက် အချုပ်နှင့်ရောက်လာ၍ သူကပင် ကြားက စကားပြန် ဝင်လုပ်ပေးခဲ့ရသည်ဟု ပြောသည်။ သူလည်း ထမင်းကောင်း ဟင်းကောင်းတို့ကို စားသောက်ခဲ့ရ၍ ပြုံးပြုံးကြီးပြန်လာသည်။

သည်သို့ ထွန်းနောင်တို့ တည်ကြည်တို့ကိုမူ ဘာမျှ ထွေထွေထူးထူး ကြီးကြီးကျယ်ကျယ် မစစ်ဆေး မမေးမြန်းပါပဲလျက်၊ ဉာဏ်မြင့်ကိုမူ မေးမြန်းစစ်ဆေး၍ မပြီးသေးဟုဆိုတော့ အဖြေက ထွက်တော့သည်။ ဉာဏ်မြင့်ကိုမူ ထိုးဖောက်နေလေပြီ။

မုံ့ပျားသလက်ကို မပူသည့်အပိုင်း ပါးသည့်အပိုင်းမှ တဖြည်းဖြည်း ဖဲ့၍ စားသကဲ့သို့၊ စိတ်ဓာတ်ကျနေသည့် ဉာဏ်မြင့်ကို ဖဲ့နေကြလေပြီ။ အားနည်းသည့်အပိုင်းကို ဖြိုချနေလေပြီ။

ရန်သူသည် ဉာဏ်မြင့်ကို နိုင်လေပြီ။

ရန်သူကပင် ဉာဏ်မြင့်ကို အနိုင်ယူသည်လော၊ ဉာဏ်မြင့်ကပင် ရန်သူကို အရှုံးပေးသည်လော၊ မည်သို့ ဖြစ်၍ မည်သူက စသည်တော့မသိ။ အဖြေကတော့ ဉာဏ်မြင့်သည် သစ္စာဖောက်လေပြီ။

ဉာဏ်မြင့်သည် ထောင်ပိုင်ကြီးနှင့် တွေ့ခွင့်တောင်းသည်ဟူသော ထောင်ကြပ်ထံမှတဆင့် ရခဲ့သည့်သတင်းသည်လည်း ယခုတော့ အတည်ပြုရပေတော့မည်။ ဉာဏ်မြင့်သည် သူ၌ အဆုတ်နာရှိသည်၊ ထို့ကြောင့် တိုက်ထဲ၌ မအိပ်ပါရစေနှင့်၊ သမံတလင်းပေါ်မှာ အိပ်ရ၍ သူ့ ရောဂါမှာ ပိုမို ဆိုးဝါးလာရပါသည်။ ရင်ထဲက အောင့်လာပါသည်။ အသက်ပင် ကောင်းစွာ

ရှုမရတော့ပါ စသည်ဖြင့် ဆရာဝန်အား ပြောပြသည်ဟူသော စကားကိုလည်း ယခုမှ ယုံရပေတော့မည်။

အချင်းချင်းသိသည်။ အမှန်စင်စစ် ညာဏ်မြင့်မှာ ဘာရောဂါမျှ မရှိခဲ့။ အဆုပ်နာ ရှိသည်ဟု တခါမျှ ပြောသံမကြားဘူးခဲ့။ သူ ပိန်သည်ကလွဲ၍၊ ချောင်းဖျားဖူးနာဖူးသည်ပင် မရှိခဲ့။ ညာဏ်မြင့် သက်သက်မဲ့ လိမ်ခဲ့ခြင်းဖြစ်သည်။ သစ္စာဖောက်နိုင်ရန်အတွက် အခွင့်အလမ်း ရှာခဲ့ခြင်းသာ ဖြစ်ရာသည်။

ထောင်ထဲသို့ လိုက်ပို့ကြသည့် ရဲအရာရှိတို့က ညာဏ်မြင့်၏ ပစ္စည်းများကို သူတို့ ယူဆောင်သွားလိုသည်။ တိုက်ခန်းသို့ ပြန်ရောက်လျှင် သက်ဆိုင်ရာထောင်ကြပ်တယောက်ယောက်နှင့် အပို့လွှတ်လိုက်ပါဟု ဆိုသည်။

သည်တော့လည်း ညာဏ်မြင့် ပြန်မလာတော့မည်မှာ ပိုသေချာသွားသည်။ သစ္စာဖောက်သည်မှာ ပိုသေချာသွားသည်။

တည်ကြည်သည် ဒေါသထွက်လာသည်။ ညာဏ်မြင့်၏ ပစ္စည်းများကို တခုမျှ ပြန်၍ မပေးလိုက်နိုင်၊ ထောင်ထဲတွင် ကျန်နေရစ်သည့် ရဲဘော်များအတွက် ယူထားလိုက်သည်ဟု အကြောင်းပြန်လိုက်သည်။ တကယ်လည်း တခုမျှ ပြန်၍ မပေးလိုက်။ သစ္စာဖောက်၏ ပစ္စည်းများဟုဆိုကာ တခုမကျန် လွှင့်ပစ်သည်။ ဆုတ်ပစ်သည်။ ဖျက်ဆီးပစ်သည်။

တည်ကြည်သည် ငိုသည်။

ကျန်ရစ်နေခဲ့သည့် အောင်ထွေးနှင့် သိန်းလွင်တို့ကို ပြော၍ပြော၍ ငိုသည်။ ခေါင်းဆောင် တယောက်အနေနှင့် သည်မျှ သစ္စာမဲ့ရပါမည်လောဟု ယူကျုံးမရ တဖွဖွ ပြောပြ၍ ငိုသည်။

တည်ကြည်ငိုတော့လည်း ထွန်းနောင်ပါ ငိုချင်၍လာသည်။

မှန်သည်။ ညာဏ်မြင့်သည် သူတို့ပါတီ၏ အမှတ်(၁)ခေါင်းဆောင်။ သည်ခေါင်းဆောင်ကစ၍ ဖောက်လိုက်သည်ဆိုတော့ တည်ကြည်က ရှက်လည်းရှက်ပေမည်။ ဒေါသလည်း ထွက်ပေမည်။ နှမြောတသ ယူကျုံးမရလည်း ဖြစ်ပေမည်။ တည်ကြည် ငိုမည်ဆိုလျှင်လည်း ငိုထိုက်သည်။

တော်လှန်ရေးအနေနှင့် ထွက်မည်ဆိုလျှင်တော့ ဘာပဲပြောပြော





ညာဏ်မြင့်သည် ရဲဘော်။ တိုက်ပွဲဝင်ခဲ့သည့် ရဲဘော်။ တိုက်ပွဲဝင်ဘက် ရဲဘော်။ အလုပ်သမားလယ်သမားတို့၏ရဲဘော်။ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး ရဲဘော်။ ကျောင်းသားခေါင်းဆောင်ရဲဘော်။

သည်တော့ ထွန်းနောင်လည်း ရှက်လာသည်။ တက္ကသိုလ်ကျောင်းသားတို့သည် ညာဏ်မြင့်ကဲ့သို့ပင် တော်လှန်ရေးအတွက် မသေချာ မရေရာသော အင်အားစုပါတကား ဟူ၍များ အခြားသူတို့က တွက်သော်၊ ထွန်းနောင်ပါ တွေး၍ရှက်လာသည်။ ထွန်းနောင်ပါ ဒေါသထွက်လာသည်။ ထွန်းနောင်ပါ နာကြည်းယူကျုံးမရ ဖြစ်လာသည်။ ထွန်းနောင်ပါ ငိုချင်၍လာသည်။

ထောင်ထဲသို့ ရောက်လာတော့လည်း ရောက်လာသည့်အလျောက်၊ တိုက်ထဲသို့ ထည့်၍ ပိတ်တော့လည်း ပိတ်သည့်အလျောက်၊ တထောင်လုံးမှ ရှိရှိသမျှ ရဲဘော်တို့သည် ကောင်းချီး ဩဘာပြုကြသည်။ အမွှေးထွေးဆုံးသော နည်းတို့ဖြင့်လည်း ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ကျောင်းသားတို့၏နောက်မှာ ငါတို့တထောင်လုံးရှိကြသည် ဟူ၍ပင်လျှင်လည်း ထောက်ခံ အားပေးခဲ့ကြသည်။

ယခုသော် ဤသည်တို့ကို တခုမျှ ပြန်မစဉ်းစားတော့ဘဲ၊ သစ္စာဖောက်သွားပြီ။ ကြိုဆိုရသူ၊ ဩဘာပေးရသူ၊ ထောက်ခံရသူ၊ အားပေးရသူတို့ကို ခြေစုံပစ်ကန်၍ သစ္စာဖောက်သွားပြီ။

တိုက်နားသို့ ပြန်၍ရောက်လာတော့ အသံကြားသည်နှင့် အောင်ထွေးနှင့်သိန်းလွင်တို့က ဝမ်းသာအားရ လှမ်းမေးသည်။ အသက်နှင့်ကိုယ် မြဲလျက်နှင့် ပြန်ရောက်လာကြသည့်အတွက် သူတို့မှာက ဝမ်းသာနေကြသည်။ လူကို မမြင်ရသည့်တိုင် အသံကို ကြားရရုံမျှနှင့် သူတို့ ကျေနပ်နေကြသည်။ တယောက်ကိုတယောက် သည်မျှ သံယောဇဉ်ရှိကြသည်။ သည်မျှ ချစ်ကြသည်။ သည်ငါးယောက်မကွဲချင်၊ သည်ငါးယောက် မခွဲချင်။ သည်ငါးယောက်ကို ရန်သူက ပေါင်းပေးလိုက်ပြီးသည့်နောက် ငါးယောက်မရှိတော့။ တယောက်ထဲ ရှိတော့သည်။ အားလုံးပေါင်းမှ တယောက်ထဲသာ ဖြစ်တော့သည်။

ရုတ်တရက်မှ ဉာဏ်မြင့် ပြန်ပါမလာတော့သည့်အကြောင်းကို ပြန်ပြော၍မရ။ သူတို့ စိတ်ထိခိုက်သွားမှာကို စိုးရိမ်သည်။ ပြီးတော့လည်း ဉာဏ်မြင့် သစ္စာဖောက်သွားပြီဟု မယူဆချင်။ မပြောချင်။ သစ္စာဖောက်သူက ဖောက်သည်မှန်သော်လည်း၊ ကိုယ့်ရဲဘော် တယောက်ကို သစ္စာဖောက်ဟု ပြောရမည်ကို ရုတ်တရက် နှုတ်က မထွက်။

သို့သော် မပြော၍လည်း မဖြစ်။ မပြောချင်၍လည်း မဖြစ်ပြီ။

ပါ၍ကလည်း မလာ။ သည်ပြဿနာကို ကွယ်ဝှက်ထား၍လည်း ရနိုင်သည်မဟုတ်။ ထို့ကြောင့် မလွဲသာမရှောင်သာ ဖွင့်ပြောရတော့သည်။

သိန်းလွင်သည် သည်စကားကို ကြားရသည်နှင့် တပြိုင်နက် သူ့တိုက်ခန်း၏ သံကွန်ချာ တံခါးကိုတအားကိုင်လှုပ်သည်။ ယမ်းပုံမီးကျ ဒေါသထွက်ရ၍ လာမသိ။ သိန်းလွင်၏ နှုတ်ကလည်း ဆဲလိုက်သည်မှာ မကြားဝံ့မနာသာ။

တယောက်ကမှ မဖောက်လျှင် ရန်သူသည် ဘာကိုမှ သိရလိမ့်မည် မဟုတ်။ သို့သော် တယောက်ထဲကပင်ဖြစ်စေ၊ ဖောက်ပြီဟုဆိုလျှင်တော့ ရန်သူသည် အကုန်သိတော့မည်။ ဖောက်ပြီဟုဆိုမှတော့လည်း ဉာဏ်မြင့်သည် ဘာကိုမှ ချန်နေလိမ့်မည် မထင်။ သစ္စာဖောက်တို့မည်သည် တဝက်တပိုင်းသာ ဖောက်သော အလေ့အထ မရှိ။

တွေးရင်းတွေးရင်း တွေးမိရင်းတွေးမိရင်းနှင့် သိန်းလွင်သည် ပို၍ပို၍ ဒေါသထွက်လာပုံ ရသည်။ သူ့အခန်းထဲမှ သောက်ရေအိုးကိုပင် ကိုင်ပေါက်၍ ခွဲပစ်လိုက်လေသည်။

(၄)

သံကို မီးဖုတ်၍ ထုရတော့ရသည်။ သို့မှသာ သံမဏိသား ကျလာမည်။ သို့သော် ဘယ်တော့မှ မကျေးမကောက်သည့် ဓါးအဖြစ် ထွက်လာသည်လည်း ရှိသကဲ့သို့၊ မီးတာကျ၍ ကြွေသွားသည့်အပိုင်းသည်လည်း ရှိပေမည်။





တိုက်ပွဲသည် မီး၊ ကေဒါသည် သံ။ တိုက်ပွဲတပွဲ ကြုံရပြီဆိုလျှင် တွေ့ဝေ ကျဆုံးသူလည်း ရှိမည်ဖြစ်သကဲ့သို့၊ ပိုမို၍ရဲရင့်ပြတ်သားလာသူတို့လည်း ရှိပေမည်။

ဉာဏ်မြင့်နှယ် သစ္စာဖောက်သွားသူလည်း ရှိသကဲ့သို့ တင်မောင်ဝင်းနှယ် ပြတ်သားစွာ တိုက်ခိုက်လာသူလည်း ရှိပေသည်။

ကျောင်းသားခေါင်းဆောင်အချို့ကို ဖမ်းဆီးချုပ်နှောင်နိုင်လိုက်သော်လည်း၊ ရန်သူသည် သည်အောက်တိုဘာတိုက်ပွဲတွင် အရေးနိမ့်လျက် ရှိပေပြီ။ အပြင်ဘက်တွင် ရန်သူသည် တက္ကသိုလ်တို့ကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ရချေပြီ။ စာသင်သူတယောက်မျှ မရှိတော့သည့်နောက်တွင်မူ တက္ကသိုလ်တို့ကို ဖွင့်ထား၍လည်း အပိုပင် ဖြစ်တော့ပြီ။

ကျောင်းသားတပ်ဦးအမည်ခံ တိုးတက်သော ကျောင်းသား အင်အားစု၏ ခေါင်းဆောင်ပိုင်းသည် မြေပေါ်မြေအောက် သောင်းကျန်းသူတို့၏ ကိုယ်စားလှယ်များသာ ဖြစ်ကြသည်ဟုအထောက်အထား ခိုင်လုံစွာဖြင့် မည်မျှပင်ဝါဒဖြန့်ကြေညာစေကာမူ ကျောင်းသူကျောင်းသားတို့သည် စိုးစဉ်းမျှ မတွေဝေကြ။ တိုက်ပွဲ၏ အရှိန်အဟုန်ကိုလည်း နည်းနည်းမျှ မလျော့ကြ။ နောက်သို့လည်း တလက်မမျှ မဆုတ်ကြ။

ထို့ပြင် သည်တိုက်ပွဲမီးသည် နိုင်ငံအနှံ့အပြားသို့ ကောက်ရိုးမီးနှယ် ကူးစက်တောက်လောင်ကုန်တော့သည်။ အနယ်နယ်အရပ်ရပ်မှကျောင်းသားသမဂ္ဂတို့ကလည်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ကန့်ကွက်တိုက်ခိုက်ကြတော့သည်။ သပိတ်လက်နက်ကို ကိုင်ဆွဲ၍ တက္ကသိုလ်ကျောင်းသားတို့၏ အရေးကို ထောက်ခံကြတော့သည်။

သည်တွင် ရန်သူသည် တနိုင်ငံလုံးရှိ ကျောင်းများကိုလည်း တဆက်တည်း ပိတ်လိုက်ရပြန်သည်။ ပညာသင်ကြားရေးလောကတခုလုံးသည် ရပ်ဆိုင်းသွားတော့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် အသံလွှင့်ရုံမှတဆင့် ကျောင်းသားတို့ကို သွေးခွဲရတော့သည်အထိ အခြေအနေသည် ဆိုးဝါးလာခဲ့သည်။ ဝန်ကြီးချုပ်

ဆိုသူက ငါသိတို့ ငါသိတို့ နှင့် အပြောချိုစွာ လှည့်ဖြားသိမ်းသွင်းနေစဉ်တွင်၊ ပြည်ထဲရေးဝန်ကြီးက စက်သေနတ်ကို ကိုင်၍ ကျောင်းသူကျောင်းသားတို့ကို ပစ်ခတ်သတ်ဖြတ်လျက်ရှိလေသည်။ ပြည်ထဲရေးဝန်ကြီး ကိုယ်တိုင် စက်သေနတ်နှင့် ပစ်ခတ်နေသည့် ပုံတို့သည်လည်း သတင်းစာတို့တွင် ပါ၍လာတော့သည်။

အခြေအနေသည် မထိန်းနိုင်တော့။

ရန်သူသည် သူ့စည်းရုံးရေးနှင့် သူ့အခြေအနေကို တနေ့ထက်တနေ့ သိ၍သိ၍ လာလေသည်။ ထို့ကြောင့်လည်း တပြည်လုံးမှ ကျောင်းများကို ပိတ်လိုက်ရုံနှင့် အားမရနိုင်သေး။ အနယ်နယ်အရပ်ရပ်တွင် ကျောင်းသားခေါင်းဆောင်တို့ကို ထပ်၍ ဖမ်းဆီးရပြန်သည်။

တက္ကသိုလ်များမှလည်း ကျောင်းသူ ကျောင်းသားများကို ရာနှင့်ချီ၍ ကျောင်းထုတ်လိုက်လေသည်။ အချို့ကိုတနှစ် ထုတ်ပယ်၍ အချို့ကို သုံးနှစ်ထုတ်ပယ်သည်။ ကျောင်းသူကျောင်းသား လေးဆယ်ကျော်ခန့်ကိုမူ တက္ကသိုလ်များမှ ရာသက်ပန် ထုတ်ပယ်လိုက်လေသည်။

သို့သော် ကျောင်းသူကျောင်းသားတို့သည် ငြိမ်သက်၍ မသွားကြ။

ဖက်ဆစ်အစိုးရသည် ဒီမိုကရေစီ အခွင့်အရေးဟူသမျှကို ဖျက်သိမ်းလိုက်သော်လည်း၊ အခြေအနေသည် ကောင်းမလာ။ ကျောင်းသူကျောင်းသားတို့သည် တိုက်ပွဲကို တတ်နိုင်သမျှ ဖော်၍တိုက်ကြသည်။ ကျောင်းသားသမဂ္ဂခေါင်းဆောင်တို့သည်လည်း ရှောင်ရင်းတိမ်းရင်းဖြင့်ပင် တိုက်ပွဲများကို ဖော်ကြသည်။

တင်မောင်ဝင်းသည် ရှိနေသည့်အင်အားဖြင့်ပင် အမျိုးသားအောင်ပွဲနေ့ကို ကျင်းပနိုင်ရန် ကြိုးပမ်းခဲ့ပေသည်။ ကျောင်းသားသမဂ္ဂတို့၏ ဦးဆောင်မှုဖြင့် အမျိုးသားအောင်ပွဲနေ့ ကျင်းပနိုင်ရန် သက်ဆိုင်ရာ အုပ်ချုပ်သူများထံသို့ တရားဝင်တင်ပြတောင်းဆိုခဲ့ပေသည်။

သို့သော် သက်ဆိုင်ရာက ခွင့်မပြု။ တားမြစ်ပိတ်ပင်ခဲ့လေသည်။

မန္တလေးတွင် နှစ်စဉ်နှစ်တိုင်း အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို





နှစ်နေရာ ကျင်းပမြဲ ဖြစ်သည်။ တနေရာတွင် ကျောင်းသားသမဂ္ဂတို့က ဦးဆောင်၍ကျင်းပသည်။ တနေရာတွင်မူ ဖဆပလအဖွဲ့က ကြီးမှူးကျင်းပသည်။ ဤအစဉ်အလာအရ တင်မောင်ဝင်းသည် ကျင်းပဖြစ်အောင် ကျင်းပမည်ဟု ဆုံးဖြတ်ကာ စည်းရုံးလှုံ့ဆော်သည်။

သို့သော် အခြေအနေက မည်သို့မျှ မရ။ ဟောပြောကျင်းပခွင့်လည်း မပြု။ စုဝေးဆုံးဖြတ်ခွင့်လည်းမပြု။ ယုတ်စွအဆုံး အသံချဲ့စက် အသုံးပြုခွင့်ကိုပင်လျှင် မပြု။

ပသို့ဆိုစေ၊ တင်မောင်ဝင်းမမှု။ ရန်သူ၏ မတရားချုပ်ချယ်မှုကို ခိုးစဉ်းမျှ ဂရုမစိုက်။

အမျိုးသားအောင်ပွဲနေ့သို့ ရောက်သောအခါ တင်မောင်ဝင်းသည် ဂျစ်ကားတစင်းကို ငှားသည်။ အမိန့်မရသော်လည်း အသံချဲ့စက်ကို ကားပေါ်တွင် တင်ဆောင်၍၊ ကျောင်းသားခေါင်းဆောင်တသိုက်နှင့် မြို့ထဲသို့ လှည့်လည် ကြွေးကြော်သည်။ ဖဆပလကကြီးမှူးကျင်းပသည့် အမျိုးသား အောင်ပွဲနေ့အခမ်းအနားရှိရာ ကျုံးထောင့်သို့ သွား၍လည်း၊ ကျုံးတဘက်မှ အသံချဲ့စက်ဖြင့် ရန်သူ၏ဖက်ဆစ်အပြုအမူများကို ရှုတ်ချတင်ပြခဲ့သည်။ စိတ်မပါပဲနှင့် အကြောင်းကြောင်းကြောင့် အခမ်းအနားသို့ တက်ရောက်နေရသော အစိုးရဝန်ထမ်းတို့သည် တင်မောင်ဝင်း၏ စင်ပြိုင်ဟောပြောချက်ကို ကြားရသောအခါ၊ စိတ်ဝင်စားစွာ နောက်သို့ လှည့်ကြည့်ကြတော့သည်။

သည်တွင် ရန်သူ၏ အခမ်းအနားသည် ပျက်တော့သည်။

ထို့ကြောင့်လည်း တင်မောင်ဝင်းကို ရဲက ဖမ်းတော့သည်။ တင်မောင်ဝင်းသည် ရဲများက တဘက် ကျောင်းသားများကတဘက် ဆွဲ၍ အလုခံနေရသည့်ကြားထဲကပင် တရားကို ဆက်ဟောသည်။ ကျောင်းသားထုအပေါ် မတရားဖိနှိပ်ချုပ်ချယ်မှုများကို ဖွင့်ပြောသည်။ "ဒီမိုကရေစီ" အရေခွံကို ချွတ်ခွာပြ၍၊ ဖဆဆိုရှယ်လစ်အစိုးရ၏ ဖက်ဆစ်ဘီလူးရုပ်သွင်ကို မြင်စေသည်။

တင်မောင်ဝင်းသည် နောက်ဆုံးအချိန်အထိ ရန်သူကို ပြတ်သားရဲရင့်စွာ တိုက်ခိုက်ခဲ့ပေသည်။

ယခု သည်တင်မောင်ဝင်းသည် ထောင်ထဲသို့ရောက်လာခဲ့လေပြီ။

တင်မောင်ဝင်း ထောင်ထဲသို့ ရောက်လာပြီဆိုတော့ သတင်းသည် မည်သို့ လူချင်းဆောင်သည်မသိ။ တိုက်ပိတ်ထားခံနေရသည့် ထွန်းနောင်တို့ ထံသို့ပင် နေ့မကူး ရောက်၍လာခဲ့သည်။

သိန်းလွင်က သူရသည့်သတင်းကို ဟိုဘက်သည်ဘက် တိုက်ခန်းများသို့ လှမ်းအော်၍ပို့သည်။ သို့သော် တင်မောင်ဝင်းကို မည်သည့်နေရာမှာ ထားသည်တော့ မသိရ။ အဘယ့်ကြောင့် သည်တိုက်မှာပင် လာ၍ မထားသည်ကို လည်း စဉ်းစား၍မရ။

သည်တိုက်သို့သာ တင်မောင်ဝင်း ရောက်လာမည်ဆိုလျှင် တယောက် တခန်း ခွဲထားသည့်တိုင် အော်၍ပြောလျှင်တော့ မုချ ကြားရပေလိမ့်မည်။ တင်မောင်ဝင်းသည် ဘာပဲပြောပြော အရက်နှစ်ဆယ်ခန့် နောက်ကျမှ ရောက် လာသူ ဖြစ်သည်။ ထို့ကြောင့် သူသိသည့် သူကြုံတွေ့ခဲ့သည့် သည်နောက်ပိုင်း အခြေအနေတို့ကို မေးနိုင်မြန်းနိုင်သည်။

ထောင်ထဲသို့ ရောက်နေကြရသူများ၊ အထူးသဖြင့် တိုက်ပိတ်ခံနေရသူ များအနေနှင့်မူ အပြင်က သတင်းတို့ကို ကြားချင်သိချင်သည်။ ကြားချင်သိချင် သည့်ဆန္ဒသည် အပြင်ထန်ဆုံး ဖြစ်လိမ့်မည် ထွန်းနောင်ထင်မိသည်။

နိုင်ငံရေးအရ လူတယောက်ကိုဖမ်း၍ ထောင်ထဲသို့ ထည့်ထားလိုက် ခြင်းသည် စင်စစ်မှာတော့ သူ၏ ကြားနိုင်မှု၊ မြင်နိုင်မှု၊ သိနိုင်မှု၊ လုပ်နိုင်မှု ဟူသော လူ့အခြေခံအခွင့်အရေးကြီး လေးရပ်ကို ရုတ်သိမ်းပိတ်ပင်လိုက်ခြင်း မည်ပေသည်။

သို့သော် တင်မောင်ဝင်းရောက်မလာ။

တည်ကြည်သည် တင်မောင်ဝင်းကို သည်တိုက်သို့ ပို့ပေးရန် တောင်းဆို မည်ဟုအဆိုပြုလာသည်။ အကယ်၍ အချင်းချင်းညှိနှိုင်း၍ သဘောတူကြလျှင် ကြွေးကြော်တောင်းဆိုမည်ဟု ဆိုသည်။ သို့သော် ထွန်းနောင် စဉ်းစားသည်။ အောင်ထွေးနှင့် သိန်းလွင်တို့ကတော့ တည်ကြည်၏ အဆိုကို လက်မခံကြ။ သည်တိုက်သို့ ပြောင်းပို့ပေးတော့လည်း တယောက်တခန်းပဲ နေရမည်။





ဘယ်သို့မျှ ထူးခြားလာစရာ အကြောင်းမရှိ။ သည်တိုက်သို့ ပို့ခြင်းဖြင့် အချင်း ချင်း အဆက်အသွယ်ရနိုင်သည်ဟု ထောင်ဝန်ထမ်းတို့ တွက်မိလျှင်ပင် အန္တရာယ်က ရှိ၍လာဦးမည်။ လက်ရှိ ရှိနေသည့် ကျောင်းသားအချင်းချင်း သည် အဆက်အသွယ် ရှိ၍နေကြသည်ဟု တွက်သွားနိုင်ပေသည်။ အချင်း ချင်းအော်ပြောဆက်သွယ်နေကြသည်ကို တရားဝင် သိသွားလျှင် ဒုက္ခ ရောက်လာဖွယ် ရှိပေသည်။ တင်မောင်ဝင်းကို ပို့မပေးပဲ၊ အချင်းချင်းကို ထပ်၍ ခွဲပစ်လိုက်လျှင်ပင် ဒုက္ခ။ အစဉ်အလာကလည်း ရှိခဲ့ပြီ။ ဦးလှတို့ ဦးဘရင်တို့နှင့် ခွဲခဲ့ပြီ။

ထွန်းနောင်ကတော့ ထိုသို့မစဉ်းစားမိ။ ထွန်းနောင်စဉ်းစားမိသည်က တမျိုး။ တင်မောင်ဝင်းသည် ပြတ်သားသည်လည်းမှန်သည်။ ထက်မြက်သည် လည်း မှန်သည်။ တိုက်ရဲခိုက်ရဲသည်လည်းမှန်သည်။ တိုက်ခဲ့ခိုက်ခဲ့သည်လည်း မှန်သည်။ သို့စဉ်လျက် ရန်သူသည် အဘယ့်ကြောင့် တင်မောင်ဝင်းကို လျှော့တွက်နေသနည်း။ လျှော့တွက်ခဲ့သနည်း။ အဘယ့်ကြောင့် ယခုမှ ဖမ်းသနည်း။

အမှန်ကို ဝန်ခံရမည်ဆိုလျှင်တော့ ထွန်းနောင် သံသယ ရှိချင်သည်။ တံတားဖျက်မည့်ကိစ္စကိုလည်း ထွန်းနောင် ပြန်မြင်ယောင်မိသည်။ ရန်သူသည် သည်သတင်းကိုသိနေသည်။ ပြီးတော့ အဖမ်းအဆီးတွင် တင်မောင်ဝင်း မပါလာ။

ပြီးတော့လည်း တကြောင်းရှိသေးသည်။ ဘာပဲပြောပြော တင်မောင်ဝင်း သည် လူသစ်။ ယခုမှ ထောင်ထဲသို့ ရောက်လာသည်။ ယခုမှ စလုံးရေ စ။

သည်တော့ တင်မောင်ဝင်း မည်မျှ ခံနိုင်ရည် ရှိမည်၊ မရှိမည်ကိုလည်း ထွန်းနောင် စောင့်ကြည့်ချင်သေးသည်။ ဉာဏ်မြင့်နှယ်ဖောက်သွားလျှင် ဒုက္ခ။ တပ်ကို မထိန်းနိုင်မသိမ်းနိုင် မဖြစ်ချင်။ လက်ရှိ လေးယောက်သည် ဘာပဲ ပြောပြော ညီ၍ နေကြသည်။ စိတ်ဓာတ်လည်း ခိုင်ကြပြီ။ အနယ်ကျနေပြီ။ ထပ်၍တဖန် လှုပ်လှုပ်ရှားရှား မဖြစ်ချင်တော့။

ပြီးတော့ ဝန်ခံရဦးမည်ဆိုလျှင် တင်မောင်ဝင်းနှင့်က အယူအဆချင်း

မတူ။ အပြင်ဘက်မှာတုန်းကလည်း မတူ။ အပြင်ဘက်မှာတုန်းက မတူပေမည့် အကြောင်းမဟုတ်။ သည်အထဲမှာ မတူလျှင်ခက်မည်။ နှစ်ယောက်နှင့်တပိုင်း ထဲမှာ အယူအဆနှစ်မျိုးကွဲနေရဦးမည်ဆိုလျှင် မကောင်းနိုင်တော့။ ရန်သူ့ လက်ထဲမှာတော့ အာပဲပြောပြော ညီညွတ်ဖို့လိုသည်။ တသံတည်းထွက်ကြ ဖို့လိုသည်။

နေပါ့စေ။ ရှိပါ့စေ။

ထွန်းနောင်၏ အမြင်ကတော့ ပေါ့စေလို၍ ကြောင်ရုပ်ထိုးခါမှ ဆေး အတွက် လေးမလာချင်။ အင်အားကိုထပ်ဖြည့်ချင်ခါမှ ကွဲရသည့်အဖြစ်မျိုးသို့ မရောက်ချင်။

ထွန်းနောင်သည် သိန်းလွင်ကို အသေအချာ ဆွေးနွေးပြလိုက်သည်။ သိန်းလွင်ကမှ တဆင့် တည်ကြည်ကို ရှင်း၍ပြလိမ့်မည်။

သည်တော့လည်း တည်ကြည်ကပါ လက်ခံ၍လာသည်။ တည်ကြည်နှင့် ကလည်း အယူအဆမတူခဲ့လေတော့ တည်ကြည်သည် အလျှင်အမြန်ပင် သဘောပေါက်လာသည်။ သူ့ အဆိုကိုသူ အလျှင်အမြန်ပင် ပြန်လည်ရုတ် သိမ်းသည်။

သည်သို့ နားလည်မှု ရကြပြီဆိုတော့၊ သိန်းလွင်သည် ကဲ၍လာပြန်၏။ တင်မောင်ဝင်းသည် အဖမ်းမခံရ ခံရအောင် သက်သက်မဲ့ စတန့်လုပ်၍ ထောင်ထဲသို့ အမှီလိုက်လာသည်ဟု ကောက်ချက်ချလိုက်သည်။ အလံနီ ပါတီမှ ကျောင်းသားခေါင်းဆောင်တို့သည် တယောက်မျှ အဖမ်းမခံခဲ့ရ။ ထို့ ကြောင့်လည်း ခေါင်းဆောင်မှုအပိုင်းမှာ သူတို့အနေနှင့် သိက္ခာကျကြသည်။ ရန်သူ၏ မုန်းတီးခြင်းကို ခံရလေလေ၊ တော်လှန်ရေးဘက်သား စစ်မှန် လေလေဟူသော သဘောတရားဖြင့် တိုင်းတာကြည့်မည်ဆိုလျှင်လည်း တင်မောင်ဝင်းတို့အနေနှင့် နာသည်။ ထို့ကြောင့် အဖမ်းမခံရ ခံရအောင်၊ သူတို့ပါတီအနေနှင့် သိက္ခာတက်လာအောင် တမင် သက်သက် လုပ်လာသည် ဟူ၍ သိန်းလွင်က ဆိုသည်။

သည်အထိတော့လည်း ထွန်းနောင်မဆိုချင်။ တည်ကြည်ကလည်း





သူ့ရဲဘော်ကိုသူ ဂိုဏ်းဂဏစိတ် ကြီးမားသည်ဟု ဝေဖန်သည်။

ပသို့ဆိုစေ၊ တင်မောင်ဝင်းကတော့ ထောင်ထဲသို့ ရောက်လာခဲ့လေပြီ။

(၅)

တူဖြစ်လျှင် နှံလိုက်။ ပေဖြစ်လျှင် ခံလိုက်။

ကိုယ်က ပေဖြစ်နေရသည့်ဘဝတွင်တော့ ခံဘို့ပဲ ရှိသည်။ ရန်သူသည် မည်မျှပင် ရက်စက်စေကာမူ ဒူးထောက်လိမ့်မည်တော့ မဟုတ်။ ကျိတ်၍ သာခံမည်။

ရန်သူကလည်း မည်မျှ ခံနိုင်သည်ကိုပင် ကြည့်နေသည်လော မသိ။ ရက်ရှည်ဆွဲ၍ တိုက်ထဲမှာပင် ပိတ်ခဲ့သည်။

တနေ့တကြိမ်ခန့် အပြင်ထွက်၍ လမ်းလျှောက်ခွင့် ပေးသည်မှအပ၊ အခြား မည်သည့် အခွင့်အရေးကိုမျှ မလိုက်လျှော့ခဲ့။ ထမင်းဟင်းပို့ရာ၌ လမ်းခုလတ်တွင် ခေါင်းပုံဖြတ်မှုများ ရှိနေသည်။ ဟင်းတို့သည် တနေ့တခြား နည်း၍ နည်း၍ လာနေသည်။ ဤသည်ကို ကြည့်ရှု ကြပ်မတ်ပေးပါဟု ဖွင့်ပြောခဲ့သော်လည်း အာဏာပိုင်တို့သည် ဂရုမစိုက်ကြ။ ဆက်၍သာ ဥပေက္ခာပြုကြသည်။ သောက်ရေအိုးကိုလည်း နေ့စဉ်လှယ်မပေး။ မိလ္လာကို နံနက်တကြိမ် ညနေတကြိမ် သိမ်းပေးပါရန် ပြောသော်လည်း မရ။

ပြီးတော့ တိုက်ပိတ်ရက် သုံးလသာ ပြည့်တော့မည်။ သည်ကနေ့အထိ ထောင်ဝင်စာ မရ။ ကိုယ့်အိမ်နှင့်ကိုယ် တွေ့ဆုံခွင့်မရ။

တိုက်ဆိုသည်မှာ ထောင်ထဲကထောင် ဖြစ်သည်။ တိုက်ပိတ်ခံရသူသည် ထောင်ထဲတွင် နေထိုင်ရင်း ရာဇဝတ်ပြစ်မှုတခုခုကို ထပ်၍ ကျူးလွန်သူသာ ဖြစ်ရသည်။ တိုက်ပိတ်ခံရသူသည် အကျဉ်းသားပင် ဖြစ်သော်လည်း အခြား အကျဉ်းသားများနှင့် မတွေ့ရ။

နောက်တမျိုးလည်း ရှိသေးသည်။ တိုက်ပိတ်ခံရသူသည် ကိုယ်ရေ ပြားရောဂါရှိသူသာ ဖြစ်ရသည်။ သို့မဟုတ် သဏ္ဍာဖောက်ကောင်သာ

ဖြစ်ရသည်။ သို့မဟုတ် ယောက်ျားစင်စစ်က မိန်းမကဲ့သို့ ပြုကျင့်ခဲ့သူသာ ဖြစ်ရသည်။

ကြည့်။ မည်မျှ ယုတ်ကန်းသည့်အမျိုးအစားတို့ ပေနည်း။

ထွန်းနောင်တို့ ကျောင်းသားခေါင်းဆောင်များသည် ကြိုးပေးခံကြရမည့်သူများလည်း မဟုတ်ကြ။ ထောင်ထဲတွင် မဆိုထားဘိ။ အပြင်ဘက်မှာပင် ရာဇဝတ်ပြစ်မှု ကျူးလွန်လာခဲ့သူများလည်း မဟုတ်ကြ။ သို့စဉ်လျက် ယုတ်ကန်းသည့်အမျိုးအစားတို့နှင့် တန်းတူ သဘောထားခံ၍ နေရသည်။ တိုက်ပိတ်ခံ၍ နေရသည်။

တရားသည်လည်းကောင်း၊ ဥပဒေသည်လည်းကောင်း ရှိသည်ဟု ဆိုသည်။ သို့စဉ်လျက် ထွန်းနောင်တို့ကို ပုဒ်မ မတပ်။ တရားမစွဲ။ ရုံးမတင်။ အမှုမလုပ်။ ခွေးကျင့်ခွေးကြံ ထောင်ထဲ ထည့်၍ နှိပ်စက်သည်။

ရန်သူကတော့ သည်သို့ တိုက်ထဲထည့်၍ ကြာရှည်ပိတ်ထားလျှင် ဥဏ်မြင့်ကဲ့သို့ ဒူးထောက်လိမ့်မည်၊ သစ္စာဖောက်လာလိမ့်မည် ဟူ၍များ မျှော်လင့်နေသည်လော မပြောတတ်။ ယခုဆိုလျှင် သုံးလပြည့်တော့မည်။

သုံးလ။ သုံးလတိတိ ပြည့်ပြီဆိုခါမှ ထောင်ဝင်စာတွေ့ရန် ခွင့်ပြုသည်။

ကျောင်းသားခေါင်းဆောင်တို့ကို တွေ့လိုသည်ဆိုလျှင် သက်ဆိုင်ရာမိဘ အုပ်ထိန်းသူ တို့သည် ပြည်ထဲရေးဌာနသို့ လျှောက်ထားကြရသည်။ ကျောင်းသားခေါင်းဆောင်တို့၏ မိဘအုပ်ထိန်းသူများသည် သည်သို့ တွေ့ဆုံခွင့် ရနိုင်ရန်အတွက် ရန်ကုန်မြို့သို့ပင်လျှင် သွားရောက် ကြရသည်။ လျှောက်ထားကြရသည်။ ပြီး ပြည်ထဲရေး ဌာန၏အလိုကျ ဖျောင်းဖျနားချပါမည်ဟု ကတိပြုကြရသည်။

ထောင်ထဲ၌ ရှိသူများအနက် ထွန်းနောင်၊ အောင်ထွေးနှင့် တင်မောင်ဝင်းတို့၏အိမ်များမှ လာကြသည်။ တည်ကြည်၏ မိဘများမှာမူ နယ်မှဖြစ်နေ၍ ရုတ်တရက် မလာရောက်နိုင်ကြ။ တွေ့ခွင့်ရနိုင်ရန်အတွက် ကြံလည်း မကြံဖန်နိုင်ကြ။ သိန်းလွင်၏ အုပ်ထိန်းသူများမှာမူ ရှမ်းပြည်သို့ အလုပ်တာဝန်ဖြင့် ရောက်နေကြရသည်။ မလာရောက်နိုင်ကြ။





ထွန်းနောင်သည် ထောင်ဝင်စာ တွေ့ရမည်ဆိုတော့ ဘာပဲပြောပြော ပျော်သည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်သည့် မိဘတို့ကို တွေ့ချင်သည်။ စိတ်ပူနေကြမည်ကို စိုးရိမ်မိသဖြင့်လည်း ထောင်ထဲ၌ ကောင်းမွန်ချမ်းသာစွာ နေရသည်ဟု လိမ်ပြောမည်ကြံသည်။ ပြီးတော့ သူအင် မတန်ချစ်သည့် အငယ်ဆုံးညီမလေးကို တွေ့ချင်သည်။

နောက်တပိုင်းကတော့ အခြေအနေအရ ပြောသာလျှင် ပြောရမည်၊ မှာသာလျှင် မှာရမည်။ အပြင်ဘက်၌ရှိနေကြသည့် ကျောင်းသားခေါင်းဆောင်တို့ကို မှာချင်ပြောချင်သည်။

ကောင်းမွန်ချမ်းသာစွာနေရသည်၊ လိုလေသေးမရှိ စောင့်ရှောက်ပြုစုခြင်း ခံရသည်ဟု တဖက်က ပြောရမည်ဖြစ်သော်လည်း တဖက်ကတော့ ငပိကြော်ကလေး သရက်သီးဆီစိမ် ကလေး စသည် မှာချင်သည်။ ဖြစ်နိုင်လျှင် ဆေးပြင်းလိပ်ကလေးလည်း များများစားစား ရ၍ ထားချင်သည်။

ထွန်းနောင်သည် အဝတ်သစ်တို့ကို လဲ၍ ဝတ်လိုက်သည်။ သောက်ရေအိုးမှန်ကိုပင်ကြည့်၍လည်း ဆံပင်ကို သပ်လိုက်သည်။ ဆံပင်ကိုမူ ယခင်ကကဲ့သို့ ရှည်ရှည်မထားတော့။ ခပ်တိုတိုသာ ညှပ်ထားသည်။

ကိုယ့်ရုပ်ကိုယ်ပြန်ကြည့်၍တော့ ဘာမျှ ထူးခြားသည် မထင်ရ။ ထို့ကြောင့်လည်း ထောင်ဝင်စာတွေ့ရန် လာခေါ်သည်နှင့် တပြိုင်နက် ထွန်းနောင်သည် အူမြူးလျက်လိုက်ခဲ့သည်။

တွေ့ပါပြီ။ အမေသည် သားကို တွေ့ရ၍ ပျော်မည်ထင်သော်လည်း၊ ပျော်ပုံမရ။ သား၏မျက်နှာကို အသေအချာကြည့်သည်။ သား၏လက်မောင်းသားတို့ကို လှန်ကြည့်သည်။ အမေသည် ဘာကိုမှန်းမသိ အံ့သြ၍နေသည်။

"သား သားနေကောင်းရဲ့လားဟင်၊ သားကြားထဲမှာ ဖျားသေးသလား"

ဘာ့ကြောင့် သည်မေးခွန်း မေးသည်ကိုလည်း ထွန်းနောင် စဉ်းစား၍ မရနိုင်။

"နေကောင်းပါတယ်ဗျ၊ တခါမှလဲ မဖျားပါဘူး"

အမှန်ကို ဖြေသော်လည်း အမေ မယုံ။ အမေ့မျက်နှာသည် ယုံကြည်ပုံ

မရ။ ထွန်းနောင်က စိတ်သက်သာရာရအောင် လိမ်လည်၍ ဖြေသည်ဟုသာ အမေထင်နေပုံရသည်။

'သား ခုထက်ထိ ဖွဲ့ကောင်းတုန်းပဲလား သားရယ်၊ ပင်ပန်းလှပါပြီကွယ်၊ အလျှော့ပေးလိုက်ပါတော့လား သားရယ်'

သည်သို့ဆိုတော့လည်း ထွန်းနောင် ပြန်လှည့်ပြေးချင်လာမိသည်။ ပြောသည့်သူသည် အမေမို့သာ တော်တော့၏။ အခြားသူသာ ဖြစ်ပါက သည်နေရာမှာပင် ခွေးပြော ဝက်ပြော ပြန်ပြောလိုက်မိမည်မှာ အမှန်။ ပြောသူ၏ ရင်ဘတ်က အင်္ကျီစကို ထဆွဲလိုက်မိမည်မှာ အမှန်။

'အဲဒါတွေ ပြောမနေပါနဲ့ဗျာ၊ ခေါင်းဆောင်ကောင်းတယောက်ရဲ့အမေ ဖြစ်ရတာက ဂုဏ်ရှိပါတယ်၊ သစ္စာဖောက်တယောက်ရဲ့ အမေ မဖြစ်ချင်ပါနဲ့၊ ဒါနဲ့ ညီမလေးရောဟင်၊ ခေါ် မလာဘူးလား'

ထွန်းနောင်၏ စကားကြောင်း ပြောင်းလိုက်သည်။

'အမယ်၊ အမေနဲ့ တွေ့မှာဆိုရင် အမေနဲ့ပဲ တွေ့ရမယ်တဲ့၊ နှင့်အဖေနဲ့တောင် မတွေ့ရဘူးတဲ့၊ တယောက်ပဲတဲ့'

သားက တချက်ပဲ ပြောလိုက်ရသေးသည်။ အမေကလည်း သားဘက်က ခပ်ပါပါ။ အမေ့ အသံပါ အနည်းငယ် မာချင်၍လာသည်။ သည်တော့ ထွန်းနောင် ပြုံးမိသည်။

အမှန်တော့ လူမဆန်ခြင်းပင်တည်း။ အမေနှင့်သား တွေ့သည့်ကြားမှာပင် စင်စစ် လွတ်လွတ်လပ်လပ် တွေ့ဆုံပြောဆိုနိုင်ခွင့် ရခဲ့သည်မဟုတ်။ ကြားထဲက ထောင်မှူးကြီးက စောင့်သေးသည်။ အထူးရဲမှ ရဲမှူးတယောက်က စောင့်သေးသည်။

စားပွဲခုံမှာ ထိုင်ရပြီဆိုတော့လည်း၊ အမေနှင့်သား မျက်နှာချင်းဆိုင် ထိုင်ရသည်။ စားပွဲ၏ အရှည်လိုက်မှာ တဖက်တယောက် ထိုင်ရသည်။ လက်ျာဘက်က ထောင်မှူးကြီးက စောင့်သည်။ လက်ဝဲဘက်က ရဲမှူးက စောင့်သည်။ ပြီးတော့ အမေက ဘာပြောပြော သားက ဘာ ပြောပြော လိုက်၍ မှတ်ကြသည်။





ထွန်းနောင်အနေနှင့်မူ အပြင်ဘက်၌ ကျန်နေရစ်ခဲ့သော ထွန်းဝေတို့ သောင်းဖေတို့ကို မှာချင်သည်။ ပါတီ၏အခြေအနေ၊ စည်းရုံးရေးအခြေအနေ၊ တိုက်ပွဲအခြေအနေတို့ကို သိချင်သည်။တနည်းနည်းဖြင့် ထောင်ဝန်ထမ်းတို့ကို ချဉ်းကပ်၍လည်း အထဲနှင့်အပြင် အဆက်အသွယ်ရအောင် ကြိုးစား ဆောင်ရွက်စေချင်သည်။ သို့သော်အခြေအနေက မပေး။ သည်သို့သောစကားမျိုးကို ပြောဆို၍ မရ။

သည်တော့ မိသားစု၏ အကြောင်းကိုသာ မေးရမြန်းရသည်။

အမေကမူ ထွန်းနောင်၏ မျက်နှာကိုသာ ကြည့်နေသည်။ ကြည့်၍ စိတ်မချမ်းမသာ ဖြစ်နေပုံလည်း ရသည်။ အမေသည် ပြန်ရတော့မည်ဆိုတော့ မျက်ရည်ကလေး ဝဲလာသည်။

'မပူပါနဲ့ အမေရာ၊ ကျွန်တော်တို့ဖြင့် အိပ်ပြီးစား၊ စားပြီးအိပ် ဗိမ်ကိုကျ နေကြတာ။'

အမေက ခေါင်းရမ်းသည်။

'မင်းဘယ်လိုပြောပြော အမေ မယုံပါဘူးသားရယ်၊ မင်းမျက်နှာမှာလဲ သွေးမရှိတော့သလိုပဲ၊ ပိန်လိုက်တာလဲ အရင်ကနဲ့ဆို ဘာမှကို မဆိုင်တော့ ဘူးကွယ့်'

သည်တော့မှ ထွန်းနောင်သိတော့သည်။ ရောက်လာကတည်းက သူ့မျက်နှာကို ကြည့်၍ အမေစိတ်မချမ်းမသာ ဖြစ်နေရသည့်အနက်ကို ယခုမှ သိတော့သည်။

'ဒါကတော့ဗျာ နေပူထဲလဲ မထွက်၊ အရိပ်ထဲမှာချည့် နေဖန်များတော့ အသားဖြူလာတာ ဖြစ်မှာပေါ့'

မျက်ရည်ဝဲလျက်နှင့် အမေသည် ပြုံးသည်။

အမေသည် သူယူလာသည့် လက်ဆွဲခြင်းကလေးကို စားပွဲပေါ်သို့ တင်လိုက်၏။ ပြီးတော့ ထွန်းနောင် သောက်နေကျ ဆေးလိပ်ထုပ် ဆယ်ထုပ်နှင့် ကိတ်မုန့် တလုံးကို ထုတ်သည်။

'ကမန်းကတန်း တွေ့ရမယ်ဆိုတော့ ဘာမှ လုပ်မလာနိုင်ဘူး၊ ဒါတောင် လမ်းက ဝင်ဝယ်လာခဲ့ရတာ'

အမေ့လက်မှ မလွှတ်မိ ထောင်မှူးကြီးသည် ပစ္စည်းများကို ဖမ်း၍ ကိုင်လိုက်သည်။ ပြီးတော့ ဆေးပြင်းလိပ်ထုပ်များကို တထုပ်ချင်းဖောက်ကြည့်သည်။ ပတ်သည့်စက္ကူတို့ကိုလည်း အကုန်ခွာလိုက်၍ ကြောဘက်ပါ လှန်ကြည့်သည်။

သည်မျှနှင့်မရပ်သေး။ ကိတ်မုန့်တုံးကိုလည်း လှီးကြည့်မည် ကြံကာ၊ သူ့အလုပ်စားပွဲထက်မှ မောင်းချဓါးကို ပြန်ယူသည်။

'ဘာလုပ်မလို့လဲ'

လွန်ပြီ။ သည်မျှ မိုက်မိုက်ရိုင်းရိုင်း စော်ကားပြီဆိုတော့လည်း ထွန်းနောင် ပေါက်ကွဲလာတော့သည်။ ထို့ကြောင့်လည်း ဘုမေး မေးလိုက်၏။

'ဟာ ကိတ်မုန့်လဲ လှီးကြည့်ရမှာပဲဗျ၊ မတော် သည်ထဲမှာ ဒါးဖြစ်ဖြစ် လက်နက်ဖြစ်ဖြစ် ထည့်ပြီး ဖုတ်ယူလာခဲ့ရင် ဘယ့်နှယ်လုပ်မလဲ'

တဘက်က ရဲအရာရှိကလည်း ရှိနေသည်။ ကျောင်းသားတို့သည် ပြည်ထဲရေးဌာန၏ အကျဉ်းသားများလည်း ဖြစ်ကြသည်ဆိုတော့ ထောင်မှူးကြီးသည် အမှတ်ယူလေပြီ။ သက်ဆိုင်ရာ ရဲအရာရှိ၏ အစီရင်ခံစာတွင် ထောင်မှူးကြီးသည် မည်မျှ စေ့စပ်သေချာကြောင်း အစီရင်ခံလိုက်မည်ဆိုလျှင် သူ ရာထူးတိုးလိမ့်ဦးမည်ဟု ထင်လေရော့သလား မသိ။

'ပေး ပေး၊ ခင်ဗျားလက်ကြီးနဲ့တော့ ကျုပ်စားမဲ့ မုန့်ကို မကိုင်နဲ့၊ ခင်ဗျားတို့က ဝက်သားစား ဘာစားနဲ့'

ထွန်းနောင်သည် သိလျက်နှင့် တမင်အရွဲ့တိုက်လိုက်သည်။ ထောင်မှူးကြီးသည် မွတ်စလင်ဖြစ်သည်။ ဝက်သားကို စားဖို့မဆိုထားနှင့်။ အသံပင် ကြားချင်တတ်သည့်အမျိုးမဟုတ်။

သည်တော့လည်း ရဲမှူးက ကြားထဲက အားနာသွားသည်ထင့်၊ မျက်နှာပျက်သွားသည်။





'ကိစ္စမရှိပါဘူး ထောင်မှူးကြီး၊ သည်အတိုင်းပဲ ယူခွင့်ပြုလိုက်ပါ'

ရဲအရာရှိက ဝင်၍ ခွင့်ပြုသည်။

'မဟုတ်ပါဘူးခင်ဗျာ၊ ဒါမျိုး လုပ်တယ်ဆိုတာ လူကိုတော့ ကြည့်လုပ်ဖို့ ကောင်းတာပေါ့၊ လာတဲ့လူလဲ ကြည့်ပါအုံး၊ မိန်းမလဲ ဖြစ်တယ်၊ အစိုးရအမှုထမ်းတယောက်လဲဖြစ်တယ်။ ပြီးတော့ မုန့်ကိုလဲ ပြန်ကြည့်ပါအုံး၊ ယူနီဗာဆယ်ကိတ်မုန့်တိုက်ဆိုတဲ့ စာလုံးနဲ့၊ ဘယ့်နှယ့်ဗျာ လူတကာကို ကိုယ်လိုယုတ်မာလိမ့်မယ်လို့ချည့်များ ထင်နေသလား မသိဘူး'

ရဲအရာရှိကို ထွန်းနောင်က ရှင်း၍ ပြလိုက်သည်။ ရှင်း၍ပြရင်းလည်း တချက်တော့ တွယ်မိအောင် တွယ်ပစ်လိုက်သေးသည်။

ထွန်းနောင်သည် အသားများပင် တဆတ်ဆတ်တုန်လာ၏။ ဒေါသက ထွက်လာသည်။

'ပေးပါ၊ ခင်ဗျာ့ ဒါးသာပေးပါ၊ မကျေနပ်ရင် ကျုပ်လှီးပြပါမယ်'

ထွန်းနောင်သည် ပြောပြောဆိုဆို ဒါးကို လှမ်းယူမည်ပြုသည်။ သို့သော် ထွန်းနောင်၏ ဒေါသကို ကြောက်၍လော မသိ။ ဒါးကို မပေးရဲ။

'သားကလဲကွယ် လူကြီးတွေကို သည်လို ရိုင်းရိုင်းပြပြ မဆက်ဆံရဘူးလေ၊ လိမ္မာမှပေါ့ကွယ်'

အမေက ဆုံးမသည်။ စင်စစ် အမေလည်း ကျေနပ်လိမ့်မည်မဟုတ်။ သို့သော် လူကြီးအနေနှင့် ဆုံးမစကားကိုသာ ဆိုရပေလိမ့်မည်။

ထွန်းနောင် စိတ်မကောင်း။ အထူးသဖြင့် အမေ့ရှေ့မှာ ဖြစ်ရသည့်အတွက် စိတ်မကောင်း။ သည်အတိုင်းသာဆိုလျှင်တော့ အမေသည်လည်း ထောင်ဆိုသည်၏ မလွှတ်လပ်ခြင်းသဘော၊ အဖိနှိပ်ခံရခြင်းသဘောကို တွေးမိလိမ့်မည်။ ထွန်းနောင်အတွက် စိတ်ဆင်းရဲရပေလိမ့်မည်။

သို့သော် ထွန်းနောင်ကသာ သည်သို့ မခံခဲ့သည်။ ခံခဲ့သည့်သူကတော့ ခံလာ၏။ တိုက်သို့ ပြန်၍ ရောက်ခါနီးတွင် တင်မောင်ဝင်းလည်း ပြန်လာသည်ကို ထွန်းနောင်မြင်ရသည်။ တင်မောင်ဝင်းသည် သူ့ကိုထားရာ အခြား

တိုက်တတိုက်သို့ ပြန်ရာ၌၊ သည်အထဲမှပင် ဖြတ်၍ ပြန်ရမည်။ သည်တော့ နှုတ်ဆက်ချင်၍ ထွန်းနောင်ရပ်စောင့်သည်။ ပါလာသည့် အစောင့် ထောင်ကြပ်ကိုမူ သည်နေရာမှပင် ခေတ္တရပ်၍ လှမ်းနှုတ်ဆက်ခွင့်ပြုရန် ထွန်းနောင် ပန်ကြားထားရသည်။

တင်မောင်ဝင်းသည် ထွန်းနောင်ကို မြင်တော့ သူကပင်စတင်၍ ဝမ်းသာအားရ လှမ်းနှုတ်ဆက်သည်။ သူနှင့်အတူပါလာသည့် ထောင်ကြပ်ကိုလည်း မည်သို့ လှည့်ပြောသည် မသိ။ ထောင်ကြပ်နှင့် တင်မောင်ဝင်းပါ ထွန်းနောင်ရှိရာသို့ လျှောက်၍ လာကြသည်။ ပြီးတော့ တင်မောင်ဝင်းသည် သူ့အိမ်ကပေးခဲ့သည့် လိမ္မော်သီးများထဲမှ ဆယ့်ငါးလုံးခန့်ကို ထွန်းနောင်အား ခွဲပေးသည်။ ထွန်းနောင်မှတဆင့် ကျန်ရဲဘော်များကို ဝေငှရန် ပြောသည်။ ထွန်းနောင်ကလည်း သူ့မုံ့ကို လက်နှင့်ပင် ဖဲ့၍ တပိုင်းပေးလိုက်၏။

တင်မောင်ဝင်း ပေးခဲ့သည့် လိမ္မော်သီးများကို ထွန်းနောင် ကြည့်မိသည်။ တလုံးမကျန် အကုန် အခွံနွှာထားပြီးဖြစ်သည်။ တန်တော့၊ သိပြီ။ လိမ္မော်သီးထဲ လက်နက်ဗုံးလာလိမ့်မည်ဟု ယူဆကာ ထောင်မှူးကြီးလုပ်လိုက်ပြီထင်သည်။

'ဟော့ အခြေအနေတွေ ကောင်းတယ်မဟုတ်လား'

'ကောင်းတယ် ကောင်းတယ်၊ ရဲဘော် တောင့်ထားနော်'

'စိတ်ချ စိတ်ချ'

'ကဲ စကားတော့ မပြောကြနဲ့ဗျာ၊ တော်နေကြာ ကျုပ်တို့ တတွေပါ တိုက်ထဲ ဝင်နေရအုံးမယ်'

နောက်ဆုံးစကားကိုတော့ တင်မောင်ဝင်း၏ ထောင်ကြပ်က ဝင်ပြောခြင်းဖြစ်သည်။ မှန်သည်။ သည်သို့ ခွဲထားသူတို့ တွေ့ဆုံ၍ စကားပြောနေသည်ကို ထောင်အာဏာပိုင်၊ သို့မဟုတ် အာဏာပိုင်တို့၏ သူလျှိုတို့ သာမြင်သွား တွေ့သွားမည်ဆိုလျှင် သက်ဆိုင်ရာ ထောင်ကြပ်တို့တော့ မုချ ဒုက္ခရောက်ရပေတော့မည်။ တိုက်ထဲမဝင်ရသည့်တိုင် အလုပ်တော့ပြုတ်ကြရလိမ့်မည် ထင်သည်။





ထွန်းနောင်သည် တင်မောင်ဝင်းကို အသေအချာမြင်လိုက်ရသည်။ တင်မောင်ဝင်းသည် မူလကထက်ပင် အနည်းငယ် ပိုဝလာသည်ထင်ရ၏။ အသားကတော့ တင်မောင်ဝင်းအဖို့ မသိသာလှ။ တင်မောင်ဝင်းသည် အစကတည်းက ဖြူသည်။ ဖြူသည်မှ နို့၍ဖြူသည့်အဖြူ။ ထို့ကြောင့်လည်း နေမထိရသည့်အတွက် မည်သို့မျှ မထူးခြား။ ပြီးတော့ ထွန်းနောင်တို့နှင့် စာလိုက်လျှင် တိုက်ပိတ်ရက် အပုံကြီး နုသေးသည်။

ထွန်းနောင်သည် တင်မောင်ဝင်းပေးခဲ့သည့် လိမ္မော်သီးများကို အခန်းစေ့ လိုက်၍ဝေချင်သည်။ ထောင်ကြပ်ကို စည်းရုံးကြည့်သော်လည်း မအောင်မြင်။ ထောင်ကြပ်က အတန်တန်တောင်းပန်သည်။ သူ့ကို သနားလျှင် သူ့ အလုပ်ပြုတ်ရသည်ကို မကြည့်လိုလျှင် သည်းခံပါ၊ ထွန်းနောင်စိတ်တိုင်းကျ သူ လိုက်၍ ဝေပေး ပေးပါမည်ဟု ဆိုသည်။ ထွန်းနောင်သည် သူ့ကိုပင် ဝေပေးစေ၍၊ အထဲသို့ မဝင်သေးပဲ ရပ်စောင့်သည်။

တည်ကြည်၏အခန်းသို့ ဝင်၍ပေးနေခိုက်မှာမူ ထွန်းနောင်ထံသို့ အကျဉ်းသားတယောက် ခပ်သုတ်သုတ်နှင့် ရောက်လာသည်။ လက်ရှိ ထမင်းပို့နေသူကို မယုံကြည်ရန်နှင့် ပခုံး၌ အရစ်ပါသူမှန်သမျှကို သတိထားပြောဆိုရန် အပြေးအလွှားသတိလာပေးသည်။ သူသည် ထောင်းတွင်း သုံးပါတီမှ ရဲဘော်ဖြစ်ကြောင်းကိုလည်း ပြောပြသည်။

ထို့နောက် ကျိုးကန်း၏ လျင်မြန်ခြင်းမျိုးဖြင့် ရုတ်ခြည်း ထွက်ပြေး၍ သွားသည်။

သည်အခိုက်မှာပင် အောင်ထွေးလည်း ထောင်ဝင်စာတွေ့ရာမှ ပြန်ရောက်၍လာသည်။ အောင်ထွေးမှာမူ ထန်းခေါက်တောင်းနှင့် တတောင်းအပြည့် ပစ္စည်းများပါလာသည်။ ထောင်ကြပ်တယောက်က တောင်းကို ထမ်းလာသည်။

အောင်ထွေးသည် ပြုံးပြုံး ပြုံးပြုံး။ လိမ္မော်သီးတလုံးကိုလည်း လမ်းမှာပင် သင်၍စားလာသည်။

'ဘီစကွတ်ထုပ်တွေ ပါတယ်၊ ဝက်အူချောင်းလဲ ပါလာတယ်၊ အချိန်

မစွေးနော် ရဲဘော်ထွန်းနောင်၊ ချစမ်း ချစမ်း သည့်မှာချစမ်း'

အောင်ထွေးသည် ဈေးပြန် အိမ်ရှင်မကဲ့သို့ သူ့တိုက်ခန်းဝသို့ ရောက်သည့်တွင် တောင်းကို ချဖိုင်းသည်။ ထို့နောက် ထွန်းနောင့်ထံသို့ ဘီစကွတ်မုန့်တာထုပ် လှမ်း၍ပစ်ပေးသည်။ တောင်းထမ်းလာသည့် ထောင်ကြပ်ကိုလည်း စီးကရက်တဗူးနှင့် လိမ္မော်သီးတလုံးပြန်ပေးသည်။ အောင်ထွေးသည် ထောင်ကြပ်ကို တောင်းထမ်းအလုပ်သမားတယောက်ကဲ့သို့ အောက်မေ့ပုံရသည်။ သူ့တောင်းကို သူ့တိုက်ခန်းထဲမှာ နေရာတကျထားပေးရန်ကိုပါ ညွှန်ကြားလိုက်လေသည်။

ပြီးတော့ သူ ကိုယ်တိုင်ကမှ ဘီစကွတ်ထုပ်နှစ်ထုပ်ကို ကိုင်၍တည်ကြည်နှင့် သိန်းလွင် တို့၏ တိုက်ခန်းများထဲသို့ ဝင်ပေးမည်ကြံသည်။ သည်တွင် တိုက်စောင့်ထောင်ကြပ်က သူ့ကို အလေးပြုသည်။ အလေးပြု၍ တောင်းပန်သည်။

'အော် ကိုယ့်လူကို မေ့နေတယ်၊ အရေးကြီးတာ မေ့နေတယ်၊ နေအုံးဗျော'

အောင်ထွေးသည် ပြောပြောဆိုဆို သူ့အခန်းသို့ သူပြန်၍၊ စောစောကနှယ် စီးကရက် တဗူးနှင့် လိမ္မော်သီးတလုံးကို ယူလာသည်။ တိုက်စောင့်ထောင်ကြပ်ကိုပေးသည်။

'ရပါတယ် သူငယ်ချင်းရာ၊ ခဗျာပါ၊ ဒါလေးတွေ ပေးရုံတင်ပါ၊ ဘယ်သူမှလဲ မမြင်ပါဘူး'

ပြောပြောဆိုဆို အောင်ထွေးက တံခါးများကို ဖွင့်ခိုင်းသည်။

'မြန်မြန်တော့ လုပ်ဗျာ နော်'

ခွဲ၍ထားတော့လည်း မငြင်းသာ။ အောင်ထွေးကို အပြင် သစ်သားတံခါးဖွင့်၍ပေးလိုက်သည်။

စင်စစ် အောင်ထွေး၏ စည်းရုံးရေးသည် မဆိုး။ သည်သို့သော သူမျိုးကို သည်သို့ပင် ပေးကမ်း၍ စည်းရုံးရပေမည်။ ထွန်းနောင်ထင်သကဲ့သို့ သဘောတရားနှင့် ဘာနှင့် လေးလေးနက်နက် စည်းရုံးနေ၍ ရနိုင်မည် မဟုတ်။





သည်နေရာမှာတော့ အောင်ထွေးသည်၊ ထွန်းနောင်ထက် သာသည်။ ထွန်းနောင် ဝင်ခွင့်မရနိုင်သည်ကို အောင်ထွေးသည် အလွယ်ကလေးနှင့် ဝင်နိုင်ခဲ့ချေသည်။

သို့သော် ထွန်းနောင်သည်လည်း အခွင့်အရေးကိုတော့ အသုံးပြုတတ်သည်။ အောင်ထွေးအတွက် ဖွင့်ပေးသည်နှင့် တပြိုင်နက် သူပါ ရောဝင်၍လိုက်သွားသည်။ အပြင်မှာ ကြာရှည်ရပ်နေသည်ကမှ လူမြင်သူမြင် ရှိသေးသည်ဟု အကြောင်းပြကာ၊ ဝင်၍လိုက်သွားသည်။

တည်ကြည်သည် အချင်းချင်းချည့်ကို မြင်လိုက်ရသည်နှင့် တပြိုင်နက် ပျော်သွားပုံရ၏ မျက်နှာညှိုညိုသည် ဝင်းထိန်၍ ကြည်သွားသည်။ အံ့သြသည့်အမူအရာကတော့ မျက်လုံးတို့ မှာ လာပြ၏။

'ဟေး မင်းတို့ ဘယ်လိုလုပ်လာကြတာလဲ'

သူ့ သံကွန်ချာတံခါးနားသို့ မျက်နှာအပ်၍ ခပ်အုပ်အုပ် လှမ်းမေးသည်။ သည်နှစ်ယောက် ထွက်ပြေးလွတ်မြောက်လာကြသည်ဟုများ သူ အောက်မေ့နေသလော မပြောတတ်။ ထောင်ကြပ်အစောင့်အရှောက်မပါဘဲ ရဲဘော်တို့ချည့်ဆိုတော့လည်း တည်ကြည် အထင်ကြီးမည်ဆို ကြီးထိုက်သည်။

'မင်း ဘာလုပ်နေလဲ'

'ငါလား၊ ငါ စာသင်မလားလို့၊ စာကြည့်တိုက်က စာအုပ်စာရင်းထဲမှာ ကိုယ့်ဖာသာကိုယ် သင်လို့ရတဲ့ ဘာသာခြားစကားစာအုပ်တွေ ရှိတယ်ကွ၊ အဲဒါ ငါ ရုရှားစာ သင်မလားလို့ စိတ်ကူးနေတာ၊ နေ့ ဘာစာမှ မဖတ်ရပဲကွာ'

'အေးကောင်းတယ်၊ လုပ်၊ အချိန်ကိုတော့ အလကား မကုန်စေနဲ့'

အောင်ထွေးက သူ့ မုံ့ထုပ်နှင့် စီးကရက်ဗူးကို လှမ်းပေးသည်။

'စောစောကတင် လိမ္မော်သီးစိပ်တွေလဲရသေးတယ်၊ အဲဒါ'

'အေး အဲဒါက တင်မောင်ဝင်းက ပေးသွားတာ၊ တင်မောင်ဝင်းနဲ့ငါ တွေ့လိုက်ရတယ်၊ စကားလဲ ပြောလိုက်ရတယ်၊ မဆိုးဘူး၊ သူ့အခြေအနေလဲ

ကောင်းတယ်၊ သူ နံပါတ် ၄ တိုက် မှာ နေရတယ်တဲ့၊ ဘယ်နားမှန်းမှာတော့ ငါလဲ မသိဘူး၊ သူတာယောက်တည်းတဲ့’

‘ဟော့ ငါ့မှာ ဝက်အူချောင်းတွေလဲ ရှိတယ်ကွနော်၊ ထမင်းနဲ့ စားချင်တဲ့ နေ့မှာ ပြော၊ စောစော ကြိုပြီး အကြော်ခိုင်းရင် ရတယ်တဲ့’

သည်အခိုက် အပြင်ဘက်မှသစ်သားတံခါးကိုထောင်ကြပ်က ခေါက်တော့သည်။ ထို့ကြောင့်လည်း ထွန်းနောင်နှင့် အောင်ထွေးတို့ ပြန်ထွက်ခဲ့ကြ၏။ သိန်းလွင်ထံသို့ သွားကြရဦးမည် မဟုတ်လော။

သိန်းလွင်နှင့် တွေ့ပြန်တော့လည်း တင်မောင်ဝင်းနှင့်တွေ့လိုက်ရသည့် အကြောင်း၊ ထောင်ဝင်စာတွေ့ရာမှာ ပြဿနာဖြစ်ခဲ့ရသည့် အကြောင်း၊ မည်သို့မျှ မလွှတ်လပ်သည့်အကြောင်း စသည်တို့ကို အဖြန်ဖြန်ပြောပြရသည်။

သိန်းလွင်သည် တည်ကြည်ကဲ့သို့တော့ မဟုတ်။ အနည်းငယ် ပို၍ ကျသွားသည် ထင်ရသည်။ မူလက သိန်းလွင်သည် မဝသော်လည်း ကျစ်လစ်သည်။ ဗလရှိသည်။ ယခုတော့ ထွန်းနောင်ကဲ့သို့ပင် ပိန်နေသည်။ ထမင်းစား၍ မကောင်းဘူး ထင်သည်။

‘ရဲဘော် ပိန်တယ်ကွာ၊ ဘာလဲ၊ စားမကောင်းဘူးလား’

‘ကောင်းပါတယ်ကွ၊ ဒါပေမယ့် ဝမ်း ခဏ ခဏ ပျက်ချင်တယ်၊ ဝမ်းသိပ်မကောင်းချင်ဘူး’

‘ဆရာဝန်ကို အပြောခိုင်းပါလား’

‘တခါတော့ ငါပြောလိုက်တယ်၊ ဆေးပြားလေး နှစ်ပြား လှမ်းပေးတယ်၊ ဒါပေမယ့် ငါ မသောက်ဖူး၊ ဘယ့်နှယ့်ကွာ မမေးမမြန်း မစမ်းမသပ်ပဲနဲ့ ရမ်းပြီးဆေးပေးရတယ်လို့၊ နောက်တော့ ငါမပြောတော့ဘူး၊ လာချင်လာ မလာချင်နေ၊ သေလဲအကြောင်းမဟုတ်ပါဘူးကွာ၊ ဒူးထောက် လိမ့်မယ်တော့ မမျှော်လင့်နဲ့’

သိန်းလွင်၏ စကားကို ကြားရသည်နှင့် တပြိုင်နက် ထွန်းနောင်သည် သံတိုင်များကြားထဲမှ လက်လျှို၍ သိန်းလွင်၏ လက်နှစ်ဖက်ကို ကိုင်လိုက်သည်။ လက်နှစ်ဖက်နှင့် ဆုပ်နယ်၍ ကောင်းချီးပြုလိုက်သည်။ ပြီးတော့





အောင်ထွေးကလည်း လက်ဆွဲနှုတ်ဆက်သည်။

စင်စစ် သိန်းလွင်၏ ကျန်းမာရေးသည် ကောင်းပုံ မရ။ ကိုယ်အလေးချိန်ကို ချိန်ကြည့်မည်ဆိုလျှင်လည်း ရောက်ခါစကထက် အနည်းဆုံး ဆယ်ပေါင်ခန့်တော့ လျော့သွားပေရော့မည်။ သို့သော် ခန္ဓာကိုယ်ကသာ ကျမည်။ စိတ်ဓာတ်က မကျ။

(၆)

အမှန်တော့ သည်ထောင်ဝင်စာသည် ပထမဆုံးဖြစ်သကဲ့သို့ နောက်ဆုံးလည်း ဖြစ်တော့သည်။

ထောင်ဝင်စာတွေ့ရပြီးသည့် နောက်တရက်တွင် အောင်ထွေးနှင့် သိန်းလွင်တို့ကို ထောင်ထဲမှထုတ်၍သွားကြသည်။ အထူးရဲတို့က စစ်ဆေးမေးမြန်းစရာရှိ၍ လာရောက် ခေါ်ဆောင်သွားခြင်းဖြစ်သည်ဟူ၍သာ ထွန်းနောင်တို့ သိထားလိုက်ရသည်။ သည်တခါမူ ယခင်တခါကကဲ့သို့ နံနက်ဘက်တွင် လာခေါ်၍ ညနေဘက်တွင် ပြန်ပို့မည်မဟုတ်။ ကျောင်းသားများကို တခါထဲ အိပ်ရာလိပ်ပါ လိပ်စေသည်။ ပစ္စည်းဟူသမျှကိုပါ ယူစေသည်။

ထောင်ထဲသို့ ပြန်ရောက်လာဘွယ်ရာ မရှိတော့ ဟူ၍၊ ထောင်အာဏာပိုင်တို့ကတော့ ပြောသည်။ သို့သော် လွှတ်သည်လည်း ဖြစ်နိုင်အံ့ မထင်။ အပြင်မှာ ကျောင်းသားခေါင်းဆောင်အချို့နှင့် ပတ်သက်ရာ ပတ်သက်ကြောင်းတို့ကို ထပ်၍ပင် ဖမ်းထားသည်ဟု ထွန်းနောင်တို့ ကြားရသည်။ မည်သည့်ရဲစခန်း၊ မည်သည့် အချုပ်တွင် ချုပ်ထားသည်ကိုသာ မသိရခြင်းဖြစ်၏။ ဖမ်းထားသည့် သတင်းကတော့ သေချာသည်။

ဖြစ်လည်း ဖြစ်နိုင်သည်။ ကွင်းဆက်များသည် အများကြီး လွတ်ကျန်ရစ်ခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီမှ ရဲဘော်များ၊ အလံနီကွန်မြူနစ်ပါတီမှ

ရဲဘော်များ၊ အများကြီး လွတ်နေသည်။ ဤသည်တို့ကို ရန်သူသည် အစက မသိ။ အဆက်အသွယ် ရှိနေကြောင်းကို ရန်သူသည် ခိုင်ခိုင်လုံလုံ သတင်းမရ။ သို့သော်ဉာဏ်မြင့် သစ္စာဖောက်ပြီမဟုတ်လော။ ဉာဏ်မြင့်၏လက်ချက်ဖြင့် သည်ရဲဘော်တို့သည် မုချ အဖမ်းခံကြရတော့မည် မဟုတ်လော။

သည်အချိန်သည်ကာလမှာ အောင်ထွေးနှင့် သိန်းလွင်တို့သည် မည်သည့် နည်းနှင့်မျှ လွတ်စရာအကြောင်း လမ်းမရှိ။ လွတ်ပစ်ဖို့ရာလည်း မည်သည့် အကြောင်းမျှ မရှိ။ အောင်ထွေးနှင့် သိန်းလွင်တို့သည် မည်သည့်နည်းနှင့်မျှ လည်း သစ္စာဖောက်လိမ့်မည် မဟုတ်။

သို့ဆိုလျှင် သူတို့ကို ဘယ်သို့ ပို့မည်နည်း။ ဘယ်သို့နှိပ်စက်ကြဦးမည် နည်း။

ထွန်းနောင် စိတ်မကောင်း၊ အမျိုးမျိုး တွေးကြည့်၍လည်း စိတ်ထဲမှာ မချမ်းသာ။ ရန်သူသည် ရက်ပေါင်းတရာခန့် တိုက်ပိတ်နှိပ်စက်ရုံမျှနှင့် အားမရ။ ရက်ပေါင်းတရာခန့် ကျန်းမာရေးနှင့် မညီညွတ်သည့်နေရာတွင် နေထိုင်စေခဲ့ပြီး၊ အစားအစာကိုလည်း အဟာရဖြစ်အောင် မကျွေးခဲ့။ အားရှိစေသည့်၊ အားဖြစ်စေသည့် ဆေးဝါးတို့ကိုလည်း မပေးခဲ့။ ကံကောင်း ထောက်မ၍သာ မဖျားမနာခဲ့ကြခြင်း ဖြစ်သည်။

ခန္ဓာကိုယ်တို့သည်မူ စိတ်ကဆောင်နေ၍လော မသိ။ ထောင်ထောင် ထောင်ထောင်နှင့် ရှိနေကြပေမည့် အမှန်မှာတော့ ကျန်းမာရေးအခြေအနေ တို့သည် မည်သည့်နည်းနှင့်မျှ မကောင်းကြတော့နိုင်။ အထူးသဖြင့် သိန်းလွင် ဆိုလျှင် ဝမ်းပျက်ပိုး ရှိနေပြီ။ ခဏ ခဏ ဝမ်းပျက်နေရသည်။

သည်အခြေအနေသို့ ဆွဲချပြီးခါမှ ထုတ်သွားကြပြန်လေပြီ။

သည်အခြေအနေကို ဆွဲချသည့်တိုင် သည်ကျောင်းသားခေါင်းဆောင်တို့ သည် စိတ်ဓာတ်မကျကြ။ အလျှော့မပေးကြ။ သူတို့ကို လက်မကာမ်းကြ။ ဓေ့စပ်ရေး မလုပ်ကြ။

သည်တော့ သူတို့ ကြံပြန်သည်။ တမျိုးလှည့်၍ ကြံပြန်သည်။ တဆင့် ထပ်၍ နှိပ်စက်ဦးမည်ဟု ကြံပြန်သည်။





ထွန်းနောင်သည် မောလာ၏။

လက်တွေ့မှာလည်း ဆုံးရှုံး၍ ကျန်ရစ်သည်။ တိုက်ခန်းတို့သည် ဘာပဲ ပြောပြော အခါတိုင်းထက် တိတ်သွားသည် ထင်ရသည်။ အထူးသဖြင့် သိန်းလွင် ကြားထဲက မရှိတော့သည့်အတွက်လည်း တည်ကြည်နှင့် ဆက်သွယ်ရသည်မှာ ပို၍ ခက်သွားသည်။

ပို၍ခက်သွားသည်မဟုတ်။ သံတိုင်ကြားသို့ မျက်နှာအပ်၍ အော်ပြောမှ ကြားကြရနိုင်သည် ဆိုတော့လည်း တော်ရုံတန်ရုံနှင့် စကားမပြောဖြစ်ကြ တော့။ အထူးသဖြင့် ညဘက် ညဘက်မှာဆိုလျှင် ပိုဆိုးသည်။ အော်လျှင် သူများတကာကြားမည်။ ထောင်အာဏာပိုင်တို့လည်းကြားမည်။ မဖြစ်တော့ နိုင်။

တပတ်။ သို့နှင့် ခုနစ်ရက်တပတ် ကြာခဲ့သည်။

သည်တပတ်ပြည့်သောနေ့၌မူ အထူးရဲတို့ တကြိမ်ရောက်လာကြပြန် ၏။ သည်တကြိမ်မှာတော့ တင်မောင်ဝင်းနှင့် တည်ကြည်တို့ကို လာရောက် ခေါ်ဆောင်သည်။ ထွန်းနောင် တယောက်ထဲ ကျန်ရစ်ခဲ့တော့၏။

လိုက်သွားရတော့မည်ဆိုတော့ တည်ကြည်သည် ထွန်းနောင်၏ တိုက် ရှေ့သို့ ရောက်လာသည်။ ထောင်ကြပ်က သစ်သားတံခါးကို ဖွင့်မပေး၍ မမြင်ရသော်လည်း တည်ကြည်၏ မျက်နှာကို ထွန်းနောင်တွေးကြည့်သည်။ တည်ကြည်သည် ဝမ်းနည်း၍နေ၏။ တည်ကြည်၏ နှုတ်ဆက်သံသည် ဝမ်းနည်း၍ နေသည်။

စင်စစ် ကိုယ်ဘာဖြစ်ရဦးမည် မသိ။ မည်မျှ ပြင်းထန်စွာ တိုက်ခိုက် လှုပ်ရှားရဦးမည်မသိ။ စစ်ထွက်ယောက်ျားနှယ် သေသော်သေမည်၊ ပြန် လာရချင်မှ ပြန်လာရလိမ့်မည်၊ ဘာကိုမှ မသိ။ သို့စဉ်လျက် တည်ကြည်သည် သူ့အတွက်ကို သူ မပူ။ ကျန်ရစ်ခဲ့သည့် ထွန်းနောင်အတွက်သာ သူ ပူသည်။ ထွန်းနောင် တယောက်တည်း အားငယ်နေမှာ၊ ကြောက်နေမှာ၊ စိတ်ဓာတ် ကျနေမှာကို သူ ပူသည်။

ထို့ကြောင့်လည်း ထွန်းနောင်ကို အားပေးသည်။

"ရဲဘော် မင်းဟာ နောက်ဆုံးကျည်တောင့်၊ နောက်ဆုံး ကျည်တောင့်အထိ ရန်သူကို တိုက်"

"ငါ့အတွက်တော့ စိတ်ချရဲဘော်၊ တော်လှန်ရေးကိုသာ သစ္စာရှိ၊ ငါတို့မုချ အောင်ရမယ်"

တယောက်ကိုတယောက် မမြင်ရသော်လည်း အပြန်အလှန် မှာကြသည်။

သည်အချိန်တွင် တည်ကြည်သည် တင်မောင်ဝင်းကိုလည်း မြင်ရသည်ထင့်။ တင်မောင်ဝင်းပါ သူ့ကိုခေါ်သကဲ့သို့ခေါ်သွားကြောင်း ထပ်၍ လှမ်းပြောသည်။

တည်ကြည်၏အသံသည် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားတော့သည်။ တည်ကြည်သည် ဆွဲရာသို့ လိုက်ပါသွားရရင်း လှမ်း၍ ပြောခဲ့ခြင်းဖြစ်ရာသည်။

မှန်သည်။ ရန်သူသည် ငါတို့၏ ကိုယ်ကိုမူ ပိုင်နေသည်။ သတ်လိုကသတ်နိုင်သည်။ နှိပ်စက်လိုက နှိပ်စက်နိုင်သည်။ သို့သော် ငါတို့၏စိတ်ဓာတ်ကိုမူ မပိုင်နိုင်။ မနိုင်နိုင်။ ရန်သူသည် ငါတို့၏ လက်ကိုသာချုပ်နိုင်ကောင်း ချုပ်နိုင်မည်။ငါတို့၏ နှုတ်ကိုမူ မချုပ်နိုင်။ သည်ရန်သူသည် တနေ့သောအခါတွင်မူ မုချ အရေးနိမ့်ရမည်သာတည်း။

မည်သည့်အသံကိုမျှ မကြားရတော့သောအခါ၌မူ ထွန်းနောင်သည် သူ့သံကွန်ချာတံခါး မှ သံတိုင်များကို ရေအိုးဖုံးနှင့် ဆွဲ၍ ရမ်းလိုက်သည်။ တကြိမ်နှစ်ကြိမ် အကြိမ်ကြိမ် ခေါက်တုံ့ ခေါက်ပြန် ဆွဲရမ်းသည်။

"ဝါဒါ ဝါဒါ"

အသံကုန်လည်း ဟစ်၍ခေါ်လိုက်သည်။

အစောင့်ထောင်ကြပ်သည် အလန့်တကြား ပြေး၍ဝင်လာသည်။

"ရေချိုးချင်တယ်ကွ"

ထွန်းနောင်၏ အသံမှာ မမှန်တော့။ ဒေါသကြောင့် တုန်နေသည်။





"ဒါများဗျာ ဖြည်းဖြည်း သက်သာခေါ်လဲ ရပါတယ်။ ပြီးတော့ ခင်ဗျားစောစောက ရေချိုးပြီးသားပါ။"

ထောင်ကြပ်ကမူ အေးအေးမှန်မှန်သာ ပြန်ပြောသည်။

"ဟော့ကောင် ဖွင့်မှာသာ ဖွင့်၊ စကားများမနေနဲ့ တနေ့ ရေနှစ်ခါချိုးတော့ဘာဖြစ်သလဲ"

ထွန်းနောင်၏ စကားတို့က ရိုင်းပြသည်။ သို့သော် ထောင်ကြပ်သည်ဘာမျှပြန်မပြော။ အေးအေးလူလူသာ ဖွင့်ပေးသည်။ သူတို့ကိုလည်းအစခပ်သိမ်း သည်းခံရမည်ဟု ညွှန်ကြားထားသလော မသိ။

ထွန်းနောင်သည် မျက်နှာသုတ်ပုဝါကိုလည်း မယူ၊ အင်္ကျီတို့ကိုလည်းမချွတ်ပဲ အပြင်သို့ လှစ်၍ထွက်လိုက်သည်။ အမှန်တော့ ရေချိုးချင်၍ မဟုတ်။တိုက်ခန်းထဲမှာ မနေချင်တော့၍သာ ဖြစ်သည်။

"ရေချိုးမယ်ဆိုဗျ"

"မချိုးဘူးကွ၊ မင်းဘာလုပ်ချင်သေးလဲ"

"မချိုးမှာဖွင့်လဲ ပြန်ဝင်ဗျာ၊ ကျွန်တော့်မှာ တာဝန်ရှိတယ်ဗျ၊ အလကားဒုက္ခရောက်ကုန်မယ်"

ထွန်းနောင်က ရယ်သည်။ သရော်ရယ် ရယ်သည်။

"အော ဒုက္ခရောက်ကုန်မယ် ဟုတ်လား၊ ဒုက္ခ ဒုက္ခ ဘာဒုက္ခလဲ"

ပြောပြောဆိုဆို ထွန်းနောင်သည် ရန်ပြုတော့မည်ကဲ့သို့ ထောင်ကြပ်၏အနားသို့ ချဉ်းကပ်သည်။ ထောင်ကြပ်သည် သူ့လက်ထဲမှ သစ်သားဒုတ်ကိုကျစ်ကျစ်ပါအောင် ဆုတ်ထားသည်။ သို့သော် ရှေ့ကမူ နောက်သို့ ဆုတ်နေသည်။

သာမန်အကျဉ်းသားသာ ဆိုလျှင်တော့လည်း ထောင်ကြပ်သည် သည်မျှသည်းခံနေလိမ့်မည်မထင်။ ရိုက်နှက်ဆုံးမလိုက်မည်သာဖြစ်သည်။ သို့သော်ကျောင်းသားခေါင်းဆောင်ကိုတော့ သူသည် ရိုက်နှက်၍ မဖြေရှင်းရဲ။ သူ့လက်မှဒုတ်သည် အကာအကွယ်အတွက်သာ အသုံးချမည်ဟု သူဆုံးဖြတ်

ထားပုံရသည်။ နောက်ဆုတ်သည်။ ပြဿနာကိုသူရှောင်ချင်သည်။

သည်တော့လည်း ထွန်းနောင်က ပို၍ရဲလာသည်။ တဖြည်းဖြည်း လိုက်ကပ်သည်။ အုတ်နံရံနှင့်ထိ၍ ဆက်လက်မဆုတ်သာတော့မှ ထောင်ကြပ်လည်း ရပ်သည်။ ထွန်းနောင်လည်း ရပ်သည်။

ထွန်းနောင်သည် ထောင်ကြပ်၏ ရင်ဘတ်မှ အင်္ကျီစကို လှမ်း၍ ကိုင်လိုက်သည်။ ပြီးတော့လည်း ဘာမပြော ညာမပြောနှင့် ထောင်ကြပ်၏ မျက်ခွက်ကို လက်သီးနှင့် သုံးလေးချက် ဆင့်၍ဆင့်၍ ထိုးလိုက်သည်။

ထောင်ကြပ်သည် ကာပင်မကာကွယ်လိုက်နိုင်။ သူ့မှာ မည်သည့်အပြစ်မျှ မရှိပဲ၊ သည်သို့ ရုတ်တရက်အထိုးခံလိုက်ရသည်ဆိုတော့ ကြောင်နေသည်။ သို့သော် တကယ်တွယ်နေပြီ ဆိုတော့လည်း သူသည် ရုန်း၍ ထွက်ပြေးသည်။

ထွန်းနောင်သည် ဘယ်က ဘယ်က ဒေါသဖြစ်လာသည် မသိ။ ထောင်ကြပ်ကို အသေ သတ်ချင်စိတ်ပေါ်လာသည်။ ထို့ကြောင့်လည်း လက်နက်ရှာမိ၏။ လက်နက်က ရှာမရ။ သည်အချိန်တွင် ထောင်ကြပ်သည် သစ်သားတံခါးကို ပြန်ဖွင့်၍ အပြင်ဘက်သို့ ထွက်ပြေးသည်။ ထွန်းနောင်သည် တံခါးကို အပြင်ဘက်မှ သော့မခတ်နိုင်ရန် လိုက်၍ တွန်းသေး၏။ သို့သော်နောက်ကျ၍ သွားသည်။ ထောင်ကြပ်သည် အပြင်ဘက်သို့ ရောက်သည်နှင့် တပြိုင်နက် တံခါးကို အလျင်အမြန် ပြန်ပိတ်သည်။ အထဲမှ တွန်းနေသဖြင့်လည်း လှမ်းအော်၍ အကူအညီတောင်းသည်။ ထွန်းနောင် မဖွင့်နိုင်တော့။

သို့သော် ထွန်းနောင်သည် အလျှော့မပေး။ စဉ့်အိုးထဲမှရေတို့ကို စောင်း၍ သွန်လိုက်သည်။ ပြီးတော့ ထို ငါးဆယ်ဝင်အိုးကို လက်နှစ်ဖက်ဖြင့်မ၍ သစ်သားတံခါးကို ကိုင်ပေါက်ပစ်လိုက်သည်။

ဂုန်းကနဲ ပေါက်ကွဲသံကြီး မြည်ဟည်း၍ ထွက်လာသည်။ တထောင်လုံးမှပင် ကြားရနိုင်လိမ့်မည်ထင်သည်။ စဉ့်အိုးကြီးသည်လည်း အစိပ်စိပ်အမွှာမွှာကွဲသွားသည်။ သစ်သားတံခါး သည်လည်း အပိုင်းပိုင်းကျိုး၍ ပွင့်သွားသည်။ ထွန်းနောင်သည် တံခါးကျိုးများကို ဖယ်ရှား၍ အပြင်သို့ ထွက်လိုက်သည်။

သည်အချိန်မှာတော့ ထောင်ကြပ်တို့ မရှိတော့။ ထွက်ပြေးကြလေပြီ။





အခြားအကျဉ်းသားတို့ကမူ ခပ်လှမ်းလှမ်းမှ ဝိုင်းကြည့်နေကြသည်။ ထွန်းနောင်သည် အောင်ပွဲရ စစ်သူကြီးကဲ့သို့ ခါးကို ထောက်၍ရပ်လေသည်။

'ဘာဖြစ်တာလဲ ရဲဘော် ဘယ်လိုဖြစ်တာလဲ'

ထောင်ထောင်မောင်းမောင်းနှင့် ရိုးရိုးအကျဉ်းသားတယောက်ကမူ ထွန်းနောင်ရှိရာသို့ ရဲဝံ့စွာ လျှောက်လာရင်း မေးသည်။ သူက ချဉ်းကပ်လာသည်ဆိုတော့လည်း သူ့နောက်မှ လူအုပ်ကြီးသည် လိုက်ပါ၍လာသည်။

'ဘာမှ မဖြစ်ပါဘူးဗျာ၊ မခံနိုင်လွန်းလို့ ထချမိတာပါ၊ မဟုတ်ဘူး၊ လွန်တယ်ဗျာ'

ထွန်းနောင်၏အသံမှာ တုန်နေဆဲ။ ဒေါသလည်း ကောင်းကောင်းမပြေသေး။

'သည်းတော့ခံပါ ရဲဘော်၊ ကျုပ်တို့က ရန်သူ့ အမိခံနေရတဲ့လူတွေ မဟုတ်လား။ သည်အချိန်မှာ တော်လှန်ရေးကို သစ္စာမဖောက်မိစေနဲ့၊ ကိုယ့်ကိုယ်ကို အသက်ရှင်အောင်ထား၊ ဒါပဲ အရေးကြီးပါတယ်၊ ဖက်ဆစ်ဆိုတာ မျိုးကတော့ ဖိနှိပ်မှာပဲပေါ့ ရဲဘော်'

သည်လူသည် ဘယ်သူနည်း၊ စကားပြောကလည်း ချိုသာသည်။ သဘောတရားကလည်း ပြည့်ဝသည်။ မှန်သည်။ ဖက်ဆစ်တို့မည်သည် ဘယ်ကလာ ဒီမိုကရေစီကို အလွယ်တကူနှင့် ပေးမည်နည်း။

ထွန်းနောင်သည် သည်တော့မှ ကိုယ်လုပ်ခဲ့သည့်အလုပ်ကို ပြန်ဆင်ခြင်ကြည့်မိသည်။ စင်စစ် ထောင်ကြပ်သည် ဒါးစာခံသက်သက်။ သူ့မှာ ဘာအပြစ်မျှ မရှိ။ ပြီးတော့ ထောင်ဝန်ထမ်းကို ထိုးကျိတ်ခြင်းသည် တာဝန်ဝတ္တရား နှောက်ယှက်မှု။ ထောင်တံခါးကို ဖျက်ခြင်းသည် ထောင်ဖောက်မှု။ ထွန်းနောင်သည် ဒေါသ အလျောက် ပြစ်မှုကြီးများကို ကျူးလွန်လိုက်မိပေပြီ။

ထွန်းနောင်၏ တသက်တွင် သည်သို့ သူတပါးကို တခါမျှ မထိုးမကျိတ်ဘူးခဲ့၊ သည်သို့လည်း ရန်မဖြစ်ဘူးခဲ့။ သည်သို့လည်း ဒေါသမထွက်ဖြစ်ဖူးခဲ့။ ယခုမှ ဒေါသသည် ဘယ်က ဘယ်က ထွက်လာသည်မသိ။

တော်သေးသည်။ ထောင်ကြပ်က ထွက်ပြေး၍ တော်သေးသည်။

အကယ်၍သာ ထွက်မပြေးဘဲ ပြန်လည်ခုခံမည်ဆိုလျှင် သည်နေရာမှာ တယောက်ယောက်တော့ သေရပေလိမ့်မည်။ ထွန်းနောင် နိုင်မည်ဆိုလျှင်လည်း ထောင်ကြပ်ကိုတော့ အသေသတ်မိပေလိမ့်မည်။

ထိုအခိုက် ထောင်မှူးတယောက်နှင့် ထောင်ကြပ်များ ရောက်၍ လာကြသည်။ ဝိုင်းအုံနေကြသော အကျဉ်းသားတို့သည် ဘေးသို့ ရှဲ၍ သွားကြ၏။ ထွန်းနောင်ကတော့ နောင်တသာ ရသည်။ အမြင်မှန်သာ ရသည်။ ခါးကိုမှု ပြန်၍ ထောက်လိုက်၏။ ရောက်လာသည့် အာဏာပိုင်တို့ကို ခပ်တည်တည် ကြည့်လိုက်သည်။

'ဘယ်လိုက ဘယ်လိုဖြစ်ရတာလဲ ကိုထွန်းနောင်'

' ဘယ်လိုဖြစ်တယ်ဆိုတာ ခင်ဗျားတို့ကောင်ကို မေးကြည့်ပါလားဗျ'

' မဟုတ်ပါဘူးလေ၊ သူပြောတာကိုချည့် ကျွန်တော်တို့ မယုံပါဘူး'

သည်စကားကို ကြားရတော့ ထွန်းနောင် အကြံရလာသည်။ အစကတော့ ထွန်းနောင် လိမ်ပြောမည်ဟု မရည်ရွယ်ခဲ့။ အမှန်ကိုပင် ဖွင့်၍ ပြောလိုက်မည် စိတ်ကူးသည်။ ဖြစ်ချင်ရာဖြစ်။ ထောင်ကျကျ။ တန်းကျကျ၊ သန်းခေါင်ထက်တော့ ညဥ့်မနက်နိုင်။ သို့သော် ယခုတော့ အခြေအနေက ပေးလာသည်။ တဖက်နားနှင့် တဖက်စကားကို မယုံဟုဆိုလာသည်။

'ကျွန်တော် ရေချိုးမလို့ အဲဒါ နည်းနည်းချမ်းသေးတာနဲ့ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်တယ်၊ ဒါကို ကြာတယ်ဆိုပြီး ပြန်ဝင်ခိုင်းတယ်၊ မဝင်ဘူးဆိုတော့ ဒုတ်နဲ့ရိုက်မယ်ရွယ်တယ်၊ ကျွန်တော်လဲ ဘယ်ခံမလဲ၊ ပြန်ချုပ်လိုက်တယ်၊ နောက်တော့မှ ထွက်ပြေးတယ်၊ ကျွန်တော်လဲ ဒေါသနဲ့ဆိုတော့ စဥ့်အိုးနဲ့ ကိုင်ပေါက်ပစ်လိုက်တယ်'

အမယ်။ လိမ်လိုက်တော့လည်း မဆိုး၊ မထစ်မငေါ့ဘဲ ဖြူးနေဖြောင့်နေ၏။

'မဟုတ်ဖူးဆရာ၊ မဟုတ်ဖူး၊ သက်သက်မဲ့ကို ကျွန်တော့်ကို ခေါ်ထိုးတာ'

ထောင်ကြပ်က နောက်နားမှ ဝင်ငြင်းသည်။

'မင်း အသာနေစမ်း၊ မင်း ဝင်မပြောနဲ့'





ထောင်မှူးက သူ့လူသူ တားလိုက်သည်။

'သက်သက်မဲ့ခေါ်ထိုးရအောင် သူက ရန်သူမှ မဟုတ်တာပဲ၊ ထောင်မှူးပဲ စဥ်းစားကြည့်ပါ၊ထောင်မှူးလဲပညာတတ်တယောက်ပဲ၊စဥ်းစားတတ်ပါတယ်'

ခေါင်းဆောင်သည့် ထောင်မှူးသည် ပြုံးသွားသည်။ ပြီးတော့မှ ခေါင်းကို တဆတ်ဆတ် ညိတ်သည်။

'မင်းတို့ကောင်တွေဟာ အတော်ခက်တဲ့ ကောင်တွေပဲကွ၊ ဘာမှလဲ မသိတော့ ခက်တာပေါ့ကွာ၊ ဒီမှာ သည်ကျောင်းသားတွေကို ဓာလာ ထားတဲ့အတွက် ဘယ်လောက်တာဝန်ကြီးတယ်ဆိုတာ မင်းတို့မသိဘူး၊ ကျောင်းသားတွေများ တခုခုဖြစ်ရင် အခက်၊ တကယ်အခက်၊ ထောင်ပိုင်ကြီးက စပြီး အကုန်လုံး ထောင်ထဲရောက်ကုန်မယ်သိလား'

ထောင်မှူးသည် သူ့လူကို သူ ပြန်၍ ကြိမ်းမောင်းသည်။

ထို့နောက် ထွန်းနောင်၏ တိုက်ခန်းရှိရာသို့ လျှောက်ကြသည်။ သည်တော့မှ ထွန်းနောင်သည် အကြံရလာပြန်၏။

'အခု ကျွန်တော်တယောက်ထဲ ကျန်တော့တယ်'

ထွန်းနောင်က စကားစလိုက်သည်။

'ဟုတ်တယ်လေ'

'အဲတော့ နေ့ခင်းဘက်ကျရင်တော့ အထဲတံခါး ဖွင့်ပေးထားနိုင်ရင် ဖွင့်ပေးထားပါ၊ အပြင်တံခါးကိုတော့ မဖွင့်ပါနဲ့၊ ကျွန်တော်တယောက်ထဲ ဟာပဲ၊ ဘယ်သူနဲ့မှ စကားမပြောနိုင်ပါဘူး'

ထောင်မှူးသည် ခေါင်းကို ညိတ်ပြန်သည်။

'ကျွန်တော် ထောင်ပိုင်ကြီးကို တင်ပြပေးပါ့မယ် ကိုထွန်းနောင်၊ ကျွန်တော်က အဆုံးအဖြတ်ပေးနိုင်တဲ့လူ မဟုတ်လို့ပါ'

ပသို့ဆိုစေ၊ ထွန်းနောင်ကိုတော့ တိုက်ခန်းပြောင်းလိုက်သည်။ တံခါး ပျက်နေ၍ အခန်းကိုသာ ပြောင်းသည်မဟုတ်။ တိုက်ကိုလည်း အမှတ် ၁ တိုက်သို့ ပြောင်းလိုက်သည်။

ပသို့ဆိုစေ၊ အမှတ် ၁ တိုက်သည် ယခုနေနေရသည့် အမှတ် ၂ တိုက်နှင့် စာလျှင်တော့ အများနှင့် ပိုနီးသည်။ ရိုးရိုးထောင်ကျများ၏ အိပ်ဆောင်နှင့် ဝါးတရိုက်သာသာခန့်ပဲ ဝေးလိမ့်မည်ထင်သည်။

တိုက်သစ် အခန်းသစ်ကို ထွန်းနောင်ကြည့်လိုက်၏။ ဘာပဲပြောပြော သည်တိုက်ခန်းသည် အနည်းငယ်ပို၍ကျယ်သည်၊ အနည်းငယ်ပို၍ သန့်သည်ဟု ထွန်းနောင်ထင်မိသည်။

ပြီးတော့လည်း နေ့မှာဆိုလျှင် သည်တိုက်ခန်းထဲမှနေ၍ လူသံ သူသံများကို ကြားနေရနိုင်သည်။ လက်သမားအလုပ်ရုံဘက်မှ တူရိုက်သံ၊ လွှဆွဲသံ တို့ကိုပင်လျှင်လည်း ရံဖန်ရံခါ ကြား၍နေရသည်။

ပြီးတော့လည်း ထွန်းနောင်တောင်းဆိုသည့်အတိုင်း ထောင်ပိုင်ကလိုက် လျောသည်။ နံနက်တန်းဖွင့်ချိန်မှာ အများနည်းတူ လာ၍ ဖွင့်ပေးသည်။ ညနေတန်းပိတ်ချိန်ကျခါမှ အများနည်းတူ လာပိတ်သည်။ ထောင်ဝန်ထမ်း တို့မှအပ အခြားအကျဉ်းသားတို့ကို မမြင်ရနိုင်သေးပေမည့် ထွန်းနောင်သည် ယခုမှ အကျဉ်းသား တယောက်ကဲ့သို့ ဖြစ်လာသည်။ ဖွင့်ချိန် ပိတ်ချိန် ရှိလာသည်။ ကောင်းကင်ကို မြင်ရသည်။ နေကို မြင်ရသည်။ လေကို ဝဝ ရှုရသည်။

(၇)

သို့သော် သည်အရသာကလေးကိုပင်လျှင်လည်း ထွန်းနောင် ကြာရှည်မခံ စားလိုက်ရ။

အမှတ် ၁ တိုက်မှာ ဆယ့်တရက်သာ နေရသည်။ ထွန်းနောင်ကိုလည်း ရဲတို့က လာ၍ ထုတ်ပြန်၏။ ရှေ့ကကျောင်းသားများ၏ သွားရာလမ်းသို့ ထွန်းနောင် လိုက်ခဲ့ရပြန်သည်။

ထွန်းနောင်သည် မန္တလေးသား။ မန္တလေးမြို့၏ လမ်းများကို ထုံးသို့ချေ ရေသို့နှောက်နိုင်သည်။ ပြီးတော့ မန္တလေး၏ လမ်းများသည် အရှေ့အနောက် တောင်မြောက် တည့်တည့်သာ ရှိကြသည်။ ထို့ကြောင့် မမှတ်မိနိုင်စရာ မရှိ။





သို့သော် ထောင်ထဲမှထုတ်၍ အပြင်သို့ ခေါ်တော့မည်ဆိုတော့ ထွန်းနောင်၏ မျက်စိတို့ကို အဝတ်နှင့် အသေအချာပိတ်၍ စည်းကြသည်။ ပြီးတော့ ခေါ်သည့်အချိန်ကလည်း ည။ ညမှ ကောင်းကောင်း မိုးမချုပ်သေး ၍ဟုဆိုကာ ထောင်ရုံးခန်းထဲမှာ ထိုင်စောင့်နေကြသေးသည်။ ပြီးတော့မှ အကန်းကို လက်တွဲ၍ခေါ်သကဲ့သို့ ကားပေါ်သို့ ခေါ်သည်။ ပြီးတော့ တနာရီ နီးပါးခန့် ကွေ့၍ပတ်၍ မောင်းနေသည်။

အမှန်စင်စစ် တနာရီနီးပါးခန့် မောင်းရသည့်နေရာဆိုလျှင် အမရပူရ ဖြစ်နိုင်သည်။ သို့သော်အမရပူရသို့ကား ရောက်အံ့မထင်။ နန်းတွင်းမှ ထွက်တော့ မဂ်လာတံတားမှ ထွက်သည်ကိုတော့ ထွန်းနောင် သိလိုက်သည်။

ထွန်းနောင်သည် မှတ်နေ၏။ မန္တလေး၏ ပြများကလည်း အကွာအဝေး ညီကြတော့ တပြနှင့် ကွေ့သည်၊ နှစ်ပြနှင့် ကွေ့သည်ကို ထွန်းနောင် ကောင်း ကောင်း သိနိုင်သည်။

ဆယ့်ငါးမိနစ်ခန့် ပတ်၍ မောင်းပြီးတော့ ထွန်းနောင်ကို မေးသည်။

'အခု ဘယ်နေရာ ရောက်နေသလဲဆိုတာ သိရဲ့လား'

ထွန်းနောင်က ပြုံးသည်။ ပြုံး၍ ဖြေလိုက်သည်။

'မသိပဲ နေမလားဗျာ၊ ဒါ ဒေးဝန်းထဲ ရောက်နေပြီ'

ရဲတို့ အံ့သြသွားကြ၏။

'အဲဒါမှ ဒုက္ခပဲ၊ သည်အတိုင်းသာဆိုရင်တော့ ဓာတ်ဆီကုန်အုံးမယ်'

တယောက်က မှတ်ချက်ချလိုက်သည်။

'ဘယ့်နှယ်လုပ် သိသလဲ မောင်ထွန်းနောင်၊ ငါဖြင့် မျက်စိ ဖွင့်ထားတာ တောင် ဘယ်နားရောက်နေမှန်းမသိဘူး'

'ဒါ လွယ်ပါတယ်၊ မန္တလေးမှာ ဒါလောက်ညှံ့တဲ့လမ်း၊ ဒါလောက် ကျဉ်းတဲ့လမ်း၊ ပြီးတော့တနေရာမှာတိတ်လိုက်၊ တနေရာမှာဆူလိုက်နဲ့ ဒါဒေးဝန်းဘက်ပဲ ဖြစ်ရမှာပေါ့'

မှန်သည်။ တိတ်သည့်နေရာတို့သည် ဘုန်းကြီးကျောင်းဖြစ်ရမည်။ ဆူသည့်နေရာတို့သည် လူနေရပ်ကွက်ဖြစ်ရမည်။ ပြီးတော့ ယခုကလေး

တွင်ပင် မှားလှည်းတစီးကို ရှောင်ခဲ့ရသေး၏။ ရှောင်တော့လည်း ဖြည်းဖြည်း မောင်းရာမှ လမ်းဘေးကပ်ရပ်၍ ရှောင်ခဲ့ရသည်။ ပြီးတော့ လူနေအိမ်တို့မှ ဖွင့်နေသော ရေဒီယိုတို့ကိုလည်း ကားပေါ်မှ အတိုင်းသားကြားရသည်။ သိပ် မဝေးလှ။ ကားပေါ်နှင့် ရေဒီယိုရှိရာတို့ သိပ်မဝေးဘူးဆိုလျှင် လမ်းသည် ကျဉ်းရမည်။ လမ်းနှင့် အိမ်တို့သည် ကပ်၍နေရမည်။ သည်ရပ်ကွက်မျိုးသည် ဒေးဝန်းတို့ စိန်ပန်းတို့ ကဲ့သို့သော အနောက်ပိုင်းရပ်ကွက်များသာ ဖြစ်ရမည်။ သို့သော် စိန်ပန်းတော့ မဖြစ်နိုင်။ လမ်းကိုမှတ်လာသည့်အတွက် စိန်ပန်း အထိတော့ မရောက်နိုင်သေး။

"ကိုထွန်းနောင် မဆိုးဘူး၊ တကယ် မဆိုးဘူး၊ ကဲဆရာရေ့နောက်ထပ် ပတ်လိုက်စမ်းပါအုံး၊ ဆရာကပဲ ပတ်နိုင်မလား၊ ကိုထွန်းနောင်ကပဲ ပညာသာ မလားဆိုတာ စမ်းကြရအောင်"

ရဲအရာရှိတယောက်က အမိန့်ပေးလိုက်သည်။ ယာဉ်မောင်းသည် သူ့ပညာကို ပြအံ့ဟု ရည်ရွယ်ကာ ကားကို လမ်းကောင်းပေါ်သို့ ပြန်၍တက် လိုက်သည်။

"ဒါ ၈၅လမ်း၊ အရှေ့ကို ပြန်တက်လာပြီ"

ထွန်းနောင်က မမေးပဲ ပြောလိုက်သည်။

"နေအုံးလေဗျာ၊ စောသေးတယ်၊ ပြီးတော့မှ ကျွန်တော်တို့ မေးမယ်"

ထွန်းနောင် စောင့်လိုက်သည်။ မေးလျှင် ဖြေနိုင်ရန်အတွက်လည်း ထွန်းနောင်သည် အကွေ့အလှည့်တို့ကို အသေအချာ မှတ်နေ၏။

ဆယ့်ငါးမိနစ်ခန့် မောင်းပြန်သည်။ သည်တခါတော့ လမ်းကောင်းများ ပေါ်မှာ အတော်ကြာကြာ မောင်းနေ၏။ တခါတရံမှသာ မြေကြီးလမ်းပေါ်သို့ ဆင်းမောင်းသည်။ ပြီးတော့လည်း ညစ်သေး၏။ လမ်းသည် ကတ္တရာလမ်း၊ လမ်းကောင်းဖြစ်ပါလျက် လမ်းဘေးသို့ ဆင်းမောင်းသည်။

ဤသည်ကိုလည်း ထွန်းနောင်သိနေ၏။ ကွေ့ရခါနီးပြီဆိုတော့၊ တပြ ဆုံး၍ နောက်တပြသို့ ကူးတော့မည်ဆိုတော့၊ လမ်းကောင်းပေါ်သို့ ပြန်တက် ရသည်ပင်။ သိသည်ပင်။





"ကဲ ခုရော၊ ဘယ်ရောက်နေပြီလဲ မောင်ထွန်းနောင်"

"အလကား ခေတ်ဆီကုန်အောင် ပတ်မောင်းနေတယ်ဗျာ၊ အခုလဲ ခုနက နေရာနဲ့ ဘာမှ သိပ်မဝေးဘူး၊ မလွှန်ထဲမှာပဲ ရှိသေးတယ်"

"ဟာ မဟုတ်သေးပါဘူး၊ ဦးစောထွန်း ခင်ဗျားစည်းထားတဲ့ အဝတ်က လုံမှ လုံရဲ့လားဗျာ၊ အသေအချာများလဲ ပြန်ကြည့်စမ်းပါအုံး"

ရှေ့ခန်းမှ ထိုင်လိုက်လာသည့် ရဲအရာရှိကြီးက ထွန်းနောင်၏ ဘေးမှ ရဲအရာရှိကို လှမ်း၍ ပြောလိုက်သည်။

"သူက မန္တလေးသားဆရာရဲ့၊ ပြီးတော့လဲ သည်အနောက်ပိုင်းတွေက သူ ပိုပြီး ကျွမ်းကျင်တဲ့ရပ်ကွက်တွေ၊ ပါတီရုံးတွေကလဲ သည်အပိုင်းမှာ ဆရာ၊ သူ့အမျိုးသမီးကလဲ သည်ဘက်ပိုင်းသူ၊ သည်ဘက်ပိုင်းမှာ လာစမ်းလို့တော့ ဘယ်ရမလဲဆရာရဲ့"

ဦးစောထွန်းဆိုသူက ပြန်လှည့်၍ ထုချေလွှာ တင်လိုက်သည်။

ဦးစောထွန်း မည်သို့ထုချေထုချေ အကြောင်းမဟုတ်။ သို့သော် သည် တခါတော့ ထွန်းနောင် စိတ်ဆိုးသည်။ သူ့အမျိုးသမီးဆိုသောစကားကို ထွန်းနောင်မခံမရပ်နိုင်။ ထွန်းနောင်မှာ စင်စစ် မိန်းမလည်း မရှိ။ ချစ်သူ ရည်းစားလည်း မရှိ။ ဦးစောထွန်း ပြောသည်က ထွန်းနောင်၏ တဝမ်းကွဲ ညီမကို ရည်ရွယ်ပုံ ရသည်။ ထို့ကြောင့်လည်း ထွန်းနောင်သည် ဦးစောထွန်း၏ လက်ကိုလှမ်း၍ ဖမ်းကိုင်လိုက်မိသည်။

"သည်မယ် ကိုယ့်ဆရာ၊ စကားပြောရင် ကြည့်ပြောပါ၊ ဘာ ဘယ်က အမျိုးသမီးလဲ၊ ကျုပ် ခင်ဗျားတို့လို သစ္စာမဲ့တဲ့လူ မဟုတ်ဖူးဆိုတာ သိထားပါ၊ ကျုပ်မှာ ဘယ်ကအမျိုးသမီးမှလဲမရှိဘူး။ ကျုပ်ရဲ့ အပေါင်းအသင်းတွေထဲမှာ ရဲဘော်ပဲ ရှိတယ်။"

သည်သို့ ဒေါသအရှောက် ပြန်ပြောလိုက်တော့လည်း၊ ဦးစောထွန်းက အလျှင်အမြန်ပင် ပြန်လည်တောင်းပန်သည်။ သူ မှားသွားပါသည်၊ ခွင့်လွှတ်ပါ ဟုဆိုသည်။

"ကျွန်တော်လဲ ကြားထဲက တောင်းပန်ပါတယ်၊ မောင်ထွန်းနောင်ကလဲ

ခွင့်လွှတ်လိုက်ပါ၊ ကဲ ဦးစောထွန်း၊ ခင်ဗျား ရှေ့လာ၊ ခင်ဗျားကိုယ်တိုင်မောင်း၊ လက်တွေ့ပညာစမ်းမယ်၊ ပါးစပ်ပြော လုပ်မနေနဲ့'

ကားကို ရပ်လိုက်သည်။ နေရာပြောင်းကြသည်။ ဦးစောထွန်း တလှည့်မောင်းသည်။ သည်တော့လည်း သိသာရပြန်သည်။ သည်တခါ ဘာပဲပြောပြော အရှေ့ပိုင်းသို့ မောင်းတော့မည်။ အမှတ်ရ သက်သာရပြန်သည်။

ဆယ့်ငါးမိနစ်ခန့် မောင်းသည်။ သည်တခါမှ ဦးစောထွန်း၏ ပညာကို ထွန်းနောင် ချီးကျူးသည်။ မသိ၍ မသိနိုင်၍တော့ မဟုတ်။ သိသည်။ သို့သော် ဦးစောထွန်း၏ အကြံကို ချီးကျူးမိရခြင်းဖြစ်သည်။

ဦးစောထွန်းသည် အရှေ့ပိုင်းသို့ တည့်တည့်မမောင်း။ ဘုရားကြီးဘက်သို့ မောင်းသည်။ ပြီးမှ မျက်ပါးရပ်ဘက်က ဖြတ်တက်သည်။ ပြီးတော့ ဗထူးအားကစားကွင်းကို သုံးပတ်ခွဲခန့် ပတ်သည်။ ရန်မျိုးလုံထဲသို့ ဝင်သည်၊ မေမြို့လမ်းဘက်သို့ ထွက်သည်။

သည်အထိမူ ချီးမွမ်းစရာ မရှိလှသေး။ ထွန်းနောင့်အသိမှာ ရှင်း၍နေသေးသည်။

သို့သော် ဦးစောထွန်းသည် မေမြို့လမ်းမှာ မောင်းရင်း ညာဘက်သို့ ချိုးလိုက်သည်။ စင်စစ် ညာဘက်မှာ ဘာမျှမရှိ။ အင်္ဂလိပ်သင်းချိုင်းတခုရှိသည်။ ကိုယ်ရေပြားရောဂါကု သာသနာပြု ဆေးရုံရှိသည်။ သည်အထဲသို့တော့ ထွန်းနောင် တခါမျှ မရောက်ဖူးဘူးခဲ့။ ထို့ကြောင့်လည်း မသိနိုင်တန်ရာဟု ထင်ကာ ဝင်လိုက်ခြင်းဖြစ်သည်။

ဦးစောထွန်းသည် ဆေးရုံထဲ၊ သို့မဟုတ် သင်းချိုင်းထဲမှာ ပတ်၍မောင်းနေသည်။ လမ်းတိုကလေးများကို ကွေ့လိုက် ဝင်လိုက် ပတ်လိုက်နှင့် မူးနေအောင် ပတ်သည်။ ပြီးတော့ တနေရာတွင် ရပ်လိုက်သည်။

'ကဲ မောင်ထွန်းနောင်၊ ပြောစမ်းပါအုံး ဘယ်ရောက်နေတယ်ဆိုတာကို'

သည်တခါတော့ ထွန်းနောင်ရုတ်တရက် မဖြေ။ မသိ၍ မဖြေတတ်၍ မဟုတ်။ မေမြို့သို့ ထွက်သည့်အေလမ်းမကြီး၏ ညာဘက်အေးမှာ ရောက်နေသည်ဟု ဖြေလိုက်နိုင်သည်သာ။ သို့သော် သည်သို့ချည့် အမှန်ကို ဖြေနေ





လျှင် ကိစ္စက ပြီးတော့မည် မဟုတ်။ ပန်းပေးလိုက်မှ တော်ကာကျတော့မည်။

'ဦးစောထွန်း မဆိုးပါဘူး၊ ညစ်ပတ်တဲ့နေရာမှာတော့ တော်တော်တော်ပါတယ်၊ ကျွန်တော် စဉ်းစားနေတာ၊ ခု အောင်တော်မှုထဲ ရောက်နေသလားလို့'

ထွန်းနောင်သည် လိမ်၍ဖြေလိုက်သည်။ စင်စစ် အောင်တော်မှု ရပ်ကွက်သည် ကျုံး၏ အရှေ့ဘက်၊ မန္တလေး၏ အရှေ့ဘက်အစွန်ဆုံးဖြစ်သည်။ ယခုရောက်နေသည့်နေရာနှင့်ဆိုလျှင် အနည်းဆုံး တမိုင်ခန့်တော့ ကွာလိမ့်မည်။

ထွန်းနောင်၏ အဖြေကိုကြားရတော့ ရှေ့ခန်းမှ သက်ပြင်းရှည်ကြီးချသံ ထွက်လာသည်။ ယခုမှပင် ထွန်းနောင် မျက်စိလည်တော့သည်ဟူ၍ စိတ်နှလုံး ခုံးခုံးချလိုက်ပုံရသည်။

'ကဲ မထူးပါဘူးဦးစောထွန်းရာ၊ မောင်ထွန်းနောင်ကို မသိအောင် မောင်းချင်လို့ကတော့ တညလုံး မောင်းနေတောင် ရမှာမဟုတ်ပါဘူး၊ သိချင်လဲ သိပါစေဗျာ၊ သွားမဲ့နေရာသာ သွားပါတော့'

ရဲအရာရှိကြီးက အမိန့်ပေးလိုက်သည်။ ထွန်းနောင်ကို သူကလည်း တပတ်ပြန်၍ ပတ်လိုက်သည်။ ပညာပြလိုက်သည်။

ထွန်းနောင်သည် ကိုယ့်ကိုယ်ကို မပြုံးမိအောင် သတိထား၍ နေရ၏။ ရယ်ချင်သည်။ ထွန်းနောင်သည် ကားပြန်ထွက်သည်နှင့် ဆက်၍ မှတ်ပြန်၏။ ဆက်၍ မှတ်ရပေလိမ့်မည်။ ကိုယ့်ကို ဘယ်နေရာသို့ ခေါ်သွားသည်၊ ကိုယ်ဘယ်နေရာသို့ ရောက်နေသည်ဆိုသည်ကိုတော့ သိရပေလိမ့်မည်။ သိမှ ဖြစ်ပေမည်။

ဆယ်မိနစ်ခန့် စောစောကနယ်ပင် ပတ်၍ မောင်းပြီးသည့်နောက်၊ ကားကိုရပ်လိုက်သည်။ ကားသည် အမိုးအောက်သို့ ဝင်ရပ်လိုက်ခြင်းဖြစ်သည်။ စက်သံ၏ ပဲ့တင်ကို ကြားရသည်။ ထို့နောက် ထွန်းနောင်ကိုပါ ဆင်းစေသည်။ ထွန်းနောင်ကို အပေါ်ထပ်သို့ တွဲခေါ်သည်။ လှေကားထစ် နှစ်ဆယ့်တထစ်ကို တက်ရသည်။ တလျှောက်ထဲ တက်ရသည်။ ကြားမှာ ခွေးကတက်မရှိ။

ပြီးတော့လည်း လှေကားသည် ကျယ်သည်။ တွဲသူနှစ်ယောက်နှင့် ထွန်းနောင်ပါ ယှဉ်တက်၍ ရနိုင်လောက်အောင်ပင် ကျယ်သည်။ တန်တော့၊ သိပြီ။ သည်အိမ်သည် လူနေအိမ် မဟုတ်နိုင်။ ရုံးဖြစ်မည်။ အဆောက်အဦးတခုခု ဖြစ်မည်။ သို့မဟုတ် သည်နေရာတွင် ဘာရှိနိုင်သနည်း။

ထွန်းနောင် တွေးကြည့်၏။ ယခုရောက်နေရသည့် နေရာသည် မြို့မ ရဲစခန်း၏ အရှေ့ဘက်မှ အရာရှိကြီးများ ရိပ်သာဖြစ်နိုင်သည်။ ရဲသင်တန်းကျောင်းလည်းဖြစ်နိုင်သည်။

အပေါ်ထပ်သို့ ရောက်သောအခါ ထွန်းနောင်ကို အခန်းတခုထဲသို့ ခေါ်သည်။ ကန့်လန့် ထိုးထားသည့် တံခါးကို တယောက်က ဖွင့်သည်။ ပြီးတော့ ထွန်းနောင်ကို ဖိနပ်ချွတ်စေသည်။

အခင်းသည် လျှာထိုးကြမ်းခင်း။ ချောမွတ်၍နေသည်။ ဖယောင်းဆီ တိုက်ထားသဖြင့် ခြေထောက်မှာ သိသာသည်။ ထို့နောက် အခန်းနှစ်ခန်းကို ဖြတ်သည်။ ထို့နောက် သမံတလင်း ခင်းထားသည့် အခန်းထဲသို့ ရောက်ကြသည်။

သည်အခန်းထဲကျမှ ထွန်းနောင်ကို ရပ်သည်။ မျက်စိတို့ကို ဖွင့်ပေးသည်။

အခန်းသည် မှောင်ပိန်း၍နေ၏။ မီးထွန်း၍ မထား။ ပြီးတော့အခန်းသည် ကျဉ်းသည်။ ထောင်ထဲမှာ နေခဲ့ရသည့်တိုက်ခန်းထက်ပင် ကျဉ်းသေးသည်။ ပြတင်းပေါက် တပေါက်တော့ ရှိ၏။ သို့သော် ထိုပြတင်းပေါက်ကိုလည်း အသေပိတ်ထားသည်။ ပြတင်းမှန်တို့ကိုလည်း သဘော်ဆေးအနက်နှင့် ပိန်းနေအောင် သုတ်ထားသည်။ ပြီးတော့ အပြင်ဘက်မှနေ၍လည်း ကုန်ထုပ်စက္ကူနှင့် ထပ်၍ကပ်ထားသည်။ နေ့မှာဆိုလျှင်တော့ အလင်းရောင် အနည်းငယ် ရကောင်းရနိုင်ပေလိမ့်မည်။ ညမှာတော့ မည်သည့်နည်းနှင့်မျှ မရနိုင်။

ထွန်းနောင် တွက်လိုက်၏။ ရဲကျောင်းတော့ မဖြစ်နိုင်ပြန်။ အခန်းများဖွဲ့ပုံက စာသင်ခန်းပုံစံမျိုးမဟုတ်ကြ။ ရိပ်သာပဲဖြစ်ရမည်။ အရာရှိကြီးများ တည်းခိုသည့် ရိပ်သာပဲ ဖြစ်ရမည်။ ယခုနောက်ဆုံးရောက်နေရသည့်





အခန်းသည်လည်း နောက်ဖေးဘက်မှ အခန်း။ မီးဖိုခန်း။ သို့မဟုတ် ရေချိုးခန်းဖြစ်ရမည်။ အထဲတည်းမှ ပစ္စည်းများကိုတော့ ရှပ်ဖျက်သည့် သဘောဖြင့် ရှင်းထားခြင်းဖြစ်ရာသည်။

မှန်သည်။ ထွန်းနောင် ဆုံးဖြတ်ချက်ချလိုက်သည်။ သည်နေရာသည် ရဲအရာရှိကြီးများ အတွက် သီးသန့်ထားသည့် ရဲဧည့်ရိပ်သာ။ ယခုရောက်နေရသည့်အခန်းသည် အပေါ်ထပ်တွင် လိုအပ်လျှင် အသုံးပြုရန်ထားသည့် မီးဖိုခန်း။ သို့မဟုတ် ညဘက်၌သာ အသုံးပြုသည့် ချေးအိုးသေးအိုးခန်း။

" ပင်ပန်းလိုက်တာဗျာ၊ သည်ရဲဧည့်ရိပ်သာကို ခေါ်လာချင်တာများ ဆယ်မိနစ် မမောင်းရပါဘူးဗျာ"

ထွန်းနောင်က ညည်းလိုက်သည်။

သည်တော့ အားလုံးသော ရဲအရာရှိတို့သည် အံ့အားသင့်ကြသည်။ ခေါင်းခါသူက ခါ၊ နဖူးကို လက်နှင့်ရိုက်သူက ရိုက်၊ ဗျာ တသူက တနှင့်မော၍ သွားကြသည်။ မောရသည့်ဟာန် ဖြင့် ခြေပစ်လက်ပစ် ထိုင်ချကြတော့သည်။

'မောင်ထွန်းနောင်ပါတဲ့၊ ရှေမန်းသားပဲ၊ ဘယ်ရမလဲ နောကွာ'

ရဲအရာကြီးက ချောလဲ ရောထိုင်သည်။

"ခုနကတုန်းကလဲ မောင်ထွန်းနောင် တမင်လှဲပြောတာဖြစ်မယ်၊ ဟုတ်တယ်မို့လား"

"ခုနက အင်္ဂလိပ်သချိုင်းလေ၊ ကျွန်တော်ပြောသားပဲ၊ ဦးစောထွန်းညစ်ပတ်ပါတယ်လို့"

"ထင်တယ် ထင်တယ်၊ ကျုပ်ထင်တယ်၊ သည်တခါတော့ ကျုပ်တို့ ခံလိုက်ရတယ် မောင်ထွန်းနောင်ရေ"

"ကျွန်တော်ခံရမယ့်အလှည့်တွေက များပါတယ်ဗျာ၊ လူကြီးမင်းတို့က အစ္စရေးနိုင်ငံမှာတောင် ပညာသင်လာခဲ့ကြတဲ့ ရဲအရာရှိတွေပဲဟာ၊ ဘယ်လိုလူကို ဘယ်လိုကိုင်ရမယ်ဆိုတာ နားလည်တတ်မြောက်ကြပြီးသားပါ"

'အေး ဒါလဲမဆိုးဘူးဟ၊ ကဲဦးလှစိန်၊ အစ္စရေးမြန်ကြီး၊ ဘယ့်နှယ့်ရှိစ'

'ကဲ အလုပ်မစခင် မိတ်ဆက်ကြအုံးမှ ကိုထွန်းနောင် ၊ ကျွန်တော်က ခင်ဗျားပြောတဲ့ အစ္စရေးမြန် ဦးလှစိန်၊ ဟောဒါက ကျွန်တော်တို့ အုပ်စုရဲ့ ခေါင်းဆောင် ရဲဝန်ဦးညဏ်ဝင်း၊ ဒါကတော့ ရဲမှူးဦးတင်လတ်၊ ကုလားကြီး လို့သာ မှတ်ထားဗျာ၊ ဒါကတော့ ကိုထွန်းနောင့် မိတ်ဆွေကြီး ဦးဇောထွန်း၊ ဟော့ဟိုဟာက ရဲမှူးဦးအောင်ထွန်း'

အခမ်းအနားစတော့မည်။ မိတ်ဆက်ပွဲ စပြီ။

'သည်လိုဗျာ၊ ခုကိစ္စက ခင်ဗျားကိုယ်တိုင်ရေးတဲ့ ခင်ဗျားရဲ့ ကိုယ်ရေး ရာဇဝင် လိုချင်တယ်၊ အကျဉ်းချုပ် မဟုတ်ဖူးနော်၊ အထူးသဖြင့်ကတော့ ခင်ဗျားလုပ်ခဲ့တဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေဆိုပါတော့၊ အနည်းဆုံး လျှောက်လွှာ စာရွက်နဲ့ တရာကျော် ရေးရမယ်၊ က မကမယ်၊ တကယ်တမ်း ရေးရင်၊ ဒါလဲ မှသားတွေတော့ မလုပ်နဲ့ဗျ၊ ကျွန်တော်တို့လဲ သိပြီးသားတွေ၊ ခင်ဗျားက နောက်ဆုံးလူ၊ ခင်ဗျားရဲ့ရှေ့ကလူတွေက ခင်ဗျားအကြောင်း ရေးသွားကြတာကို စာမျက်နှာ တရာလောက်ရှိနေပြီ။ ပေါင်းကြည့်လိုက်ရင်၊ အဲတော့ ကျွန်တော်တို့က ခင်ဗျားကို ကူညီမယ်'

ဦးလှစိန် ဆိုသူက နိဒါန်းစချီသည်။

'ဟောသည်မယ် ရော့ ပတ်ကား ၅၁ဖောင်တိန်အသစ် နှစ်ချောင်း၊ ဟော့ စာရွက်တွေယူခဲ့၊ မျဉ်းနဲ့ဟာတွေ ယူခဲ့နော်၊ ကိုထွန်းနောင်က မျဉ်းနဲ့စာရွက်မှ ရေးတတ်တာ'

ဦးအောင်ထွန်းဆိုသူက ကလောင်တံများကို ချပေး၍ ဆက်ပြောသည်။

'ပြီးတော့ ခင်ဗျားလိုချင်တာ ပြော၊ အချိန်မရွေး ရအောင် လုပ်ပေးဘို့ ကျွန်တော်တို့ တာဝန်ယူတယ်၊ ထမင်းလဲ စားချင်တဲ့ ဟင်းကိုပြော၊ ညလဲ ဆာရင် ဆာသလိုပြော၊ ကော်ဖီ လက်ဖက်ရည် မဟုတ်ဖူး၊ ဟောလစ်တို့ ကိုကိုးတို့ အိုဗာလ်တင်းတို့ အကုန်ရမယ်၊ အဲ မန္တလေးမှာဆိုတော့ ဆောင်းတွင်းကြီး ရေခဲမုံ့တော့ မရနိုင်ဘူးဗျာ၊ ပြီးတော့တရုတ်စာ ကုလားစာ ဗမာစာ၊ ဒါတွေလဲ အချိန်မရွေး ပြော'





ဦးလှစိန်က ဆက်ပြန်သည်။

' နောက်တခု ပြောရအုံးမယ်၊ ခု မောင်ထွန်းနောင် မြင်တဲ့အတိုင်းဘဲ နော်၊ ကျုပ်တို့မှာ ဘာလက်နက်မှ မကိုင်ကြဘူး၊ မောင်ထွန်းနောင်ကိုလဲ နာအောင် ကြည်းအောင် ဟောသည်လို လက်ဖျားကလေး တင်တာကအစ မလုပ်ဖူး၊ ဒါ ကျုပ်တို့ဘက်က ကတိပေးတယ်၊ ဒါပေမယ့် ဒါကလဲ မောင်ထွန်းနောင်က ကျုပ်တို့ကို ကူညီခဲ့ရင်ပေါ့ဗျာ၊ မကူညီဘူးဆိုရင်တော့ လဲ နောက်တနည်း စဉ်းစားရမှာပေါ့'

ရဲအရာရှိကြီး ဦးညဏ်ဝင်းက ပြောသည်။

'ကဲစာရွက်တွေလဲ အဆင်သင့် ရောက်ပြီ မီးဖွင့်လိုက်ကြစို့၊ အလုပ်စ တော့မယ်၊ ကိုထွန်းနောင် တခုခု စားအုံးမလား'

ထွန်းနောင် စဉ်းစားကြည့်မိသည်၊ မဖြစ်နိုင်။ မည်သည့် နည်းနှင့်မျှ မဖြစ်နိုင်။ စာမျက်နှာ တရာမပြောနှင့်၊ တရွက်ပင် ရေး၍မပေးနိုင်။ ကိုယ့် လက်ရေးနှင့်ကိုယ်သာ ရေး၍ပေးရမည် ဆိုလျှင် တရွက်မျှပင်လျှင် မပေးနိုင်။

ထို့ကြောင့် ထွန်းနောင် စဉ်းစားချိန် လိုချင်သည်။ အချိန်ဆွဲချင်သည်။

'အလုပ်က မနက်ကျမှပဲ စတာပေါ့ဗျာ၊ သည်ညတော့ အချိန်လဲ သိပ်မရှိတော့ပါဘူး'

'အချိန် မရှိဘူးကိုထွန်းနောင်၊ ကျွန်တော်တို့ မန္တလေးမှာ သောင်တင် နေတာကို နှစ်လကျော်ခဲ့ပြီ၊ မြန်မြန်ပြီးလဲ မြန်မြန် အိပ်ရတာပေါ့ဗျာ၊ ချလိုက်စမ်းပါ၊ နေ့တွေညတွေ ရွေးမနေစမ်းပါနဲ့။'

စကားက ရှင်းသည်။ ဗမာစကားကို ဗမာကပြောလိုက်ခြင်းဖြစ်သည်။ တလုံးမှ နားမလည်နိုင်စရာမရှိ။ ပြီးမှ အိပ်ရမည်ဟု ဆိုသည်။ မပြီးမချင်း လုံးဝ အိပ်ခွင့်မပြုဟု ဆိုလိုက်ခြင်း ဖြစ်သည်။

သူတို့ပြောသည့် စာမျက်နှာတရာခန့် ဆိုသည်ကိုလည်း ရေးပြီးဟုဆိုသည့် တိုင် မည်သည့်နည်းနှင့်မျှ တညတည်းနှင့် ပြီးလိမ့်မည် မဟုတ်။ ထို့ကြောင့် သည်ညအဖို့တော့ အိပ်ရတော့မည် မဟုတ်။

' သည်ည ပြီးမလားဗျ၊ မပြီးမယ့်အတူတူတော့ နက်ဖန်မှ စလုပ်မယ်ဗျာ၊ နက်ဖန်ခါ တနေ့တည်းနဲ့ အပြီး တွယ်တာပေါ့ မဟုတ်ဖူးလား'

' မဟုတ်ဘူး'

ပြတ်သည်။ ထွန်းနောင် ညှိသည်ကို လက်မခံ။

' ကဲ ပြောနေတာ ကြာတယ်၊ မီးဖွင့် မီးဖွင့်၊ ရေး'

ခက်ထန်စွာပင်အမိန့်ပေးလိုက်သည်။

မီးသည် ပွင့်လာ၏။ ဘုရား ဘုရား၊ မီးပွင့်ကလည်း ကြည့်၍ပင် မရနိုင်ပါတကား။ မီးပွင့်သည် အနည်းဆုံး တထောင်အားတော့ ရှိလိမ့်မည် ထင်သည်။ ပြီးတော့လည်း အခန်းထောင့်တထောင့်မှ တိုင်တတိုင်နှင့် ထောက်ထားသည့် မီးမောင်းကြီး ဖြစ်သည်။ ထွန်းနောင်၏ မျက်နှာကို တည့်တည့်ကြီး ထိုးထား၏။ လက်နှင့် ကာ၍လည်း မရ။

သည်အခန်းကျဉ်းကလေးထဲမှာ နေရာချထားပုံကိုလည်း ကြည့်ဦး။ စားပွဲရှည်တလုံးကို အုတ်နံရံတဖက်သို့ ကပ်၍ ချထားသည်။ တဘက် ထောင့်တွင် ခွေးခြေတလုံးထားသည်။ ထိုခွေးခြေပေါ်တွင် ထွန်းနောင်ကို ထိုင်စေ၏။ ထွန်းနောင်သည် အခန်းထောင့်ထဲတွင် ရောက်နေရတော့သည်။ နောက်ကျောဘက်တွင် အုတ်နံရံတဘက်။ လက်ဝဲဘက်တွင် အုတ်နံရံ တဖက်။ လက်ျာဘက်တွင်မူ စားပွဲရှိသည်။ စားပွဲနှင့် လက်ဝဲဘက် အုတ်နံရံ၏အကြားတွင် ထွန်းနောင်တကိုယ်စာသာ ကျယ်သည်။ မလှုပ်သာ မယှီမ်းသာ။

ပြီးတော့မှ ထိပ်က ရဲအရာရှိတယောက်သည် ပိတ်ထိုင်သည်။ ကျန်ရဲ အရာ ရှိတို့သည် စားပွဲ၏ပတ်ပတ်လည်တွင် မီးရောင်ကို ကျောပေး၍ထိုင် ကြသည်။

စင်စစ် ထွန်းနောင်ကို အများက မြင်ကြရသည်။ အများကိုတော့ ထွန်းနောင် ပြန်၍ မမြင်ရ။ ကြာလေ မမြင်ရတော့လေဖြစ်လာသည်။ ကြာလေ မျက်စိတို့ ပြာလာလေ ဖြစ်တော့သည်။

အောက်ကမူ သံမံတလင်းဆိုတော့ အေးသည်။ ဆောင်းတွင်းဖြစ်သဖြင့်





လည်း ညဉ့်နက်လေ ပိုအေးလေ အေးလာသည်။ ဖိနပ်စီး၍ မထားရသဖြင့် လည်း ပို၍ပို၍ အေးလာသည်။ အထက်ပိုင်းကမူ တဖြည်းဖြည်းနှင့် ပူလာ သည်။ တထောင်အားခန့်နှင့် တသမတ်တည်း ထိုး၍ထားသောကြောင့် ကြာ လေပူလာလေ ပူလာသည်။ တနာရီခန့်မျှကြာသော် အထက်ပိုင်းသည် ချွေးပြန်၍လာသည်။

သို့သော် ခေါင်းကိုလည်း အောက်သို့ငုံ့ထား၍ မရ။ စားပွဲကို ရင်ခေါင်း ခန့်အထိ ကြိုတင်၍ မြှင့်ထားသည်။ အောက်ကခြေထောက်တို့ကိုလည်း အပေါ်သို့ တင်ထားချင်၍ မရ။ ထိုင်ရသည်ကိုကခွေးခြေ။ ဖင်တနေရာစာပင် ကောင်းကောင်းမလုံချင်။ ပြီးတော့စားပွဲ၏ အောက်ပိုင်းသည်အပိတ်။ ခြေထောက်တို့ကို ကွေးထားချင်၍ပင် မရနိုင်။

ပြီးတော့လည်းထွန်းနောင်ဘက် စားပွဲထိပ်မှ ပိတ်ထိုင်နေသော ရဲအရာ ရှိသည် ထွန်းနောင် သူ့ဘက်သို့ လှည့်မလာစေရ။ အလင်းရောင်၏ ဒဏ်ကို မခံမရပ်နိုင်၍ ထွန်းနောင်၏ မျက်နှာသာ သူ့ဘက်သို့ လှည့်လာမည်ဆိုလျှင် သူ့အလုပ်က ပြန်၍ လှည့်ပေးသည်။ ခွေးခြေကို ကိုင်၍ လှည့်ပေးသည်။

နောက် ညဉ့်နက်ပိုင်းသို့ ရောက်တော့လည်း၊ သူ့အလုပ်က တမျိုး။ ထွန်းနောင် မငိုက်စေရ။ အိပ်မပျော်စေရ။ မကြာခဏလူကို လာကိုင်၍ လှုပ်နိုးသည်။ ရေစိမ်မျက်နှာသုတ်ပုဝါဖြင့် မျက်နှာကို သစ်ပေးသည်။

မီးမောင်းနှင့် တချိန်လုံး ထိုးထား၍ မျက်နှာပြင်သည် တင်းလာသည်။ အသားတို့ပင် ပပ်ကုန်ပြီ ထင်ရသည်။ သည်အချိန်တွင် ရေအေးဖတ်ကြီးနှင့် မျက်နှာ လာ လာသစ်ပေးနေ သည်ဆိုတော့လည်း ထွန်းနောင်မခံချင်။ ခု ပူလိုက်၊ ခုအေးလိုက်နှင့် ပို၍ ဆိုးလာသည်။

' ရေးဗျာ ကိုထွန်းနောင်၊ ခင်ဗျားမရေးရင် ခင်ဗျား ခံရမှာပဲ၊ ဘယ်သူမှ မရေးပဲ မနေကြဘူး၊ ကျွန်တော်တို့အတွက်ကတော့ မပူနဲ့၊ ခု ညဆယ့်နှစ်နာရီ ထိုးရင် ကျွန်တော်တို့အဖွဲ့ နားမယ်၊ နောက်တဖွဲ့ လာမယ်၊ ခြောက်နာရီ တကြိမ် တဖွဲ့ တဖွဲ့ လဲသွားမယ်၊ ခင်ဗျားသာ လဲရမှာ မဟုတ်တာ'

ထွန်းနောင်သည် ခေါင်းကို ကုတ်လိုက်သည်။

"ဒါ မနှိပ်စက်ဖူးဆိုပြီး နှိပ်စက်တာပဲဗျ၊ သည်လိုနှိပ်စက်လို့ကတော့ နှိပ်စက်ပေါ့ဗျာ၊ ကျုပ် ဘယ်တော့မှ မရေးဘူး"

ထွန်းနောင်က တန်ပြန်အကြပ်ကိုင်လိုက်သည်။

"ဒါ နှိပ်စက်တယ် မခေါ်ပါဘူး၊ ခင်ဗျား ချမ်းမှာစိုးလို့ နေပူစာ ပေးနေတဲ့ဟာပဲ၊ နွေးနွေးလေး ဘယ်လောက်ကောင်းသလဲလို့"

"ကျွန်တော်တခုပြောမယ်၊ အနိုင်ကျင့်တယ်ဆိုတာ ကောင်းတယ်များ မှတ်သလား၊ အနိုင်ကျင့်ခဲ့တဲ့လူကသာ ကြာရင်မေ့မယ်၊ အနိုင်ကျင့်ခံရတဲ့ လူကတော့ တသက်မမေ့ဘူး၊ အဲဒါတော့ မှတ်ထားပါ။ ကိုယ့်အလှည့်ကျ ရင်သာ အပြုံးမပျက်ပါစေနဲ့"

ထွန်းနောင်က ကြိမ်းလိုက်သည်။

"ကျွန်တော်တို့က လခစားတွေပါဗျာ၊ ဒါလောက်လည်း မကြိမ်းပါနဲ့ ကိုထွန်းနောင်ရာ၊ ကိုထွန်းနောင်တို့အစိုးရ ဖြစ်လာတဲ့အခါကျရင်လည်း ကျွန်တော်တို့ကိုပဲ အဖမ်းခိုင်းရမှာပါ။ ဦးနုတို့ ဦးကျော်ငြိမ်းတို့ကို ဖမ်းဆိုလည်း ကျွန်တော်တို့က ဖမ်းပေးရမှာပါ၊ ခုလို စစ်ဦး ဆေးဦးဆိုရင်လည်း စစ်ရဆေး ရဦးမှာပါ၊ ကျွန်တော်တို့ဟာ ကိုယ့်စိတ်ကိုယ် ပိုင်ကြတဲ့ လူတွေ မဟုတ်ပါဘူး ဗျာ၊ ကိုယ့်စိတ်ကိုယ်သာ ပိုင်မယ်ဆိုရင် သည်ငိုစားရယ်စားအလုပ်ကိုလည်း ဘယ်လုပ်နေပါ့မလဲ၊ တောခိုတာ ကြာလှပြီ"

ကုလားကြီးဆိုသူက သရော်တော်တော် ပြန်ပြောသည်။

အမှန်တော့ ထွန်းနောင် ခံ၍နေရပြီ။ ထွန်းနောင်ပြောသမျှစကားတို့ကို ရဲတို့သည် တခွန်းမျှ လေးလေးနက်နက် မစဉ်းစားကြတော့။ နက်ဖြန်မှ စရေးမည်ဆိုသည်ကိုလည်း မယုံကြည်။ နှိပ်စက်ထား၍ မရေးခြင်းဖြစ်သည်။ မနှိပ်စက်လျှင် ရေးမည်ဆိုသည့် စကားကိုလည်း မယုံကြည်။ စောစောက အနိုင်ယူခဲ့သမျှတို့သည် ယခုတော့ ဝဲ့လည်ပြီ။

ထို့ကြောင့်လည်း ထွန်းနောင် မည်သို့မျှ မပြောချင်တော့။ ပြော၍လည်း အပိုပင်။ ထွန်းနောင်သည် ဖောင်တိန်ကို အဖုံးဖွင့်လိုက်သည်။





ချုပ်နေ့ကျူးက၊ ရှုးမှုးတုန်လှဲ့၊
ကိုးရဖွဲ့ဟု၊
ကျိုးကဲ့သို့လျှင်၊ မတွေးချင်၊
ခင်ပုပ်လည်းငှက်၊ ညဥ့်လည်းငှက်
ထွက်၍တိုက်ခိုက်သည်တကား။ ။

ထွန်းနောင်သည် ကဗျာတပုဒ်ကို စပ်လိုက်သည်။ တရုတ်ပြည်သူတို့၏ ခေါင်းဆောင်ကြီး မော်သည်လည်းကောင်း၊ ဗီယက်နမ်ပြည်သူတို့၏ ဥက္ကဋ္ဌကြီး ဟိုချီမင်းသည်လည်းကောင်း၊ ကဗျာဆရာများ ဖြစ်ကြသည်။ ကဗျာကို ချစ်မြတ်နိုးကြသည်ဟု ထွန်းနောင် မှတ်သားရဘူးသည်။ ဖူးချစ်၏ "ကြိုးစင်ပေါ်မှ မှတ်စုများ" ကိုလည်း ထွန်းနောင် ဖတ်ဘူးသည်။ ထွန်းနောင် သည်လည်း သည်ကဲ့သို့ပင် သမိုင်းတွင်ရစ်စေချင်သည်။

သည်ယနေ့ သည်ည စ၍တိုက်ရသောတိုက်ပွဲသည် မည်သို့အဆုံးသတ်ရ မည် မသိနိုင်။ ရန်သူသည် အစမှာပင် ယဉ်ယဉ်ကလေးနှင့် နှိပ်စက်၍နေလေပြီ၊ လက်ဖျားနှင့် မတို့ဘူးဆိုပြီး၊ မီးမောင်းထိုး၍ ညှဉ်းပမ်းလေပြီ။

ထွန်းနောင်မရေးဘူးဆိုလျှင်၊ ထွန်းနောင် အလျှော့မပေးဘူးဆိုလျှင်၊ ထွန်းနောင် ဒူးမထောက်ဖူးဆိုလျှင် ရန်သူသည် မည်သို့ ဆက်လက်နှိပ်စက် လာဦးမည် မသိ။

ရန်သူ၏ ကိုယ်စားလှယ် အထူးရဲတို့သည် အစ္စရေးနိုင်ငံပြန်၊ အနောက် ဂျာမနီနိုင်ငံပြန်များ ဖြစ်ကြသည်။ ထိုနိုင်ငံတို့တွင် ရဲအတတ်ကို သင်ကြား တတ်မြောက်လာခဲ့ကြသူများ ဖြစ်ကြသည်။ ခေတ်မီနည်းများဖြင့် လူ တယောက်အား နှိပ်စက်ညှဉ်းပမ်းသည့် အတတ်များကို သင်ကြားဆည်းပူး လာခဲ့ကြသူများ ဖြစ်ကြသည်။

နောက်တဆင့်သည် မည်သို့သော နည်းပေနည်း။

သည်နေရာ သည်အချိန်မှာ ထွန်းနောင် ဆုံးဖြတ်ရတော့မည်။ အကြပ် အတည်းသည် လာနေပြီ။ နှိပ်စက်ညှဉ်းပမ်းမှုသည် လာနေပြီ။ ထွန်းနောင်

မည်မျှခံနိုင်ရည် ရှိမည်နည်း။

ရန်သူသည် ဖက်ဆစ်အစိုးရ။ သတ်ရမှာကိုလည်း စိုးစဉ်းမျှ ဝန်လေးတတ်သည် မဟုတ်။ သူ၏ပါလီမန်ရွေးကောက်ပွဲတို့တွင်လည်း သောက်သောက်လဲ သတ်ခဲ့ပြီ။ နိုင်ငံကျော်ခဲ့သော လူသတ်မှုကြီးများကိုလည်း အရှက်မရှိ ကျူးလွန်ခဲ့ပြီးပြီ။ ထို့ကြောင့် ထွန်းနောင်တို့ ကျောင်းသားခေါင်းဆောင်များကိုလည်း သတ်ရန်သာ လိုအပ်ပါက သတ်ပစ်မည် အမှန်ပင်။

ထွန်းနောင် တွေးကြည့်သည်။ ညမှာ ခေါ်လာသည်။ ထောင်ထဲမှ အကျဉ်းသားများ မသိကြ။ ဘယ်နေရာသို့ ခေါ်လာမှန်း မသိအောင်လည်း လှည့်ပတ်၍ မောင်းခဲ့သည်။ သည်နေရာမှာ ထွန်းနောင်ရောက်နေသည်ကို မည်သူမျှ မသိကြ။

လွယ်သည်။ သည်နေရာမှာ အကျယ်ချုပ်နှင့်ထားစဉ် ထွက်ပြေး၍ ပစ်လိုက်ရသည်ဟု ပြောနိုင်သည်။ ပစ်သူသည်လည်း သာမန်ရဲအမှုထမ်း တယောက်ဟု ပြောမည်။ မသိနားမလည်သူက တာဝန်အရ ပစ်လိုက်ရာမှ သေဆုံးသွားသည်ဟု ငြင်းနိုင်သည်။

ထို့ကြောင့် ထွန်းနောင်သည် ကိုယ့်ကိုယ်ကို အသေထားလိုက်သည်။

သေရမှာကို ထွန်းနောင် မကြောက်။ သေသူကို ဖုံး၍မထားနိုင်။ တနေ့မပေါ် တနေ့တော့ပေါ်မည်။

ပြီးတော့ သည်ပြည်သူ့ ဒီမိုကရေစီတော်လှန်ရေးသည် တနေ့မှာအောင်ရမည်။

ထိုအခါ တော်လှန်ရေးအတွက် အသက်ပေး၍ တိုက်ခိုက်ခဲ့ကြသော ရဲဘော်အာဇာနည်တို့၏ စာရင်းကိုပြုစုကြလိမ့်မည်။ ထိုအခါ ထွန်းနောင်၏ အမည်သည်လည်း မုချ ပါလာပေလိမ့်မည်။ ထွန်းနောင်၏အမည်နှင့် တွဲ၍ သည်ကဗျာလေးတပုဒ်သည်လည်း မုချပါလာပေလိမ့်မည်။

ထွန်းနောင်သည် ဆုံးဖြတ်ချက်ချလိုက်၏။ မလျော့။ နည်းနည်းမျှ မလျော့။ ရန်သူကို အလျော့ပေးရခြင်းထက် သေရခြင်းက ပိုမြတ်သည်။

လူသည် သူ လုပ်ခဲ့သည့်အလုပ်နှင့် အသက်ရှင်ကြခြင်းဖြစ်သည်။





အသက်ခုနှစ်ဆယ်ရှစ်ဆယ် နေသော်လည်း တိုင်းပြည်နှင့် လူမျိုးအတွက် ဘာကိုမှ မလုပ်ခဲ့ပါက၊ အသက်ရှင်ခဲ့ခြင်း မမည်။ လူဖြစ်ခဲ့ခြင်း မမည်။ အောင်ဆန်းသည် အသက်သုံးဆယ်ကျော် ကလေးတွင်သေခဲ့ သည်။ သို့သော် အောင်ဆန်းကား အသက်ရှင်နေသည်။ အောင်ဆန်းသည် သေတော့မည် မဟုတ်။

အသက်ရှည်ရှည် ရှင်၍နေရခြင်းသည် စင်စစ် အဓိကမဟုတ်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အလုပ်လုပ်သည်ကသာ အဓိက။ ထိုအခါ အသက်တိုတိုနှင့် အသက်ခံရသော်လည်း အကြောင်းမဟုတ်။ သတ်၍သေသော်လည်း သတ်၍ မသေနိုင်။

ထွန်းနောင်သည် ကဗျာလေးကို အချောကူးလိုက်သည်။

ထွန်းနောင်သည် မိတ္တူပေါင်းများစွာ ကူးနေသည်။

သည်အချိန်တွင် သည်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သော ဦးဉာဏ်ဝင်း ရောက်လာသည်။ ထွန်းနောင်ရေးနေသည်များကို ယူကြည့်သည်။

"အေး မောင်ထွန်းနောင်က ပညာပြတယ်ထင်တယ်"

ဦးဉာဏ်ဝင်း စိတ်ဆိုးသည်။ အသံသည် ခက်ထန်၏။ ထွန်းနောင်သည် အသံလာရာသို့ မော့်၍ ကြည့်လိုက်သည်။

သို့သော် ဘာကိုမျှ မမြင်ရ။ မှောင်ပိန်း၍ ပြာနေသည်။ အလင်းရောင်သည် မျက်စိတို့ကို ကန်းစေပြီလော မသိ။

"ကျုပ်တို့ တာဝန်တော့ ကုန်ပြီမောင်ထွန်းနောင်၊ နောက်တဖွဲ့နဲ့သာ ဆက်စခန်းသွား ပေတော့၊ ကျုပ်တော့ ဘာမှ တာဝန်မယူနိုင်တော့ဘူး"

ထွန်းနောင်ကမူ မည်သို့မျှ ပြန်၍မပြောလိုက်။ အမှန်တော့လည်း ပြန်ပြောစရာ မလိုတော့။ ဆုံးဖြတ်ပြီး ဖြစ်သည်။ သတ်လျှင်လည်း သေလိုက်ဖို့ပဲ ဖြစ်သည်။

နောက်တဖွဲ့ ရောက်လာ၍လည်း အကြောင်းမထူး။ နောက်တနည်းနှင့် အရေးခိုင်းလျှင်လည်း အကြောင်းမဟုတ်။ သည်ကဗျာကလေးတပုဒ်ကိုသာ

ဆက်၍ ဆက်၍ ကူးနေမည်။ အလုပ်ရပြီ။ ဆက်၍ ဆက်၍ကူးနေရင်းသေမည်။

သူတို့ကတော့ ညဘက် အိပ်ခွင့်မပေးသည်ကိုပင် အဟုတ်ကြီးထင်နေသည်။ သည်အကောင်က ညဘက်ညဘက် မအိပ်ရသည်မှာ ရိုးနေပြီ။ မအိပ်ဘူးသောညများသည် များလှပြီ။ မအိပ်ရသော ညများသည် များလှပြီ။ ညဆယ်နာရီနှင့် ဆယ့်တနာရီခန့်မှာသာ အိပ်ချင်စိတ် ပေါ်လာကောင်းပေါ်လာမည်။ သည်အချိန်ကကျော်လျှင် လုံးဝ အိပ်ချင်စိတ် မရှိတော့။ မိုးအလင်း ထိုင်ရမည်လော။ ထိုင်နိုင်သည်။ နောက်တနေ့ တနေကုန် ဆက်၍ထိုင်ရဦးမည်လော။ ထိုင်နိုင်သည်။ နောက်တည ဆက်၍ မအိပ်ဘဲ နေရဦးမည်လော။ မအိတ်ဘဲ နေနိုင်သည်။

မှန်သည်။ သူတို့ဘက်ကတော့ သည်မျှ ညဦးပိုင်းကလေး ထိုင်နေရသည်ကိုပင် မထိုင်နိုင်ကြ။ မကြာခဏ ရေထသောက်ကြသည်။ မကြာခဏသေးထပေါက်ကြသည်။ တသန်းသန်း တဝေဝေနှင့်လည်း မကြာခဏခါးကိုဆန့်ကြသည်။

ထွန်းနောင်၏အဖို့မူ ရေလည်းမငတ်။ အပြင်သို့လည်း မထွက်ချင်။ ကိုယ်အပေါ်ပိုင်းသည် မီးရထားစက်ခေါင်းထဲ ဝင်နေရသကဲ့သို့ ပူလောင်လှသော်လည်း ထွန်းနောင် ကြိတ်ခံသည်။ စိတ်ဝင်စားစရာ။ ကဗျာလေးတပုဒ်ကို ရ၍ထားတော့လည်း အနည်းငယ် အပူသက်သာသည် ထင်ရသည်။ အောက်ပိုင်းခြေထောက်တို့အဖို့မူ ထွန်းနောင်မသိတော့။ ရှိမှန်းလည်းမသိတော့။ ချေးခြေနှင့် ထိနေသည့်အပိုင်းတို့ကလွဲလျှင် ထွန်းနောင်အဖို့ ဘာမှမရှိတော့ဟု ထင်ရသည်။ ခြေထောက်တို့သည် စောစောက အေး၍ စိမ့်နေသည်။ နောက် ကျင်လာသည်။ နောက် နာလာသည်။ ယခုတော့ ဘာမျှမဖြစ်တော့။ ရှိနေသည်ဟူ၍ပင်လျှင်လည်း မထင်ရတော့။

နောက်တဖွဲ့ ရောက်၍လာကြသည်။

နောက်တဖွဲ့မှာ မည်သူတို့ ပါသည်တော့ မသိ။ မည်သူတို့ ပါပါ စင်စစ်အရေးစိုက်စရာလည်း မလို။ သည်အဖွဲ့ကမူ စောစောက အဖွဲ့နှယ် ရောရောနှောနှော ပြောပြောဆိုဆို မရှိကြ။





နေရာယူလိုက်ကြပြီးသည်နှင့်တပြိုင်နက် ရဲအရာရှိတယောက်သည် မတ်တတ်ရပ်လိုက်၏။ ထို့နောက် သူ့ခါးပတ်ကိုချွတ်၍ စားပွဲပေါ်သို့တင်လိုက်သည်။ သူ့ခါးပတ်လည်း စစ်ခါးပတ်ဖြစ်၏။ ထိုခါးပတ်တွင် ခြောက်လုံးပူးသေနတ်လည်း တွဲ၍ပါလာသည်။

ခါးပတ်ကို စားပွဲပေါ်သို့ ပစ်လိုက်တော့လည်း သူသည် ဂိုးရိုး မတင်။ အသံမမြည် မြည်အောင် ပစ်၍တင်လိုက်သည်။

ထွန်းနောင်သည် ခါးပတ်နှင့်သေနတ်ကို လှမ်း၍ကြည့်လိုက်သည်။ ပြောင်းဝသည် သူ့ဘက်သို့ လှည့်နေသည်။ ကျည်ဆံများ ထည့်ထားလျှင်၊ ချုပ်မောင်းကိုလည်း ဖြုတ်ထားလျှင်၊ မတော်တဆ ကျည်ဆံထွက်၍ သွားနိုင်သည်။

သည်သို့ဆိုတော့ ထွန်းနောင် နားလည်သည်။ ဤသည်လည်း ခြိမ်းခြောက်ခြင်းတမျိုးပင် ဖြစ်ပေမည်။

စောစောကပြောတော့ လက်နက်မကိုင်ဟု ဆိုသည်။ ယခု လက်နက်ပါရောက်လာပြီ။ တဆင့်တက်လာပြီ။

အမှန်တော့ ရဲအရာရှိသည် သူ့ လုံချည်ကို ပြင်ဝတ်ဟန်ဆောင်ကာ၊ သွယ်ဝိုက်၍ ခြိမ်းခြောက်လိုက်ခြင်း ဖြစ်သည်။ သူသည် ဘုတလင်လုံချည်ကိုဝတ်ထားသည်။ တင်ပါးအထိ ရောက်နေသော စစ်သိုးမွေးအင်္ကျီကြီးကိုလည်း ခါးအထက်သို့ မတင်၍ထားသည်။ အောက်ပိုင်းကိုတော့ ထွန်းနောင်မြင်ရသည်။

"သည်သေနတ်က ဘာသေနတ် ခေါ်လဲဗျ၊ ပြစမ်းပါ့ ကြည့်ရအောင်"

ထွန်းနောင်က ခြိမ်းခြောက်သည်ကို မသိချင်ယောင်ဆောင်ကာ၊ ရိုးရိုးသားသားဟန်ဖြင့် ပြောလိုက်သည်။ သေနတ်ကိုလည်း လှမ်း၍ယူမည်ပြုလိုက်သည်။

သည်တော့လည်း ရဲအရာရှိသည် လက်မြန်၏။ ရုတ်ခြည်း ပြန်၍ကောက်လိုက်သည်။

"ဟေ့ ရူးသလိုလို ပေါသလိုလို တောင်မေးမြောက်မေးတွေ လုပ်မနေနဲ့

ကိုယ့်လူ၊ ငါတို့က အလုပ်လုပ်တဲ့အဖွဲ့ စောစောကအဖွဲ့လို မဟုတ်ဖူး၊ မင်းရေးနိုင်းထားတာသာ ရေး၊ မရေးရင်လဲ ရေးအောင်တော့ လုပ်ရလိမ့်မယ်'

မာသည်၊ ချိုကတည်းက ယဉ်သကို ဆိုရမည် ထင်၏။

'ဘယ်လိုလုပ်မှာလဲခင်ဗျာ၊ အဲသည်သေနတ်နဲ့ ပစ်မှာလား'

ထွန်းနောင်က ကြောက်ချင်ဟန်ဆောင်၍ မေးလိုက်သည်။

'ပစ်တန်လဲ ပစ်ရမှာပဲကိုယ့်လူ၊ ဒါပေမယ့် ငါတို့ကတော့ မပစ်ချင်ပါဘူး၊ မလွှဲသာ မရှောင်သာမှသာပါ၊ မင်းတို့ကျောင်းသားခေါင်းဆောင်ဆိုတဲ့ ကောင်တွေထဲမှာလဲ ပစ်ရလောက်အောင် ခေါင်းမာတယ်ဆိုတဲ့ကောင်က နှစ်ယောက်ပဲ ရှိပါသေးတယ်၊ ကျန်တဲ့ အကောင်တွေကတော့ ဖွတ်ချီးတွေပါ၊ နသယ်ကို နှစ်ချက်သုံးချက် တွယ်လိုက်ရုံနဲ့ တခုမကျန် အကုန်ပြန်ရေးကြတာပါ။ မင်းကိုတော့ ကြည့်ရအုံးမှာပေါ့'

'ဒါဖြင့် ကျွန်တော် မသိလို့ မေးပါရစေအုံးခင်ဗျာ၊ ကျွန်တော့်အရင် အစစ်ခံသွားတဲ့ တင်မောင်ဝင်းတို့၊ အောင်ထွေးတို့၊ သိန်းလွင်တို့ တည်ကြည်တို့ကကော ဘာတွေများ ပြောသွားကြပါလိမ့်၊ ကျွန်တော့်အကြောင်း ပြောသွားကြတာကို စာမျက်နှာ တရာလောက် ရှိတယ်လို့ စောစောက ပြောပါတယ်၊ အဲဒါတွေ ကျွန်တော် မသိရဘူးလားခင်ဗျာ'

'အဲဒါ မင်းအလုပ်မဟုတ်ပါဘူး'

'ဟာ ဘယ်နှယ့် ကျွန်တော့် အလုပ် မဟုတ်ရမှာလဲဗျ၊ ကျွန်တော့်အကြောင်းကို ပြောသွားကြတာဘဲဟာ၊ သည်လိုပါရဲ့အရာရှိမင်းရဲ့၊ သူတို့ ပြောသွားတာတွေကို ကျွန်တော် ပြန်ကူးလိုက်ချင်လို့ပါ၊ အသစ်စဉ်းစားပြီး အသစ်ရေးမနေချင်တော့ဘူးဗျာ၊ ကူးလိုက်ရင်လဲ ပြီးတာပဲ၊ ပြီးတော့ တယောက်တမျိုးပြောနေရင်လဲ ဘယ်သူက အမှန်လဲဆိုတာ ခင်ဗျားတို့ စဉ်းစားခုံဖြတ်နေရအုံးမယ်၊ တညီတည်း တသံတည်းဆိုတော့ ပိုမကောင်းဘူးလား၊ ခင်ဗျားတို့လဲ အလုပ်တွင်မယ်၊ ကျွန်တော်လဲ အလုပ်သက်သာမယ်၊ မဟုတ်ဖူးလား'

'ဒါကြောင့် ဟိုကတည်းက မှာလိုက်တာ၊ ထွန်းနောင်ဆိုတဲ့ကောင်





ကိုတော့ သတိထားဆိုတာ၊ တကယ်လည်တဲ့ကောင်ပဲကွာ'

အခြားတယောက်က ဝင်မှတ်ချက်ချသည်။

'သည်မယ်သူငယ်ချင်း၊ ကိုယ်တခုပြောပြမယ်၊ ကိုယ်တို့က မောင်ရင့်အကြောင်းကို အကုန်သိပြီးသား၊ သိပြီးသားပေမယ့် မောင်ရင့်လက်ရေးနဲ့ လိုချင်လို့ကို သက်သက်မဲ့ အရေးခိုင်းနေတာ၊ ဒါကို မောင်ရင် သိထား၊ မောင်ရင်မရေးလို့လဲ နေရမှာ မဟုတ်ဖူး၊ ခုမရေးရင်လဲ နောင်ရေးရမှာပဲ၊ အဲဒါကိုလဲ မှတ်ထား၊ မောင်ရင် မရေးဘူးနော်၊ မောင်ရင် ကြာကြာခံရမယ်၊ ရေးမယ်နော်၊ ပြီးတာနဲ့ တပြိုင်နက် လွှတ်ပစ်လိုက်မှာပဲ'

သည်တခါ ပြောသူကတော့ အနည်းငယ်ပြေပြစ်သည်။ သူသည် ရဲအရာရှိငယ်တယောက် ဖြစ်လိမ့်မည် ထင်သည်။

'အော ပြီးရင်လွှတ်မယ်ပေါ့၊ ဟုတ်လား၊ ရေးပြီးရင် ရေးတဲ့အထဲမှာပါမယ့် အချက်အလက်တွေကို အထောက်အထားယူပြီးတော့ တရားမစွဲဘူးပေါ့၊ ဟုတ်လား၊ သိပ်သဘောကောင်းကြပါလားဗျ၊ ခင်ဗျားရဲ့စကားသာ မှန်မယ်ဆိုရင်လေ ကျွန်တော်တို့ ခုလို အဖမ်းတောင် ခံခဲ့ရမယ်မထင်ဘူး'

' ဒါတော့ မင်းမယုံလဲနေပေါ့'

တယောက်က ဝင်ဝေါက်သည်။

'ဖွတ်ယုံရမယ်ဆိုလဲ ယုံပါပြီလို့ပြောပါ့မယ်ဗျာ'

ထွန်းနောင်၏စကားကို ဘာသဘောကျသည် မသိ။ သူတို့ ရယ်ကြသည်။

'မင်း ဆိုးတော့ မဆိုးဘူးကွ၊ ဟာသလဲ ရတယ်'

'ဆိုးပါတယ်ဗျာ၊ ဆိုးလို့ ပုလိပ်က ဖမ်းထားတာပေါ့'

' ကဲ ကဲ ပြောရင်းပြောရင်းနဲ့ ဒို့ လိုချင်တဲ့ဆီ ထွန်းနောင် ရောက်မလာပဲ၊ ထွန်းနောင်ခေါ် သွားတဲ့ဆီ ဒို့ ရောက်ကုန်ကြပြီ၊ သတိလည်း ထားကြ'

'ကျွန်တော် ပြောပါ့ကော၊ ကျွန်တော့ကို ပြန်ပြောပြပါ၊ အဲသည်အတိုင်း ကျွန်တော် လိုက်ရေးပါ့မယ်'

'ကိုယ့်အကြောင်း ကိုယ်ရေးပေါ့ကွ၊ ကိုယ့်အကြောင်း သူများရေးတာက ဘယ်မှန်ပါ့ မလဲ၊ မှန်ချင်မှ မှန်မှာပေါ့၊ မဟုတ်ဖူးလား'

'မဟုတ်ဖူး'

စောစောကခံလိုက်ရသဖြင့်၊ ထွန်းနောင်က တန်ပြန်သုံးလိုက်သည်။

'ဘာမဟုတ်တာလဲ'

'ကိုယ့်အကြောင်းကိုယ်ရေးရတာ ရှက်စရာကြီးဗျာ၊ ကိုယ့်ကိုယ်ကိုဖော်မသူတော် ဖြစ်နေမှာပေါ့ဗျာ'

'တကယ်လက်ပေါက်ကပ်တဲ့ကောင်ပါလားကွ'

'ဟော့ သည်လိုအတိုင်းသာဆိုရင်တော့ မဖြစ်ဘူးကိုယ့်လူတို့၊ မိုးလင်းမယ်၊ မိုးလင်းမယ်၊ တခုတော့ ပြတ်မှဖြစ်မယ်၊ ဟိုအလုပ် စ'

မည်သည့်အလုပ်ဟူ၍တော့မသိ။ တမျိုးတဖုံ ကြုံကြလိမ့်ဦးမည်ထင်သည်။

'ရပါတယ် မောင်ထွန်းနောင်က သည်လောက် မခဲယဉ်းပါဘူး'

တယောက်က လက်မလျှော့ချင်သေး။ ထွန်းနောင်ကို ချော့ကြည့်ချင်သေးဟန် တူသည်။

'သစ္စာဖောက်ဖို့ ခဲယဉ်းပါတယ်၊ သိပ်မမျှော်လင့်ပါနဲ့'

ရဲအရာရှိသည် သူတို့အချင်းချင်း မည်သို့မည်ပုံ ညှိလိုက်ကြသည် မသိ။ အစောင့်အဖြစ် ထွန်းနောင့်ဘက်ထိပ်မှ တယောက်ကိုသာ ထားခဲ့ကာ၊ အခန်းအပြင်ဘက်သို့ အားလုံးထွက်ခွာသွားကြသည်။

ထွန်းနောင်သည် ကဗျာကို ဆက်၍ ကူးပြန်သည်။

ဆယ့်ငါးရက်ခန့် ကူးပြီးသောအခါ၌မူ သူတို့ ပြန်ရောက်လာကြ၏။ ထို့နောက် ထွန်းနောင်ကို မတ်တတ်ရပ်စေသည်။ သည်ည အဖို့မူ ပထမဆုံးအကြိမ် မတ်တတ်ရပ်ခွင့် ရရှိခြင်း ဖြစ်သည်။ ထွန်းနောင်သည် ရပ်လိုက်၏။ သို့သော် စိတ်ကသာ ရပ်သည်။ ကိုယ်က ရပ်၍ မရ။ ခြေထောက်တို့သည် ထောက်၍လည်း ထောက်မှန်းမသိ။ ရပ်ထားနိုင်သည့်အားလည်း မရှိ။





ပြီးတော့ မူးဝေ၍လာသည်။ မျက်လုံးတို့ကလည်း ဘာကိုမှ ကြည့်၍မရတော့။ ဘာကိုမှလည်း မမြင်ရတော့။ ချွေးသီးချွေးပေါက်တို့သည်လည်း ရွှတ်ခြည်းစို့ထွက်လာသည်။

ထွန်းနောင်သည် ယိုင်မသွားစေရန် စားပွဲကို ကိုင်၍ထားရသည်။ ခြေထောက်တို့ကို အားမကိုးဘဲ လက်ကို အားကိုး၍ ရပ်ရသည်။

သည်တော့မှ ခြေထောက်တို့သည် နာ၍လာကြ၏။ ခြေကျင်သည်ကို ထွန်းနောင်သိသည်။ ယခု ခြေကျင်သည်လည်း မဟုတ်။ ခြေထောက်မှာ ဒဏ်ရာရထားသကဲ့သို့ နာခြင်းမျိုးဖြစ်မည်လော မပြောတတ်။ နာသည်မှ သိပ်နာသည်။ မခံနိုင်အောင် နာသည်။ သည်တွင် ထွန်းနောင်သည် အသံထွက်၍ ညည်းမိ၏။

'ဟော့လူ မင်းကိုလဲ ဘာမှ မလုပ်ပဲနဲ့၊ ဘယ့်နှယ့်ဖြစ်တာလဲ'

သည်တခါတော့ ထွန်းနောင် မည်ဗျာသို့ ပြန်၍ မပြောနိုင်။

ပညာပြပြီဆိုသည်ကို သိလျက်နှင့် မည်သို့မျှပြန်လည်၍ မတုံ့ပြန်နိုင်။

'မင်း အပြင်ကလေးများဘာများ ထွက်ချင်သေးသလားလို့ ပို့ပေးမလို့ ထနိုင်းတာပါကွ၊ နေ နေ မထွက်ချင်ရင်လဲ နေ'

နေဆိုသော်လည်း နေ၍မရတော့။ ပြန်ထိုင်၍လည်း မရတော့။ ခြေထောက်တို့သည် ထောက်ထားလျှင်လည်း နာသည်။ မထောက်ပဲ နေလျှင်လည်း နာသည်။

ထွန်းနောင်သည် မူးနေပြီ။ ရပ်၍လည်း မရချင်တော့။ ချွေးများသည် ပြိုက်ပြိုက်ဒီးဒီး စီးကျလျှက် ရှိပြီ။ လူသည် မောနေသည်။

'မျက်နှာမှာလဲ ချွေးသီးချွေးပေါက်တွေနဲ့ပါလားဟ၊ ကဲ ရေလေးဘာလေး ပေးလိုက်ကြပါ အုံးလေကွယ်'

ပြောသူသည် မည်သူမှန်းမသိ။ အသံကိုလည်း သဲသဲကွဲကွဲ မကြားရတော့။

ထွန်းနောင်သိသည်က မျက်နှာကို ရေအေးဝတ်နှင့် လာသုတ်ပေးနေခြင်း

ဖြစ်သည်။ ထွန်းနောင် မည်သို့ ပြန်ထိုင်လိုက်မိသည်ကိုလည်း စင်စစ် မသိလိုက်။ မိုက်ကနဲ မှူးပြီး မေ့သွားခြင်းဖြစ်လိမ့်မည် ထင်သည်။

သည်အချိန်မှာတော့ မီးမောင်းကြီး မရှိတော့။ သာမန်မီးပွင့်တပွင့်ကိုသာ ထွန်းထားသည်။

ရေဆွတ်ထားသည့် မျက်နှာသုတ်ပုဝါသည် အေးစက်၍နေ၏။ ရေခဲရေနှင့်များ ဆွတ်လာသည်လောမသိ။ ထွန်းနောင်၏မျက်နှာနှင့် ထိလိုက်တော့ ထွန်းနောင် လန့်သွားသည်။ ထွန်းနောင်သည် မေ့နေသည်လော၊ အိပ်ပျော်နေသည်လော၊ ဖျားနေသည်လော၊ ဘာဖြစ်နေသည်မသိ။ သတိပင် ရလိုက်မရလိုက် ဖြစ်နေသည်။

သို့သော် ရေဝတ်နှင့် မျက်နှာသစ်သူကလည်း အဖွေ သစ်သည်။ ငြင်းမရ။ ရှန်းမရ။ ငြင်းနိုင်အား ရှန်းနိုင်အားလည်း စင်စစ် ထွန်းနောင်မှာ မရှိတော့။

"ကျွန်တော် ဘာဖြစ်သွားတယ် မသိဘူး၊ ခင်ဗျားတို့ တော်တော် ယုတ်မာကြပါလားဗျ ဟင်"

ထွန်းနောင်သည် အားယူ၍ ပြောလိုက်သည်။ ရေဝတ်တိုက်လိုက်၍လောမသိ။ ပြောနိုင်၍တော့လာသည်။

"မင်းကို ဘယ်သူကမှ ဘာမှမလုပ်ဖူး၊ မင်းဖာသာ မင်းဖြစ်တာ မင်းရှမ်းမနေနဲ့"

ထွန်းနောင်သည် ရုတ်ခြည်း ချမ်း၍လာပြန်သည်။ သူ့အင်္ကျီကိုတို့သည်လည်း ချွေးတို့လော၊ ရေနှင့်ပက်ထား၍လော မသိရ။ စိုရွှဲနေကြသည်ကို တွေ့ရသည်။

"ကျွန်တော် အင်္ကျီလုံချည် လဲချင်တယ်ဗျာ"

"မင်း တုန်နေပြီ ၊ ချမ်းတယ်ထင်တယ် ဟုတ်လား နွေးသွားအောင် လုပ်ပေးပါ့မယ်ကွာ စိတ်ချ စိတ်ချ"

ရဲအရာရှိ တယောက်သည် မီးမောင်းကြီးကို ပြန်၍ ဖွင့်လိုက်သည်။

ထွန်းနောင်သည် လန့်ပြန်သည်။ မျက်နှာကိုလည်း လက်မောင်းနှင့်





လှမ်း၍ကာလိုက်သည်။ ထွန်းနောင်သည် မီးမောင်းကြီးကို ကြောက်နေသည်။

"အဲ အဲဒါကြီး မထွန်းပါနဲ့လားဗျာ"

"မင်းချမ်းတယ်ဆိုကွ၊ မင်း နွေးဖို့လုပ်ပေးတဲ့ကိစ္စ"

ထွန်းနောင်သည် သတိရလာသည်။ သတိရလာ၍လည်း ထွန်းနောင် ဆင်ခြင်သည်။ သည်အချိန်သည် အရေးကြီးသည့်အချိန်။ သည်အချိန်မှာ အလျှော့ပေးလိုက်လျှင် ကိုယ်ကျိုး နည်းတော့မည်။

ထို့ကြောင့်လည်း ထွန်းနောင်သည် စိတ်ကိုတင်းလိုက်၏၊ ခံမည်။ သေသည်အထိ ခံမည်။ ရန်သူက မည်သို့ပင် နှိပ်စက် နှိပ်စက် ခံမည်။ သူတို့လိုချင်သည်ကိုတော့ မည်သည့်နည်းနှင့်မျှ မပေးနိုင်။

စိတ်ကို တင်းလိုက်ပြန်တော့လည်း အနည်းငယ် သက်သာ၍လာသည်။ သိပ်ကြီးတော့ မခံမရပ်နိုင် မဖြစ်တော့။ တကိုယ်လုံး ရွှဲရွှဲစိုနေသည်မှာလည်း အကြောင်းမဟုတ်။ အဝတ်လဲချင်သည်ဟု တကြိမ်ပြောပြီးပြီ။ သိန်းလွင်ကို ပြေး၍သတိရလိုက်၏။ တကြိမ်ပြောပြီးပြီ။ ကျန်သည်က သူတို့တာဝန်။ သူတို့ဆန္ဒအရ လဲပေးမည်ဆိုလျှင် လဲမည်။ မလဲပေးဘူးဆိုလျှင် လည်း မလဲပဲနေရုံပင်။ အအေးမိသေတော့လည်း အကြောင်းမဟုတ်။ တိုက်ပွဲတွင် တိုက်ခိုက်ရင်း ကျဆုံးရခြင်းသာဖြစ်မည်။

ထွန်းနောင်သည် စားပွဲပေါ်သို့ မျက်နှာအပ်၍ နားလိုက်သည်။ ခေါင်းထဲမှာကလည်း မူးနောက်နောက်။ မီးမောင်း၏ အလင်းဒဏ်ကိုလည်း မခံနိုင်တော့။ ချမ်းကလည်း ချမ်းသည်။ ခေါင်းကို ငုံ့ထား၍ ကွေးနေလျှင် သက်သာသည်။

သို့သော် ထွန်းနောင် နား၍မရ။ နားခွင့်မပြု။ တစုံတယောက်သည် ထွန်းနောင်၏ခေါင်းကို လာမသည်။ ခေါင်းကို မတ်မတ်ထောင်စေသည်။ ခေါင်းကို ကိုင်ထားသည်။ မီးမောင်းကိုလည်း မျက်နှာမူခိုင်းသည်။

ထွန်းနောင် မျက်စိတို့ကို မဖွင့်။ မျက်ခွံတို့ကိုမူ မည်သူမျှ လာ၍ဖွင့်စေနိုင်လိမ့်မည် မဟုတ်။ ပိတ်၍သာ ထားသည်။

'မင်း တယ်ညှံ့တဲ့ ကောင်ပဲကွ၊ ငါတို့က မင်းကို သတ္တိအရှိဆုံး ဖြစ်လိမ့်မယ်လို့ ထင်ထားတာ၊ ခုတော့ မင်းက အညံ့ဆုံးကို ဖြစ်နေပါလားဟ ဟင်ဟား ဟား'

သည်သို့ အပြောခံရတော့လည်း ထွန်းနောင် အပြောမခံချင်။ မခံချင်ဖြစ်လာအောင် ဆွပေးလိုက်မှန်း သိလျက်နှင့်လည်း မခံနိုင်။ ထို့ကြောင့် ထွန်းနောင် ကြိုးစားသည်။ အားယူ၍ မျက်လုံးတို့ကို ဖွင့်ကြည့်သည်။

လူက မကြောက်။ စိတ်ကလည်း မကြောက်။ သို့သော် မျက်လုံးတို့က ကြောက်နေသည်။ သည်မီးမောင်း၏ အလင်းဒဏ်ကို မျက်လုံးတို့သည် ရင်မဆိုင်ရဲကြတော့။ မျက်လုံးတို့ သည် ကောင်းစွာ မဖွင့်ရဲကြတော့။

'ကျွန်တော့်မျက်မှန်'

ထွန်းနောင် ယခုမှ သတိရသည်။ မျက်နှာမှာ မျက်မှန်မရှိတော့။ ဘယ်အချိန်က ချွတ်ယူ ထားကြသည်မသိ။ မျက်မှန်နှင့်သာ ဆိုလျှင်တော့ ဘာပဲပြောပြော ကြည့်၍ ကောင်းလာလိမ့်ဦးမည်ထင်သည်။

'မင့်မျက်မှန် ခုနက ကျကွဲသွားပြီလေ၊ မင်း ပါဝါဘယ်လောက်လဲ'

တယောက်က မျက်မှန်ကို ထုတ်ပေးသည်။ မှန်သည်။ ကွဲနေပြီ။ ကွဲနေသည်မှ နှစ်ဘက်စလုံး ကွဲနေပြီ။ ဘယ်အချိန်က ကွဲလိုက်သည် ထွန်းနောင် မသိ။ သူတို့ ပြောသကဲ့သို့ ကျကွဲ သည်တော့ ဖြစ်နိုင်မည်မထင်။ ထွန်းနောင်အတွေ့အကြုံမှာ တခါမျှ မျက်မှန်ကျွတ်ကျခဲ့ဖူးသည်မရှိ။ သက်သက်မဲ့ ခွဲပစ်ကြခြင်း ဖြစ်ရာသည်။

'တရော့ဂါးဆယ်'

'မိုးလင်းတော့ ပြန်တပ်ပေးမယ်၊ မှတ်ထားစမ်းဟေ့'

မိုးလင်းတော့ဟု ဆိုသည်။ အမှန်စင်စစ် မိုးလင်းပြီ မလင်းသေးပြီကိုပင် ထွန်းနောင် မသိနိုင်။ အခန်းသည် မှောင်နေသည်။ မျက်စိထဲမှာလည်း မှောင်နေသည်။ ဘာကိုမျှ ကောင်းစွာ မမြင်ရ။ သည်တော့ လင်းပြီ ပြောလည်း ယုံရမည်။ မလင်းသေးဘူးပြောလျှင်လည်း ယုံရတော့မည်ပင်။

အမှန်ပင်မသိ။





ဒုတိယအဖွဲ့ အချိန်ကုန်ဆုံး၍၊ နောက် တတိယအဖွဲ့ ရောက်လာသည်။ သူတို့ ပြောကြသည့် အတိုင်းသာဆိုလျှင် နံနက်ခြောက်နာရီမှာ လဲရမည်။ မိုးလင်းပြီ။ သို့သော် သည်အခန်း ကလေးထဲ၌ကား မည်သို့မျှ မခြားနား။ မှောင်မြဲသာ မှောင်နေသည်။

မှောင်မြဲ မှောင်ပေမည့် မိုးလင်းနေပြီဆိုတော့လည်း ထွန်းနောင် ဝမ်းသာ၍လာသည်၊ အားရှိ၍လာသည်။

သည်တတိယအဖွဲ့ ဝင်လာသည်နှင့် နွားနို့ တပန်းကန်သည်လည်း ထွန်းနောင်အတွက် ရောက်လာသည်။ ထွန်းနောင်သည် နွားနို့ကိုမှ ပူနေခိုက် သောက်လိုက်သည်။ နွားနို့သည် ရေမရောသည့်အစစ်နှင့် တူသည်။ ပျစ်ခဲ၍ နေသည်။

အချမ်းလည်း သက်သာ၍လာသည်။ကိုယ်ထဲ၌မူ ချွေးတို့ဖြင့် စိုရွှဲနေဆဲပင် ဖြစ်သည်။

'ချွေးတွေနဲ့ နစ်နေတယ်ဗျာ၊ အဝတ်လဲချင်တယ်'

အဖွဲ့ပြောင်းသည်နှင့် ထွန်းနောင်သည် သွေးတိုးစမ်း၍ကြည့်လိုက်သည်။

သည်အဖွဲ့ကမူ စောစောကအဖွဲ့ကဲ့သို့ မဟုတ်။ သူတို့ချင်းလည်း အဆက်အသွယ် သိပ်ရှိ ကြပုံမရ။ ထွန်းနောင်က ပြောသည်နှင့် တပြိုင်နက် အဝတ်များကို ယူပေးသည်။

ဘာပဲပြောပြော ထွန်းနောင် ပျော်သွားသည်

'မောင်ထွန်းနောင် ညက တညလုံး ဘူးခံနေတယ် ပြောတယ် ကျုပ်အနေနဲ့ မပြောထိုက်ပေမယ့် ပြောရအုံးမယ်၊ ခေါင်းဆောင်တယောက်အနေနဲ့ သည်လောက်တော့လဲ ခေါင်းမာ အုံးမှပေါ့။ မဟုတ်ဘူးလားကွယ်၊ ဘယ်နှယ့် ချက်ချင်း အလျှော့ပေး ရေးတယ်ဆိုတာ ဘယ်ကောင်းပါ့မလဲ၊ အမှန်တော့လဲ သည်လိုရှိတယ်ကွယ့်၊ ရေးတော့လဲ မထူးပါဘူး၊ ရေးလိုက်ရင် မောင်ထွန်းနောင်က ဝန်ခံရာရောက်သွားလိမ့်မယ်လို့ ထင်တယ်မဟုတ်လား၊ တကယ်က မောင်ထွန်းနောင်ဝန်မခံလို့လဲ ဘယ်ရမလဲ၊ ကျုပ်တို့မှာ စာရွက်စာတမ်း အပြည့်အစုံရှိတယ်၊ မောင်ထွန်းနောင့်လက်ရေးနဲ့၊ မောင်ထွန်းနောင်

လက်မှတ်နဲ့ ဒါတွေက ကျုပ်တို့ အလုပ်ကိုး မောင်ထွန်းနောင်ရဲ့၊ ကျုပ်တို့လည်း စုထားဆောင်ထားရတာပေါ့၊ ဒါတွေကိုလဲ မောင်ထွန်းနောင်ကို ပြမှာပါ၊ ကျုပ်ပြောရဲတယ်၊ မောင်ထွန်းနောင်ပုံဆိုပါတော့ ဘယ်နှစ်ပုံ ရှိသလဲ၊ အလွန်းဆုံးရှိလှ လေးငါးခြောက်ပုံပေါ့၊ အဲ ကျုပ်တို့မှာတော့ မောင်ထွန်းနောင်ပုံတွေလေ အနည်းဆုံး နှစ်ဆယ်လောက် ရှိလိမ့်မယ် ထင်ရဲ့၊ ကြည့်မလား မောင်ထွန်းနောင်'

တတိယအဖွဲ့ခေါင်းဆောင် ထင်သည်။ သည်ရဲအရာရှိကြီးသည် စကားကို ခပ်အေးအေးပဲ ပြောသည်။ သူလိုချင်ရာသည် အခြားအဖွဲ့တို့ လိုချင်ရာနှင့် အတူတူပင်ဖြစ်ပေမည့်၊ သူ ယူပုံသည် သိမ်မွေ့သည်။ ပြီးတော့လည်း ပညာပါသည်။

ရဲအရာရှိကြီးသည် သူကိုယ်တိုင် ပြန်ထွက်သွားပြီး ဓာတ်ပုံများကို ယူလာသည်။ ထွန်းနောင်ကို ပြသည်။ ထွန်းနောင် အံ့အားသင့်ရ၏။ မှန်သည်။ ထွန်းနောင်မှာပင် သည်မျှမရှိ။ သည်ပုံမျိုးတို့လည်းမရှိ။ ရန်ကုန် ကန်တော်မင်ပန်းခြံမှာ ဗိုလ်အောင်ကျော်နေ့ အခမ်းအနား ကျင်းပစဉ်က ထွန်းနောင် တရားဟောနေသည့်ပုံ။ ရန်ကုန် အလုပ်သမား ကျောက်တိုင်မှာ ဘယ်နှစ်က ဘာအစည်းအဝေးမှန်းမသိ။ ကျင်းပစဉ်က ထွန်းနောင် အဆိုတင်သွင်းနေပုံ။ ဘယ်နှစ်က ဘာအခမ်းအနားအတွက် လှည့်လည်ကြွေးကြော်ပွဲလည်း မသိ။ ထိုလှည့်လည် ကြွေးကြော်ပွဲတွင် ထွန်းနောင်လက်သီးလက်မောင်းတန်း၍ အော်ဟစ်နေသည့်ပုံ။ ရန်ကုန် တက္ကသိုလ်သမဂ္ဂအဆောက်အဦရှေ့တွင် ထွန်းနောင်နှင့် ကိုစိန်ဘန်း ဆွေးနွေးငြင်းခုံရင်း ဆင်းလာသည့်ပုံ၊ ရွှေတိဂုံ အလယ်ပစ္စယံတွင် ဗကသများအဖွဲ့ချုပ်ညီလာခံကျင်းပစဉ်က ထွန်းနောင် အသံချဲ့စက်နှင့် စကားပြောနေသည့်ပုံ စသည်စသည်ဖြင့် ပုံပေါင်းနှစ်ဆယ်ခန့် ရှိသည်။ ပုံတို့ကို ကူးထားသည်ကလည်း ဆယ်လက်မ×ဆယ့်နှစ်လက်မ အရွယ်ချည့် ဖြစ် သည်။ ထွန်းနောင်ပင် လိုချင်လာမိ၏။

'ဒါတွေ တပုံစီလောက် ကူးပေးပါလားဗျာ၊ အမှတ်တရ သိမ်းထားချင်လို့ပါ'

သည်တော့လည်း ရဲအရာရှိကြီးက ပြုံးသည်။





'ဒါက ဓာတ်ပုံတွေတင် ရှိသေးတာဘဲ၊ မောင်ထွန်းနောင် တွေ့ရပါလိမ့်မယ်၊ နောက်တော့ မောင်ထွန်းနောင် စာတွေကို'

'စာတွေက ဘယ်လောက်ရှိသလဲဆိုတော့ ပြောရင် အံ့သြသွားလိမ့်မယ်၊ ဖိုင်ကို ဆယ်နှစ်ဖိုင်အပြည့် ရှိတယ်'

နောက်တယောက်က ဝင်ပြောသည်။

စာ။ ကိုယ့်လက်ရေး ကိုယ့်လက်မှတ်နှင့်စာ။ သည်သို့ဆိုတော့ အစီရင်ခံစာများ ဖြစ်လိမ့်မည်ထင်သည်။စာပို့ဌာနမှ တဆင့် ပို့လိုက်သည့် စာဟူသမျှကို ဖွင့်ကြည့်၍ ဓာတ်ပုံရိုက်ယူ ထားဟန် တူသည်။

သည်တော့လည်း ထွန်းနောင် မောသွားသည်။

'အဲဒါတွေ ထားစမ်းပါ၊ ခု မောင်ထွန်းနောင် ဘာလုပ်မလဲ၊ ရေးမလား၊ မရေးဘူးလား၊ သိက္ခာရှိအောင် အချိန်စောင့်လိုက်အုံးမလား၊ မထူးပါဘူးဆိုပြီး စရေးတော့မလား၊ မောင်ထွန်းနောင် ကြိုက်သလို ဆုံးဖြတ်နော်၊ ကျုပ်တို့ကတော့ ရေးပြီဆိုရင် ဘာလိုသလဲ၊ အကူအညီပေးမယ်၊ မရေးသေးဘူးနော်၊ စောင့်မယ် အရင်အတိုင်းပဲ ထားမယ်၊ ဒါပဲ'

အတန်ကြာ စကားပြတ်သွားသည်။ ထွန်းနောင်ကို စဉ်းစားချိန် ပေးထားဟန်တူသည်။ ထွန်းနောင်ကမူ မစဉ်းစား။ ထပ်ပြီး စဉ်းစားနေဘို့လည်း လိုအုံ့မထင်။ ထွန်းနောင်သည် ရေငုံ၍ပင် နေလိုက်သည်။

'ဘယ့်နှဲ့လဲ'

ထွန်းနောင်ကို ထပ်၍မေးလိုက်သည်၊ ငေးနေမိခိုက်မို့ ထွန်းနောင် လန့်သွားသည်။

'ဗျာ'

'ရေးတော့မှာလား၊ စောစောကအတိုင်းပဲလား၊ ကိုထွန်းနောင် ဘယ်လိုသဘောရ သလဲလို့ မေးကြည့်တာပါ'

ထွန်းနောင် ခေါင်းခါသည်။

ခေါင်းခါပေမည့် မနေ့ညနေတုန်းကကဲ့သို့မူ ထွန်းနောင် မရှင်ပျနိုင်တော့။

လန်းလန်းဆန်း ဆန်းလည်းမရှိတော့။ ထွန်းနောင်၏ မျက်နှာသည်။ အနည်းငယ် မဲ့နေပြီ။ မပြုံးထားနိုင်တော့။ ဟန်ဆောင်၍ပင် ပြုံးမထားနိုင်တော့။

"ကျွန်တော် အကြိမ်ကြိမ် ဆုံးဖြတ်ပြီးသားပါ၊ ကျွန်တော် ဘာဖြစ်ဖြစ် ရေးမှာမဟုတ်ဖူးဆိုတာတော့ ယုံကြပါ၊ ကျွန်တော်ကို ညှဉ်းပန်းနှိပ်စက်ရုံမကလို့ သတ်ပစ်ပစ် ကျွန်တော် အသေသာ ခံသွားမယ်၊ ရေးတော့ မရေးဘူး"

ထွန်းနောင် တွေးကြည့်မိပြန်သည်။ သည်အချိန်အထိ သူတို့သည် ကိုယ်ထိလက်ရောက်တော့ မညှဉ်းပန်း မနှိပ်စက်ကြသေး။ သေချင်သေပေ့စေ၊ သတ်ရသော်လည်း အကြောင်းမဟုတ်ဟု သဘောထားသည်ဆိုလျှင် သူတို့သည် သည်မျှ စိတ်ရှည်လက်ရှည် ချော့တလှည့် ချောက်တခါ မေးမြန်းနေကြမည် မထင်။ သည်မျှလည်း အချိန်ဆွဲနေကြမည် မဟုတ်။ ယခု သူတို့သုံးနေသည့် နည်းသည် ခေတ်မှီနည်းသစ် ဖြစ်လိမ့်မည် ထင်သည်။ ယနေ့ ကမ္ဘာမှာ ကလည်း စိတ်ပညာနည်းတို့သည် တွင်ကျယ်လျက် ရှိကြသည်။ အောင်မြင်နေကြသည်။ သည်တော့ စိတ်ပညာနည်းနှင့် စမ်းသပ်စစ်ဆေး မေးမြန်းနေကြခြင်း ဖြစ်နိုင်သည်။ သည်နည်းသည် အမေရိကန့်ထံမှ ရသည်လော။ အစ္စရေးထံမှ ရသည်လော။

ထွန်းနောင်သည် ကိုယ့်အတွေးနှင့်ကိုယ် ပျော်လာသည်။ သည်နည်းဖြင့် သာဆိုလျှင်တော့ ထွန်းနောင်အပျော့။ ထွန်းနောင်မဖြုံ။ သည်မျှ နှိပ်စက်ခြင်းသည် စင်စစ် နှိပ်စက်ခြင်း မမည်။ ကြောက်စရာ မရှိ။ အသက်အနေနှင့်လည်း အဝေးကြီး။

သို့သော် လက်တွေ့မှာကျတော့လည်း မလွယ်။ ကြည့်၍မြင်၍ မရသည်က တဘက်။ ပြာနေသည်၊ ဝေနေသည်၊ မှုးနေသည်။ နောက်နေသည်ကလည်း တဘက်။ သည်အထဲမှာ ထလည်း မထရဲ။ ထလိုက်လျှင် ခံရမည်ဆိုသည်ကို သိသည်။ ခြေထောက်တို့သည် ပြတ်နေသကဲ့သို့ အောက်ပိုင်းမှာ ဟာနေသည်။ ထလိုက်သည်နှင့် တပြိုင်နက် ညကကဲ့သို့ ဒုက္ခရောက်တော့မည်။

ထွန်းနောင် အခင်းလေးစွန့်ချင်သည်။ မည်သို့ စွန့်ရမည်မသိ။ ဆီးချုပ်





ဝမ်းချုပ် ဖြစ်လျှင် အခြေအနေက ပိုဆိုးမည်။ ထို့ကြောင့် ထွန်းနောင် ထချင်သည်။

သို့သော် ထရာမှာကိုလည်း ကြောက်သည်။ မထရဲ။

ထွန်းနောင်သည် အခင်းလေး အခင်းကြီး စွန့်ချင်လျှင် မည်သို့ စွန့်ရမည်ကို ပထမ မေးကြည့်သည်။ မီလ္လာသမားရှိသည်၊ အိုးပေးမည်၊ သူတို့ ခေတ္တ အပြင်ထွက်ပေးကြမည်ဟု ဆိုသည်။ သို့သော် သည်နေရာမှာပင် စွန့်ရမည်။ အပြင်သို့ မထွက်ရ။ လမ်းလျှောက်ခွင့် မရ။

ပသို့ဆိုစေ၊ ယခု ဆိုင်းထားနိုင်သေးသော်လည်း တော်နေကြာကျလျှင် ဆိုင်းထားနိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် ယခုကတည်းက စွန့်လိုက်လျှင် ကောင်းမည်။ ထွန်းနောင်သည် အားခဲ၍ ထလိုက်သည်။ သတိထား၍ ထလိုက်သည်။

"ဘာလဲ၊ ဘာလုပ်မလို့လဲ၊ အပေါ့လား"

အားယူ၍ စားပွဲကို လက်နှင့် ထောက်လိုက်တော့ ရဲအရာရှိ တယောက်က ကသိလင်တ လှမ်းမေးသည်။ ထွန်းနောင်ကမူ ပြန်၍ မဖြေအား။ ကိုယ့်ကိုယ်ကိုမှ အနိုင်နိုင်။

ထုံးစံအတိုင်းပင် သွေးတိုးပြိုကျသည်လော မပြောတတ်။ ခြေထောက်တို့သည် ကွေးမရ၊ ဆန့်မရ။ ထောက်မရ။ ထိမရ။ နာသည်။

ထွန်းနောင်သည် အံကိုကျိတ်၍ ခံနေ၏။ ဖွတ်အားယူ၍ ထသည်။

သည်တွင် ရဲအရာရှိတယောက်က ထွန်းနောင်ကို ဖေးကူသည်။ အနားသို့ကပ်လာ၍ တွဲသည်။ ခြေထောက်တို့မှ နာကြသည်ဟု ဆိုတော့လည်း ထွန်းနောင်၏ ခြေထောက်တို့ကို လှမ်း၍စမ်းကြည့်သည်။

"ဟာ ခြေဖျားတွေကလဲ ရေခဲတုံးကျနေတာပဲ၊ အေးစက်နေလိုက်တာ"

"ဖိနပ် ဖိနပ်စီးမထားဘူးလား၊ မောင်ထွန်းနောင်ကလဲ စောစောက ပြောရောပေါ့ကွာ၊ ဟော့ ခြေအိတ်၊ ပေးကြစမ်း ရေနွေးအိတ်လဲ လိုချင်တယ်၊ မြန်မြန်ယူခဲ့လို့ ပြောစမ်း"

ရဲအရာရှိကြီးသည် စိုးရိမ်စိတ်ဖြင့် ပူပန်စွာပြောသည်။ သူကိုယ်တိုင်သည်လည်း ထွန်းနောင်ဘက်သို့ လာ၍ငုံ့ကြည့်သည်။ စိတ်မကောင်း ဖြစ်ရသည့် ပုံသည် ပေါ်နေသည်။

'အေးလေ လူလဲ လူအမျိုးမျိုးပေါ့ မောင်ထွန်းနောင်၊ စိတ်ကောင်းရှိတဲ့လူလဲရှိ၊ စိတ်ယုတ်မာ ရှိတဲ့လူလဲ ရှိ။ တယောက်နဲ့ တယောက်တော့ မတူနိုင်ကြဘူးပေါ့လေ'

မှန်သည်။ ရဲအရာရှိကြီး ပြောလိုက်သည့်စကားသည် မှန်သည်။ ထွန်းနောင်သည် စိတ်ထဲက လေးလေးနက်နက် ထောက်ခံပစ်လိုက်သည်။

သည်ရဲအရာရှိကြီးသည် အသက်အားဖြင့်လည်း ကြီးပြီ။ ငါးဆယ်ခန့်တော့ ရှိရော့မည် ထင်သည်။ ထို့ကြောင့်လည်း သူသည် တရားနှင့် ပြည့်ဝပုံရသည်။ အတွေ့အကြုံလည်း များခဲ့ပေရော့မည်။ မျက်နှာကိုကလည်း စင်စစ်ရဲဝန်ထမ်းနှင့် သိပ်ပြီးမတူချင်။ တည်ကြည်ခန့် ညားသည်။ ကောက်ကျစ်စဉ်းလဲတတ်သည့် အသွင်မျိုးလည်း သူ့မျက်နှာ၌ မှည့်တပေါက်စာမျှ မရှိ။

ထွန်းနောင်ကို ခဏပြန်၍ ထိုင်စေသည်။ ထွန်းနောင့်မှာမူ နာ၍ညည်းနေရလေ၏။ သို့သော် သည်တခါမှာတော့ တယောက်က ပရုပ်ဆီနှင့် လိမ်း၍ပေးနေသည်။ ပြီးတော့ ခြေအိတ်ကို တယောက်က စွပ်ပေးသည်။ အတန်ကြာတော့ ရေနွေးအိတ်သည်လည်း အသင့်ရောက်လာသည်။

' မီး မီးပိတ်ပေးပါဗျာ'

ထွန်းနောင်က သူ့နဖူးမှ ချွေးသီးချွေးပေါက်တို့ကိုပြကာ တောင်းဆိုသည်။ သည်တွင် ရဲအရာရှိကြီးသည် သူကိုယ်တိုင် လှမ်း၍ပိတ်လိုက်သည်။

နေ့ဖြစ်သဖြင့် အလင်းရောင်မှုန်ပြပြသည်ရှိနေသည်။ မြင်မည်ဆိုလျှင် မြင်ရနိုင်သည်။ သို့သော် ထွန်းနောင်အဖို့မူ ဘာကိုမျှ မမြင်ရ။ အကွက်လိုက် အကွက်လိုက် ပြာသွားသည်။ ပြာရာမှ ဝါသွားသည်။ ဝါလိုက်၊ နီလိုက်၊ ပြာလိုက်၊ မှောင်လိုက်နှင့် အရောင်တို့သည်သာ ပြောင်း၍ ပြောင်း၍နေကြသည်။ ဘာကိုမှ၊ ဘယ်သူ့ကိုမှတော့ မမြင်ရ။

ထွန်းနောင် မျက်စိတို့ကို တအားမှိတ်၍ထားလိုက်သည်။





ပြန်ဖွင့်ကြည့်သည်။ မျက်ခွံတို့ကို တအားစေ့၍ ညှစ်ထားလိုက်သဖြင့် မျက်ရည်စလော မျက်ချေးလော မသိ။ မျက်စတွင်စိုလာသည်။ စေးကပ်ကပ်လည်းဖြစ်သည်။ သို့သော် ဘာမျှ မထူးခြား။ ဘာကိုမှ မမြင်ရ။ မျက်တောင်တို့တွင် စိုလာသဖြင့်မူ စောစောကနှယ်မဟုတ်တော့။ သက်တန့်ရောင် ရောင်စုံမြင်၍လာရသည်။ မျက်စိထဲမှာ အရောင်စုံ တပြိုင်ထဲမြင်ရသည်။

ထွန်းနောင် မူးဝေ၍ လာပြန်သည်။ ခေါင်းပင်လျှင် မတ်ထား၍ မရချင်တော့ပြီ။

'မူးတယ်ဗျာ'

လေးလေးတွဲ့တွဲ့ ယဲ့ယဲ့သာ ညည်းလိုက်နိုင်တော့သည်။ ထွန်းနောင်သည် မေ့တော့ပြီ။

ထွန်းနောင် ပြန်၍ သတိရသောအခါ၌မူ စောစောကနှယ်ပင် မျက်နှာကို ရေဝတ်နှင့် တို့က်၍ ပေးနေသည်။ ပြီးတော့ စောစောကလူများ မဟုတ်ကြတော့။ ပထမအဖွဲ့ ပြန်ရောက် ၍နေပြီ။

ထွန်းနောင်၏နေရာကတော့ မပြောင်း။ အိပ်ခွင့်လည်းမရခဲ့။ မူးနေမေ့နေသူကိုပင် ခေတ္တ လျောင်းနေခွင့် မပြုခဲ့။

'အိပ်ရာ နိုးလာပြီလားကွ၊ ကိုင်း ထမင်းစားမလား၊ ဆာရင်လဲစား၊ သိပ်နေမကောင်းဘူး ဆိုရင်လဲ ထမင်းမစားဘဲနဲ့ ဟောလစ်ဖြစ်ဖြစ် သောက်'

မီးကလည်း ပြန်ဖွင့်၍ထားပြီ။ မီးကင်လိုက် ရေဝတ်တိုက်လိုက်နှင့် အချိန်မည်မျှ ကြာကြာလုပ်နေကြသည်မသိ။ ထွန်းနောင်၏ မျက်နှာအရေခွံတို့သည် ထုပိန်း၍နေကြပြီ။ ယောင်ကိုင်း၍ပင်နေကြပြီလော မပြောတတ်။ အထိ အတို့ပင်လျှင် ကောင်းကောင်းမခံနိုင်ချင်တော့။

'ဆာတော့ သိပ်မဆာလှဘူးဗျာ'

အမှန်လည်း မဆာ။ စားချင်စိတ်လည်း လုံးဝမရှိ။ ထို့ကြောင့်လည်း ထွန်းနောင် ငြင်းလိုက်သည်။ သည်တော့လည်း ထမင်းစားတော့မည် မဟုတ်ကြောင်း၊ ဟောလစ်တခွက်သာလျှင်ဖျော်ခဲ့ရန်လိုကြောင်း အမြင်

ဘက်သို့ လှမ်း၍ ပြောလိုက်သည်။

အမှန်တော့ သည်ဟောလစ်တခွက်သည် နံနံစာလော၊ ညစာလော မသိ။ ထွန်းနောင် မှတ်မိသမျှတော့ သည်တခွက်ပဲ သောက်ဖြစ်လိုက်သည်ဟု ထင်သည်။

ပြီးတော့ ညသို့ရောက်ပြီလော။ နံနက်လင်းပြီလော။ မွန်းတည့်လော။ သန်ကောင်လော။ ထွန်းနောင် ဘာကိုမျှ မသိတော့။

ယခင်ကတော့ သူတို့အပြောအရ ခြောက်နာရီတကြိမ် အဖွဲ့လဲမည်ဟု ထွန်းနောင် သိရသည်။ ယခုတော့ မည်သို့ လဲနေကြသည်မသိ။ ခြောက်နာရီပင် ကြာလိမ့်မည်မထင်။ ခဏခဏ လဲနေသည်ဟုပင် ထင်ရသည်။

ပြီးတော့လည်း ထွန်းနောင်မည်ကဲ့သို့ စားနေသောက်နေသည်ကိုလည်း ထွန်းနောင် မမှတ်မိတော့။ စားတုန်း သောက်တုန်းခဏမှာတော့ ထွန်းနောင် သိနေသည်။ ပြီးတော့ မသိတော့။ ထွန်းနောင် သိသည်က ထမင်းမစား။ ဟောလစ်တို့ နွားနို့တို့ကိုပဲ သောက်ဖြစ်သည် ထင်သည်။ တခါတရံ ပေါင်မုန့်ဖိုးကင်ကလေးတချပ် စားဖြစ်သည်ထင်သည်။ သည့်အပြင်တော့ ဘာမျှ မစားဖြစ်။ ထမင်းမစားဖြစ်သည်က အဘယ့်ကြောင့်နည်း ထွန်းနောင်မသိ။ မကျွေး၍ ပင်လော။ ထွန်းနောင် ကိုယ်တိုင်ကပင် မစားချင်ဟု ငြင်းခဲ့၍လော၊ သို့မဟုတ် မသိဘဲ စားနေ ခဲ့သလော။

ညတို့မှ မအိပ်ရ။ နေ့မှာလည်း မအိပ်ရ။ သည်ခွေးခြေကလေးပေါ်မှာသာ ထိုင်၍ နေရသည်။ ထိုင်သည်ဟု ဆိုသော်လည်း စင်စစ် ထိုင်ခြင်းမမည်။ နောက်ဆုံး သိလိုက်မိသည်က သည်ခွေးခြေပေါ်တွင် လူကို တင်ထားခြင်းသာ ဖြစ်လိမ့်မည်ထင်သည်။ ထောင့်ထဲမှာ ကပ်၍ ထားတော့လည်း မည်သည့်နည်းနှင့်မျှ အောက်သို့ပုံကျ၍ မသွားနိုင်။ ရှေ့မှာကလည်း စားပွဲခုံက ရင်ညွန့်အထိ မြှင့်၍ခံထားသည်။ ယိုင်၍ကျလာနိုင်စရာ ရှိသည့် တဖက်မှာလည်း အစောင့်က ရှိနေသည်။ ရေဝတ်နှင့် မျက်နှာကို သစ်၍သစ်၍ပေးနေသည်။

မီးမောင်ကြီးကလည်း ပိတ်သည်ဟူ၍ မရှိတော့။ နေ့မီး ညမီး ဆက်နေသည်။





ထွန်းနောင်ကို မေးကြသည်။ ထွန်းနောင်ကလည်း ဘာတွေကိုပြန်ဖြေသည်မသိ။ စကားပြောနေမှန်းတော့သိသည်။ သို့သော်ဘာပြောနေမှန်း မသိ။ မေးလျှင်လည်း မေးသည်ကို သိသည်။ ဘာမေးသည် ဆိုသည်ကို မသိ။

ပြီးတော့ ဓာတ်ပုံများကို တပုံပြီးတပုံ ပြကြသည်။ ဓာတ်ပုံတို့သည် လူပုံမဟုတ်။ စာလုံး များဖြစ်သည်။ စောစောကပြောသည့် အစီရင်ခံစာတို့ကို စာတိုက်မှ ခိုး၍ ဓာတ်ပုံရိုက်ထားခြင်း ဖြစ်နိုင်သည်။ သည်အစီရင်ခံစာ မိတ္တူဓာတ်ပုံတို့ကို ခဏခဏလာပြသည်။ ထွန်းနောင် ဖတ်၍ မရ။ မဖတ်နိုင်။ ကိုယ့်လက်ရေးနှင့်ကိုယ့်လက်မှတ်နှင့် ဆိုသည်ကိုတော့ ခပ်ဝါးဝါး သိလိုက်ရသည်။ ထွန်းနောင် မဖတ်နိုင်၊ ထွန်းနောင် သဲသဲကွဲကွဲ မမြင်ရဟုဆိုသောအခါ၌မူ သူတို့ကိုယ်တိုင် ဖတ်၍ပြကြသည်။ ဟုတ်၏ မဟုတ်၏ မေးသည်။ ထွန်းနောင် ခေါင်းငြိမ့်သည်။ ထွန်းနောင် ယောင်မှား၍ ခေါင်းမငြိမ့်လျှင် မငြိမ့်မချင်း ပြန်မေးသည်။ ပြန်ဖတ်ပြသည်။

နောက်ဆုံးထွန်းနောင် သတိရလိုက်သည်ကတော့ သူ့ကို လူနှစ်ယောက်က ပွေ၍ ထုတ်လာကြခြင်းပင်ဖြစ်သည်။ မည်သို့ ထုတ်လာကြသည်တော့ ထွန်းနောင်မသိ။ မည်သို့ ပို့လိုက်သည်ကိုလည်း မသိ။ မည်သည့် နေရာသို့ ရောက်လာသည်ကိုလည်း မသိ။

ထွန်းနောင် သတိရလာ၍ ကြည့်လိုက်တော့ ထွန်းနောင်သည် အချုပ်ခန်းတခန်းထဲသို့ ရောက်နေသည်။ အချုပ်ခန်းထဲတွင် ကိုယ့်အိပ်ရာနှင့်ကိုယ် အိပ်နေခြင်းဖြစ်သည်။

ထွန်းနောင်၏ကိုယ်သည် လေးလံ၍နေ၏။ ကျောတို့သည် အောင့်နေသည်။ ခါးသည်လည်း လှည့်မရ။ လိမ်မရ။ ခေါင်းထဲမှာကလည်း နာကျင်၍နေသည်။ ခေါင်းကိုက်သည်လည်း မဟုတ်။ ဖက်ထိုးသည်လည်း မဟုတ်။ ခေါင်း၏နောက်ပိုင်းတပြင်လုံးသည် ပူ၍နာနေသည်။

ထွန်းနောင်သည် တဖက်သို့ စောင်း၍ လက်နှင့်ထောက်ကာ ထိုင်လိုက်သည်။

မျက်နှာပြင်တို့သည် ရောင်အမ်း၍ နေသည် ထင်ရ၏။ ပွတတကြီး

ဖြစ်နေသည်။ အစ်တစ်တစ်ကြီး ဖြစ်နေသည်။ မျက်ခွံတို့သည်လည်း ထူ၍လေးနေသည်။ မျက်ခွံတို့ကို ဖွင့်ရသည်မှာပင် အားယူ၍ ဖွင့်ရသည်။ မျက်လုံးတို့ကလည်း ဖန်တန်တန်။ စပ်တပ်တပ်။

အချုပ်ခန်းသည် မြို့မ အချုပ်ခန်းကဲ့သို့ သစ်သားတန်း အချုပ်ခန်းမဟုတ်။ သံတိုင် အချုပ်ခန်းဖြစ်သည်။ မြို့မအချုပ်ခန်းကဲ့သို့လည်း မကျယ်။ ဆယ်ပေပတ်လည်ခန့်သာလျှင် ကျယ်သည်။ ကြက်တူရွေးလှောင်အိမ်အကြီးစားနှင့် ပမာတူ၏။

သည်အချုပ်ခန်းသည် ရဲစခန်းရုံး၏ အောက်ထပ်တွင် ရှိသည်။ အောက်ထပ်သည် ပေ နှစ်ဆယ်ပတ်လည်ခန့် ကျယ်လိမ့်မည် ထင်ရ၏။ ထိုအထဲတွင်မှ နံရံတဖက်သို့ ကပ်၍ သည်အချုပ်ခန်းသည် ရှိသည်။ အောက်ထပ်သည် အင်္ဂတေ သမံတလင်းခင်းဖြစ်၏။ သို့သော် အချုပ်ခန်းထဲ၌မူကား လျှာထိုးကြမ်း ခင်းထားသည်။

ထွန်းနောင်သည် သံတိုင်တို့ကို ကိုင်ဆွဲ၍ မတ်တတ်ထလိုက်၏။ အချုပ်ခန်းတထောင့်တွင် သွပ်ပြားကို ခေါက်၍လုပ်ထားသည့် ရေတံလျှောက်ကလေးရှိသည်။ သံတိုင်နှစ်တိုင်ကြား ညှပ်၍၊ အပြင်သို့ နှိမ့်ထားသည်။ ရေတံလျှောက်၏ တဖက်စွန်း သံတိုင်တို့၏ အပြင်ဘက်တွင်မူ ထုံးဖြူး၍ထားသည့် သွပ်ရေပုံး တပုံးရှိသည်။ ကျင်ငယ်စွန့်ရန်အတွက်ဖြစ်သည်။ ထွန်းနောင်သည် အိပ်ရာထမှာ ဆီးသွားချင်စိတ်ပေါ်လာသည်။ ထို့ကြောင့်လည်း ထ၍သွားလိုက်သည်။

အချိန် မည်မျှ ရှိပြီ မသိ။ ထွန်းနောင်၌ မျက်မှန်လည်း မရှိတော့။ နာရီလည်း မရှိတော့။ အချိန်ကို သိချင်သည်။ နေ့ကို သိချင်သည်။ ရက်စွဲကို သိချင်သည်။ ထွန်းနောင်သည် အောက်ထပ်နံရံများတွင် လိုက်၍ ကြည့်မိသည်။ ဘာကိုမျှ မတွေ့ရ။ အောက်ထပ်သည် လူမနေရသေးသော ဆောက်ပြီးခါစ တိုက်ခန်းသစ်ကဲ့သို့ ရှိသည်။ ဆေးအသစ် သုတ်ထားသည်။ မည်သည့် ပစ္စည်းမျှလည်း မရှိ။ ပြီးတော့ ခြင်နိုင်ဆေး ဖျန်းထားသည်ထင့်။ ဆေးနံ့ ကလှောင် နေသည်။

နှစ်ပေါက်သာ ရှိသော ပြတင်းတံခါးတို့ကိုလည်း ပိတ်ထားသည်။





တပေါက်သာရှိသော သစ်သားတံခါးမကြီးကိုလည်း ပိတ်ထားသည်။ အထဲထဲ၌ လင်းတော့ လင်းနေသည်။ သို့သော် နေရောင်ကားမဝင်။

ထွန်းနောင်သည် မကြည့်ဘဲ ဆီးသွားသည်။ သို့သော် သွားရင်းသွားရင်းနှင့် သံသယဝင်လာ၏။ နာကျင်ကျင် ဖြစ်လာသည်။ ပူလည်းပူလာသည်။ ထို့ ကြောင့် အမှတ်မဲ့ ပြန်ငုံ့ကြည့်ဖြစ်သည်။

ရော ဒုက္ခ၊ ဒုက္ခ။ ဆီးတို့သည် ဆီးမဟုတ်ကြတော့။ ချင်းချင်းနီသည့် သွေးများသာ ဖြစ်နေသည်။ ပြီးတော့လည်း ဆီးကဲ့သို့ မသွားကြ။ ယို၍သာ ကျနေသည်။

ထွန်းနောင်သည် လန့်သွားသည်။ ထို့ကြောင့်လည်း ရပ်လိုက်၏ တစုံတယောက်ကိုတော့ ပြောပြမှ ဖြစ်တော့မည်။

ထွန်းနောင်သည် အိပ်ရာဘက်သို့ ပြန်လျှောက်၍လာခဲ့သည်။ လှောင်အိမ်တံခါးသည် အိပ်ရာ၏အနားမှာ ရှိသည်။

သို့သော် တံခါးသို့ မရောက်တော့။ မရောက်မီမှာပင် ထွန်းနောင်သည် အရုပ်ကြိုးပြတ် လဲ၍ကျတော့သည်။ ထိန်းလိုက်နိုင်ချိန်မရ။ သတိထားလိုက်နိုင်ချိန် မရ။

လဲကျသည့်အသံသည် အပြင်ဘက်မှ ကြားရသည်ထင့်။ တံခါးမကြီးဖွင့်သံကို ကြားရသည်။ အစောင့်တာဝန်ကျရဲသားသည် တစုံတယောက်ကို အော်ပြောသည်။ သူကမူ ထွန်းနောင်ကို သံတိုင်နားမှ လာရပ်၍ကြည့်နေသည်။

ထွန်းနောင် မြင်ရ၏။ ထွန်းနောင်သိနေ၏။ သို့သော် ဘာမျှ ပြောမထွက်။ မပြောနိုင်။

ထို့နောက် ရဲစခန်းမှူးနှင့် ရဲအမှုထမ်းများ ရောက်၍လာကြသည်။ အချုပ်ခန်းကိုဖွင့်၍ သူတို့ပါ ဝင်ကြသည်။ အထူးရဲသို့ အကြောင်းကြားသူက လှမ်းကြားသည်။ အိမ်သို့ သွေးဆေး ပြန်ယူ၍ နှာဝသို့ တေ့ပေးသူကတေ့ပေးသည်။ ယပ်ခတ်သူက ခတ်သည်။ ရေတိုက်သူက တိုက်သည်။

"ကျွန်တော် အခု ဘယ်ကိုရောက်နေတာလဲ"

ထွန်းနောင်က မေးလိုက်သည်ကို တယောက်ယောက်က အမှတ်မထင် ဖြေလိုက်မိမည် စိုး၍ စခန်းမှူးက အလျင်အမြန် နှုတ်ပိတ်သည်။

'အမှန်က ကျွန်တော်တို့မှာ ခင်ဗျားနဲ့ စကားပြောခွင့်ကို မရှိကြပါဘူး၊ ကျွန်တော်တို့လဲ ခင်ဗျားဘယ်သူဘယ်ဝါဆိုတာ မသိကြရိုးအမှန်ပါ၊ အရေးကြီးတဲ့ တရားခံ ဖြစ်တယ်ဆိုတာရယ်၊ တခြား တရားခံတွေနဲ့ အတူတူ မချုပ်ရဘူးဆိုတာရယ်၊ ဘယ်သူနဲ့မှ စကားမပြောရဘူးဆိုတာရယ်၊ အိပ်ရာက နိုးနိုးချင်း သူတို့ကို လှမ်းအကြောင်းကြားရမယ်ဆိုတာရယ်၊ ဒါပဲ မှာထားတာပါ၊ ခင်ဗျားကလဲ အိပ်လိုက်တာဗျာ ရောက်လာကတဲ့က အိပ်လိုက်တဲ့ဟာ ခုဆို နှစ်ရက်နီးပါးရှိတော့မယ်။ ဟုတ်တယ် တနင်္လာနေ့ ညနေ သုံးနာရီလောက်မှာ ရောက်လာတာဘဲ၊ ခု ဆယ့်တနာရီဆိုတော့ လေးဆယ့်ရှစ်နာရီပြည့်ဖို့ လေးနာရီပဲလိုတော့တယ်။ ဘယ်လိုဖြစ်တာတုန်း'

ထွန်းနောင်ကတော့ မအံ့ဩ

'ကျွန်တော့်နာမည် ထွန်းနောင်ပါ၊ ကျွန်တော် ကျောင်းသားခေါင်းဆောင် တယောက်ပါ၊ ကျွန်တော်ထင်တယ်လေ၊ သည်နေ့ ဘယ်နှစ်ရက်ရှိပြီလဲ'

'ဆယ့် နှစ်ဆယ့်ခြောက်ရက်'

'နှစ်ဆယ့်ခြောက်ရက်ဆိုတော့ ခုနက နှစ်ရက်နှုတ်၊ နှစ်ဆယ့်လေး၊ ကိုးကိုးရက်ဆိုတော့ အားလုံး ဆယ့်တရက်ပေါ့ဗျာ၊ ဆယ့်တနေ့နဲ့ ဆယ့်တည လုံးလုံး မအိပ်ခဲ့ရဘူးဗျာ'

'ဘာတွေလုပ်နေလို့တုန်း'

'ခင်ဗျားတို့ကို ပြောတယ်မဟုတ်လား၊ အရေးကြီးတယ်ဆိုတာပါပဲဗျာ၊ ဘာတွေမှန်းလဲ မသိပါဘူး၊ မတရား လုပ်ကြတာပေါ့ဗျာ'

ထိုအခိုက် အပေါ်ထပ်မှ ပြေးဆင်းလာသည့် ဖိနပ်သံကို ကြားရသည်။

ပြေးဆင်းလာသူသည် ပထမ ခြေစုံရပ်၍ စခန်းမှူးကို အလေးပြုလိုက်သည်။ ပြီးတော့မှ ပြောသည်။ ပြောသူသည် မပြောမီကတည်းက မောနေပုံရသည်။





'ဗိုလ်ကြီး သူကိုယ်တိုင် ပြောတာဗိုလ်ကြီး၊ သူ ခုချက်ချင်း လာခဲ့မယ်တဲ့'

'ဘယ်သူတုန်းဟ ကောင်ရ သူကိုယ်တိုင်ဆိုတာ'

'မင်းကြီး ဗိုလ်ကြီး ၊ မင်းကြီး'

မင်းကြီးပဲလာလာ၊ မင်းကလေးပဲလာလာ၊ ထွန်းနောင်အဖို့ကတော့ အကြောင်းမဟုတ်တော့ပြီ။ သည်အချိန်မှာမင်းကြီးလည်း မတွေ့ချင်။ မင်းကလေးလည်း မတွေ့ချင်။ ထွန်းနောင် တွေ့ချင်သည်က ဆရာဝန်။ ဆရာဝန်နှင့် တွေ့ချင်သည်။ အကျိုးအကြောင်း ပြော၍ ပြချင်သည်။ ဆေးကုသမှု ခံချင်သည်။

ထွန်းနောင်သိပြီ။

တုံးကျော်ခဲ့ပြီ။

သည်အချိန်သို့ ရောက်၍လာမှတော့ သတ်တော့မည်မဟုတ်ဆိုသည်ကို ထွန်းနောင်သိသည်။ ထို့ကြောင့်လည်း ထွန်းနောင်မသေတော့နိုင်။ မသေရတော့ဘူးဆိုမှတော့၊ ဆက်၍ အသက်ရှင်ချင်သည်။ တိုက်ပွဲမှာ မကျဆုံးရဘဲ၊ ဖျား၍ နာ၍တော့ မသေချင်။ မဖျားမနာရန် အလို့ငှာ ဆေးကုသမှု ခံယူဘို့တော့ မှုချလိုပေမည်။ ဆရာဝန်နှင့် တွေ့ချင်သည်။

(၈)

ဆရာဝန်ဟု ဆိုသူ ရောက်လာ၏။ နားကြပ်နှင့် တောင်စမ်း မြောက်စမ်း စမ်းကြည့်သည်။ ပြီးတော့ သူသည်လည်း ထောင်ကြပ်ကဲ့သို့ပင် အားလုံး ကောင်းသည်ဟု ပြော၏။ ကောင်းကောင်း မကောင်းကောင်း။ သွေးကိုလည်း သေးဟု ဖွတ်ငြင်း၏။ ပြီးတော့ ဆေးတလုံးထိုးပေးသည်။

နောက်ထပ်ကား မလာတော့။

သို့သော် ထွန်းနောင် ကံအားလျော်စွာ ကောင်းလာသည်။ နှာနှိုက်မှတဆင့် ဆန်ပြုတ်၊ ဆန်ပြုတ်မှတဆင့် ထမင်း၊ အဆင့်ဆင့်ကူးကာ နာလန်ထလာ

သည်။ တပတ်ခန့်မျှနှင့်ပင် ထွန်းနောင် ပြန်လည်အားပြည့်၍လာသည်။

နေရသည်မှာ အချုပ်ခန်းထဲမှာပင်။

သို့သော် အချုပ်ခန်းသည် ဘာပဲပြောပြော နေခဲ့ရသမျှတို့အထဲတွင် အကောင်းဆုံးလည်း အကောင်းဆုံး။ အကျယ်ဆုံးလည်း အကျယ်ဆုံး။ အသန့်ဆုံးလည်း အသန့်ဆုံး။

ထို့ကြောင့် ထွန်းနောင် စိတ်ချမ်းသာသည်။

ပြီးတော့ သည်စခန်းမှူးသည် တော်သည်။ ရဲအမှုထမ်းဘဝမှ အဆင့်ဆင့် တက်လာခဲ့ရသူ ဖြစ်သဖြင့်လည်း အတွေ့အကြုံ ကြွယ်ဝသည်။ လူ့စိတ် လူ့သဘောကို နားလည်သည်။ နံနက်ပိုင်းဆိုလျှင် အရှေ့ဘက် ပြတင်းပေါက်ကို တနာရီခန့် ဖွင့်ပေးသည်။ ညဘက်ဆိုလျှင်လည်း အထက်အရာရှိများ ရောက်လာလေ့ မရှိကြသည်ကို အခွင့်ကောင်းယူကာ ထွန်းနောင်ကို အပြင်သို့ ထွက်နေခွင့်ပြုသည်။ လမ်းလျှောက်ခွင့်ပြုသည်။ အိပ်တော့မည်ဆိုမှသာ အချုပ်ခန်းထဲသို့ ပြန်ထည့်သည်။

အရေးကြီးဆုံးကတော့ သတင်းစာ ဖတ်ခွင့်ပြုခြင်းပင်တည်း။

ဤသည်တို့ကို အထူးရဲများ၊ အထက်အရာရှိများကို အသိမပေးပဲ သူ့အသိနှင့်သူ ခွင့်ပြု ခြင်း ဖြစ်သည်။ ထွန်းနောင်သည် ဟန်ကျ၍နေလေပြီ။

သို့သော် နှစ်လပင် မပြည့်လိုက်ရ။ သည်ရဲစခန်းမှူးလည်း နယ်သို့ ပြောင်းရွှေ့သွားရသည်။ မည်သူ၏ လက်ချက်ဟူ၍တော့ မသိရ။ သူ့ကို မကြိုက်သည့် ရဲအမှုထမ်းဟူ၍လည်း သူ့စခန်းမှာ တယောက်မျှ ရှိလိမ့်အံ့ မထင်။ သူနယ်သို့ပြောင်းရမည်ဆိုတော့ သူ့အတွက်အားလုံးက စိတ်မကောင်းကြ။ ထွန်းနောင်ပင်လျှင် စိတ်မကောင်း ဖြစ်မိသည်။

နောက်တယောက် ရောက်လာသည်။

စကာတည်းက ထွန်းနောင်နှင့် တည်ကြရတော့သည်။

ထွန်းနောင်ကို အချုပ်ခန်းထဲမှ အပြင်သို့ ထွက်ခွင့်မပြုတော့။ လမ်းလျှောက်ခွင့်လည်း မရတော့။ သတင်းစာကြည့်ခွင့်ဆိုသည်မှာ ဝေး။ သာမန်





မဂ္ဂဇင်းစာအုပ်၊ ဝတ္ထုစာအုပ်ကိုပင်လျှင် ဖတ်နိုင်ခွင့်မရ။ ည ညဆိုလျှင်လည်း သူ့ လက်ထက်မှာမှ ကြားဘူးသည်။ အချုပ်ခန်းထဲမှ မီးကို မဖွင့်ရ။

ထွန်းနောင် ပထမတော့ကြည့်၍နေသေးသည်။ သည်းခံ၍နေသေးသည်။ သို့သော် တနေ့ ရေချိုးမည်ဆိုတော့ ရေချိုးခွင့် မပြု။ ရေကိုတော့ အပြင်သို့ ထွက်ချိုးမှ ဖြစ်မည်ဆိုတော့၊ မချိုးရဟု တားလိုက်သည်။ ထွန်းနောင်ကလည်း စင်စစ် ရေကို နေ့တိုင်းချိုးသည်မဟုတ်။ သုံးရက်မှ တခါခန့်သာ ချိုးဖြစ်ခြင်းဖြစ်သည်။ ထွန်းနောင်သည် ရေကြောက်သည်။ ရေချိုးပျင်းသည်။ သည်သို့ ရေကြောက်သော၊ ရေချိုးပျင်းသော ထွန်းနောင်ကိုပင်လျှင် ရေချိုးခွင့် မပြုနိုင်ဟု ဆိုလိုက်တော့၊ ထွန်းနောင် ဒေါသထွက်လာသည်။

ထွန်းနောင်သည် အထူးရဲတို့ကို ခေါ်ပေးပါဟု တောင်းဆို၏။

သို့သော်အရေးမစိုက်။ ခေါ်ပေးမည်ဟုလည်း မပြော။ မပေးဘူးဟုလည်း မပြော။ လက်တွေ့မှာလည်း ခေါ်မပေး။ သည်တွင် ထွန်းနောင် ရာဇသံပေးလိုက်သည်။ အစာတော်ခံ တိုက်ပွဲဝင်မည်။ နှစ်ဆယ့်လေးနာရီအတွင်းမှာ အထူးရဲတို့ ရောက်၍မလာလျှင် အစာလုံးဝ မစားတော့ဟု ပြောလိုက်သည်။

သည်တော့မှ စခန်းမှူးသစ်သည် ပြာရာခတ်လာ၏။ အထူးရဲတို့ကို ခေါ်ပေးသည်။ အထူးရဲ ရဲဝန်ကြီးနှင့် အဖွဲ့တို့ ရောက်လာ၏။ စခန်းမှူးကို ကြိမ်းမောင်းကြသည်။ ထွန်းနောင်၏မျက်မှောက်မှာတော့ ကြိမ်းမောင်းလိုက်သည်။ ကွယ်ရာမှာတော့ မည်သို့ မြှောက်စားမည် မသိ။ စခန်းမှူးသည် နောင်ခါလည်း အချိုးမပြင်။ ဆောင့်ကြွားကြွား။

သို့သော် စခန်းမှူးသစ်နှင့် တွေ့ရ၍ ဆယ်ရက်ခန့်အကြာမှာတော့ ထွန်းနောင်ကို အထူးရဲတို့ လာခေါ် ကြပြန်သည်။ သည်တခါတော့ စခန်းမှူး မပြောင်းရ။ ထွန်းနောင် ပြောင်းရသည်။

မပြောင်းမီမှာမှ အထူးရဲ(မန္တလေးတိုင်း) ရုံး၌ အမေနှင့် တကြိမ် တွေ့ဆုံခွင့် ပြုသည်။ အမေ့ကိုလည်း ယခုချက်ချင်း ခေါ်လာသည်။ ထွန်းနောင်ကိုလည်း တွေ့ခါမှသာ တွေ့ပေးသည်။ ကြို၍ ပြောမထား။ ပြီးတော့လည်း ဘယ်မှာထားသည်၊ ဘယ်သို့ရောက်နေသည်ကို မပြောရဟုဆိုသည်။

စင်စစ် ပြော၍လည်း မဖြစ်။ ယခု သည်မှာ ရှိပေမည့် နက်ဖြန် ဘယ်နေရာသို့ ရောက်ရမည် မသိနိုင်။ ဘဝကလည်း မရေရာမသေချာ။ ထားရာမှာ နေနေရသည့်အဖြစ်။

မှန်သည်။ အမေနှင့်တွေ့ပြီးသည်နှင့် တပြိုင်နက် ထွန်းနောင်ကို မင်္ဂလာဥယျာဉ်ရဲစခန်းသို့ ပို့ပြန်သည်။

သည်စခန်းသို့ အပို့တွင်မူ မည်သို့မျှ မဖုံးမကွယ်တော့။ စခန်းသို့ ရောက်ပြန်တော့လည်း ထွန်းနောင် ဝမ်းသာရပြန်သည်။ အတိုင်းမသိ ဝမ်းသာရပြန်သည်။

သည်စခန်းမှာ ကျောင်းသားခေါင်းဆောင် ငါးယောက် ပြန်၍ဆုံရသည်။

ပထမဆုံးတော့ သည်စခန်းသို့ တင်မောင်ဝင်းကိုပို့ထားသည်ဟု ဆိုသည်။ တင်မောင်ဝင်း တယောက်တည်းချည့်တော့မဟုတ်။ နောက်ဖမ်းသည့် ကျောင်းသားခေါင်းဆောင် စောလွင်နှင့် တွဲထားသည်ဟု ဆိုသည်။

နောက်တော့ စောလွင်ကို တခြားသို့ ပို့လိုက်သည်။ သူရဲဈေးရဲစခန်းသို့ ပို့သည်ဟုကြားရသည်။ ထိုစခန်းမှာ အလံနီပါတီမှ ကိုစန်းညွှန့်ရှိသည်ဟု ဆိုသည်။

အမရပူရ ရဲစခန်း၌ ဦးဘရင်နှင့်အတူထားသည့် သိန်းလွင်ကို တင်မောင်ဝင်းရှိရာသို့ ပို့သည်။ သို့နှင့် နှစ်ယောက် ပြန်၍တွေ့ရသည်။

ထို့နောက် တတိယ အောင်ထွေးရောက်လာသည်။ အောင်ထွေးက စောလွင်နှင့် နေရာလဲလိုက်ခြင်း ဖြစ်သည်။ ထို့နောက် မန္တလေး အရှေ့ပုသိမ်ကြီးရဲကင်း၌ တယောက်ထဲထားသော တည်ကြည်ကို ပို့ပြန်သည်။ ယခုနောက်ဆုံးမှာတော့ ထွန်းနောင် ရောက်လာသည်။

တယောက်နှင့်တယောက် ပြန်၍တွေ့ကြပြီဆိုတော့ ဝမ်းလည်းသာကြသည်။ အားလည်း ရှိကြသည်။ တယောက်အကြောင်းကိုတယောက်မေး၊ တယောက်ရသည့်သတင်းကို တယောက်ပြောနှင့်ပြော၍လည်း မဆုံးနိုင်ကြ။

ပြည်ထဲရေးဌာနသည် သည်ကျောင်းသားခေါင်းဆောင်တို့အတွက် တယောက်ကို တနေ့လျှင် စားရိတ်အဖြစ် လေးကျပ် သတ်မှတ်သည်ဟု





ဆိုသည်။ ထို့ကြောင့် ကျောင်းသားငါးယောက်အတွက် တနေ့လျှင် နှစ်ဆယ်ကျပ်ရရှိမည်။ သည်စားရိတ်ဖြင့် ကျောင်းသားတို့ စိတ်တိုင်းကျ စီစဉ်စားသောက် သုံးစွဲနိုင်ကြသည်ဟုလည်း ခွင့်ပြုသည်။

ကျောင်းသားတို့ကမူ အတွေ့အထူး ချဲ့မနေကြ။ ရဲစခန်းစာရေးကိုပင် တာဝန်ယူစေသည်။ ရဲစခန်းစာရေးသည် ကျေးဇူးတင်စွာဖြင့် အထူးချက်ပြုတ်ကျွေးမွေးသည်။

နှစ်ဆယ်ဆိုသော ငွေသည် နည်းသည်မဟုတ်။ ပြီးတော့လည်း စားစရိတ်မျှသာ ဖြစ်သည်။ မည်သည့်နည်းနှင့်မျှ မကုန်နိုင်။ ထို့ကြောင့်ပိုလျှံသည်။ ပိုလျှံသည့်အတွက်လည်း သည်အချက်အပြုတ် ကျွေးမွေးသည့်အလုပ်ကိုပင် သူက လိုချင်၊ ငါက လိုချင်နှင့်။ လု၍နေကြသည်။သူ့သာဆိုလျှင် မည်သို့ကျွေးလိုက်မည်၊ ငါသာဆိုလျှင် မည်သို့ကျွေးလိုက်မည် စသည်ဖြင့်လည်း လာ၍ ပြောဆိုကြသည်။

ပသို့ဆိုစေ၊ လက်စနှင့်ရဲစခန်းစာရေးကိုပင် ထားကြသည်။မပြောင်းကြ။

အစက တင်မောင်ဝင်း တယောက်ထဲ၊ သည်တုန်းကလည်း သူပင် ချက်၍ကျွေးခဲ့သည်။ တင်မောင်ဝင်းကို မေးကြည့်တော့ စိတ်ထား မဆိုး၊ စေတနာ ရှိသည်ဟု ဆိုသည်။ တင်မောင်ဝင်းသည် ဆေးလိပ်မသောက်တတ်။ သို့စဉ်လျက် ပျင်းသည်နှင့် ဆေးလိပ်သောက်ချင်သည်ဟု ဆိုတော့လည်း ရဲစာရေးသည် ဆယ်လိပ်ဝင်ဗူးကို ဝယ်၍ပေးခဲ့သည်။ တဗူးကုန်လျှင် တဗူး။

သည်စေတနာကြောင့်လည်း အကျွေးအမွေးတာဝန်ကို မည်သူသို့မျှ မပြောင်းခဲ့ကြ။ သို့သော် ပြဿနာက ရှိလာသည်။

ခက်သည်က သည်ရဲစခန်းသည် ထွန်းနောင်နေခဲ့ရသည့် ရဲစခန်းနှင့်မတူ။ သူတို့အချင်းချင်းထဲတွင် မသင့်မမြတ်ကြ။ ဂိုဏ်းနှစ်ဂိုဏ်း ကွဲနေသည်။ ရဲစာရေးနှင့်ရဲအုပ်တယောက် ခေါင်းဆောင်သည့် အုပ်စုက တစု။ စခန်းမှူးနှင့် လူဆိုးထိန်းရဲကြပ်ကြီးတို့ ခေါင်းဆောင်သည့် အုပ်စုက တစု။ သည်တွင် ထွန်းနောင်တို့ ကျောင်းသားများသည် အခက်ကြုံရသည်။

စခန်းမှူးသည် ငယ်သည်။ အသက်သုံးဆယ်သာသာခန့်ပင်ရှိမည်။

သူသည် အထက်တန်းလွှာထဲမှလည်း ဖြစ်သည်။ ထို့ကြောင့်လည်း မိဘမျက်နှာ ငွေကြေးမျက်နှာနှင့် သည်သို့ အတက်မြန်ခဲ့ပုံ ရသည်။ ပြီးတော့ စခန်းမှူးသည် အသားဖြူဖြူ၊ ရုပ်ချောချော။ သူ့မိန်းမသည်လည်း ချောသည်။ သူ့ထက် ငါးနှစ်ခန့်မျှ ငယ်သည်။ သို့သော် မည်သည့် အရွယ်က ယူထားသည် မသိ။ သည်အရွယ်မျှနှင့်ပင် ကလေးသုံးယောက်ရှိနေပြီ။

သာမန်အားဖြင့် ကြည့်မည်ဆိုလျှင်တော့ ကျောင်းသားတို့ အားကျလောက်သည့် အိမ်ထောင်ကလေး ဖြစ်သည်။

သို့သော် အတွင်း၌ကား ထိုသို့မဟုတ်။ မယားသည် မျက်ရည်နှင့်မျက်ခွက် နေရသည်။ ရသည့်လခကို တပြားမျှမအပ်။ သူချည့်သုံးပစ်သည်၊ ကလေးသုံးယောက် ရလာသည်အထိ မယားသည် မိဘထံမှပင် လက်ခံ၍ သုံးစွဲနေရသည်။ ဤသည်က တပိုင်း။

ပြီးတော့ စခန်းမှူးသည် များသောအားဖြင့် အိမ်မကပ်။ လျှောက်၍ ပွေနေသည်။ အထူးသဖြင့် မိန်းမလိုက်စားသည်။ ကြာခိုလေ့ ရှိသည်။ မယားအဖို့မူ ဤသည်က အဆိုးဆုံး။

စခန်းမှူးသည် စခန်းမှာလည်း သိပ်မကပ်။ တာဝန်အရ လက်မှတ်ထိုးရုံ၊ အမိန့်ပေးရုံမှအပ အခြား မည်သည့်အလုပ်ကိုမျှလည်း မလုပ်။ သည်တော့ ရဲစာရေးက ကုန်း၍လုပ်ရသည်။

ကြာတော့လည်း ရဲစာရေး၏ခြေ၊ ရဲစာရေး၏လက် ဖြစ်၍လာတော့သည်။ ရဲစာရေးကိုမူ ရဲအုပ်က ကူညီသည်။ သူတို့နှစ်ယောက်ပေါင်း၍ ရဲစခန်းကို ထိန်းကြသည်။

ရဲစာရေးကမူ အသက်ကလေး ရပြီ။ ဆင်းရဲလည်း ဆင်းရဲသည်။ ထို့ကြောင့် သီးခံသည်။ အထက်အရာရှိကို မည်သို့မျှ မအောက်မေ့။

အထက်အရာရှိကြီးတို့က ရဲစခန်းနှင့်ပတ်သက်၍ဖြစ်စေ၊ စခန်းမှူးနှင့် ပတ်သက်၍ဖြစ်စေ၊ အပြစ်တခုခု မြင်လာပြီဆိုလျှင်လည်း ရဲစာရေးသည် သူခံသည်။ သူ့တာဝန်ဟု ဝင်ပြောကာ စခန်းမှူးဆရာကို ညှာသည်။

သည်တော့လည်း စခန်းမှူး၏ မိန်းမသည် ရဲစာရေးကို ကျေးဇူးတင်





သည်။ အားကိုးသည်။ အိမ်ကိစ္စ၊ ကလေးကိစ္စ၊ စသည်တို့တွင်လည်း ရဲစာရေး၏မိန်းမက ကူညီသည်။ ထို့ကြောင့် တုံ့ပြန်၍ ခင်မင်သည်။

သဘောကတော့စခန်းမှူးသည် မယားကိုပင် မစည်းရုံးနိုင်။ မယားကိုယ်တိုင်က တဖက်သို့ ပါနေသည်။ ထို့ကြောင့်လည်း လင်နှင့်မယား ပြန်၍ ဆုံကြလျှင် စကားများကြသည်။ ဆဲကြ ဆိုကြသည်။ ထုကြ ရိုက်ကြသည်။

များသောအားဖြင့် ညဘက်ညဘက်မှသာ ပြန်၍ ရောက်လာတတ်သောကြောင့် ညဘက် ညဘက်မှာသာ ဆူညံဆူညံ ဖြစ်ကြသည်။ သည်အခါမျိုးတွင် ရဲစာရေးလည်း မတတ်နိုင်တော့။ ရဲစာရေးတို့မည်သည် ရှုံးချိန်နှင့် အလုပ်လုပ်ရမြဲ။ ထို့ကြောင့်လည်း ညဘက် ညဘက်မှာကျတော့ ရဲစာရေး အားသည်။ ရဲစာရေး အရက်သောက်သည်။ တမြမြနှင့် မိမ်ကျသည်။

သို့သော် ရဲစာရေး၏ အမည်သည် ဆူညံဆူညံထဲတွင် ပါလာပြီဆိုလျှင်တော့၊ ရဲစာရေး၏ မိန်းမက ပြန်ပြောသည်။ မိမ်ယူနေသော ရဲစာရေးသည် ထ၍ ပွက်တော့သည်။ ငယ်ကျိုး ငယ်နာ ဖော်တော့သည်။

ထွန်းနောင်တို့သည်လည်း ကြာလာတော့ သည်အခြေအနေကို မသိချင်၍ မဖြစ်။ သိလာကြရသည်၊ သည်ပြဿနာသည် သူတို့ ပြဿနာ။ ကိုယ်နှင့် မည်သို့မျှ မပတ်သက်။ သည်တော့လည်း ကြားထဲက မဝင်သာ။

သို့သော် သည်ပြဿနာထဲသို့ စ၍ဝင်သူက အောင်ထွေး။

အောင်ထွေးသည် ဝင်မည်ဟု ရည်ရွယ်၍ ဝင်ခဲ့ခြင်းတော့မဟုတ်။ သို့သော် အခြေအနေက ဖန်တီး၍လာသည်။ အောင်ထွေးသည် အပြင်သို့ ရောက်လာတော့ မိဘထံမှ ငွေယူ၍ထားလိုက်သည်။ ထောင်ထဲမှာသာ ငွေကို မကိုင်ရပေမည့်၊ အပြင်မှာကျတော့ ကိုင်နိုင်ခွင့်ရှိသည်။ အောင်ထွေးသည် ငွေကို ရာနှင့်ချီ၍ ယူထားသည်။ အောင်ထွေးသည် ငွေကိုလည်း သုံးသည်။ သူ့အတွက်လည်း သုံးသည်။ ကျန်ရဲဘော်တို့အတွက်လည်း သုံးသည်။ အချုပ်ထဲမှာနေရင်းနှင့် အောင်ထွေးသည် ဘီလပ်ရည်ပုလင်းများ ဝယ်ထားသည်။ ရေခဲဗူးများနှင့် ရေခဲလည်း အဆင်သင့် ရှိစေသည်။ ဟောလစ်၊ အိုဗာလ်တင်း၊ နို့ဆီ၊ မုန့်သေတ္တာ၊ စီးကရက်သံဗူး၊ ချိုချဉ် ထောပတ် စသည်

ဖြင့်လည်း အပြည့်အစုံ ဝယ်ထားသည်။

သည်ကျောင်းသားငါးယောက်ထဲတွင် ငွေကို လိုသလောက်ထက် တောင်း သုံးနိုင်သူကလည်း အောင်ထွေးတယောက်ပဲ ရှိသည်။ ကျန်သူများမှာက မသုံးနိုင်ကြ။ သည်တော့လည်း အောင်ထွေးက ဒုတိယပြည်ထဲရေးဌာနအဖြစ် တာဝန်ယူရသည်။

အောင်ထွေးသည် ကြွံသည့်ရဲအမှုထမ်းကို မှာသည်။ ငွေပေးလိုက် သည်။ ပိုလာသည့် ငွေကိုလည်း ဘယ်တော့မှ ပြန်မတောင်း။ ပြန်ပေးသူက ပေးလျှင်လည်း ဘယ်တော့မှ လက်မခံ။ ထိုအခါ အောင်ထွေးသြဇာသည် အလိုအလျောက် ကြီးမားလာတော့သည်သာ။

လကုန်ရက်ပိုင်းသို့ ရောက်ရပြီဆိုလျှင်လည်း ရဲအမှုထမ်းတို့ မည်သည် ပြတ်ကြမြဲ ဖြစ်သည်။ သဘာဝလည်းကျသည်။ ၈၂ ကျပ်၊ ၉၇ကျပ်တို့မည်သည် ဘယ်တော့မှ ဖူလုံသည်မရှိနိုင်။ ထိုအခါ အောင်ထွေးထံမှတောင်းကြရမ်း ကြသည်။ ချေးကြငှားကြသည်။ အောင်ထွေးသည် နည်းလျှင် ပေးသည်။ ချေးတော့ မချေး။

သို့သော် သာရေးနှင့် နာရေးနှင့် ဖြစ်၍လာတော့လည်း အောင်ထွေး မငြင်းသာ။ ကလေး ဖျားနေသည်၊ ဆေးဖိုး လိုနေသည်၊ မယားဆေးရုံတင် ရမည်၊ စားရိတ်လိုနေသည်၊ တောက မိဘ ဧည့်သည်လာသည်၊ ဝတ်ပြုစရာ လိုနေသည် စသည်စသည်ဖြင့် အကြောင်းကြောင်းက ရှိ၍လာတော့လည်း အောင်ထွေး မငြင်းနိုင်။ မငြင်းရက်။ သည်တော့ ချေးရ ငှားရသည်။

သည်တန်ခိုးသည် အောင်ထွေးအဖို့သာ မဟုတ်။ ကျောင်းသားအားလုံး အဖို့လည်း အကျိုးပြုလာသည်။ ရဲအမှုထမ်းတို့ကို ခေါ်ချင်သည့်အချိန်မှာ ခေါ်။ ခေါ်ချင်သည့်သူကို ခေါ်။ ခိုင်းချင်ရာကို ခိုင်း။ လုပ်၍ပေးကြသည်။ နောက်ဆုံး တော့ ထွန်းနောင်တို့သည် တမြို့လုံးနှင့် အဆက်အသွယ်ရလာသည်။ ယုတ်စွ အဆုံး အခြားရဲစခန်းများမှာ အချုပ်ခံနေကြရသည့် ခေါင်းဆောင်များနှင့်ပင် အဆက်အသွယ်ရနေသည်။

ပြီးတော့လည်း စခန်းမှူးကို တရားဝင် အသိမပေးဘဲ၊ ထွန်းနောင်တို့ကို





နေ့ခင်းဘက်မှာဆိုလျှင် လွှတ်ထားသည်။ စခန်းမှူးလည်း သိသည်ပင်။ သို့သော် မည်သို့မျှ မပြော။ ကြည့်၍သာနေသည်။ ရံဖန်ရံခါ အောင်ထွေးသည် စခန်းမှူး၏ အိမ်သို့ပင် တက်လည်သည်။ ကလေးကို ချစ်တတ်သဖြင့်လည်း အောင်ထွေးသည် ကလေးတို့ကို မုံ့ပေးသည်။ စားချင်၍ ပူဆာလျှင် ဝယ် ကျွေးသည်။

အမှန်တော့ ရဲစခန်းသည် ကျောင်းသားတို့အဆောင် သဘောမျိုး ဖြစ်နေသည်။ လွှတ်လပ်သည်။ရဲစခန်းဝန်းအတွင်းမှာဆိုလျှင် သွားချင်ရာသို့ သွားနိုင်သည်။ လည်ချင်ရာ လည်နိုင်သည်။ နေချင်ရာ နေနိုင်သည်။ ည ညကျမှသာ စခန်းရုံးအောက်ထပ်သို့ ဝင်၍ အိပ်ရသည်။ စခန်းရုံးအောက် ထပ်၌လည်း ကင့်ပကော့ ငါးလုံးနှင့် အိပ်ကြသည်။ အချုပ်ခန်းထဲ၌ ဝင်၍ မအိပ်ကြရ။ မည်သူမျှလည်း ထွက်မပြေး။ ထွက်ပြေးလိမ့်မည်ဟုလည်း မည်သူကမျှ မထင်။ ထွန်းနောင်တို့ ကိုယ်တိုင်ကလည်း ထွက်ပြေးဖို့ မကြံစည်မိကြ။

ည အိပ်ရာဝင်သည့်အချိန်ကလည်း ကြည့်ဦး။ ရံဖန်ရံခါ လသာသည့် ညဆိုလျှင် သန်းခေါင်ခန့်ကျမှ ဝင်ကြသည်။ မူလက ညဘက်အတွက်ဟု ဆိုကာ အောက်ထပ်၌ မီးလှာအိုးထားပေးသည်။ သို့သော် နောက်ပိုင်းမှာ ကျတော့ မထားတော့။ ထွက်ချင်သည့် အချိန်မှာ တံခါးကိုခေါက်လိုက်။ အပြင်ဘက်မှ တာဝန်ကျနေသည့် ရဲအမှုထမ်းကဖွင့်ပေးသည်။ မည်သူမျှ မလိုက်ပဲလည်း ဖြစ်သည်။

သည်အခြေအနေတွင် ရဲအမှုထမ်းတို့သည် သူတို့၏ နစ်နာချက်များကို တင်ပြလာကြသည်။ အချို့သောရဲတို့သည် ရဲစခန်း၌ အစောင့်တာဝန်၊ ကင်းတာဝန် မကျကြ။ လူဆိုးထိန်း လူဆိုး ကြည့်ဟုဆိုကာ လွှတ်၍နေကြ သည်။ အချို့မှာမူ အချိန်ပြည့် တာဝန်ယူရသည်။ စခန်း၌ တာဝန်ယူရရုံမျှမက ရံဖန်ရံခါတွင် တိုက်ကင်းအဖြစ်ဖြင့် တောဘက်သို့ လှည့်ရာ၌ လိုက်ကြရသေး သည်။ သက်စွန့်ဆံဖျား သွားကြရသေးသည်။ သည်သို့ မညီမျှဖြစ်နေသည်။ တာဝန်ခွဲဝေမှု အပိုင်း၌ ကျောသားရင်သား ခွဲနေသည်။

စခန်းမှူးသည် သူ့ကို ပသနေနိုင်လျှင် သူ ရှာမိုင်းသည်ကို ရအောင်ဆောင်ရွက်ပေးနိုင်လျှင် ထိုသူကို လူဆိုးကြည့်အဖြစ်ဖြင့် တာဝန်ချထားသည်။ သက်သာသည်။ သူ့ကို မပသနိုင်လျှင် မပသတတ်လျှင် ထိုသူသည် တာဝန်ပိနေရသည်။ ထို့ကြောင့် သည်မတရားမှုကို တိုက်ခိုက်ချင်သည်။ ရဲစာရေးနှင့် ရဲအုပ်တို့ကမူ ကောင်းကြသည်။ သူတို့ကို ခေါင်းဆောင် တင်၍ အရေးဆိုချင်သည်။ သည်သို့ တင်ပြလာကြသည်။

မှန်တော့လည်း မှန်သည်။ မြင်၍နေရသည်၊ မည်သူတို့ ဟန်ကျနေ၍၊ မည်သူတို့ ခံနေရသည် ဆိုသည်ကလည်း ထင်ရှား၍ နေသည်။

သည်တော့လည်း အောင်ထွေး စိတ်ပါ၍လာသည်။ တိုက်ချင်ခိုက်ချင်၍လာသည်။ မတရားသည်ကို ငုံ၍ မခံတတ်သော သွေးသည် အကြောင်းပြလာသည်။

ပြီးတော့ တဖက်ကလည်း တဖက်ပင်။ လူဆိုးကြည့် တပ်ကြပ်ကြီးဆိုလျှင် ကျောင်းသားတို့ကို ဥပေက္ခာပြုသည်။ ရှုံ့မဲ့ရှုံ့ခဲသာ တွေ့ရသည်။ ပေါင်းပေါင်းသင်းသင်း ရင်းရင်းနှီးနှီးမနေ။ သူ့ဆရာ စခန်းမှူးကဲ့သို့ပင် ကျောင်းသားတို့ကို တရားခံ အဖြစ်သာမြင်ချင်သည်။

မင်္ဂလာဥယျာဉ်သည် စင်စစ် မြို့အစွန် ဆင်ခြေဖုံးရပ်ကွက်။ ရပ်ကွက်၏ စရိုက်ကိုက တောရွာကလေးနှင့်တူသည်။ ထို့ကြောင့်လည်းရပ်ကွက်နေပြည်သူတို့သည် ရိုးကြသည်။ ကျောင်းသားတို့ကို မြင်ရာ၌လည်း တရားခံများဟု မမြင်ကြ။ သူတို့သူတို့၏ အမြင်တွင် တရားခံဆိုသူများသည် ဟိုရဲကဝင်ရိုက်လိုက်၊ သည်ရဲကဝင်ကန်လိုက်နှင့် ရဲဆိုသူတို့၏ အနှိပ်စက်ခံဖြစ်ကြသည်။ ယခု သည်ကျောင်းသား တရားခံများသည်မူ ရဲတို့ကို စေခိုင်း၍နေသည်။ ရဲတို့က လုပ်ကိုင်ဆောင်ရွက်ပေးနေကြရသည်။ တရားခံဟု ဆိုလျက်နှင့်လည်း လွတ်လွတ်လပ်လပ်နေကြသည်။ အလျှံပယ် စားသောက်သုံးစွဲ၍နေကြသည်။ သည်ကျောင်းသားတို့သည် တချိန်က တက္ကသိုလ်ကျောင်းသားခေါင်းဆောင်များကဲ့သို့ပင် နောင်တနေ့၌ တိုင်းပြည်၏ ခေါင်းဆောင်များ ဖြစ်၍လာကြမည်။ သည်ကျောင်းသားတို့ ကဲ့သို့သော အဖမ်းအချုပ်ခံရမည်ဆိုလျှင် ခံလိုက်ချင်ပါဘိ။ သည်သို့ မြင်ကြသည်။





ပြီးတော့ တက္ကသိုလ်ကျောင်းသားများ။ ပညာတတ်ကလေးများ။ တောက်လာမည့် မီးခဲ ရဲရဲကလေးများ၊ အထင်လည်းကြီးသည်။

သည်အခြေအနေသည် ကျောင်းသားတို့ကို တိမ်သလ္လာဖုံးစေသည်။ ကျောင်းသားတို့သည် ကိုယ့်ဘဝအမှန်ကို ကိုယ်ပြန်၍ မမြင်နိုင်ကြဘဲ ဖြစ်လာသည်။ ကိုယ့်ကိုယ်ကို အဖမ်းချုပ်ခံနေရသည့် တရားခံများဟု မယူဆနိုင်ကြဘဲ ဖြစ်လာသည်။

အောင်ထွေးသည် ဩဇာလည်း အရှိဆုံး၊ စည်းရုံးရေးလည်း အထက်မြက်ဆုံး ဖြစ်လေတော့၊ အောင်ထွေးပိုဆိုးသည်။ စခန်းမှူးတို့ အုပ်စုက မချဉ်းကပ်သည်ကိုပင် ငြိုငြင်ချင်လာသည်။

ဟော ယခု တိုက်ကွက်ရလာပြီဆိုတော့ တိုက်ပစ်လိုက်ချင်သည်။

အောင်ထွေးသည် ပထမ ထွန်းနောင်ကို တိုင်ပင်သည်။ ထွန်းနောင်ကလည်း မိုက်သည်။ တိုက်ခိုက်ဖို့ ပြင်ဆင်သည်။ ထွန်းနောင်သည် တည်ကြည်ကို တဆင့်တိုင်ပင်သည်။ တည်ကြည်ကလည်းသဘောတူသည်။

မကောင်းသည်က သုံးယောက်ညှိ၍ရပြီဆိုသည်နှင့် ကျန်နှစ်ယောက်ကို သိပ်အလေးအနက် မထားမိကြတော့။ သိန်းလွင်နှင့် တင်မောင်ဝင်းတို့ကို မတိုင်ပင်ဘူးတော့ မဟုတ်။ တိုင်ပင်တော့ တိုင်ပင်သည်။ ဖွင့်၍တော့ပြောသည်။ သို့သော် ဆန္ဒမယူတော့။

သိန်းလွင်ကမူ မည်သို့မျှမဖြစ်။ တင်မောင်ဝင်းအနေနှင့်ကတော့ စိတ်ခုချင်ခုပေမည်။ သူသည် အခြားပါတီမှဖြစ်၍၊ အနည်းစုဖြစ်၍ သူ့ကို အရာမထားကြဟု ယူဆကောင်းယူဆမည်ထင်သည်။ ထို့ကြောင့်လည်း သူသည် သည်တိုက်ပွဲမှာ တက်တက်ကြွကြွမရှိလှ။ ပါသည်ဆိုရုံသာပါသည်။ နောက်ကသာပါသည်။

အမှန်တော့ သည်တိုက်ပွဲသည် ကိုယ်တိုင်ကိုယ်ကျ တိုက်ခိုက်သည့် တိုက်ပွဲ မဟုတ်။ ဘေးကနေ အားပေးရသည့်တိုက်ပွဲသာဖြစ်သည်။

ရဲစာရေးနှင့် ရဲအုပ်တို့သည် စခန်းမှူး၏ ချွတ်ယွင်းချက်၊ အားနည်းချက်များကို သူတို့သိသမျှပြောကြသည်။ ဤသည်တို့ကို ကျောင်းသားတို့က

ရေးပေးသည်။ ရဲအုပ်နှင့် ရဲစာရေးတို့က လက်မှတ်ထိုးကြသည်။ ပြီးတော့ သက်ဆိုင်ရာအထက်သို့ တင်သည်။

သည်တွင် တိုက်ပွဲ စတော့သည်။

သက်ဆိုင်ရာအထက်ပိုင်းသည် စုံစမ်းပေလိမ့်မည်။ အကြောင်းအချက်တို့ကလည်း ခိုင်လုံသည်ဆိုတော့ အထက်ပိုင်းသည် စခန်းမှူးကို အရေးယူတော့သည်။

ထွန်းနောင်တို့ကလည်း သက်ဆိုင်ရာမိဘများနှင့် တွေ့ခွင့်ရသည့်အခါတိုင်းမှာ ဘေးမှစောင့်သည့်အထူးရဲ ရဲအရာရှိတို့ကို တင်ပြဖြစ်ကြသည်။ စခန်းမှူးဖောက်ပြန်သည့်အကြောင်းနှင့် တာဝန်ပျက်ကွက်ကြောင်းတို့ကို ပြောပြဖြစ်ကြသည်။ သည်တွင် အထူးရဲကလည်း သက်ဆိုင်ရာ ရဲဝန်တို့ကို တရားဝင် အကြောင်းကြားပေမည်။

သည်တော့ အခြေအနေက ပိုဆိုး၍လာသည်။

စခန်းမှူးသည် စင်စစ် မခေ။ မည်သူတို့၏ ခြေဆိုသည်ကိုသိသည်။ အထက်မှ အရေးယူခံရပြီဆိုတော့ နိုင်ရာကိုမဲတော့သည်။ ကျောင်းသားတို့ကို နှိမ်တော့သည်။

တနေ့ စခန်းမှူးသည် ပြင်းထန်သောအမိန့်ကိုထုတ်လိုက်သည်။ ကျောင်းသားတို့ကို နေ့ရောညပါ အပြင်သို့မထွက်စေရ။ အောက်ထပ်ထဲမှာပင် နေရမည်။ တံခါးမကြီးကို အစဉ် သော့ခတ်၍ထားရမည်။ နေ့ခင်းဘက် အခင်းကြီးစွန့်ရန် အတွက်ပင်လျှင် အပြင်သို့ ထွက်ခွင့်မပြုရ။ ညနေဘက် ကျန်းမာရေးအတွက် ခြင်းခတ်နေကျကိုလည်းမခတ်ရ။ ရေလည်း မချိုးရ။ ထမင်းပွဲကိုလည်း ရဲစာရေးအိမ်မှာမပြင်ရ။ အထဲသို့ ပို့၍ပေးရမည်။ နောက်ဆုံး အောက်ထပ်၏ ပြတင်းတို့ကိုပင်လျှင်လည်း သံတိုင်ရှိပါလျက် ညဘက်တွင် ပိတ်ရမည်။ အဆိုးဆုံးကား မည်သည့်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းကိုမျှ မဖတ်ရဟု တားမြစ်ပိတ်ပင်လိုက်ခြင်းပင်တည်း။

သည်တော့လည်း သူ့တိုက်ပွဲက ကိုယ့်တိုက်ပွဲဖြစ်၍လာတော့သည်။ ဘေးမှ ကြည့်နေရာက ကိုယ်တိုင်ကိုယ်ကျ ပါလာရတော့သည်။





စခန်းမှူးကလည်း သည်တော့မှပင် စခန်းမှာမြဲနေ၏။ သူ့အမိန့်ကို သူကိုယ်တိုင်စောင့်ကြည့်သည်။ စခန်းမှူး၏အမိန့်ဆိုတော့လည်း တရားဝင် မည်သည့်ရဲကမျှမလွန်ဆန်ဝံ့ကြ။ ကျောင်းသားတို့အပေါ် ကရုဏာသက်ပေမည့် မည်သို့မျှ မဖောက်ဖျက်ဝံ့ကြ။

သည်တွင် ထွန်းနောင်က သူ၏ အတွေ့အကြုံတို့ကို ပြောပြသည်။ ပထမ ရဲစခန်းမှာတုန်းက ကြုံခဲ့ရသည့်တိုက်ပွဲကို ပြန်၍ပြောပြသည်။

ထိုအခါ ကျောင်းသားတို့သည် ဆုံးဖြတ်ချက် ချလိုက်၏။ အထူးရဲတို့ကို ခေါ်၍ပေး။အထူးရဲတို့နှင့် မတွေ့ရမချင်း အစာငတ်ခံကြမည်။ မအိပ်ပဲနေကြမည်။ အစာငတ်ခံ၊ အအိပ်ပျက်ခံတိုက်ပွဲဝင်ကြမည်။ သည်ယနေ့ သည်အချိန်မှစ၍ ရာဇသံပေးလိုက်သည်။ တရားဝင်စာဖြင့် အကြောင်းကြားလိုက်သည်။

အစာငတ်ခံတိုက်ပွဲဝင်ရမည်ဆိုသည်ကိုတော့ တင်မောင်ဝင်းက အဆိုပြုသည်။ အအိပ်ပျက်ခံတိုက်ပွဲကိုတော့ တန်ပြန်သည့် သဘောဖြင့် ဝင်မည်။ ရန်သူသည် အအိပ် ပျက်ခံနိုင်ရန်အတွက် ကျင့်၍ပေးလိုက်သည်မဟုတ်လော။ သည်အဆိုကိုတော့ ထွန်းနောင်ကတင်သည်။

ပထမတရက်။ အစာငတ်ခံကြသည်။ ပထမတည။ အအိပ်ပျက်ခံကြသည်။ အအိပ်ပျက်ခံခြင်းကိုမူ သက်သေပြဖို့လိုလာသည်။ အစာကို မစားသည်ကတော့ မျက်မြင်။ ငြင်း၍မရနိုင်။ အအိပ်ပျက်ခံသည်ဆိုသည်ကိုတော့ မည်သို့ပြမည်နည်း။ ငြိမ်နေလျှင် အိပ်၍နေကြသည်ဟု ထင်မည်။ အထဲမှာ နေနေရတော့လည်း မအိပ်ဘူး အိပ်သည်က ငြင်း၍ရနိုင်သည်။ သည်တော့ မအိပ်သည့်အကြောင်းကို သိစိမ့်သောငှာ အသံပြု၍နေရမည်၊ တနည်းဆိုသော် တရားဟော၍နေရမည်။ ကြွေးကြော်၍နေရမည်။

တယောက်တလှည့် တရားဟောကြသည်။ အပြီး အပြီးတွင် သံပြိုင် ကြွေးကြော်ရသည်။

ပထမ တယောက်တလှည့် ဟောကြသည်။ ပြီးတော့တကြော့ကြော့ပြန်သည်။ သည်တွင် တင်မောင်ဝင်းသည် တရားမဟောတော့ ကြွေးကြော်သံကိုတော့ လိုက်၍ကြွေးကြော်သည်။ ညဦးနက်သန်းခေါင်မှာ အော်၍ ဟစ်၍

တရားဟောခြင်းသည်အဓိပ္ပါယ်မရှိ နားထောင်သူမရှိဘဲ ဟောရပြောရခြင်းသည်လည်း အဓိပ္ပါယ်မရှိဟုဆိုသည်။ အိပ်တော့ မအိပ်။ သို့သော် အိပ်ရာထဲမှာ လျောင်း၍တော့နေသည်။

ဤသည်ကို ကျန်လေးယောက်က မကျေနပ်။ မကျေနပ်၍ဆွေးနွေးကြတော့လည်း တင်မောင်ဝင်းသည် မလိုက်လျော။ ပေ၍သာနေသည်။ တည်ကြည်သည် ဆွေးနွေး၍ မရသောအခါ ဆဲသည်။ သို့နှင့် တင်မောင်ဝင်းနှင့်တည်ကြည်သည် တယောက်ကို တယောက် စကားမပြောကြတော့။ စင်စစ်သည်တိုက်ပွဲသည် တိမ်မည့်ယောင်နှင့်နက်ခဲ့သည်။ ထွန်းနောင် ထင်သကဲ့သို့လည်း မလွယ်ခဲ့။ တင်မောင်ဝင်းထင်သကဲ့သို့လည်း မခက်ခဲ့။

ကြားထဲမှာ စနေနှင့်တနင်္ဂနွေတို့ ခံနေသည်ဟု အကြောင်းပြကာ အထူးရဲတို့သည် တနင်္လာနေ့ကျခါမှ ရောက်၍လာကြသည်။ တိုက်ပွဲသက်သည် သုံးရက်ကြာခဲ့သည်။

အစာငတ်ခံတိုက်ပွဲချည့်ဆိုလျှင်လည်း သည်သုံးရက်မျှသည် အကြောင်းမဟုတ်။ မည်သို့မျှ မခံနိုင်စရာ မရှိ။ သို့သော် အအိပ်ပျက်လည်းခံကြသည်ဆိုတော့ ထိခိုက်၍လာသည်။ သုံးရက်မျှနှင့်ပင်လျှင် လူတို့သည် နွမ်းနယ်လာကြသည်။ လျော့ခွေလာကြသည်။ အားကုန်လာကြသည်။

ပသို့ဆိုစေ၊ တိုက်ပွဲကား အောင်ခဲ့သည်။ ယခင်အတိုင်းပင် ပြန်လည်၍အခွင့်အရေးများ ရကြသည်။ စခန်းမှူးသည်လည်း သူ့အမှားကိုသူ ဝန်ခံလာရသည်။ ကျောင်းသားတို့ကိုလည်း ရဲအရာရှိကြီးများ၏ မျက်မှောက်တွင် တောင်းပန်ခဲ့ရသည်။ စင်စစ် သည်ကျောင်းသားတို့သည် သူနှင့်မဆိုင်။ သာမန်ကြည့်ထားရုံမျှသာ ကြည့်ထားရန်ဖြစ်သည်ကို သူသည်လည်း အသိ။

နောက်တခု တိုး၍ရလာသည့်အခွင့်အရေးလည်း ရှိသေးသည်။ ကျောင်းသားတို့သည် ဤရဲစခန်းဝန်းအတွင်း၌သာမက၊ အထူးရဲတို့က ခွင့်ပြုသည်ဆိုလျှင် အပြင်ဘက်သို့ပင် ထွက်နိုင်ခွင့် ရှိလာသည်။

အောင်ပွဲ... ။ သည်အောင်ပွဲအတွက် အထူးရဲတို့က ကျွေးမည်မွေးမည်ဟု ဆိုလာ သည်။





ကျောင်းသားတို့သည် သုံးရက်နှင့်သုံးညမျှ တိုက်ပွဲဝင်ခဲ့ကြရ၍ နွမ်းနယ်ပင်ပန်းနေသော်လည်း အောင်ပွဲရပြီဆိုတော့ ဝမ်းသာရွှင်လန်းလာကြသည်။ အစာငတ်ခံခဲ့သည်ကိုလည်း မေ့၍နေကြသည်။ သည်တွင် တင်မောင်ဝင်းက ဒန်ပေါက်စားမည်ဟုဆိုသည်။ အောင်ထွေး အငတ်ကလည်း နှစ်ခါ အပြောမခံ။ လိုက်၍ ထောက်ခံသည်။ သည်တွင် ကျောင်းသားတို့ကို အထူးဒန်ပေါက်ဖြင့် ဂုဏ်ပြုသည်။

မည်သူမျှ မည်သို့မျှ မဖြစ်ကြ။ သုံးရက်မျှ အစာမရှိ၍ အလုပ်မလုပ်ရသည့် ဝမ်းသည် အမာဆုံးဖြစ်သော၊ ဆီနှင့်လူးထားသော၊ အချေရအခက်ဆုံးဖြစ်သော ဒန်ပေါက်ထမင်းနှင့် စ၍တွေ့ရသည်ဆိုတော့ ဥပါဒ်ပေးနိုင်သည်။ သို့သော် မည်သူမျှ မည်သို့မျှ မဖြစ်ကြ။ သံပုရာရည်ဖြင့်ပင်ပိတ်လိုက်ကြသေးသည်။

စားသောက်၍ ပြီးကြသောအခါ အထူးရဲတို့နှင့် ကျောင်းသားတို့သည် အတန်ကြာမျှ ဆွေးနွေးဖြစ်ကြသည်။ အထူးရဲတို့ကလည်း သည်စခန်း၏ အခြေအနေကို အကုန်အစင်သိလိုကြသည်။ ကျောင်းသားတို့ကလည်း အားရပါးရ ပြောကြသည်။

ထို့နောက် သူတို့ ပြန်ကြသည်။

သည်တွင် ထွန်းနောင်မှာ ပြဿနာပေါ်လာသည်။ ထွန်းနောင်သည် ဝမ်းနာ၍လာသည်။ အိမ်သာသို့ ပြေးရသည်။

မရတော့။ ပြေးသော်လည်း မမှီတော့။ လမ်းမှာပင် ထွက်ကျကုန်ကြသည်။ အိမ်သာထဲသို့ ရောက်တော့လည်း မရပ်တော့။ ပထမ ဝမ်းပျက်များသွားသည်။ နောက် စားလိုက်သည့် ဒန်ပေါက်တို့ အစိမ်းလိုက် ပါလာသည်။ နောက်သွေးတို့ လိုက်လာသည်။

ထွန်းနောင် လန့်လာသည်။ ကြာရှည် မခံနိုင်တော့။ ထိုင်ရသည်မှာလည်း ကြာပြီ။ အနာက မသက်သာ။ ထို့ကြောင့်လည်း ထွန်းနောင်သည် အကူအညီခေါ်ရသည်။ ရွှေးတို့သည်လည်း မတရားထွက်ကြသည်။ ထွန်းနောင်သည် မျက်စိများပြာလာသည်။ ထို့ ကြောင့် တွဲ၍ချရသည်။

တင်မောင်ဝင်းက ပြောသည်။ သူ့ အတွေ့အကြုံအရ တခါက သူတို့ ပါတီဝင်တယောက်သည် အစာတော်ခံပြီး ထမင်းစားမိသောကြောင့် ဝမ်းအိမ် ပေါက်၍ သေဆုံးခဲ့ရသည်ဟုဆိုသည်။ တင်မောင်ဝင်း၏ အားပေးစကားသည် ထွန်းနောင်ကိုပို၍ သွေးပျက်လာစေသည်။ ထွန်းနောင်သည် သူ့ကို ဆေးရုံသို့ အမြန်ပို့ပါဟုဆိုတော့သည်။

လှမ်း၍ အကြောင်းကြားသောကြောင့်အထူးရဲတို့ တခေါက်ရောက်လာ ကြပြန်သည်။ သည်အချိန်တွင် မိဘများနှင့်တွေ့ကြရန် စီစဉ်ထားသောကြောင့် စောင့်ပါဟု ဆိုသည်။ မိဘများနှင့်တွေ့ပြီးမှ ဆေးရုံသို့ ပို့ပေးပါမည်ဟု ပြောသည်။ ထွန်းနောင်စောင့်လိုက်သည်။ တွေ့ကလည်း တွေ့ချင်သေးသည် ဆိုတော့ ထွန်းနောင် သက်သာသယောင်ယောင် ရှိလာသည်။

တယောက်တနေရာ တွေ့ရသည်။ ထွန်းနောင်ကိုတော့ မထနိုင်၍ဟု ဆိုကာ ရဲစခန်းမှာပင်တွေ့ပေးသည်။ အမေသည် ရဲစခန်းသို့ ရောက်လာ သည်။ အမေက ငိုသည်။

အားလုံးပြီးပြီဆိုတော့ ထွန်းနောင်အတွက် လူနာတင်ကားရောက်လာ သည်။ လူနာတင်ကားသည် ပြည်သူ့ဆေးရုံကြီးမှ ကားဖြစ်သည်။ ပြည်သူ့ ဆေးရုံကြီးသို့ ရောက်တော့မည်။

အားလုံးက သည်သို့ပင် ထင်ကြသည်။ ထွန်းနောင်လည်း သည်သို့ပင် ထင်သည်။ သို့သော်လက်တွေ့မှာကား ပြည်သူ့ဆေးရုံကြီးသို့ ထွန်းနောင် မရောက်။ အစာတော်ခံတိုက်ပွဲ၊ အအိပ်ပျက်ခံတိုက်ပွဲကို ခေါင်းဆောင်သူဟု သတင်းပေးခံရ၍၊ ထွန်းနောင်ကို ထောင်ထဲသို့ ပြန်လည်ပို့လိုက်သည်။ ထောင်ဆေးရုံမှာ ကုလေရော့။

သတင်းပေးသူကား ကျောင်းသားခေါင်းဆောင်ထဲမှ တယောက်။ တိုက်ပွဲဝင်ဖော် တိုက်ပွဲဝင်ဘက်။ မည်သည့်အတွက်ကြောင့် သည်သို့တိုက် လိုက်သည်ကိုမူ ထွန်းနောင် နားမလည်နိုင်။ သည်သို့ မဟုတ်မတရား ပြောလိုက်ရ၍လည်း သူလွတ်သည်မဟုတ်။ အခွင့် အရေး ပိုရသည်မဟုတ်။

ထွန်းနောင်သည် သည်အကြောင်းကို အမေ့ထံမှတဆင့် ပြန်၍ သိရ တော့၊ စိတ်မကောင်း။ အမေက သားယုံကြည်နေသည့် ရဲဘော်စိတ်ဆို





သည်နှင့် ပတ်သက်၍ သရော်သည့်သဘော ပြောပြခြင်းဖြစ်သည်။ အမေ့ကိုမူ မည်သူကပြောသည်မသိ။ အမေကလည်း ပြန်မပြော။ အမေသည် လိမ် လည်၍ပြောလိမ့်မည်မထင်။ အမေသည် လုပ်ကြံ၍လည်း မပြောတတ်။ သူ့သားသည် သူများနည်းတူ အပြင်ဘက်မှာမနေရဘဲ၊ ထောင်ထဲသို့ ပြန် ရောက်ရသည်ဆိုတော့ အမေမခံချင်။ မခံချင်၍သာ ပြန်ပြောခြင်းဖြစ်ရာသည်။

မှန်သည် အပြင်မှာ ကျောင်းသားတို့ လွတ်လွတ်လပ်လပ် နေရသည်ဟု ကြားရသည်။ မင်္ဂလာဒုံယျာဉ်ရဲစခန်းမှလည်း မြို့ထဲမှသံတဲရဲစခန်းသို့ ပြောင်း ၍ပို့ထားသည်ဟုလည်းဆိုသည်။

သံတဲရဲစခန်းသည် ဈေးချိုနှင့်လည်းနီးသည်။ ကျယ်လည်းကျယ်ဝန်း သည်။ ကျောင်းသားတို့သည် ရဲစခန်းနှင့် ရဲစခန်းဝန်ကျင်တွင် လွတ်လွတ် လပ်လပ်သွားလာနေရသည်ဟုဆိုသည်။ အမေကလည်းပြောသည်။ ထောင်ဝင်စာမှာ လာကြည့်ကြပ်သည့်အထူးရဲမှ ရဲအရာရှိတို့ကလည်း ပြောသည်။

အောင်ထွေးသည် မင်္ဂလာဒုံယျာဉ်ရဲစခန်းမှာ ရှိစဉ်က ထိုအရပ်ထဲမှ မိန်းမငယ်တယောက်နှင့် ချစ်ကြိုက်ကြသည်။ ရဲစာရေးတို့ မိသားစုက အဆက်အသွယ်လုပ်ပေးသည်။ ထို့နောက် အောင်ထွေးတို့နေရာပြောင်းကြ တော့၊ အထူးရဲတို့သည် အောင်ထွေးအတွက် အထူးအစီအစဉ်လုပ်၍ပေး ကြသည်။ အောင်ထွေး၏ ချစ်သူသည် စက်ချုပ်သည်။ စက်ချုပ်၍ အသက် မွေးဝမ်းကျောင်းသည်။ ထိုအခါ သံတဲရဲစခန်းထဲမှာ စက်ချုပ်ဌာနတခု ဖြစ်လာသည်။ ထိုစက်ချုပ်ဌာနချုပ်တွင် အောင်ထွေး၏ချစ်သူလည်း ရောက်လာသည်။ သည်သို့နှင့် သူတို့ချင်း ပို၍နီးလာသည်။ သူတို့ချင်းလည်း လွတ်လွတ်လပ်လပ် တွေ့နေနိုင်ကြသည်။ နောက်ဆုံး အမျိုးသမီးတွင် ကိုယ်ဝန်ပင်ရှိလာသည်။ အောင်ထွေး မလွတ်နိုင်သေး၍ တကြိမ်ပင် ဖျက် ရသည်။ သည်သို့လည်း သတင်းကြားသည်။

တင်မောင်ဝင်းတို့ သိန်းလွင်တို့နှင့် ပတ်သက်၍ကလည်း တမျိုး။ သိန်းလွင်နှင့် တင်မောင်ဝင်းတို့သည် မြို့ထဲသို့ပင် နားလည်မှုနှင့် လျှောက်လည် နေကြသည်။ သိန်းလွင် ညကိုးနာရီခွဲပွဲ ရုပ်ရှင်ကြည့်သည်ကို မြင်သူတို့က

မြင်၍လာကြသည်။ ပြောကြသည်။ တင်မောင်ဝင်းသည်လည်း အိမ်သို့ပြန်သည်။ အငြိမ့်ပွဲတို့ကို ရဲအဖော်တယောက်နှင့် လျှောက်၍ကြည့်နေကြသည်။ မြင်သူတို့က မြင်၍ လာကြသည်။ ပြောကြသည်။

သို့သော် တည်ကြည်နှင့်ပတ်သက်၍ကတော့ ကြားရသည့်သတင်းသည် ကောင်းသည်။ တမျိုးတော့ကောင်းသည်။ တမျိုးတော့ မကောင်း။ တည်ကြည်သည် ကျန်ကျောင်းသား ခေါင်းဆောင်သုံးယောက်နှင့် မတည့်။ တည်ကြည်က တယောက်တည်း။ ကျန်သုံးယောက်က တဂိုဏ်း။ တည်ကြည်က ရန်သူ၏ အနူနည်းနှင့် ဖျက်ဆီးနေသည်ကို မြင်သည်။ ထို့ကြောင့် သိက္ခာနှင့်နေကြရန် တားမြစ်သည်။ သို့သော် ရဲဘော်များကလက်မခံကြ။ သဘောမပေါက် ကြ။ တည်ကြည်သည် အစွန်းသမားဟုစွပ်စွဲသည်။ သည်တွင် တည်ကြည်ကလည်း မပြောတော့။ ဥပေက္ခာပြုလိုက်သည်။ စကားပင်လျှင်လည်း မပြောတော့။ တည်ကြည်သည် သင်လက်စ ရုရှစာကိုသာ တယောက်ထဲလေ့လာဆည်းပူးနေသည်။ အပြင်သို့လည်း မထွက်၊ လည်လည်းမလည်။ အခွင့်အရေးလည်း မယူ။ သည်သို့ ကြားရသည်။

တိုက်ပွဲဝင်ဖော် တိုက်ပွဲဝင်ဘက်တို့ ဆိုတော့လည်း ဘာပဲ ပြောပြော သံယောဇဉ်ရှိသည်။ အပြင်မှ ဝင်၍ဝင်၍လာသမျှသော အကျဉ်းသမားသစ်တို့ကိုတွေ့ရလျှင် ထွန်းနောင် သတင်းမေးရသည်။ အမေ့ထံမှလည်း သတင်းအချို့ရတတ်သည်။ အမှုတွဲတို့ထံမှလည်း သတင်းအချို့ရတတ်သည်။ အထူးရဲတို့ကလည်း ရံဖန်ရံခါတော့ ပြန်၍ပြောတတ်သည်။

စင်စစ် သည်ကမ္ဘာသည် ကျဉ်းကျဉ်းကလေးဖြစ်ဘိသည်။

(၉)

ကြာခဲ့ပြီ။

နှစ်ပေါင်းနှစ်ဆယ်နီးပါး ကြာခဲ့ပြီ။

ထိုစဉ်က ကျောင်းသားတို့သည်လည်း ယခုတော့ လူ့ရွယ်လူလတ်ပိုင်း





သို့ ရောက်၍ နေကြပြီ။ ထိုစဉ်က ကျောင်းသား ခေါင်းဆောင်တို့သည်လည်း ......

တနေ့ နိုင်ငံ၏ ခေါင်းဆောင်ဖြစ်ရမည် ဟူသောရည်ရွယ်ချက်ဖြင့် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးတွင် စစ်မျက်နှာတခုမှ ပါဝင်၍ တိုက်ခိုက်ခဲ့ကြသော ကျောင်းသားခေါင်းဆောင်တို့သည်လည်း......

အောင်တွေးသည် အချုပ်ခံရစဉ်က တွေ့ဆုံခဲ့ရသည့် အမျိုးသမီးနှင့် အကြောင်းပါခဲ့သည်။ တနှစ်ခွဲကျော်ကျော်ခန့် အချုပ်ခံရပြီးနောက် လွတ်မြောက်၍လာတော့လည်း အောင်တွေးသည် နိုင်ငံရေးနယ်ထဲသို့ ပြန်လည်၍ ရောက်မလာတော့။ သူ့မိဘနှင့် လက်တွဲ၍ အရောင်းအဝယ်နယ်ထဲမှာပဲ နေတော့သည်။ အောင်တွေးသည် ချမ်းသာမပျက် ဆက်၍ချမ်း သာနေလေပြီ။

သိန်းလွင်သည်လည်း ဆင်းရဲမပျက် ဆက်၍ဆင်းရဲနေလေ၏။ သိန်းလွင်သည်လည်း လွတ်မြောက်ပြီးသည့်နောက် နိုင်ငံရေးနယ်ဘက်သို့ ခြေဦးလှည့်၍မလာတော့။ ယခုအခါ၌မူ သိန်းလွင်သည်တခုသော မြို့နယ်ကုန်သွယ်ရေးတွင် သာမန်အမှုထမ်းကလေးအဖြစ်ဖြင့် အလုပ် လုပ်၍နေလေသည်။

ထွန်းနောင်ကမူ နိုင်ငံရေးနယ်ကို ရုတ်တရက်မစွန့်ခွာ။ လွတ်မြောက်လာပြီးသည့်နောက် သုံးလေးနှစ်ခန့်မျှမူဆက်၍ တော်လှန်တိုက်ခိုက်နေသေးသည်။

သို့သော် သူသည်လည်း နိုင်ငံရေးနယ်ကို နှုတ်ဆက်သည်။ ပြန်လှည့်၍မလာတော့။

ယခုအခါမူ ထွန်းနောင်သည် မကျော်ကြားမထင်ရှားသော ကဗျာဆရာတယောက် အဖြစ်ဖြင့် စာပေနယ်တွင် ချာလည်လည်၍နေလေသည်။

တည်ကြည်သည်လည်း နိုင်ငံရေးနယ်ကို ရုတ်တရက် မစွန့်ခွာ။ ထို့ကြောင့်လည်း လွတ်မြောက်လာပြီးသည့်နောက် နှစ်ခေါက်မျှပြန်ဝင်သည်။ သို့သော် သူသည်လည်း နောက်ဆုံးမှာတော့ နိုင်ငံရေးလှုပ်ရှားမှုတို့တွင် မပါဝင်တော့။

တည်ကြည်သည် ယခုထက်တိုင် အိမ်ထောင်လည်း မပြု။ သူနှင့် သင့်မြတ်သူဟူ၍လည်း သည်ကမ္ဘာ၌ တယောက်မျှ ရှိလိမ့်အုံ့မထင်။ သူကမူ ယခုအခါအလွတ်ပညာသင်ကျောင်းဆရာဖြစ်၍နေလေသည်။

နောက်ဆုံး တယောက်ပဲ ကျန်တော့သည်။ တင်မောင်ဝင်း။

တင်မောင်ဝင်းကမူ တယောက်တည်းသော သူရဲကောင်း ဖြစ်တော့သည်။ သူသည် နိုင်ငံရေးနယ်ကို တရံတခါမျှ မစွန့်ခွာခဲ့။ထို့ကြောင့်လည်း ယခုအခါ တင်မောင်ဝင်းသည် ခေါင်းဆောင်ကြီး ဖြစ်၍နေလေပြီ။

❖ ❖ ❖

မှန်သည်။ မနေ့ကနှင့် သည်ကနေ့ကို ပေါင်း၍ကြည့်လိုက်တော့၊ လောကသည် ရယ်ဘို့လည်း ကောင်းသည်။ သင်ခန်းစာရဘို့လည်းကောင်းသည်။ အံ့ဘို့လည်းကောင်းသည်။ ။

မောင်သာရ